ရင်သိမ်တုန်လှုပ်ဖွယ်သည်းဖိုဂမ္ဘီရဆန်းကြယ်

ဒေါင်းနွယ်စကြာ

ဘာဝကူး

ချစ်ထူးချစ်လိပ်ပြာ

ပန်းချီထူးနန်းစာအုပ်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
နိုင်ငံတော်အားလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အမျိုးအပြားဆာဆာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ခွဲစည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

ပြည်သူ့သဘောထား

ပြည်ပအကူပံ့ ဥပဒေနှင့် အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်
ရာတပ်ဆီသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဏာသမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်ရင်းလုံးညီညွတ်ရေး၊
နိုင်ငံရေးသည် ခွဲစည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ပြန်ပေါ်လာသည့် ခွဲစည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

နိုင်ငံရေးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်
အောင် တည်ဆောက်ရေး၊
လူထုဘဝစီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး
ကြီးပွားအောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဓနကြီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း
သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိနေရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးကုန်ပစ္စည်း ဈေးကွက်ဖြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး
ဓလေ့ထုံးတမ်းများ ပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
ကျန်းမာရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ရွှေသမင်

ဓာဇပေမှ စီစဉ်တင်ဆက်သည်

ဒေါင်းခွယ်စကြာ

ဘဝကူး ချစ်ထူး ချစ်လိပ်ပြာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်	–	၅၀၀၄၅၀၀၆၀၄
မျက်နှာဖုံးခွင့်ပြုချက်	–	၅၀၀၈၉၇၀၆၀၈
အကြိမ်	–	ပထမအကြိမ်
		၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ	–	၅၀၀
တန်ဖိုး	–	၁၅၀/–
ထုတ်ဝေသူ	–	ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
		ရွှေသမင်စာပေ
		၃၇/၄၄လမ်း၊
		ဗိုလ်တထောင်မြို့နယ်၊
		ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ	–	ဦးဝင်းဖေ (မြ–၀၇၆၅၀)
		စိုးထက်ကျော်ပုံနှိပ်တိုက်
		တိုက် (၂၀၆)၊ အခန်း (အေ)
		ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အခန်း (၁)

တူလက်တွဲ သေပွဲ

"ဒီမယ်... ကိုယ့်လူ"

တိုးသိပ် တိတ်သိမ်သော လေသံတစ်ခု ထွက်လာသည်။ ညဉ့်သည်မှောင်မည်းနေ၏။ နွေသည်ပူနေ၏၊ လေလည်းပူ၏ သူ့ရင်ထဲတွင်လည်း ပူ၍ဆူနေ၏။

"ဘာလဲ...ဇာတ်မင်းသား"

"ကြည့်...ခြေရှေ့ တံခါးဝမှာ နှစ်ယောက် စောင့်နေတယ်၊ တွေ့လား။ ဒီနှစ်ယောက်ထဲက ဘယ်ဘက်ကလူကို ခင်ဗျားရှင်း ညာဘက်ကလူကို ကျုပ်ရှင်းပြီးဝင်ကြမယ်၊ လာ..."

"ဟေ့လူ...နေဦး။ ခြံထဲတိုက်ပုရွေ့မှာ ငပုသုံးယောက် တောင် ရှိနေတယ်၊ ဒီတိုင်းဖွတ်ဝင်သွားရင် တန်းတိုးမှာပေါ့"

"တိုးတော့လဲ တို့က အတင်းဝင်ခုတ်ကြရုံပေါ့"

"ရှားနေလား... ထိပ်တိုက်ချလို့ကတော့ အထဲမှာရှိတဲ့ ကောင်တွေပါထွက်လာပြီး ပစ်မှာဗျ။ သူတို့က သေနတ်တွေနဲ့ ဘာလဲ ဇာတ်မင်းသားက ရှုပစန္ဒီကို အရမ်း မျက်နှာလုပ်

အစွမ်းပြချင်နေလား၊ ဟွန်း...သေသွားမှာ၊ ဘာမှတ်လဲ၊ မျက်နှာ
မရခင် သေမှာ"

"ဟေ့... စောရှီးသာ... ဘာတွေ လျှာရှည်နေတာလဲ၊
တက်စို့"

"နေပါဦး...ကျုပ်က ဒီအိမ်ကို ငယ်ငယ်ကလေးကတည်းက
ဝင်ထွက်နေကျ၊ ကန်ရေထဲက အသာလေးမျှောပြီး နောက်ပေါက်
က အလစ်ဝင်တီးရအောင်"

"ဟာ...သေပါတော့လား၊ တစ်စက္ကန့်နောက်ကျသွားရင်
ရှုပစန္ဒီဘဝပျက်ဖို့ တစ်စက္ကန့်နီးတယ်၊ လာပါ...တက်ကြစို့"

ဟုတ်၏။ ရွှေကျီးညိုဇာတ်မှ အော်ပရာ ဇာတ်မင်းသား
ရွှေဒေါင်းစိန် ပြောတာမှန်၏။ ရှုပစန္ဒီတို့အိမ်ကို ဂျပန်ဗိုလ်
ကင်ပေတိုင် ရောက်နေတာ အတန်ကြာပြီ။

ရှုပစန္ဒီ၏မောင်လေး ဂျွန်ကင်း ပြောပြချက်အရဆို သူလည်း
အလစ်ထွက်ပြေးနိုင်အောင် အတန်ကြာ အချိန်စောင့် ခဲ့ရသည်။
သူပြောပုံကို နားထောင်ဦး။

ညဦးပိုင်းတွင် ဂျွန်ကင်းတို့၏ ဝမ်းဖလက် နံကပ်တိုက်ကို
ကင်ပေတိုင်တွေပိုင်းခဲ့ကြသည်။ ဂျွန်တို့ မိသားစုအားလုံး မျက်နှာဝုံညို
ညစာစားပြီးစ။

ဂျွန်တို့မိသားစုဆိုသည်မှာ ဂျွန်ဖခင်သည် လက်ထောက်
ကန်ဗိုလ်အာသာကင်း အင်္ဂလိပ်ကပြား။ သူ့မိခင်က မွန်ကရင်
ဒေါ်ခင်မြဆွေ။

သားကြီး တင်မိုးသီးက မခင်မူယာနှင့် လက်ထပ်ပြီးစ။
တစ်ဦးတည်းသော သမီးက တင်မိုးသီးအောက် မိန်းကလေး။

သူနာမည် ရှုပစန္ဒီ... ခုမှအသက် ဆယ့်ရှစ်နှစ်။

ယခုနှစ်သည် ၁၉၄၄ခုနှစ်၊ မေလဆန်း (၅)ရက်။ ရှုပစန္ဒီသည်
နှီညှာသမီး။ သူ့အောက်ဝယ် သားထွေးလေး ဂျွန်ကင်း။ ယခုမှ
၁၅နှစ်သားအရွယ်။

ကင်ပေတိုင်ဂျပန်ဗိုလ်က နောက်လိုက် လေးယောက်နှင့်
တိုက်ထဲ ဝင်လာသည်။ မစ္စတာ အာသာကင်းက ညည်ခန်းမ
ကြီးဆိုညည်ခံ၏။

"မစ္စတာ...ကြွပါ။ အချိန်မတော်လာခဲ့တာ ဘာများ အရေး
တကြီး ပေါ်လာလို့လဲ၊ ရေကန်ထဲ ဆေးခတ်ဖို့လား။ ဒီမနက်ခိုင်းတဲ့
အတိုင်း လုပ်ပြီးပြီ"

"မဟုတ်ဘူး... အရေးတကြီး မေးစရာရှိလို့၊ ကောင်း
ကောင်း ဖြေပါ"

စကားပြန် ဖိုးမောင်ဦးက ဂျပန်စစ်ဗိုလ် ပြောသမျှ ဘာသာ
ပြန်ပေးသည်။

"ဒီမယ်... ဒီကန်ထဲက ကျွန်းတစ်ကျွန်းမှာ မင်္ဂလာဒုံ
အာဆင်နယ်တပ်က မေဂျာဂျေစမတ် ရတနာ သေတ္တာတွေ
မြှုပ်သွားတယ်၊ ဟုတ်လား"

"ကြားဖူးပါတယ်"

"ဘယ်နားမှာလဲ"

"ကျုပ်အထက်အရာရှိကို သွားမေး၊ အေး... ကန်ဗိုလ်
မစ္စတာစီမို့စ်လည်း ဒါကိုသိချင်လို့ လိုက်ရှာနေတယ် ကြားတာပဲ"

"သူ့မရှိဘူး၊ ထွက်ပြေးပြီ၊ ဒါကြောင့် ခင်ဗျားလာမေးတာ
ရိုးရိုးမေးလို့ မရဘူးလား"

"ဟာ... ကျုပ်မှမသိတာ၊ ရိုးရိုးမေးမေး ဆန်းဆန်းမေးမေး
ဘာတတ်နိုင်မှာလဲ"

ဂျပန်ဗိုလ်ကြီး ဒေါ့ခွီးသွားသည်။ ခါးချိတ်ထားသည့် ဓားရှည်အနှီးကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

"ခွီးရကား...ဘတ်ကိုင်းဒိုး"

ဟု ဂျပန်လိုအော်ကာ အမိန့်ပေးသည်။ သူနှင့် ပါလာသည့် ဂျပန်စစ်သား သုံးယောက်က လက်ထောက်ကန်ဗိုလ် မစ္စတာ အာသာကင်း၊ သူ့မိန်းမ၊ သူ့သား၊ သူ့ချွေးမနှင့် ရှုပစန္ဒီတို့ကို လက်ပြန်ကြိုးတုပ်၍ ဖမ်းလိုက်ကြသည်။

မီးဖိုထဲမှ ထွက်မလိုက်ဖြစ်သော ၁၅နှစ်သား ကောင်လေး ရွှန်ကင်းက ကြောင်အိမ်ကြီးပေါ်တက်၍ ပုန်းလိုက်သည်။ ညည့်ခန်းဘက်ကို ရှုပ်တာကြားမှ ချောင်းကြည့်နေသည်။

"ဖျန်း...ဖျန်း"

ဂျပန်ဗိုလ်က အာသာကင်းကို ဘယ်ပြန် ညာပြန် ပါးရိုက်သည်။

"ပြောစမ်း... မေဂျာဂျေစမတ်၊ ရတနာသေတ္တာကြီးတွေကို လော်လီကားနဲ့ တိုက်လာတုန်းက အမှတ်(၁)ဂိတ်မှာ ခင်ဗျားရှိနေတယ်လို့ သိထားပြီးပြီ၊ နောက်တော့ ကန်ရဲ့ တာဝန်ရှိသူအဖြစ် ခင်ဗျားပဲ အဲဒီမေဂျာကို ဝင်ခွင့် လုပ်ခွင့် ပါဝင်လုပ်ခဲ့တာပဲ၊ ဘာလို့မသိရမှာလဲ"

"ဒီမယ်... ကျုပ်ကိုမမေးနဲ့၊ ဘာမှမမှတ်မိတော့ဘူး"

"ဟွန်း...နှစ်နှစ်နဲ့ နှစ်လကျော်မဲရှိသေးတယ်၊ ဘာလို့ မမှတ်မိရမှာလဲ၊ ကဲ... ကဲဟာ... ဂျပန်ဗိုလ်က မစ္စတာအာသာ၏ ညို့သကျည်းကို စစ်ဖိနပ်ဦးချွန်နှင့် ကန်ထည့်လိုက်သည်။

"အု..."

ကြိတ်ခံရင်း ဒူးထောက်ကျသွား၏။

"ပြောမလား မပြောဘူးလား"

ရှေ့တွင် ဒူးတုပ်ထိုင်ကျသူ၏။ ဆံပင်ကိုဆွဲ၍ မော့စေပြီး မေးသည်။

"အဲဒီတုန်းက မေဂျာဂျေစမတ်ဟာ အထူးအမိန့်နဲ့ လာခဲ့တာ၊ ဒီကန်ကလူ ဘယ်သူမှ သူ့နောက်ကို ပေးမလိုက်ဘူး၊ စုံစမ်းထားရင် သိမှာပေါ့၊ သူနဲ့ပါလာတဲ့ ကူလီ ငါးဆယ်ကျော်ကိုတောင် တစ်ယောက်မကျန် နှုတ်ပိတ်သတ်ပစ်ပြီးမှ မေဂျာ ဂျေစမတ် တစ်ယောက်တည်း ပြန်သွားတာ၊ သူကလွဲပြီး ဘယ်သူသိမှာလဲ"

"အေး... သူ့ဂုက်ခဲ့တာကို ခင်ဗျားတို့ကန်ဗိုလ် မစ္စတာ စိမ့်စ်နဲ့ ဒီနား မော်စားရှာ ကရင်လူကြီးအချို့ ဒီရတနာတွေရှာပြီး နေရာပြောင်းထားတယ်လို့ စုံစမ်း သိရှိထားတယ်၊ အခု ကန်ဗိုလ်က ထွက်ပြေး လွတ်မြောက်သွားပြီ၊ ခင်ဗျားလည်း ကြိုရာပါမို့ သိကို သိရမယ်"

"မသိဘူး၊ မသိပါဘူးဆိုမှ သတ်ပစ်လဲ သေရုံပဲရှိမယ်"

"အေး...မင်းလိုသေရဲတဲ့ ကောင်မျိုးဆီက ထွက်လာမယ့် စကားမျိုး ငါ ရအောင်လုပ်တတ်တယ်"

ဂျပန်စစ်ဗိုလ်က သူ့စစ်သားများကို မစ္စတာအာသာ၏ ဇနီးကို ဖမ်းချုပ်ပြီး စားပွဲပေါ်သို့ လှဲချချုပ်နှောင်ထားစေသည်။

"ဟိတ်...နင်တို့ငါ့ကို မတရားမကျင့်နဲ့၊ ဟိုကောင်စကားပြန်၊ ဒီတိရစ္ဆာန်ကြီးကို ပြောပြလိုက်၊ ငါက လင်ရှိမယားပေ၊ ကာမဝိုင်ရှိသူကို အဓမ္မကျင့်ရင် ဒု၊ သ၊ နှ၊ သော ထိုက်ပြီး အဝီစိချီးကပ်မယ်၊ နင်တို့လဲ ဗုဒ္ဓဘာသာပဲ၊ သိမှာပေါ့လို့"

ဂျပန်စစ်ဗိုလ်က ဘာသာပြန်သည်ကို နားထောင်ပြီး တဟားဟား ရယ်လေ၏။

"ပြောချင်ပြော...မပြောရင် ဒီမှာရှိတဲ့ မိန်းမသုံးယောက် မသက်သာဘူးမှတ်"

ဤတွင် ဂျန်ကင်း သဘောပေါက်သွားသည်။ သူ့အမေ၊ သူ့အစ်မ၊ သူ့မရီးများ အဝမ္မကျင့်ခံရတော့မည်ကို သိလိုက်သည်။ ချက်ချင်း နောက်ဖေး ပြတင်းမှ ခုန်ထွက်။ ရေကန်ထဲဆင်း ရေကူးပြီး သူ့အစ်မချစ်သူ ဇာတ်မင်းသား ရွှေဒေါင်းစိန် ထံရော၊ အဆင်သင့် အနီးအနားတွင် ရှိနေသည့် သူ့အစ်မ သူငယ်ချင်း စောရီးသာကိုပါ ပြေးပြီး ဖြစ်ပျက်ပုံ အလုံးစုံကို အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

ယခု သူတို့ ဓားလုံ့ကိုယ်စီဖြင့် မစ္စတာအာသာကင်းတို့ ခြံရှေ့ တာရိုးကြီးနောက်တွင် ကွယ်၍ရောက်နေကြပြီ။ ဇာတ်မင်းသား ရွှေဒေါင်းစိန်နှင့်အတူ လူကြမ်းဇာတ်ပို့ တောက်ထွန်းနှင့် စိန်ကတုံးတို့ ပါလာသည်။ စောရီးသာနှင့်အတူ သူငယ်ချင်း စောပလာတူး ပါလာသည်။ ဂျန်နှင့်ပေါင်းက ယောကျ်ားခြောက်ယောက်။

"အား..."

တိုက်ပုလေးထဲမှ ယောကျ်ား တစ်ယောက် အော်သည့် အသံနက်ကြီး ထွက်လာသည်။

ဇာတ်မင်းသား ဘာမျှမစဉ်းစားတော့ လှစ်ခနဲ ကန်ပေါင်ကို ခုန်ကျော်သွားသည်။ ဇာတ်တိုက်ထားသည့်အလား သူ့နောက်က လူအားလုံး ရိပ်ခနဲ ပြေးလိုက်သွား၏။

"ယီ..."

"ယား..."

ဟု ကိသွင်းကာ ဝင်ခုတ်လိုက်ကြသည်။

"အို..."

"အား..."

ဟု အသံပြတ်သာ အော်နိုင်ကြပြီး ဝဲယာ ဂျပန်စစ်သား နှစ်ယောက်ကို အတိုင်အဖောက်ညီညီ ရွှေဒေါင်းစိန်နှင့် စောရီးသာတို့ ဝင်သမလိုက်ကြသည်။

"ဟေး..."

တိုက်ရှေ့တွင် လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည့် ဂျပန်စစ်သား များကို ပြောင်ပြောင်တင်းတင်း ညာသံပေး၍ ဝင်ခုတ်ကြရာ အားလုံး ကြက်သေသေ ကြောင်အမ်းအမ်းနှင့် အငိုက်မိကုန်သည်။ တိုက်ထဲမှ ပြေးထွက်လာသည့် ဂျပန်စစ်သားများက အမှောင်ထဲသို့ တဒိုင်းဒိုင်းနှင့် ထိုးပစ်ကြသည်။

ဂျပန်စစ်ဗိုလ်ကား တိုက်ရည်ဝသော စစ်သားပီပီ အခြေအနေ မဟန်မှန်း ချက်ချင်းသိသည်။

သူ့လက်ထဲမှ ပစ္စတိုသေနတ်နှင့် ကာပစ် ပစ်ပေးရင်း သူ့နှင့် ထက်ကြပ်လိုက်ပါလာသူ စစ်သားနှစ်ဦးကို ခေါ်ထုတ် ထွက်ပြေးသွားနိုင်ခဲ့သည်။

တိုက်ညှော့ခန်းသို့ ဇာတ်မင်းသားရွှေဒေါင်းစိန် ချေချမိသော် လက်မြှန် ခြေမြှန်နှင့် ထောက်လှမ်းခုန်ကာ ဘောင်းဘီမပါဘဲ သေနတ်ပြေးဆွဲနေသည့် ဂျပန်စစ်သားကို ဇက်ပိုင်းလိုက်သည်။

"သွားပေတော့ အဝိစိကို"

ဟု ဒ,သ,နှ,သော ကောင်ကို ဇာတ်ပို့လူကြမ်း တောက်ထွန်း က အသံကျယ်ဖြင့် ဇာတ်ပို့ပေးလိုက်သေး။

ကောင်ကလေး ဂျန်းလင်းက ကုလားထိုင်တွင် မလှုပ်နိုင် အောင် ကြိုးအထပ်ထပ် တုပ်ခံထားရသော ကောင်ပွမျိုးခင်ထံ ပြေး၍ ကြိုးဖြေးပေနေသည်။ မျက်စိစုံမှိတ်၍ ပေါက်အောင်

ကိုက်ထားသည့် မစ္စတာအာသာက ကြိုးပြေသည်နှင့် အောက်ပိုင်း လောကျင်းနေသည့် သူ့ဇနီးကို ဘေးမှ ထဘီနှင့် ပြေးဖုံးသည်။

"သေကုန်ပြီ... သေကုန်ကြပြီ"

ဟု ရှုပစန္ဒီက ငိုညည်းရှာ၏။

သူကား ညည့်ခန်းထောင့်တွင် နံရံမှီ၍ ကုပ်ကုပ်လေး ထိုင်နေဆဲ။

"စန္ဒီ... စန္ဒီ... ဘာမှမဖြစ်ဘူးနော်"

ရွှေဒေါင်းစိန်နှင့် စောရှီးသာတို့အပြင် ရှုပစန္ဒီအနီး ရောက်သွားသည်။

ရွှေဒေါင်းစိန်က ရှုပစန္ဒီ၏ လက်ပြန်တုပ်ထားသော ကြိုးကို ဖြေပေးရန် သူ့လက်နှစ်ဖက် ဆန့်အထုတ် လက်တစ်ဖက်က မ,၍မရတော့။

"ဟင်... မောင်... မောင့်ရဲ့လက်မောင်းမှာ သွေးတွေ... သွေးတွေ"

ထိုအခါကျမှ ရွှေဒေါင်းစိန် သူ့လက်မောင်း သေနတ်ထိမှန်ခဲ့ကြောင်း သတိမူမိသည်။

"မြန်မြန်လုပ်... မြန်မြန်လုပ်"

မစ္စတာအာသာက ပြောသည်။ စောရှီးသာက ရှုပစန္ဒီ၏ လက်ပြန်ကြိုးကို ဖြေပေးရန် တွဲထူလိုက်သည်။ သတိကောင်း၍ အတွေးမှန်သော လက်ထောက်ကန်ဗိုလ် မစ္စတာအာသာကင်းသည် သူတို့အိပ်ခန်းထဲသို့ ဝင်ပြေးသည်။ ပြန်ထွက်လာတော့ စစ်သုံးကျောပိုးအိတ်တစ်လုံး ပိုးလျက်။ ခြောက်လုံးပြူးတစ်လက် ကိုင်လျက်သားဖွင်းကာ ဝင်လာ

"ပြေး[illegible]ပေတိုင်တွေ ပြန်လာဝိုင်းလိမ့်မယ်"

ပြောပြောဆိုဆို စောရှီးသာ တွဲထူထားသည့် ရှုပစန္ဒီကို သွားဆွဲ ခေါ်သည်။

"အို... ဒက်ဒီ၊ မာမီနဲ့ အကိုကြီးတို့ကို..."

"ထားခဲ့တော့၊ သေတဲ့သူတွေ သေသွားပြီ၊ ရှင်တဲ့သူတွေ ထပ်မသေဖို့ အရေးကြီးတယ်"

ညည့်ခန်းမှ နောက်ဖေးဘက်ကို ကူးအလာ ရှုပစန္ဒီက ကန့်လန့်ကာတစ်ထည်ကို ဆွဲဖြဲ အပါယူလာခဲ့သည်။ တစ်ခြမ်းပြတ်၍ပါလာ၏။

နောက်ပေါက်မှ အားလုံး သွက်သွက်ထွက်လာသည်။ စိန်ကတုံးနှင့် စောပလာတူးတို့နှစ်ယောက် ပါမလာတော့ပြီ။

ကန်စပ်က လှေတစ်စီးပေါ်သို့ သူတို့တက်ပြီး ညမှောင်တွင် လှော်ခတ်၍ ကန်ကို ဖြတ်ထွက်လာကြ၏။ လှေပေါ်ရောက်မှ မှန်းစမ်းပြီး ရွှေဒေါင်းစိန် လက်မောင်းက သေနတ်ဒဏ်ရာကို ရှုပစန္ဒီက သူ ဆွဲဖြဲလာသည့် ကန့်လန့်ကာအစနှင့် ပတ်စည်း ချည်နှောင်ပေးရှာသည်။

နောက်တစ်နေ့...

ကဆုန်လပြည့်နေ့...။ အာယုကန် ဘုရားအနီးတွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ (၁၂)ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို ယခင်နှစ်များထက်ပင် ပိုမိုစည်ကားအောင် ကျင်းပနေကြသည်။

ရွှေကျီးညို ဇာတ်သဘင်ပွဲကြီးကို ခင်းကျင်း ပြသနေသည်မှာလည်း (၂၁)ရက်တိုင်ခဲ့ပြီ။ ထိုအချိန်က ဂျပန်ခေတ်ဖြစ်၍ ကင်ပေတိုင်တို့၏ အမိန့်အရ ဇာတ်သဘင်ပွဲများကို ညပိုင်းတွင် မပြရ၊ နေ့ပိုင်း၌သာ ပြရသည်။

၁၉၄၄–ခုနှစ်၊ မေလ (၆)ရက်နေ့။ ၁၃၀၆–ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗောဓိကုန်းရှိ ညောင်ပင်ကြီးကို ညောင်ရေသွန်းပွဲတော် ကျင်းပမည်ဖြစ်၍ ရွှေကျီးညို့ ဇာတ်သဘင်ကို နံနက် (၈)နာရီမှ မွန်းလွဲ (၃)နာရီအထိသာ ကပြသည်။ ညနေ (၄)နာရီတိတိတွင် ဗောဓိပင်ကို ညောင်ရေသွန်းလောင်းကြရန် ညောင်ရေသွန်းပွဲ အစီအစဉ်ကို ကြိုတင် ကြေညာထား၏။

ထိုနေ့က ရွှေကျီးညို့ဇာတ်သဘင်ကို ကင်ပေဘူတိုင် ခေါ်ဂျပန် တပ်ရင်းမှူးကြီးကိုယ်တိုင် လာရောက် အားပေးသည်။ ရွာသုံးရွာမှ သူကြီးများက နေရာပေးကျေးဇူးခံနေကြသည်။

နောက်ပိုင်း အော်ပရာကပြရာတွင် ဇာတ်မင်းသား ရွှေဒေါင်းစိန်နှင့် လူကြမ်းမင်းသား စိန်ကတုံး ပါဝင်ကပြခြင်း မရှိသည်ကို ဂျပန်တို့ သိရှိသွားသည်။ ပွဲပြီးသည်နှင့် ဂျပန် ဒုဗိုလ်မှူးကြီးက ဦးဆောင်ပြီး ဆရာတော် ဦးဝိမလကျောင်းကို ဝိုင်းလိုက်သည်။

ပြာသာဒ်ဆောင်ဘေးက ထင်းသိုလှောင်ရုံထဲတွင် အာယုကန်ရွာမှ တိုင်းရင်းဆေး ဆရာကြီး ဦးသုခကို ဇာတ်မင်းသား ရွှေဒေါင်းစိန်၏ လက်မောင်းကဒဏ်ရာ ကုသပေးနေခိုက် လက်ပူးလက်ကျပ်တွေ့လေသည်။ သူ့ချစ်သူကို ပြုစုပေးနေသည့် ရှုပစန္ဒီကိုပါတွေ့၍ ဖမ်းဆီးကြမည်အလုပ် ရွှေဒေါင်းစိန်က ရှုပစန္ဒီကို ထွက်ပြေးခိုင်းပြီး အကာအကွယ်ပေးသည်။

"ရှမ်း"

ကင်ပေဘူတိုင်က သူ့ဂျပန်ဓားရှည်ကို ဆွဲထုတ်ဟန့်တားလိုက်၏။ ရှုပစန္ဒီ၏ ပြေးလမ်းကို ကန့်လန့်ဖြတ်၍ ဓားသွားရှည်နှင့် တားထားသည်။ ဓားသွားကား ရှုပစန္ဒီ၏ လည်တိုင်မော့မော့ကလေးရှေ့၌ လက်လက်တောက်နေ၏။

ရှုပစန္ဒီ မျက်လုံးကလေး ဝိုင်းနေရှာသည်။

ရွှေဒေါင်းစိန်က မျက်တောင်မခတ်ဘဲ ကင်ပေဘူတိုင် ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

ကင်ပေဘူတိုင်က ရွှေသွားပေါ်အောင် ပြီးဖြိုဖြိုရယ်ပြီး–

"ဟီး...ပြေးမရ... အဖမ်းခံပါ"

ဟု မြန်မာလို မပီတပီ ပြောပြလေ၏။

"သေတောင် အဖမ်းမခံဘူး၊ ရုအောင် ဖောက်ထွက်မယ်"

ရွှေဒေါင်းစိန်က သူ့စကားအဆုံးတွင် ခြေအောက်နားရှိ ခွဲပြီးသား ထင်းတုံးနှစ်တုံးကို ခြေနင့်ကလော်ကာ ကန်တင်လိုက်သည်။

"ဝီး... ထောင်"

တစ်တုံးက ဓားရှည်လက်ကိုင် တည့်တည့် ထိမှန်ကာ တစ်တုံးက ကင်ဘေဘူတိုင်၏ နဖူးတည့်တည့် ထိမှန်ကြကုန်၏။

"အား..."

ကင်ပေဘူတိုင် လန့်အော်ပြီး ဖင်ထိုင်လျက်အကျ ရွှေဒေါင်းစိန်က ပြေး၍ ရင်ဝကို ဗုန်းခနဲ ဆောင့်ကန်လိုက်သည်။ နောက်သို့ တစ်ပတ်ကျွမ်း လိမ့်လန်သွားခိုက် ရှုပစန္ဒီကို တွဲခေါ်၍ ထွက်ပြေးလေ၏။

"ဒိုင်း... "

ထင်းဂိုဒေါင်ထဲမှ သေနတ်သံတစ်ချက် ထွက်လာသည်။

ပြာသာဒ်ကျောင်းအောက်ရှိ ခြေတံရှည် တိုင်လုံးများကို အကွယ်အကာယူလိုက်သည်။ ရွှေဒေါင်းစိန်နှင့် ရှုပစန္ဒီတို့သည် ပတ်လည်ဘေးဘီကို အကဲခတ်နေ၏။

"ဒိုင်း... ဒိုင်း

နောက်ထပ်သေနတ်သံ နှစ်ချက်ဆင့်၍ ထင်းဂိုဒေါင်ထဲမှ ထွက်လာသည်။ ဂျပန်စစ်သားများ ဘုန်းကြီးကျောင်းဝင်းထဲသို့ အရေပ်လေးမျက်နှာမှ သေနတ်ထိုးချိန်ပြီး ဝင်လာကြလေပြီ။

ထင်းဂိုဒေါင်ထဲမှ ဂျပန် ဒုဗိုလ်မှူးကြီးလည်း ပစ္စတိုနှင့် ရွှေဒေါင်းစိန်တို့ကို ချိန်ရွယ်ပြီး ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

ရွှေဒေါင်းစိန်က ရှုပစန္ဒီကို သူ့နောက်သို့ ပို့လိုက်သည်။ ကပ်လာနေသော ဂျပန်စစ်ဗိုလ်ကြီးနှင့် တူရှုတည့်တည့် တစ်လှမ်းချင်း ရှေ့တိုးသွားသည်။

တစ်လှမ်း... နှစ်လှမ်း... သုံးလှမ်း... လေးလှမ်း...

"ယား..."

ရွှေဒေါင်းစိန်က လျှပ်ပြက်သလောက် မြန်စွာ ခုန်၍ ကန်လိုက်ရာ ဂျပန်ကြီး လက်ကောက်ဝတ်ကို ကန်မိ၍ ပစ္စတိုလည်း လွင့်သွားသည်။ ထိုစဉ် ဂျပန်ကြီးထံဝင်ပူးပြီး သူ့ခါးတွင် ချိတ်ထားသော ဓားတိုကို ဆွဲထုတ်ကာ လည်မျိုသို့ ထောက်လိုက်သည်။

"စန္ဒီ... ဟိုပစ္စတိုကို မြန်မြန်ကောက်၊ မောင်တို့ ဒီဇနဲ့ကြီးကို ဓားစာခံအဖြစ်ခေါ်ပြီး လွတ်အောင်ပြေးကြမယ်"

ရှုပစန္ဒီလည်း ချက်ချင်းပင် သူ့ရှေ့နားကျနေသည့် ပစ္စတိုကို ကုန်းကောက်သည်။ ထိုခဏ၌ ရွှေဒေါင်းစိန် သူ့ ချစ်သူထံ အာရုံရောက်သွားသည်။ ခဏဆို ခဏကလေးမျှ။

"ယား..."

ဂျပန်ဗိုလ်သည် ခေသူမဟုတ်၊ ဂျူဒိုနည်းဖြင့် ရွှေဒေါင်းစိန်ကို ကိုင်ပေါက်ပစ်လိုက်သည်။

"ပစ်..."

ဂျပန်ကြီးက ဂျပန်လို ပစ်မိန့်ပေးလိုက်သည်။

"ဒိုင်း... ဒိုင်း... ဒိုင်း... ဒိုင်း"

သေနတ်သံများ ညံ့သွား၏။ လေးဖက်လေးတန်မှ ဝိုင်းထားသည့် ဂျပန်စစ်သားများသည် ကြောင်ကျ,ကျ၍ ပြန်ထလိုက်သော ရွှေဒေါင်းစိန်ကို ဝိုင်းပစ်ကြသလို ပစ္စတိုကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်၍ ကင်ပေဘူတိုင်ကို ထိုးချိန်လိုက်သည့် ရှုပစန္ဒီကိုလည်း ဝိုင်းပစ်ကြလေသည်။

လဲကျသွားရှာသည့် ရှုပစန္ဒီထံသို့ သွေးအလူးလူး ဖြစ်နေသည့် ရွှေဒေါင်းစိန်က ဝမ်းလျားမှောက်လျက် တဖြည်းဖြည်း ရွှေ့ကပ်လာသည်။

လက်တစ်ကမ်းအရောက် လက်ချင်းကမ်းကာ မြိမြိဆုပ်လိုက်ကြသည်။

သူတို့စုံတွဲ ဤတွင် ဇီဝိန်ချုပ်ကြလေသတည်း။

ရှုပစန္ဒီ၏ လက်ချက်ဖြင့် ပခုံးတွင် ရှုပ်ထိသွားသော သေနတ်ဒဏ်ရာကြောင့် ကင်ပေဘူတိုင်ကြီးသည် ကြီးစွာ ဒေါသူပုန်ထလေ၏။

သေသွားသူနှစ်ဦးကို မုန်းတီးစွာ စိုက်ကြည့်ရင်း...

"ပစ်... အားလုံးကိုပစ်"

"သတ်... အားလုံးကို လိုက်သတ်"

ဟု သွေးရူးသွေးတန်း ဟစ်အော် အမိန့်ပေးလေသည်။

သို့ဖြင့် ၁၉၄၄–ခုနှစ်၊ မေလ(၆)ရက်၊ ကဆုန်လပြည့်နေ့တွင် ဂျပန်တပ်ကြီးက အပြစ်မဲ့ ရွှေပွဲလာပရိသတ် ရှာသူ ရှာသားများကို ဂျပန်တို့လက်အောက်ခံ ဂေါ်ယာတပ်နှင့်အတူ လူမဆန်စွာ အကြမ်းဖက် ပစ်ခတ် သတ်ဖြတ်လေသည်။

ရွာသုံးရွာမှ မျိုးချစ် ရွားသားတို့သည်လည်း ငုံ့မခံတော့ဘဲ တွေ့ရာလက်နက်ကို စွဲကိုင်ကာ ဂျပန်တို့ကို တော်လှန် တိုက်ခိုက်ကြကုန်၏။

ဤကား ၁၉၄၅–ခုနှစ်၊ မတ်လ(၂၇)ရက်နေ့ ဂျပန်တို့ကို ဗမာ့တပ်မတော်က တရားဝင် တော်လှန်ရေး မဆင့်နွှဲခင် ဦးစွာ ပထမဆုံး ဆင်နွှဲခဲ့သည့် အာယုကန်ဘုရားအနီးမှ ဂျပန်တော်လှန်ရေး၏ ဇာတ်လမ်းတစ်ရပ်ပေတည်း။

အခန်း (၂)

ဘဝခြားမှချစ်သူ

"ဝိုး... "

တနှောနှော မွန်းနေသည့် လေနုအေး။

"ရှိုး... ရှိုး"

အေးရာမှ အပြေးကြမ်းလာသည့် ပြင်းသော လေတိုးသံ။

နေဝင်ရီတရောမို့ တိမ်တောက်ပြီး ရှခင်းသာလျက် ရှိသည်။ ဒိုဂနိုပရော ခေါ် အာယုဘုရား တောင်ကုန်းကို ကွေ့ပတ်ပြီး လက်ယာရစ် လျှောက်လာသော လူငယ်တစ်ယောက်သည် ဒယီးဒယိုင် ဖြစ်နေသည်။

ယိုင်မှာပေါ့။ စောရှီးသာ ဒီအချိန်ရောက်လာတိုင်း စိတ်ရှိုင်းတွေ ဖောက်,ဖောက်လာ၏။ ထန်းရည်ချိုရော၊ ထန်းရည်ခါးရော၊ ထန်းရည် မီးတောက်ပါ အကုန်သောက်လာသူပီပီ မူးနေတာ ဆန်းသလား။

အာယုကန်စပ်ပတ်၍ ဗောဓိကုန်းဘက်ကို လျှောက်သည်။ လေတိုက်ထဲရောက်တော့ ပို၍မူးသည်ထင့်။ မူးစမ်းပလေ့စေ။

ဤမူးလှသည့် အရသာနှင့်ရောရ၍ သူက စိတ်ကူး ထွေပြား ဝိုးဝါးလာသောအခါ သူ့အာရုံထဲတွင် ရှုပစန္ဒီကို မြင်လာသည် မဟုတ်လော။

"ဝိုး... ရှိ... ရှိ... ရှိ..."

လေတိုးသံပြင်းပြင်းနှင့် အတူရောရ၍ ထွက်ပေါ်လာသည့် အက်ရှရှအသံကား

"မောင်... မောင်ရေ၊ မောင်ရေ... မောင်..."

ဟူသော အသံတည်း။

ဝန်းကျင်ပတ်လည်ကို လိုက်ကြည့် ဘာမျှမရှိ။ နေဝင်ချိန် တောက်သော တိမ်နီ တိမ်ဝါ တိမ်ရွှေရောင်တွေ အောက်ဝယ် ကန်ရေက လှနေ၏။ ကန်စပ်က သာယာနေ၏။ စောရှီးသာ ရင်ထဲမှာတော့ တင်းကျပ်နေ၏။

ဘဝခြားသွားသည့် သူငယ်ချစ်ဦး ရှုပစန္ဒီကို စောရှီးသာ ခုလိုလိုက်ရှာခြင်းမှာ အကြောင်းရှိသည်။ ဒီလိုအချိန် ဒီနေရာ တစ်ဝိုက်မှာ ရှုပစန္ဒီကို တွေ့ကြသူ အာယုကန် ရှာသူရှာသား မနည်းတော့။

သူတစ်ပေါက် ကိုယ်တစ်ပေါက် ပြောကြရာမှ ဤသတင်း ပြန့်ခဲ့သည်ပင်။

စောရှီးသာ လူးလာခေါက်တုံ့သွားရာမှ နေဝင်ပြီး မှောင်ရိပ် သန်းမှ ရှာကိုပြန်ခဲ့သည်။

ရှာဝင်လမ်းမအတိုင်း စောရှီးသာ ဒယီးဒယိုင်နှင့် ဝင်လာ တာကို မြင်ရသူတိုင်း စိတ်မကောင်းကြ။ သူ့အဖေ ဖထီး စောရှီးရှိသည် လက်ထောက်ကန်ဝိုလ် မစ္စတာအာသာကင်း လက်အောက်မှာ အမှုထမ်းသက်ကြာခဲ့သူဖြစ်၏။ အာသာကင်း၏

တစ်ဦးတည်းသောသမီး ရှုပစန္ဒီနှင့် စောရှီးသာတို့သည် ပိစိအရွယ်က စ၍ ကစားဖော်ကစားဖက်၊ ကျောင်းတက်တော့ လည်းအတူတူ၊ သံယောဇဉ်မကြီးဘဲ ရှိအုံ့လော။

သူတို့သတ္တမတန်းအောင်သည့်နှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်သည်။ ကျောင်းတွေပိတ်ကုန်သော်မင့် ဆရာတော် ဦးဝိမလ၏ ဘုန်းကြီးကျောင်းတွင် ဖွင့်သော စစ်အတွင်း ပညာသင်ကျောင်းတွင် တူတူတက်ကြပြန်သည်။ မစ္စတာ အာသာသည် သူ့ဇနီးဘက် လိုက်၍ ဗုဒ္ဓဘာသာပြောင်း၍ ကိုးကွယ်သည့်သူ။ စောရှီးရှိလည်း ဗုဒ္ဓဘာသာကရင်ဖြစ်၍ သူတို့နှစ်အိမ်ထောင် ဘာသာ အယူဝါဒ တူစွာ ရင်းနှီးကြ၏။

အချစ်ကံခေသည့် စောရှီးသာသည် ရှုပစန္ဒီကို ချစ်ခွင့် တောင်းရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း နှုတ်ဟ ပြောမထွက်ဘဲ ဖြစ်နေသည်။

ဤအချိန်မျိုးတွင်မှ ရှုပစန္ဒီသည် ရွှေကျီးညို(ဇာတ်သဘင်မှ ဇာတ်မင်းသားလေး ရွှေဒေါင်းစိန်နှင့် ရေစက်ဆုံ ကြုံခဲ့ကြသည်။ ယမန်နှစ် ကဆုန်ညောင်ရေသွန်း ပွဲတော်မှစ၍ ဤဗောဓိကုန်း ကဆုန်ရေ သွန်းပွဲတော်တွင် ရွှေကျီးညို ဇာတ်သဘင်ကိုသာ ငှားရမ်းခဲ့သည်။ အနီးအနား ရွာကြီးကိုးရွာမှ ရွာသူရွာသားအားလုံး က ရွှေကျီးညို(ဇာတ်မင်းသားကြီးနှင့် အော်ပရာဇာတ်မင်းသား ရွှေဒေါင်းစိန်တို့ကို ချစ်ကြသည်။

ရွှေဒေါင်းစိန်၏ ချစ်သော ပရိသတ်ထဲတွင် အလွန်ချော မောလှပသည့် ရှုပစန္ဒီက ထိပ်ဆုံးမှပါခဲ့၏။ ရှုပစန္ဒီသည် ရွှေကျီးညို(ဇာတ်သမားများ နားနေဆောင်သို့ အဖော်တစ်စုနှင့် သွား၍ ထမင်းထုပ်ပို့ကြရာမှ ရွှေဒေါင်းညို(ကို ပန်းဆက်ခဲ့သဖြင့် သူတို့ချင်း မြင်မြင်ချင်းပင် ချစ်သွားကြလေ၏။

ယခုနှစ် ရွှေဒေါင်းစိန်နှင့် ရူပစန္ဒီ ချစ်ခရီးကို အတူလျှောက်ခဲ့သည်မှာ တစ်နှစ်ကျော်ကျော် ကြာခဲ့သည်။

ငယ်ငယ်ကတည်းက သံယောဇဉ်တွယ် ချစ်စိတ်ကြွယ်ခဲ့သည့် ရူပစန္ဒီ၏ သူငယ်ချင်း စောရှီးသာ ရူးမတတ် ခံစားခဲ့ရသည်။ သို့သော် သူ့အချစ်ကို လက်မခံနိုင်ဘဲ တစ်ရွာသားကို နဖူးစာ ရှာလည်သွားသည့် ရူပစန္ဒီကို စောရှီးသာ မမုန်းရက်၊ အပြစ်မဆိုရက်၊ သူ့ကို မချစ်ရကောင်းလားဟု ပြဿနာမပြုရက်။ သူ့ချစ်သူ စိတ်ချမ်းသာသည်ကို သူ ကျေနပ်ရမည်။ သူ့ချစ်သူ ပျော်လျှင် သူလည်း ပျော်ရမည်ပေါ့။

စောရှီးသာ၏ ဤမည်သော ကောင်းသည့် စိတ်ထားကို သိရှိသမျှ သူငယ်ချင်း။ မိတ်ဆွေ တစ်ရွာတည်းသားများက ချီးကျူးကြသည်။ သနားကြသည်။ ကိုယ်ချင်းစာ နားလည်ပေးကြသည်။

ယခု စောရှီးသာ ရူပစန္ဒီစိတ်ကြောင့် အရူးတစ်ပိုင်း အမူးသမား ရိုင်းကြီး ဖြစ်နေသည်ကို အားလုံးက မကြည့်ရက်။

နာနာဘာဝ၊ ဝိနာဘာဝဖြစ်နေသည့်တိုင် စောရှီးသာကို ဖမ်းစားနိုင်အားလွန်းသည့် ရူပစန္ဒီကိုသာ အားကျနေမိကြကုန်၏။

ရူပစန္ဒီသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော်မင့် စောရှီးသာက အသက်ရှင် ကျန်နေသေးသည်။ စောရှီးသာအဖို့ ရှင်ကွဲ ကွဲရခြင်းကြောင့် နာနာဘာဝချစ်သူအတွက် ရင်ထုမနာ ဖြစ်ကြရသည်။ ရူပစန္ဒီကမူ တူလက်တွဲ၍ သေပွဲဝင်သွားရ သည့် ရွှေဒေါင်းစိန်နှင့် ဘဝတစ်ပါးတွင် အတူပေါင်းဖက်နေဖို့ ကောင်း၏။ ယခုတော့ ဤသို့မဟုတ်။ သေကွဲ ကွဲရသူချင်းအတူတူ ဝိနာဘာဝ အဖြစ် မပေါင်းရသည့်သဘော ဆောင်နေပြီ။

"မောင်...မောင်ရေ...မောင်"

ဟူသော အက်ကွဲ လွမ်းသသည့် အသံလေးသည် တောင်ကုန်းကို ပတ်ဝိုက်၍ ပြန်လွှင့်လာတတ်သည်။ ရေပြင်ကို လျှပ်တိုက်၍ ပြေးလွှား ထွက်ပေါ်လာတတ်သည်။

အချို့ ကံနိမ့်သူများဆိုလျှင် နေဝင်ရိတရော အချိန်မို့ အာယုကန်စောင်း ဗောဓိကုန်းဝန်းကျင်သို့ ရောက်မိပါက ရူပစန္ဒီကို မျက်ဝါးထင်ထင် ရုပ်လုံးပေါ်တွေ့လိုက်ရသည်မျိုး ရှိသည်ဟု ပြောစမှတ်ပြုလာသည်။

နေရီရီ ညနေချမ်းတွင် ဗောဓိကုန်းအနီး သမီးရည်းစား ချိန်းတွေ့ပါက ပြဿနာတက်လာသည်။

တစ်နေ့သ၌ မကြည်ဖြူနှင့် မောင်စိုးထိုက်တို့ ချစ်သူနှစ်ဦး ဗောဓိကုန်းအနီး ကန်ပေါင်ရိုးတွင် ချိန်းတွေ့ကြသည်။ သမီးရည်းစားတို့ ဘာဝ ပျော်ရွှင်စွာကစားရင်း တူတူပုန်းတမ်း ကစားကြ၏။

"မိအောင် ဖမ်းစမ်းကွယ်...တယ်တယ့်တယ်၊ တယ်တီးတယ်"

မောင်စိုးထိုက်က မကြည်ဖြူကို ပြောင်ပြပြီး နီးရာချုံတစ်ခုကိုပြေးကွယ်၏။ ထိုမှ သစ်ပင်ကြီး တစ်ပင်နောက် ကူးပြေး၏။ မကြည်ဖြူ ရှာမတွေ့တော့။

"မောင်...မောင်ရေ...မောင်"

ဟု မကြည်ဖြူက တကျော်ကျော် အော်ခေါ်လိုက်သည်။

"မောင်...မောင်ရေ... မောင်"

"မောင်...မောင်ရေ... မောင်"

တစ်တောလုံး ပဲ့တင်ထပ်သံ ပေါ်လာ၏။

ပဲ့တင်ထပ်သံကား ပျောက်သွားလိုက်၊ ပေါ်လာလိုက်။

တိမ်တောက်သော ညနေချမ်းဝယ် လေဝူးဝူး သုတ်ဖြူး နေ၏။ ဆံပင်ဖားဖား လေတွင်လွင့်လွင့်၊ ဝတ်ဖြူဖားဖား လေလွင့်လွင့်နှင့် အလွန် ချောမောလှပသည့် မိန်းမပျို တစ်ယောက် လေအဟုန်မှအတူ ဟိုမှ ဒီမှ ပြေးလွှားနေ၏။

"မောင်...မောင်ရေ... မောင်"

ဟုလည်း တကျော်ကျော် အော်ခေါ်နေ၏။

ဤမြင်ကွင်းကို မောင်စိုးထိုက် မြင်သည်။

"ဟမ်...ဒါ ဘယ်သူလဲ၊ မကြည်ဖြူလည်း မဟုတ်ပါလား"

ဟုတွေး၏။

ဤပုံရိပ်ကို မကြည်ဖြူလည်း မြင်သည်။

"အို...ငါ့ကိုယ်စား မိန်းမချောကလေးက ဘာကြောင့်များ မောင့်ကို လိုက်ခေါ် ရှာဖွေနေပါလိမ့်"

ဟု တွေး၏။

ချစ်သူနှစ်ဦး ပြန်ဆုံသော် ဤအကြောင်းပြောရင်း သုတ်ခြေတင်၍ ရွာကိုပြန်ပြေးခဲ့ကြသည်။ ရွာရောက်သော် တစ်ဆင့်စကား တစ်ဆင့်ကြား၍ ဤသတင်း လူသိများခဲ့၏။

မကြာခင် ဗောဓိကုန်း ဝန်းကျင်၌ မိန်းမချောလေး တစ်ယောက်တည်း လူးလာခေါက်တုံ့ ပြေးလွှားနေတတ်ပုံ။ "မောင်... မောင်ရေ... မောင်" ဟု တကျော်ကျော် အော်ခေါ်တတ်ပုံ ဤပတ်ဝန်းကျင်သို့ ရောက်သွားသူ ယောကျ်ားအချို့ ပျောက်ဆုံးရပုံများ သတင်းထွက်လာသည်။

ထို့ကြောင့် ညနေခင်း နေဝင်ရီတရောအချိန်တွင် အာယုကန်စပ်ရှိ ကုန်းများဝန်းကျင်သို့ အမျိုးသားများ အသွားအလာ လျော့နည်းလာသည်။

အမျိုးသမီးများအနေဖြင့် ပျောက်ဆုံးမှု မရှိ၍ အတင့်ရဲလာသည်။ ပထမတော့ ၃–၄ယောက် အုပ်စုလိုက် သွားလာကြသည်။ နောက်တော့ တစ်ယောက်စ နှစ်ယောက်စ ဆိုသလိုပင် ဤရပ်ဝန်းမှ ဖြတ်သွားရန်ကိစ္စရှိက မိန်းကလေးတို့ ဖြတ်သန်းသွားလာဖို့ အတင့်ရဲလာသည်။

ထိုအခါ ဗောဓိကုန်းနှင့် မလှမ်းမကမ်းရှိ တောင်ကုန်းတစ်ကုန်းတွင် စခန်းချထားသည့် ဂျပန်တို့၏ အမြောက်တပ်စခန်းမှ ဂျပန်စစ်သားတို့သည် ညနေမှောင်ရီပျိုး အချိန်မတော်တွင် ဖြတ်သန်းသွားလာသည့် မိန်းကလေးများကို တွေ့ရှိပါက ကုန်းပေါ်မှ ဆင်း၍ လိုက်ဆွဲကြသည်အထိ သရမ်းလာကြသည်။

၁၉၄၄–ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖြစ်၏။

ဒေါင်းဖန်ဝါ သူရိယ နေမင်းကား အနောက်ဂေါ်ယာကျွန်းသို့ ယွန်းအုံ့မှုးမှုးအချိန်၊ သာယာသောညနေခင်းတွင် မိန်းမပျိုလေးယောက် ဗောဓိကုန်းမှဖြတ်၍ ရွာအပြန် နောက်မှ ဂျပန်စစ်သား တစ်ယောက် သုတ်ခြေတင်၍ လိုက်လာသည်။

"အဲတော့...ဟိုင်ပု တို့နောက်ကို လိုက်တာတော့"

"ဟုတ်တယ်...မဟန်ဘူး၊ ပြေးကြစို့"

မိန်းမပျိုလေးယောက်တို့ ခြေဦးတည့်ရာသို့ ပြေးကြရာဝယ် သုံးယောက်က အာယုကန် ဘုရားကုန်းဘက်သို့ ပြေးသည်။ တစ်ယောက်က ဆရာတော်ဦးဝိမလကျောင်းဘက်သို့ ပြေးသည်။ ဂျပန်စစ်သားသည် တစ်ယောက်တည်းဘက်ကို စွတ်လိုက်သွားပုံကို ဆရာတော် ပြာသာဒ်ကျောင်း ပြတင်းမှ မြင်လိုက်သည်။

ခဏအကြာ ထင်းရံ့အကွယ်မှ

"ကယ်တော်မူပါ ဘုရား"

ဟု မိန်းမပျိုတို့အော်သံနှင့် ဂျပန်ကို ဆဲဆိုသံ ဆူဆူညည်းကို ကြားနေရတော့။

ဆရာတော်လည်း မနေသာတော့။ ကပ္ပိယ မောင်ဘကောင်းကို အဖော်ခေါ်၍ အသံလာရာသို့ ခြေသံလုံလုံနှင့် လိုက်လာခဲ့ကြသည်။

ထင်းရံ့ထဲမှ ထင်းခွဲဓားကို မောင်ဘကောင်း အသာဆွဲလာခဲ့တော့။

သူတို့ ထင်းရံ့နောက်ကို လှည့်လာသော် မြင်ကွင်းကား မရှုဆိမ့်ဖွယ်အတိတည်း။

ဂျပန်ခေတ် တစ်လျှောက်လုံး မြန်မာတို့ ကြားနေရသည့် ဖြစ်ရပ်ဆိုးအတိုင်း မြန်မာမိန်းမပျိုတစ်ဦး၏ ရေတိမ်နစ်သော ဖြစ်ရပ် ဂျပန်စစ်သား၏ လူမဆန်သော လုပ်ရပ်။

သူတို့သည်မြန်မာ မိန်းကလေး၏ အသက်ကို အချိန်မီ ကယ်တင်နိုင်ခဲ့သည်။ ဂျပန်စစ်သား မှုဒိန်းသမားကိုတော့ ငရဲပြည် ပို့ခဲ့သည်။

မိန်းမပျိုလေး မိဂျမ်းစိန်သည် ရွာထဲမှ ဒေါ်ပုမ၏သမီး။ သူသည် အာကြမ်းလျှာကြမ်း မိန်းမကြမ်းကလေးဖြစ်သော်လည်း ရာဂစိတ်မွန်၍ သရမ်းချင်တိုင်း သရမ်းသည့် ဂျပန်စစ်သား၏ စက်ကွင်းမှ မလွတ်နိုင်ရှာ။ သူ့အရှက်ကို ကာကွယ်ရန် ကပ္ပိယ မောင်ဘကောင်းက လှည်းကျိုး ဝင်ထမ်းပေးခဲ့လေတော့၏။

ဤဇာတ်လမ်းက ဤမျှနှင့်မပြီး။ အမြောက်တပ်မှ ဂျပန် ဗိုလ်ကြီးသည် သူ့တပ်သားတစ်ယောက် ရုတ်တရက် ပျောက်သွားသည့်ကိစ္စကို ဟိုလူဖမ်းစစ်၊ ဒီလူဖမ်း နှိပ်စက်နှင့် ရမ်းချင်တိုင်း ရမ်းလာလေ၏။

ဒီညနေတွင်မူ မူးမူးနှင့် လျှောက်သွားနေသည့် စောရှိုးသာကို အမြောက်တပ်ဗိုလ်ကြီးက ဖမ်းဆီး စစ်မေးလေ၏။

"မင်း... ဒီအနား ခဏ ခဏ လာတယ်၊ တို့လူတွေ ချောင်းသတ်ပြီး အလောင်းဖျောက်တာ ဖြစ်ရမယ်"

"ဟာ... ဘာဆိုင်လို့လဲ၊ ငါက ငုံချစ်သူရဲ့ ဝိညာဉ်ကို လိုက်ရှာနေတာ၊ သူ ဒီအနားမှာရှိတတ်တယ် မဟုတ်လား"

"ဘာလဲ...နာနာဘာဝ ရူပစန္ဒီကို ပြောချင်တာလား"

"အေး... မင်းတို့ ဂျပန်တွေလည်း ဒီအကြောင်းကြားနေတာပဲ ဥစ္စာ"

"ဟိတ်... အဲဒီ နာနာဘာဝတို့၊ ဝိညာဉ်တို့၊ နတ်တို့ ဘာတို့ကို ငါတို့မယုံဘူး။ မင်းတို့ အဲဒါနဲ့ လှည့်စားပြီး တို့လူတွေကို ပြောက်ကျားစနစ်နဲ့ လုပ်ကြံနေတာ ဖြစ်ရမယ်၊ ဒီနာနာဘာဝ ဘာညာကို အကြောင်းပြပြီး၊ ခုတုံးလုပ်ပြီးတို့ကို ကလဲ့စားချေတဲ့ နည်းပရိယာယ်လောက်တော့ စစ်ဆင်ရေးနည်းဗျူဟာ ကျွမ်းတဲ့ ငါတို့က သိပြီးသား"

"ရော်...ခက်ချည်သေး။ ငါက မင်းတို့ စစ်ဗျူဟာကိုလည်း စိတ်မဝင်စားဘူး၊ မင်းတို့ကိုလည်း ဦးနှောက်ထဲမှာ မရှိဘူး၊ ငုံ့အသည်းနှလုံးထဲမှာ နာနာဘာဝဖြစ်နေတဲ့ ငုံချစ်သူကို ရှာတွေ့ဖို့ပဲ ရှိတယ်၊ သူကို ဖွဲ့ကောင်းကောင်းနဲ့ **လာ**စောင့်ရင် တစ်နေ့ တွေ့ရလိမ့်မယ်လို့ ငါယုံတယ်"

ထိုအခါ စကားပြန် ချစ်ကိုကိုက သူ၏ အသားမည်းမည်း သွားကျဲကျဲမျက်နှာကြီးနှင့် တအား အော်ရယ်လေ၏။

"ဟား...ဟား...ဟား...ဟား"

ပြီးမှ...

"ဟေ့ကောင်... မင်းချစ်သူ နာနာဘာဝ ဖြစ်နေမှန်းသိရင် ဒီနားလာပြီး ရစ်သီရစ်သီ လုပ်နေမယ့်အစား ဆရာတော် ဦးဝိမလကို သွားလျှောက်ပါလား"

"ဘာ..."

"ဆရာတော်က ဂန္ဓာရီပညာ၊ ဂမ္ဘီရပညာ၊ လောကီ အဘိညာဉ်ပညာတွေ တတ်တယ်လေ၊ သူ သွား အကူအညီ တောင်းပါလား။ ဒီနားလာရစ်နေတာ မာစတာထင်သလို ကြိတ်ကြံ နေတာ ဖြစ်ရမယ်"

"ဟာ...နေပါဦး၊ ပြောပါဦး၊ ဆရာတော် လောကီပညာ တတ်တယ်ပေါ့။ 'ပေတ' လောကသားတွေကို ခေါ်နိုင်တယ်ပေါ့၊ ဟုတ်လား"

"အေး...ငါ့လို နဲ့စပ်တဲ့သူမှ ဒါမျိုးတွေသိတာ၊ မင်းတို့ ဒီလောက်သိဖို့ ဝေးရော"

"ဟုတ်ပြီ... ဒါဆို ကိုချစ်ကိုကိုက ဟောဒီမာစတာကို ပြောပါ၊ မယုံရင် ရှုပစန္ဒီဟာ ဒီနီးတစ်ဝိုက်မှာရှိကြောင်း ဆရာတော်ကို ပြခိုင်းပါလို့၊ ကျုပ်ကို အထင်လွဲပြီး တစ်လွဲ လျှောက်ပြီး ဒုက္ခမပေးပါနဲ့လို့"

"အေး...မင်းအကြံမဆိုးဘူး၊ ဒီမယ် မာစတာ၊ ဒီသူငယ် ပြောသလို ဒီကန်ဒီကုန်းနားမှာ ရှုပစန္ဒီဆိုတဲ့ နာနာဘာဝ မကျွတ်မလွတ်ဘဲရှိနေတာ ဟုတ်မဟုတ် ကြည့်ချင်ရင် ရပါတယ်"

"ကောင်းပြီ၊ ငါတို့က လက်တွေ့သမား၊ လက်တွေ့ပြမှ ယုံမယ်၊ မင်းတို့ဆရာတော်ကို ခေါ်စမ်း"

"အို...ဆရာတော်ကို အသားလွတ် ခေါ်လို့ လာမလား၊ ဆွမ်းစားပင့်မှပေါ့"

"ဟုတ်ပါတယ်၊ ဟောဒီ လူငယ် ပြောသလို လုပ်ရင် ကောင်းပါတယ်"

အမြောက်တပ် ဂျပန်ဗိုလ်က ဆရာတော် ဦးဝိမလကို ဆွမ်းကျွေးပင့်သည်ဆို၍ ရွာထဲတွင် အံ့သြကြရသည်။ မယုံရဲ ယုံရဲမို့ ဆရာတော်နှင့်အတူ တကာကြီးအချို့ လိုက်ပါခဲ့ကြသည်။ စောရှီးသာလည်း လိုက်ပါခဲ့၏။

ဆရာတော် ဆွမ်းဘုဉ်းပေးပြီးနောက် ဂျပန်ဗိုလ်က လျှောက်လေပြီ–

"ဒီမယ်... ဒီနားမှာ ကျုပ်စစ်သားတွေ ပျောက်ပျောက်သွားတယ်၊ လေးယောက်ရှိပြီ၊ အဲဒါ ဘာတဲ့ နာနာဘာဝ လက်ချက်လို့ပြောတယ်၊ နောက်ပြီး ဒီနားမှာ ရှုပစန္ဒီဆိုတဲ့ မိန်းမချောချောလဲ ရှိတယ်ပြောတယ်၊ ကျုပ်မယုံဘူး၊ လက်တွေ့ ကြည့်ချင်တယ်၊ ဘုန်းကြီး မော်အတတ်တွေ တတ်တယ် ပြော တယ်၊ လက်တွေ့ပြနိုင်မလား"

"ဟေ့... ဂျပန်တကာကြီး၊ ငါ ဘုန်းကြီး မော်ဆရာမဟုတ်ဘူး၊ လောကီပညာ သိဒ္ဓိတန်ခိုးနဲ့ ကြည့်လို့ရတယ်၊ ပြလို့ရတယ်"

"ဒါဆို ပြ...ပြ၊ ကြည့်ချင်တယ်"

"ကောင်းပြီ၊ ကြည့်ချင်ရင် ပြမယ်၊ ဒါပေမယ့် ကတိတစ်ခု ပေးရမယ်၊ သစ္စာဆိုရမယ်၊ အဲဒါမှ ကြည့်လို့ရမယ်"

"တကယ် ကြည့်လို့ရမယ်၊ ယုတ္တိရှိတယ်ဆို ကျုပ် ကတိ တည်မယ်၊ မဟုတ်ရင် ကတိမတည်ဘူး၊ ဟုတ်ရဲ့လား"

"အေး...ကောင်းတယ်၊ ငါ စီရင်မယ်၊ ခဏစောင့်"

"သူတို့က ပြောတယ်... မင်းတို့ ဂျပန် စစ်ဗိုလ်တွေ သိပ်လိုချင်နေတဲ့ ရတနာ သေတ္တာကြီးတွေကို စောင့်နေရပြီတဲ့၊

အရိုမေတ္တေယျဘုရား ပွင့်တော်မူမှ ဒီရတနာတွေကို ကုသိုလ် ဒါနပွဲမှာ သုံးရမယ်၊ လာမထိကြနဲ့တော့တဲ့"

"ဟိ... ဟိ... ရှုပစန္ဒီလေ... ရှုပစန္ဒီ ဘာဖြစ်သွားလဲ၊ ကျန်သေးတယ် ဆရာတော်၊ မေးပေးပါဦး"

စောရိုးသာက ဖြတ်၍ အသံကျယ်ကျယ် လျှောက်သားသည်။

"အေး... ဟုတ်သားပဲ၊ ရှုပစန္ဒီကို ကြည့်စမ်း၊ တွေ့ပြီလား"

"တွေ့ပြီ... သူလည်း အဲဒီကျောက်ဂူထဲမှာပဲ ကျောက်တုံးခုံ ဘေးမှာ ရပ်နေတယ်"

ဂျပန်ဗိုလ်ကား အိပ်ရာမှလန့်နိုးသူလို သတိဝင်လာ၏။ သူ အတော်ကြောက်သွား၏။

"ထူးဆန်းတယ်၊ ဟုတ်တယ်... ဟုတ်တယ်"

ဟု ရွတ်နေ၏။

"ဟုတ်ရုံနဲ့ မပြီးဘူး၊ ပေးထားတဲ့ ကတိသစ္စာ တည်ရမယ်၊ ဟုတ်လား"

"ဟုတ်ပါပြီ... တည်ပါ့မယ်"

"အေး... တည်အောင်သာထိန်း၊ မတည်လို့ကတော့ အဲဒီ နာနာဘာဝ ဝိနာဘာဝတွေရဲ့ လိပ်ပြာနုတ်တာကို ခံရမယ်၊ ဘေးဆိုး ဥပဒ်ဆိုးနဲ့ အသေဆိုးသေမယ်၊ မှတ်ပေရော့"

ဂျပန်ဗိုလ်ကြီးလည်း ကြောက်လန့်စွာ ဆရာတော်ကို ရှိခိုးကန်တော့လေရှာ၏။

အခန်း (၃)

ပထမဘဝမှ ရှုပစန္ဒီနှင့် ရွှေဒေါင်းစိန်

ဆရာတော် ဦးဝိမလသည် ဂျပန် တော်လှန်ရေးတွင် ပါဏာတိပါတာထိုက်ကြောင်း သူ့ကိုယ်သူ သိသည်။ ပါရာဇိကာ်ကြောင့် ရဟန်းသိက္ခာချကာ လူဝတ်လဲသည်။ ရသေ့အဖြစ်နှင့် အာယုကန်ကျောင်းမှ ထွက်ခွာသည်။

"ဆရာတော်... တပည့်တော်တို့လည်း တစ်ပါတည်း လိုက်ပါရစေ ဘုရား"

ရသေ့ကြီးကို ကပ္ပိယ မောင်ဘကောင်းနှင့် ဇနီး မိဂျမ်းစိန်တို့က ခွင့်တောင်းသည်။ ရသေ့ကြီးက သဘောတူသည်။ ကမာရွတ်တွင် အာယုကန်ကျောင်း၌ ရသေ့ကြီး သီတင်းသုံးစဉ် မောင်ဘကောင်းတို့လင်မယား ဝေယျာဝစ္စ ပြုကြသည်။

"ဆရာတော်ဘုရား...ဆရာတော်ဘုရား"

တစ်နေ့ညနေ စကြီ လျှောက်နေစဉ် ရသေ့ကြီးကို မိန်းမချောလေးတစ်ဦး လာလျှောက်သည်။

"အိန်း...ငါ့ကို ရသေ့ကြီးလို့ပဲခေါ်၊ နင် ငါ့ကို ဆရာတော်လို့ ခေါ်ပုံထောက်တော့ အာယုကန်ရွာက လာတာလား"

ဆရာရှင်ရသေ့ ကြက်သီး တဖြန်းဖြန်းထ,သွား၍ တစ်စုံ တစ်ရာ သိလိုက်သည်။

"မှန်လုပါ... အာယုကန်က လာတာပါ။ တပည့်တော်ကို မမှတ်မိဘူးလား"

"မှန်းစမ်း၊ အေး...သိပြီ၊ နင်ဟာ နာနာဘာဝ ရှုပစန္ဒီပဲ မဟုတ်လား"

"မှန်လုပါ၊ တပည့်တော်မရဲ့ချစ်သူ မောင်တော် ရွှေဒေါင်းစိန် ပျောက်နေတာ လိုက်ရှာလို့ကို မတွေ့ဘူး၊ ရှင်ရသေ့ကြီး ကယ်မှ ရတော့မယ်ထင်လို့ လိုက်လာတာပါ"

"ဟေ...ငါက ပရလောကရဲ့ ပေတဘုံသား အချင်းချင်းကို တိုက်ရိုက်ပြပေးလို့ မရဘူးကွယ်၊ ဒုက္ခ-ဒုက္ခ၊ အစွဲကြီးလွန်းတဲ့ နင့်မှာလည်း ဒုက္ခ"

ရှုပစန္ဒီသည် တရှဲ့ရှဲ့ ငိုရှာလေ၏။ သူသည် ဖွဖွနင်း၍ ရှုပ်တိုက်ကာ ခေါင်းငုံ့ ထွက်ခွာသွားလေ၏။

နောက်နေ့ညနေတွင် ရသေ့ကြီးကျောင်းသို့ လူငယ်လေး တစ်ယောက် ရောက်လာသည်။ လှုဖွယ်ပစ္စည်းမျိုးစုံနှင့် လာကန်တော့၏။

"တပည့်တော် ဦးအာသာကင်းရဲ့ သားငယ်လေး ဂျန်ကင်းပါ"

"ဟေ...ဟုတ်လား၊ ရှုပစန္ဒီရဲ့ မောင်လေးပေါ့"

"ဟုတ်ပါတယ်၊ မနေ့ညက မမရှုပ အိပ်မက်ပေးပြီး ဆရာရသေ့ဆီ လာခိုင်းလို့ ခုလို ရောက်လာတာပါ"

"ဩော်...အေးအေး၊ မင်းအဖေရော နေကောင်းရဲ့ လား၊ အခု ဘာလုပ်နေလဲကွယ်"

"ဒက်ဒီက ရန်ကုန် မြူနီစီပယ်ရုံးချုပ် ရေပိလ္လာဌာနမှာ ဌာနစုမှူးတာဝန်နဲ့ အလုပ်လုပ်နေပါတယ်၊ နေတော့ ကန်တော်လေး မြူနီစီပယ်ဝင်းထဲမှာပါ"

"ကောင်းတယ်... ဒါနဲ့ အခု ဒီကိုလာတဲ့ အကြောင်းငါသိတယ်၊ ငါ အစီအမံ လုပ်ပေးမယ်၊ ခဏလေး... မောင်ဘကောင်းတို့ ခေါ်စမ်း"

ဂျန်ကင်းက ကျောင်းအောက်ရှိ ကိုဘကောင်းတို့ လင်မယားကို ခေါ်ခဲ့သည်။

ဆရာရသေ့ကြီးလည်း စိမ်စရာများကိုစိမ်ပြီး-

ဥံရာဇ ရာဇ မဟာရာဇာ၊
ရာဇာမဟာ ဒေဝီရာဇာ၊
ရာဇာပရ ပေတီရာဇာ၊
မလ္ခဲကျတ် တွံ့ လမ္ဘန် စေလ္ဘတ်၊

ဟု မန္တန်မန်းမှတ်ကာ ရှုပစန္ဒီကို သူမောင်လေး ဂျန်ကင်းထံ ဝင်ပူးစေလိုက်သည်။

"သယ်...ရှုပစန္ဒီ ရောက်ပြီလား"

"ရောက်ကြောင်းပါ ရှင်ရသေ့"

ရှုပစန္ဒီ၏ မိန်းမသံကလေး ဂျန်ကင်းပါးစပ်မှ နှုတ်ဟ ဆိုလာသည်။

ထို့နောက် ဂျန်ကင်းကို မျက်နှာချင်းဆိုင်ထား၍ စက္ခုသာဝမုန်းကိုသွေး၊ ဂါထာစုတ်ပြီး မျက်စိနှစ်ဖက်တွင် ဆေးကွင်းပေးလိုက်သည်။

"ကြည့်စမ်း...ရှုပစန္ဒီ၊ နင်တွေ့ချင်တဲ့ ရွှေဒေါင်းစိန်ကို အခု တွေ့ပြီမဟုတ်လား"

"တွေ့...တွေ့ပါပြီ၊ မောင်တော်... မောင်... မောင် မဟုတ်လား"

ရူပစန္ဒီ၏ မေးသံ၊ ဂျွန်ကင်းနှုတ်မှပင် ယောကျ်ားသံဖြင့် ဖြေသည်။

"ဟုတ်ပါတယ် စန္ဒီ၊ စန္ဒီ မောင့်ဆီ လာတယ်နော်"

ဤတွင် ရူပစန္ဒီ၏အသံနှင့် ရွှေဒေါင်းစိန် အသံတို့ဖြင့် ဂျွန်ကင်း တစ်ယောက်တည်းက အချိန်အတင် ဖြေနေပုံများ မောင်ဘကောင်းနှင့် မိဂျမ်းစိန်းတို့ အံ့သြကြရသည်။

"ဟုတ်တယ်လေ၊ စန္ဒီ မောင့်ကို လိုက်ရှာနေတာကြာပြီပဲ၊ ခုမှ ဆရာတော်... အဲလေ ရှင်ရသေ့ပို့ပေးလို့ မောင်ရှိရာကို ရောက်ခဲ့တာ"

"အခုစန္ဒီက ဘယ်မှာ နေ,နေရတာလဲ"

"မာမီတို့ ကိုကိုတို့ မမမူယာတို့နဲ့အတူ အာယုကန် ကျောက်ဂူစခန်းမှာ နေတယ်။

"မောင်ကရော ဒီကို ဘယ်လိုနဲ့ ရောက်လာရတာလဲဟင်"

"မောင်လား... စန္ဒီရဲ့ဝိညာဉ် ပျံတက်သွားတာကို မြင်လို့ ထလိုက်မယ် အလုပ်မှာ အလင်းတန်းကြီးတစ်ခု ကာဆီးသွားတယ်၊ အဲဒီအလင်းတန်းကနေ ဘိုးဘိုး သူရိယ ဘုမ္မစိုးကြီးပေါ်လာပြီး မောင့်ကို ဆွဲခေါ်သွားတာပါပဲ။ ပဌာန်းဆက်အရ ကကုသန် ရှင်တော်ဘုရား လက်ထက်ကတကည်းက မောင့်ဘိုးဘိုး ဖြစ်တယ်တဲ့၊ အခု ဒီမှာ ဟောဒီ ဥဒေါင်းခံစေတီ (ဒေါင်းရုပ် ဓာတ်ပန္နက် စေတီ)မှာ ဘိုးဘိုးနဲ့အတူ စေတီတော်စောင့်ဖို့ တာဝန်ကျနေတယ်"

"ဒါကြောင့်ကိုး... စန္ဒီနဲ့ မောင်တို့က နီးရက်နဲ့ ဝေးနေတာကိုး"

"ဟုတ်တယ်၊ စံနေရာဌာနချင်း မိုင်ဝက်လောက်သာ ဝေးပေမယ့် ဘဝချင်းကမတူလို့ ရုတ်တရက် ကူးမလာနိုင်တာ ဖြစ်မယ်"

"ဒါဆိုတယ်နှယ်လုပ်ကြမလဲ၊ စန္ဒီက မောင်နဲ့ ခွဲမနေချင်ဘူး"

"မောင်ကလည်း စန္ဒီနဲ့ အတူနေချင်တယ်"

"ဒါဆို ခုလို အတိုင်းပဲ ဝေးနေရမှာလား မောင်ရယ်၊ ဟင့်အင့်အင့်ဟင့်..."

"မငိုပါနဲ့စန္ဒီရယ်၊ မောင်တို့ လူကြီးတွေကို ခွင့်ပန်ကြည့်ကြတာပေါ့"

"အင်း...ဟိုလေ၊ စန္ဒီ အခုစဉ်းစားမိတယ်၊ ဆရာတော် ရှင်ရသေ့ကို အကူအညီတောင်းရင် ရမယ်ထင်သားပဲ"

"ဟုတ်ပြီ... တို့တွေ ဆရာတော့်ကို အကူအညီ တောင်းကြစို့"

ဤတွင် ဂျွန်ကင်းက ရှင်ရသေ့ကို ရုတ်တရက် ကန်တော့ရှာ၏။ သူ့ရှေ့ လက်ချရာနေရာတွင် မီးခိုးလုံးတွေ ဟုန်းခနဲ ထွက်လာပြီး ဂျွန်ကင်း နောက်သို့ လန်သွားတော့သည်။

"ဟဲ့...ဟဲ့... လုပ်ကြပါဦး"

မိဂျမ်းစိန်က လန့်အော်သည်။ ကိုဘကောင်းက ပြေးပွေ့သည်။

ဆရာရသေ့က ခဏမျှ မျက်မှောင်ကုတ်၍ ကြည့်ပြီးနောက်-

"မပူနဲ့... စည်းပေါက်သွားလို့ ခုလိုဖြစ်တာ၊ ရေတစ်ခွက် မြန်မြန်ယူခဲ့"

ကိုဘကောင်း ရေတစ်ခွက် ပြေးယူလာသည်။ ဆရာရသေ့က-

စက္ခု မာစရ မာစိတ္ကော၊
ဝမ္မညူ ဝမ္မသာမိကော။
ဗလူပေတော ဗလဝေရော၊
ဝရဒေါ ဒေတုမေဝ၀ံ။

ဟု ရေမန်းကို ဂါထာစုတ်၍ ဂျန်ကင်း၏ ငယ်ထိပ်ကို ဦးစွာပုတ်ပေး၏။ ပြီးမှ မျက်ကွင်းဆေးကို ထိုရေနှင့်သစ်၍ ဆေးကြောပေးလိုက်သည်။

ဂျန်ကင်း ဖျတ်ခနဲ သတိပြန်ဝင်လာ၏။

"မောင်ရင်လေး... စောစောက မင်းအစ်မနဲ့ သူ့ချစ်သူ အပြန်အလှန် ပြောကြတဲ့ စကားတွေကို မှတ်မိလား"

"ဟုတ်ကဲ့၊ မှတ်မိပါတယ် ရှင်ရသေ့၊ မမတို့ဟာ တမလွန်ဘဝမှာ ပေတဘုံသားချင်း တူပေမယ့် ဘာ့ကြောင့် မပေါင်းဖက်နိုင်တာလဲ၊ သူတို့ချင်း ချိန်းတွေ့လို့ မရဘူးလား"

"အိန်း... လူတွေ တမလွန်ဘဝရောက်ရင် ပရလောကထဲ ရောက်တယ်လို့ ခေါ်တယ်၊ အဲဒီနောင်ဘဝမှာ ပြဟ္မာဘုံ(၂၀)၊ နတ်ပြည် ခြောက်ထပ်၊ လူသားပြန်ဖြစ်ရင် သုဂတိဘုံ ကောင်းရာဘဝ ရောက်တယ်လို့ ခေါ်တယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဘုံလေးဘုံဆီရောက်ရင် ဒုဂ္ဂတိမကောင်းတဲ့ ဘုံသားတွေဖြစ်ကုန်ဟာပေါ့။

အခု မင်းအစ်မတို့ ချစ်သူမောင်နှံတို့ဟာ အကာလ ပရဏာခေါ် မသေသင့်သေးဘဲ ရုတ်တရက် သူတစ်ပါးအသတ်ခံရလို့ ဥပစ္ဆေဒကကံနဲ့ သေကြရတယ်၊ မရဏာသန္နစိတ်လို့ခေါ်တဲ့ အာသန္နဖောမှာ မကျေနပ်စိတ်တွေ ကပ်ငြိသွားလို့ အကုသိုလ် ဖြစ်ပြီး ပြိတ္တာဘဝကို ရောက်ကြရတာ"

"ဒါဆို မမတို့ နှစ်ယောက်ဟာ ပြိတ္တာချင်း အတူတူပဲ မဟုတ်လား၊ ဘာကွာလို့လဲ"

"အေး... ပေတဘုံ နာနာဘာဝလောကမှာ အဲဒီပြိတ္တာဘုံဟာ အကျယ်ပြန့်ဆုံးနဲ့ အရှုပ်ထွေးဆုံး ဖြစ်တယ်၊ အဆန်းကျယ်ဆုံးလည်းဖြစ်တယ်၊ ဘုရားဟော ပေတဝတ္ထုတွေနဲ့ နိပါတ်ခေါ် ဇာတ်တော်တွေ၊ ပိဋကတ်ကျမ်းဂန်တွေမှာ ပြိတ္တာတွေ အကြောင်းအမျိုးမျိုး ပါဝင်နေတာ တွေ့ရမယ်"

"ပြိတ္တာဆိုတာ အမျိုးမျိုးရှိလို့လား ဆရာရသေ့ဘုရာ"

"အေး... ကပ္ပိယ မောင်ဘကောင်။ မင်းက ဘုန်းကြီးကျောင်းမှာ မွေးကတည်းကနေလာသူမို့ ပိုပြီးနားမဝေးသင့်ဘူး၊ အစိမ်း၊ သရဲ၊ တစ္ဆေ၊ သဘက်၊ ဥမက ဆိုတာတွေဟာ ကြမ်းတဲ့ ပြိတ္တာတွေဖြစ်တယ်၊ နတ်စိမ်း၊ နတ်ရဲ၊ နတ်ဆိုး၊ နတ်ဝါးအပြင် လူ့ပြည်မှာရှိတဲ့ ဘီလူး အမျိုးမျိုးဟာလည်း နတ်ပြိတ္တာတွေ ဖြစ်တယ်၊ ဘုတ်၊ မြေဘုတ်၊ ဥစ္စာစောင့်၊ ကျတ်ဆိုတာတွေဟာလဲ ပြိတ္တာတွေပဲပေါ့။ ရက္ခစိုး၊ ဘုမ္မစိုးတွေ ဟာလည်း ပြိတ္တာတွေထဲမှာ အပါအဝင် ဖြစ်တယ်၊ ဒီအထဲက တန်ခိုးရှိတဲ့ ပြိတ္တာတွေကို လူ့ပြည်မှာနေတဲ့ နတ်လို့ ဆိုကြတယ်၊ ဘီလူးနတ်တို့၊ ရက္ခစိုးနတ်တို့၊ ဘုမ္မစိုးနတ်တို့ပေါ့၊ ရက္ခစိုးက သစ်ပင်တွေကို အဓိကစောင့်တဲ့ အပင်စောင့်နတ်၊ ဘုမ္မစိုးနဲ့ ဘီးလူးက သစ်ပင်လည်းစောင့်တယ်၊ ဘုရားစေတီကျောင်း ကန်စတဲ့ လူတို့ ကိုးကွယ်ရာ အထွတ်အမြတ်ဌာနတွေကိုလည်း ပို၍ဦးစားပေးပြီး စောင့်ကြရတယ်၊ ဒုံကြောင့် နတ်ဘီလူးတွေကို ဒေဝ၊ ဘူတ်၊ ဒါနဝ စသဖြင့်အများကြီး အခေါ်အဝေါ်မျိုးစုံ အောင်ရှိတယ်၊ ဘုမ္မစိုးတွေကို ဘူမဒ္ဒဒေဝတာ မြေကြီးဌာတည်တဲ့ နတ်လို့ ခေါ်တယ်၊

ဥစ္စာစောင့်အပါအဝင် ဘီလူးတွေ ဘုမ္မစိုး ရုက္ခစိုးတွေဟာ အစောင့်တာဝန်တွေ ယူကြရလေ့ရှိတယ်"

"အခု ရှုပစန္ဒီဟာ ရတနာတွေကို နောက်ပွင့်တဲ့ ဘုရားခေတ်မှာ ဒါနပြုဖို့ သုံးရအောင်၊ ဒီကြား ဘယ်သူမှ မနှောင့်ယှက်၊ မလုယက်၊ ခိုးမယူနိုင်အောင် စောင့်ရတာပေါ့နော်၊ ရွှေဒေါင်းစိန်ကတော့ ဆရာတော် ဦးစန္ဒာဝရတည်ထားတဲ့ ဒေါင်းရုပ် ဓာတ်ပန္နက် စေတီတော်ကို စောင့်ရတာပေါ့နော်"

ဟု ကိုဘကောင်းက မေးသည်။

"ဒါပေါ့... ဒါပေါ့၊ သူတို့နှစ်ယောက်ရဲ့ အခု ရောက်ရှိနေတဲ့ ဘဝအနေအထားက မတူကြဘူး၊ ရွှေဒေါင်းစိန်က လူပြည်မှာ နေတဲ့ နတ်၊ ဘုမဋ္ဌဒေဝတာ နတ်အမျိုးအစား၊ ရှုပစန္ဒီက တန်ခိုးရှိတဲ့ ရိုးရိုးပြိတ္တာ အမျိုးအစား၊ သူတို့ချင်း တွေ့လို့ထိလို့မရဘူး၊ တိုက်ရိုက်စကားပြောလို့မရဘူး၊ ဥပမာ ကွယ်... လူကို အဆင့်နိမ့်တဲ့ တစ္ဆေက တို့လို့ ထိလို့ စကားလာပြောလို့ မရသလိုပေါ့"

"ဒါပေမယ့်... ရုက္ခစိုးတို့ဘာတို့က လူယောင်ဖန်ဆင်းပြီး လူနဲ့ ချစ်ကြိုက် ပေါင်းသင်းတာမျိုးတွေ ကြားဖူးပါတယ် ရှင်ရသေ့"

"အေး...လူယောင်ဆောင်ပြီး လူနဲ့ပေါင်းလို့ရတဲ့ ပြိတ္တာတွေ အများကြီးရှိပေမယ့် သူတို့ အဆင့်မတူတဲ့ ပြိတ္တာအချင်းချင်း ပေါင်းဖို့ဝေးရော၊ အနားကပ်ရင်တောင် အဆင့်မြင့်တဲ့ ပြိတ္တာက ယားတယ်၊ အဆင့်နိမ့်တဲ့ပြိတ္တာက ပူတယ်၊ ကပ်လို့မရ ကြည့်လို့ မရ၊ မြင်လို့မရဘူး၊ ကပ်တာနဲ့ နည်းနည်း နီးရင် လွင့်စင်ပြီး အဝေးထွက်သွားတယ်"

"ဒါကြောင့် မမတို့ အခုရောက်နေတဲ့ ဘဝမှာ ပေါင်းလို့ ဆုံလို့ မရကြတာကိုး၊ ဒါကြောင့် သူတို့က ဆရာရှင်ရသေ့ကို အကူအညီ တောင်းတာကိုး"

"အဲဒါပေါ့၊ သူတို့ကို လက်ရှိဘဝမှာ လူတွေမြင်အောင် ပြပေးလို့ပဲ ရတယ်၊ ပေါင်းပေးဖို့ဆိုတာ အခု အစီအမံနည်းနဲ့ ရတာမှမဟုတ်တာ၊ ဒါကို လာတောင်းတော့ စည်းပေါက်ပြီး အစီအစဉ် ချက်ချင်းရပ်ပြီး ပျက်ခဲ့တာ မင်းအမြင်ပဲ မဟုတ်လား"

"ဩော်...ဒါကြောင့်ကိုး"

ဂျိန်ကင်းက ခုမှသဘောပေါက်သွား၏။ သဘောပေါက်တော့ သူ့မမတို့ကို စိတ်ပူသည်။ ဒီအတိုင်း ချစ်သူချင်း မပေါင်းရသော ဒုက္ခအတွက် စိုးရိမ်သည်။ ထို့ကြောင့် ဆရာရသေ့ကို မေးရသည်။

"ဒါဆို... မမတို့နှစ်ယောက် ပေါင်းရအောင် ဘယ်လို လုပ်မှရမှာလဲ"

"အဲဒါက မလွယ်လှဘူး၊ ပြောရလုပ်ရမှာက အရှည်ကြီး၊ အများကြီး၊ လိုရင်းတိုရှင်း မင်းတို့နားလည်အောင် ပြောရမယ် ဆိုရင် ပထမအချက် သူတို့ရဲ့ အစောင့် တာဝန်တွေကနေ ကင်းလွတ်ခွင့် ဒါမှမဟုတ် ခေတ္တနားခွင့်ကို ဆိုင်ရာပိုင်ရာတွေဆီက တောင်းရမယ်၊ ဒုတိယအဆင့် သူတို့အထက်က တာဝန်ရှိသူတွေ ကိုယ်တိုင် လိုလိုလားလား ခွင့်ပြုရမယ်၊ တတိယအဆင့်က သူတို့နှစ်ယောက်စလုံးကို လက်ရှိဘဝကနေ အကျွတ်တန်းဝင်အောင် ကုသိုလ်ကောင်းမှု လုပ်ပေးတဲ့ စွမ်းအား ရှိရမယ်၊ အမျှပေးဝေရမယ်၊ သူတို့ကလည်း သာဝု အနုမောဒနာ ခေါ်နိုင်ရမယ်၊ စတုတ္ထအဆင့်သူတို့ရဲ့ လက်ရှိဘဝကနေ သုဂတိဘုံ တစ်ခုကို ကူးပြောင်းနိုင်ရမယ်၊ အဲဒီလို ဘုံကူးရာမှာ ဘုံတူဘဝတူ ဖြစ်ရမယ်၊ အချိန်တူရမယ်"

"အချိန်တူတယ်ဆိုတာ ဘာလဲ ရှင်ရသေ့ဘုရား"

"ဟိုကွာ... ဘုံကူးတဲ့အချိန်တူမှ သူတို့ သက်တမ်းတူ၊ အရွယ်တူမှာပေါ့၊ ဥပမာ တစ်ယောက်က နတ်ပြည် ခဏာရောက်သွားပြီးမှ လူ့ပြည် ရောက်မယ်၊ တစ်ယောက်က လူ့ပြည် တိုက်ရိုက်ရောက်မယ် ဆိုပါစို့၊ နတ်ပြည်ခဏာဟာ လူ့ဘဝပေါင်း ရာနဲ့ချီပြီး ကြာသွားနိုင်ဘယ်၊ အဲဒီကနေ လူ့ပြည် ပြန်ကူးတဲ့ အချိန်က နှစ်ရာထောင်ချီပြီး နောက်ကျသွားမှတော့ လူ့ပြည်က တစ်ယောက်နဲ့ဆုံဖို့ ပိုခက်သွားတတ်တာပေါ့"

"ဒါဆို အတော်ကွက်တိကျမှ မမတို့ ဆုံကြရမှာပေါ့"

"အေး... တန်ခိုး ကျွဒ္ဓိပါတ်ရှိသူက လုပ်ပေးမယ်၊ သူတို့ ကလည်း ရေစက်ရှိမယ်၊ ဒါနကုသိုလ် ပါရမီတွေလည်း များမယ် ဆိုရင် ကွက်တိလုပ်ပေးလို့ရသလို ဖြစ်နိုင်ပါတယ်လေ"

"ဒါဆို ဆရာရှင်ရသေ့ လုပ်ပေးလို့ မရဘူးလား"

"အင်း... ပဌာန်းဆက်ကလည်း ရှိကြမယ်၊ ကုသိုလ် ကံကြမ္မာချင်းကလည်း တိုက်ဆိုင်မယ်ဆိုရင် ဖြစ်နိုင်ခြေ ရှိပါတယ်၊ လုပ်ရမယ့်အချက်တွေက အဆင့်များတယ်လေ"

"ဘယ်လောက်များများ ကျွန်တော် လုပ်လို့ရတဲ့ ကိစ္စ ရှိရင် ကျွန်တော့်ဘက်ကလုပ်ဖို့ အဆင်သင့်ပါ ဆရာရှင်ရသေ့ ဘုရား"

"ကောင်းပြီ၊ မင်း တကယ်စေတနာရှိတယ်၊ လုပ်ပေးချင်တယ်ဆိုရင် ဒီကနေ့ကစပြီး မင်း ငါးပါးသီလ စောင့်ထိန်းရမယ်၊ ပြီး အဲဒီကိစ္စမှာ ပါဝင်ကူညီသူတိုင်း ငါးပါးသီလ မြဲရမယ်၊ မွေးနေ့တိုင်း ဥပုသ်စောင့်ရမယ်၊ ကုသိုလ်ဒါန များများပြုရမယ်၊ တရားကျင့်ရမယ်၊ ဒါန၊ သီလ၊ ဘာဝနာ အဆင့်မြင့်ရမယ်"

"ဟုတ်ကဲ့... တပည့်တော် ကြိုးစား အားထုတ်ပါ့မယ် ဘုရား"

"သာဓုကွယ်...သာဓု...သာဓု"

ဤတွင် ဂျွန်ကင်း ဆရာရသေ့ထံမှ ပြန်လာခဲ့သည်။ သူစိတ်ထဲတွင် လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ တစ်ထွေးကြီး ဖါလာခဲ့လေတော့သည်။

အခန်း (၄)

ဒေါင်းနွယ်စကြာ နှင့် စန္ဒာဒေဝီ

ကောင်ကလေး တစ်ယောက်...။

ရှားရှားပါးပါး သျှောင်ပေစူးနှင့် ကောင်ကလေး တစ်ယောက်။

လေ့ကားထစ်များမှ ရိပ်ခနဲနေအောင် အဟုန်ပြင်းလှသည့် မြန်နှုန်းဖြင့် ပြေးဆင်းလာ၏။

"ဟဲ့...ဟဲ့... လုပ်ကြပါဦး၊ အရမ်း ပြေးဆင်းလာပြီ၊ အရှိန်လွန်ပြီး ပြုတ်ကျမှဖြင့် ဒုက္ခ..."

ဒေါ်ငွေသော်တာ အလန့်တကြား စူးစူးဝါးဝါး အော်မိသည်။

"နေနေ... မပူနဲ့ တူမကြီး။ ဒီကောင်လေး ဒီလေ့ကားမျိုးပေါင်း ထောင်နဲ့ချီပြီး အကြိမ်ပေါင်း သောင်းချီလို့ ပြေးဆင်းပြေးတက် လုပ်ထားမှပဲ၊ ပြုတ်ကျနိုင်ပါဦးမလား...ဟား...ဟား"

အသက်(၈၀)ကျော် ရသေ့ကြီး ဦးဝိမလအနေဖြင့် ဒေါင်းနွယ်စကြာ ဆိုသည့် ခုနစ်နှစ်ခန့် ကောင်ကလေး အရှိန်ပြင်းစွာ ရိပ်ခနဲ ပြေးဆင်းလာပုံကို မစိုးရိမ်သည့်အပြင် သဘောပင် ကျနေသေး။

လေ့ကားသည် မတ်စောက်၏။ နှစ်ဆင့်ပေါင်း အထစ်ပေါင်း (၄၅)ထစ် ရှိ၏။

လေ့ခါးအောက်ခြေ သိမ်ကျောင်း တစ်ဆောင်ရှေ့တွင် ကွက်လပ်ရင်ပြင် တစ်ခုရှိ၏။ နေရာကား ရွှေတိဂုံဆံတော်ရှင် တည်ရှိရာ သိဂုံတွဲရကုန်း အရှေ့မြောက် တနင်္ဂနွေထောင့်။

တုရားရင်ပြင်၏ ထိုအရှေ့မြောက်ဘက် ထောင့်ရှိ လေ့ကားမှ ဆင်းခဲ့သော် ဒေါင်းနွယ်စကြာ ဟူသည့် ကောင်ကလေး၏ သိဂုံတွဲရကုန်းမှ နှုတ်ဆက်ပွဲနှင့် မွေးစားမိဘတို့၏ ကြိုဆိုပွဲ ကျင်းပမည့် မင်္ဂလာသဘင် အခမ်းအနားတစ်ခု ခင်းကျင်းရန် နေရာသို့ ရောက်၏။

ဒေါင်းနွယ်စကြာ တနင်္ဂနွေထောင့်တွင် ဆံတော်ရှင် မြတ်ဘုရားကို ပူဇော် ကန်တော့နေစဉ် သူ့အား ဖာခေါ်သည့် မွေးစားမိဘတို့က အောက်ထပ် ကွက်လပ်ရင်ပြင်ရှိ ပွဲခင်းမှ စောင့်နေကြခြင်း ဖြစ်သည်။

ဖေယျာတိထိပြည့်မိသော မင်္ဂလာအချိန်အခါ ကျရောက်သည်နှင့် လေ့ကားမှ ပြေးဆင်းလာသည့် ဒေါင်းနွယ်စကြာ ရင်ပြင်သို့ ခြေအစုံကျ၏။ လေ့ခါးခြေရင်းမှ စောင့်ကြိုနေသည့် ဘိုးဘိုးရသေ့က ခြေစုံရပ်လာသည့် ဒေါင်းနွယ်စကြာကို ဒေါင်းရုပ်ဖါသည့် မကိုင့်ကို အချိန်မဆိုင်း ဆောင်းပေးလိုက်၏။

"ဟောဒီမှာ... မင်းအဖေ မင်းအမေတို့ကို နှုတ်ဆက်လိုက်"

"ဖေဖေ... မေမေတို့ကို သားဂါရဝပြုပါတယ်၊ ကျန်းမာချမ်းသာကြပါရဲ့နော်"

မောင်ဒေါင်းနွယ်စကြာက ဦးညွှတ်၍ လေးစားစွာ နှုတ်ဆက်သည်။

"သားလေးရဲ့ ပို့သတဲ့ မေတ္တာကြောင့် ကျန်းမာ ချမ်းသာ ကြပါတယ်ကွယ်"

သမားတော်ကြီး ဒေါက်တာနေမျိုးက ပိတိ လှိုက်ဖိုသော အသံနှင့် ပြန်ပြောသည်။ သမားတော်ကြီးကတော် ဒေါ်ငွေ သော်တာက သားငယ်ကို လက်မောင်းက ဆွဲယူ၍ အသာ ဖက်ပွေ့ထားလိုက်သည်။

ညေ့ပရိသတ်တို့က ဝန်းရံ ကောင်းချီးပေးကြ၏။ ထို့နောက် တရားဝင်မွေးစားသားကို စာချုပ်နှင့် အသိအမှတ် ပြုပွဲကျင်းပသည်။ ဘုန်းကြီး(၉)ပါးကို ဆွမ်းကျွေးသည်။ နေ့ဆွမ်းကပ်၊ တရားနာ ရေစက်ချပြီး အခမ်းအနားပြီးဆုံးသည်။

ရွှေပွဲလာ ညေ့ပရိသတ်များပြန်ကြပြီ၊ ဆရာတော် ဦးနေမိန္ဒ နှင့် ရသေ့ကြီး ဦးဝိမလတို့၏ တွက်ချက်စိမ်သည့် ကိန်းခန်းအရ ဒေါင်းနွယ်စကြာကိုမွေးစားသည့် သမားတော်ကြီး ဒေါက်တာ နေမျိုးနှင့် ဒေါ်ငွေသော်တာတို့သည် မွေးစားသားကို ခုချက်ချင်း တစ်ပါတည်း ခေါ်သွားလို့မရ။ မွန်းလွဲ (၁)နာရီခွဲနှင့် (၂)နာရီ ကြားအတွင်း ဒေါင်းနွယ်စကြာကိုယ်တိုင် မွေးစားမိဘများအိမ်သို့ အရောက်သွားရမည်။

ထိုနေ့သည် တနင်္ဂနွေနေ့၊ ဒေါင်းနွယ်စကြာ၏ မွေးနေ့။ သူ့ကို မွေးနေ့ပွဲလေးလုပ်၍ စောင့်ကြိုရန် သမားတော်ကြီးတို့က ပြည်ထောင်စုရိပ်သာရှိ သူတို့တိုက်ခန်းတွင် စီစဉ်ထားသည်။ ဆွေမျိုးမိတ်ဆွေများကိုလည်း ဖိတ်ကြားထားသည်။ ဤအခမ်း အနား အစီအစဉ်အတွက် (၁၂)နာရီတွင် ဒေါက်တာနေမျိုးတို့ ပြန်သွားကြ၏။

"သားလေး... တစ်နာရီခွဲတာနဲ့ အရောက်လာခဲ့နော်၊ မေမေတို့ စောင့်နေမယ်"

ဒေါ်ငွေသော်တာက တ်ဖွဖွ မှာကြားသွားသည်။ ဒီမွေးစား မိဘနှင့် ဒီမွေးစားသားတို့မှာ ရင်းနှီးနေကြသည်မှာ သုံးနှစ်ပင် ကြာပြီ။ ဆရာတော် ဦးနေမိန္ဒနှင့် ရသေ့ကြီး ဦးဝိမလတို့သည် သူတို့ မြေတောင်မြှောက်ခဲ့သည့် ဤမိဘမဲ့သားကလေးကို သုံးနှစ်ခွဲ နီးနီးပင် မည်သူ့လက်ထဲအပ်၍ မွေးစားစေမည်ကို လူရွေးခဲ့သည်။ (၂)နှစ်နှင့် (၈)လပြည့်မှ လာတောင်းသူ ငါးဦးအနက် ဒေါက်တာ နေမျိုးနှင့် ဒေါ်ငွေသော်တာတို့ကို ပေး၍ မွေးစားစေရန် ဆုံးဖြတ် ချက် ချခဲ့သည်။

ဆုံးဖြတ်ပြီးသည်နှင့် ဤသားနှင့် ဤမိဘ ရင်းနှီးအောင် မကြာခဏ ပေးတွေ့ခဲ့၏။ ဤမိဘများကလည်း သားသမီး မရသူပီပီ မွေးစားသားလေးကို ဖွားဖွားမှုတ် ချစ်ကြကုန်၏။

"ကိုင်း... မောင်ဒေါင်းရေ၊ မင်းကို ခေတ်ပညာတတ် သမားတော် ဆရာဝန်ကြီးအိမ်ကို လွှတ်လိုက်ရမှာ ဆိုတော့ သူတို့အသိုင်းအဝိုင်းနဲ့ လိုက်လျောညီထွေတဲ့ ပုံစံလေး လုပ်ပေး လိုက်မယ်၊ လာ... ဆံပင်ညှပ်ရအောင်"

ဆရာတော် ဦးနေမိန္ဒက ဒေါင်းနွယ်စကြာကို ဆံပင်ညှပ် ပေးလိုက်ရာ ဘိုကေကျော့ကျော့နှင့် ဆရာဝန်သားပုံ ပေါက်လာ သည်။ စပို့ရှပ်ကလေးနှင့် တက်ထရက် ဘောင်းဘီရှည်လေးနှင့် ဇော်ကင်းရှူးလေးနှင့် ခေတ်၏ လူသားကလေးပုံ ပေါက်သွား၏။

"ဘိုးဘိုး... ဘိုးဘိုး"

ထိုစဉ် အသံစာစာ၊ စာစာနှင့် ငါးနှစ်အရွယ် ကလေးမလေး တစ်ယောက် ရသေ့ကြီး၏လက်ကို လာဆွဲပြီး ခေါ်နေလေသည်။

"ဟေ့...ညည်းက ဘယ်သူလဲ၊ ဘယ်က ရောက်လာ တာလဲ"

"စန္ဒာလား... ဆရာမ ဒေါ်ခင်မာစန်းရဲ့သမီးလေ ဘိုးဘိုးရဲ့ အီး...အီ...အီး"

"ဟဲ့...ဟဲ့ မင်ိုနဲ့ မင်ိုနဲ့၊ ဘာဖြစ်လို့လဲ ကလေးရဲ့"

"စန္ဒာက ဒေါ်လေးတို့ ဦးငယ်တို့နဲ့ ဘုရားပေါ် လိုက်သွားမယ်ဆိုတော့ ဖေဖေ မေမေက လွှတ်လိုက်တယ်။ ဟောဟို လေ့ကားက ဒေါ်လေးတို့ တက်သွားတာပဲ၊ စန္ဒာ လိုက်တက်သွားတော့ သူတို့ကို မတွေ့တော့ဘူး။ အကြာကြီး ရှာတယ်၊ မတွေ့တော့ဘူး။ ဒါ့ကြောင့် ဒီကိုပြန်လာတာ"

ကပ္ပိယဦးဘကောင်းက ကောင်မလေးကို ချော့ရှာသည်။

"မင်ိုနဲ့ ဘာမှမပူနဲ့၊ သမီးအဖိုးက ဘဘကြီးရဲ့ သူငယ်ချင်းသိတယ်၊ အာယုကန် ဘုရားဂေါပကအဖွဲ့ရဲ့ စာရင်းစစ်မဟုတ်လား၊ သမီးအမေက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက လက်ထောက်ကထိက ခင်မာစန်း မဟုတ်လား၊ အားလုံးကို သိတယ်၊ ဘာမှ မပူနဲ့နော်"

"ဒါဆို...စန္ဒာကို အိမ်လိုက်ပို့ပေးမှာပေါ့"

"အေး...သိပြီ၊ ဒီကလေးအဖေက သမိုင်း သုတေသနဌာနရဲ့ ညွှန်ကြားရေးမှူး ဦးမြင့်မောင်ပဲ၊ ဒီကို ခဏခဏလာနေကြပဲ၊ နေဦး...ခင်မာစန်းတို့နေတာလည်း ပြည်ထောင်စုရိပ်သာပဲ မဟုတ်လား၊ ဘုန်းကြီး ဆွမ်းခံကြွဖူးတယ်၊ ဒေါက်တာ နေမျိုးတို့နဲ့ တိုက်ချင်း ကပ်လျက်ပေါ့"

"ဟုတ်ပြီဆရာတော်၊ တပည့်တော်လည်းသိပြီ၊ ဒီကောင်မလေးကို မောင်ဒေါင်း သူ့မိဘတွေဆီ အသွားမှာ ခေါ်သွားပြီး အိမ်တိုင်ရာရောက် လိုက်ပို့ခိုင်းလိုက်မယ်"

ရသေ့ကြီးဦးဝိမလက ပြောပြောဆိုဆို အနီးတွင်ရပ်၍ အကဲခတ်နေသည့် ဒေါင်းနွယ်စကြာကို ယုံကြည်မှု အပြည့်နှင့်

စန္ဒာဆိုသည့် ကောင်မကလေးကို သူ့မိဘထံပို့ရန် တာဝန်ပေးလိုက်၏။

သူတို့ ဤခုနစ်နှစ်ခန့် ကောင်ကလေးကို အဘယ့်ကြောင့် ဤမျှ ယုံကြည်စိတ်ချနေသနည်း။ ဤမလောက်လေး မလောက်စား အရွယ်ကောင်ကလေးကရော မိဘအဒေါ်တွေ လက်ကလွှတ်ထွက်လာသည့် ကလေးမယ်ငယ်ကို ပိုင်ပိုင်နိုင်နိုင် ခေါ်သွားတတ်ပါ့မလား"

"သူက စန္ဒာတို့အိမ်ကို သိလို့လား"

ပိစိကွေး ကောင်မလေးကို သူ့အရွယ်သာသာ ကောင်ကလေးက လိုက်ပို့မည်ဆို၍ စိတ်ပူရမှန်းသိပုံဖြင့် မေး၏။

"ငါသိပါတယ်ကွာ... နင်တို့အိမ်က အခု ငါသွားနေမယ့် အိမ်နဲ့ကပ်လျက်ပဲဥစ္စာ"

"အို...သူက ဘယ်လိုလုပ်သိတာလဲ"

"ဟာ...ညီမလေးရ၊ ငါက ငို့အဖေနဲ့ အမေအိမ်ကို ဆယ့်ငါးခေါက်လောက် ရောက်ဖူးတယ်၊ နင့်မိဘအိမ်က ကပ်လျက်ဆိုတော့ သိပြီးသား..."

"ဒါဆို...သူက ဘယ်လိုလိုက်ပို့မှာလဲ"

"လမ်းလျှောက်ပြီး လိုက်ပို့မယ်၊ လက်ဆွဲပြီးခေါ်သွားမယ် ဘာမှမကြောက်နဲ့"

"အဝေးကြီး လမ်းလျှောက်ရမှာလား"

"မဝေးပါဘူး၊ တို့ဒီကနေပတ်ပြီး အနောက်မှခ်ိသွားမယ်၊ အဲဒီစောင်းတန်းကဆင်းပြီး ဦးဝိစာရလမ်းကို ဖြတ်ကူးလိုက်ရင် နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးတွေကို တွေ့မယ်၊ ခြံကြီးတွေရဲ့ ကြားမှာလမ်းရှိတယ်၊ အဲဒီလမ်းကနေ သစ်ပင်တွေအများကြီး

ရှိတဲ့ ကွင်းကြီးကိုဖြတ်ပြီး ဓားလွယ်ခုတ်သွား၊ အလုံလမ်းနဲ့ ဂေါ်ဒွင်လမ်းဆုံကို ရောက်ရော"

ထိုစဉ်က ယခု ပြည်သူ့ရင်ပြင် ဥယျာဉ်နေရာကွင် ဦးဝိစာရ လမ်းဘေးတစ်လျှောက် အစိုးရအရာရှိကြီးများနေသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးများ ရှိသည်။

ထိုအိမ်ကြီးများ နောက်တွင် ကုက္ကိုလ်ပင်ကြီးများ၊ ညောင်ပင်ကြီးများ၊ သရက်ပင်ကြီးများ အပါအဝင် သစ်ကြီးဝါးကြီးများ အုံ့ဆိုင်းနေသော ကွင်းကြီး ရှိ၏။ ထိုကွင်းကို ဓားလွယ်ခုတ်ဖြတ်သွားပါက ယခု အလုံလမ်းနှင့် မြို့မကျောင်းလမ်းဆုံရာ ရောက်၏။ ယခု မြို့မကျောင်းလမ်းကို ထိုစဉ်က ဂေါ်ဒွင်လမ်းဟု ခေါ်၏။

"အဲဒီရှေ့ကလမ်းဟာ မနော်ဟရီလမ်း၊ ပြည်ထောင်စုရိပ်သာဆိုတာ ဒီလမ်းနဲ့ ပြည်ထောင်စုရိပ်သာလမ်းကြားမှာရှိတဲ့ ဝင်းကြီးထဲမှာ အိမ်ကြီးတွေရှိတဲ့ နေရာပေါ့"

"ဟုတ်တယ်၊ စန္ဒာ အစ်ကိုနဲ့ လိုက်မယ်၊ အဲဒီကို သွားရတာ ပျော်စရာကြီးနော်"

"အေး... သိပ်ပျော်ဖို့ကောင်းတာ"

မကြာခင် သူတို့လေးတွေကို ဆရာတော်နှင့် ရှင်ရသေ့ကြီးတို့က လွှတ်ပေးလိုက်သည်။

"ဟင်... အစ်ကိုက ရှေ့ကသွားပါလား၊ စန္ဒာ နောက်ကလိုက်မယ်"

"မဖြစ်ဘူး၊ ညီမ ရှေ့ကသွား၊ ဒါမှအစ်ကိုက နောက်မှ လိုက်မှ ညီမဘာဖြစ်လဲဆိုတာ မြင်မှာ"

"ဟော...ဟိုလေကားအဆင်း ရှေ့မှာကြည့် ...ကြည့်"

"အေးဟ... ခွေးလှလှကလေးကို ခွေးကြီးတစ်ကောင် ... အတင်းကိုက်နေတယ်၊ ဟာ...ဘေးလူကြီးတွေက မတားကြဘူး ဒီအတိုင်းကြည့်နေရင် အကောင်ငယ်လေး သေမှာပေါ့"

ဒေါင်းနွယ်စကြာ ဆိုသည့် ကောင်ကလေးလည်း စန္ဒာ ... ကလေးမကို လက်ဆွဲ၍ ခွေးနှစ်ကောင် ကိုက်နေသည့် ... ပြေးကပ်သည်။

"ဟင့်အင်း...ဟင့်အင်း"

ကောင်မလေးက ရှေ့မတိုးရဲ၊ ဆွဲထားသောလက်ကို ... နေသည်။ ကောင်ကလေး လွှတ်ပေးလိုက်ပြီး-

"ဒါဆို ဒီနားမှာရပ်နေ၊ နေရာ နည်းနည်းမှ မရွှေ့နဲ့၊ ... ဟုတ်တယ်နော်"

"အင်း"

ဒေါင်းနွယ်စကြာ ဆိုသော ကောင်ကလေးသည် ခွေး ... ကောင်အနီး တိုးကပ်သွား၏။ ပါးစပ်ကလည်း ကြွေးကျော်လိုက်သေး-

"ကောင်းသူကယ်... မကောင်းသူပယ်မယ့် ဒေါင်းနွယ်စကြာ လာပြီဟေ့"

ခုနစ်နှစ်သားခန့် ကောင်ကလေး၏ အသံသည် စူး၍ ... ထွက်လာသည်။ ခွေးနှစ်ကောင် ကိုက်နေသည်ကို ဝိုင်းကြည့်နေသော လူအုပ်ကြီး ရုတ်တရက်ထွက်လာသည့် ကျယ်လောင်သည့် အသံထူးကြောင့် ကောင်ကလေးကို အကြည့်အာရုံ ရောက်သွားကြသည်။

ကောင်ကလေးသည် လှေကားရင်းမှ လိပ်သည်း ကျောက်ခဲ ... ကိုလုံးကို ပစ်ကန်လိုက်သည်။ ကြက်ဥအရွယ်ခန့် ခဲလုံးသည်

ဝှစ်ခနဲပြေး၍ ခွေးငယ်လှလှလေးကို အပေါ်စီးမှ ကိုက်ခဲနေသည့် ခွေးကြီး၏ နားအုံ့တည့်တည့် ထိမှန်သွားသည်။

"အိုင်း..."

ခွေးကြီး လည်ထွက်သွားသည်။

"သွားစမ်း"

ကောင်ကလေး လက်ညှိုးငေါက်ငေါက် ထိုး၍ မောင်းထုတ်ရာ ခွေးကြီး အမြီးကုတ်၍ ပြေးလေ၏။

"ဟယ်...ဒီခွေးကလေး တော်တော်နာသွားမှာပဲနော်"

စန္ဒာက ခွေးငယ်လေးနား ကပ်သွားသည်။ ခွေးကလေးက အမြီးနှဉ်း၍ ကြိတ်၏။

"အောင်မယ်...နင်တို့က မောင်နှမကျနေတာပဲ"

"အို...စန္ဒာ့ကို တိရစ္ဆာန်နဲ့ အမျိုးမစပ်နဲ့"

"ဟာ...ဆောရီး၊ တောင်းပန်ပါတယ်...လာသွားစို့"

"ဟင့်အင်း...ဒီခွေးကလေးကို ခေါ်သွားချင်တယ်"

"မခေါ်ချင်ပါနဲ့"

"ခေါ်မှာပဲ"

"ခက်ပြီ.... ညီမတို့အိမ်က တိုက်ခန်း၊ ဒီခွေးဘယ်မှာ ထားမှာလဲ"

"အခန်းတွေ အများကြီး၊ အကျယ်ကြီး၊ အိပ်ခန်းထောင့်မှာ ထားမယ်"

"အိုး...ခွေးဆိုတာ တိရစ္ဆာန်၊ ဒုဂ္ဂတိဘုံသား၊ အပယ်ဘုံသား၊ လူက သုဂတိဘုံသား၊ ဘုံမြင့်တယ်၊ ခွေးနဲ့လူ အတူနေရင် လူဘုံနိမ့်ပြီး ဘုန်းကံကျရောတဲ့"

"ဘယ်သူပြောလဲ"

"ဆရာတော်နဲ့ ဘိုးဘိုးရသေ့တို့ ပြောတာပေါ့"

"ဟုတ်တယ်ဟေ့... ဒီသဘောတရားက အရမ်း လေးနက်တယ်၊ နေပါဦး မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဘေးမှ လူကြီးတစ်ဦးက သဘောကျစွာ ဝင်မေးခြင်းဖြစ်၏။ အခြားယောက်ျား မိန်းမများလည်း ဤထူးထူးဆန်းဆန်း ကောင်ကလေးနှင့် ကောင်မကလေး နှစ်ယောက်ကို စိတ်ဝင်စားကုန်၏။

"မင်းက အရမ်းတော်တာပဲ၊ အသက် ဘယ်လောက် ရှိပြီလဲကွယ်"

"ခြောက်နှစ် ရှစ်လနဲ့ တစ်ရက်"

"ဟယ်..."

ဘုရားဖူးလာ လူအများ အံ့သြကုန်ကြသည်။

"လာ...လာ... ညီမလေး... သွားကြစို့"

ဒေါင်းနွယ်စကြာလည်း စန္ဒာကိုခေါ်၍ သုတ်ခြေတင်ခဲ့သည်။ ဦးပိစာရလမ်းကိုထွက်သည့် ဂိတ်ဝနားအရောက် နောက်ဘက်မှ ဆည်သံများ ကြားရ၏။

"လိုက်...လိုက်... ခါးပိုက်နှိုက်... ခါးပိုက်နှိုက်၊ ပိုက်ဆံ အိတ် နှိုတ်ပြေးသွားတယ်ရှင့်"

"လိုက်ဟေ့...လိုက်ကြ"

"ဟော...အစ်ကို"

စန္ဒာကလန့်ပြီး ဒေါင်းနွယ်စကြာ လက်ကလေး လာဆွဲသည်။

"နေ. ... ... ညီမ၊ ဟိုဘေးနား ရှောင်ပြီးရပ်နေ"

ထိုစဉ် လူတစ်ယောက် ကောင်ကလေးထံ တူရွှေပြေးလာနေသည်။

"ကောင်းသူကယ်... မကောင်းသူမယ်မယ့် ဒေါင်းနွယ်စကြာတဲ့ဟော"

အသံစူးစူးနှင့်အော်ပြီး ပြေးလာသည့် လူကြီးရှေ့က ပိတ်ရပ်သည်။

"ဖယ်စမ်း"

ဟု အော်ကာ လူကြီးက သူ့ကို ဝင်တိုက်သည်။ ကောင်ကလေး ငယ်ငယ်သည် ရှောင်၍ ခြေထိုးလိုက်ရာ ပြေးလာသည့် လူကြီး ဟတ်ထိုးလဲကာ ဂိတ်တံခါး အုတ်တိုင်ကို ခေါင်းနှင့် ဝင်စောင့်လေ၏။

ထိုစဉ် အုတ်ခဲများ၊ တုတ်များကိုင်၍ လူငယ်သုံးယောက် လိုက်လာကြသည်ကို မြင်နေရ၏။ ခါးပိုက်နှိုက်လူကြီး ကုန်းထရန် ကြိုးစားနေသည်။

"ထားခဲ့... အဲဒီ လက်ထဲက ပိုက်ဆံအိတ် ထားခဲ့ပြီး ပြေးပါတော့လား၊ ပိုင်းရိုက်ရင် ဘေမယ်မှတ်"

အရွယ်နှင့် မလိုက်အောင် ပြောနေသည့် ကောင်လေးကို တစ်ချက် တွေကြည့်ပြီးနောက် ခါးပိုက်နှိုက်သည် ပိုက်ဆံအိတ်ကလေးကို ချထားခဲ့ကာ တိုင်ကိုပတ်၍ ပြေးထွက်သွားလေသည်။

"ရပ်... ရပ်ကြပါဗျ"

ဆက်လိုက်မည့် လူငယ်များကို ကောင်ကလေးက အော်၍ တားလိုက်သည်။

"ဒီမယ်... ပိုက်ဆံအိတ် ထားခဲ့ပြီပဲ"

လူရွယ်များ အူတူတူနှင့် ရပ်သွားစဉ် အနားသို့ ပြေးကပ်လာသည့် မိန်းမကြီးက သူ့ပိုက်ဆံအိတ်ကို ပြေးကောက်လေသည်။

"ကျေးဇူးပဲ... ကျေးဇူးတင်တယ် မောင်ရင်လေး"

"ရပါတယ်ခင်ဗျ"

"ဒါနဲ့ ကလေးနာမည်က"

"ဒေါင်းနွယ်စကြာပါ"

"ဟုတ်ပြီ... အဲဒီ ကြွေးကြော်လိုက်တဲ့ အမည်ကို ကြားမိသား"

"ဆရာတော်နဲ့ ဘိုးဘိုးရသေ့ သင်ထားတာပါ"

"ကောင်းတယ်ကွယ်... ဒီက ကလေးမဟာရော"

"စန္ဒာဒေဝီပါရှင့်"

"ဟယ်...ချစ်စရာကလေး၊ နာမည်တွေကတော့ အရမ်းဆီးထားပဲ"

ပိုင်း၍ တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်။

"လာ...ဒေါ်စန္ဒာဒေဝီ လစ်ကြစို့"

အကင်းပါးသော ဒေါင်းနွယ်စကြာဆိုသည့် ကောင်ကလေးက ကျစ်တစ်တစ်နိုင်သည့် စန္ဒာဒေဝီ ဆိုသူကလေးကို အတင်းဆွဲခေါ် ပြေးလေ၏။

"အရမ်းမဆွဲနဲ့...မဆွဲနဲ့"

ဟု အော်ရင်း ဦးဝိစာရ လမ်းမကြီးကို ဖြတ်ကူးသော ဒေါင်းနွယ်စကြာ၏ ဆွဲခေါ်ရာသို့ စန္ဒာဒေဝီဆိုသည့် ပေါက်စနောင်မကလေး ကန့်လန့် ကန့်လန့်နှင့် ပါလာလေ၏။

လမ်းဟိုဘက်ရောက်သော် ကလေးမက ထိုင်ချလိုက်တော့သည်။

"ဟင်...ဒါ ဘာလုပ်တာလဲ"

"ဘတင်းဆွဲမခေါ်နဲ့... မကြိုက်ဘူး"

"အေး... ဒါဖြင့် နောက်က ကောင်းကောင်းလိုက်ခဲ့၊ သွားမယ်... အချိန်မရှိတော့ဘူး"

"ဘာလို့ နောက်ကလိုက်ရမှာလဲ"

"ဟာ... နင်ပဲ မဆွဲရဘူးဆို"

"အို...အစ်ကိုပဲ ရှေ့က ဦးသွားရမယ်ဆို၊ နောက်က လိုက်တဲ့သူက စောင့်ရှောက်တဲ့သူလေ၊ စန္ဒာကို စောင့်ရှောက်မယ်ဆို"

"ဟိုက်... မေ့သွားလို့ပါ ဒေါ်စန္ဒာဒေဝီလေးရယ်၊ ကြွပါ... ရှေ့က ကောင်းကောင်းကြွ"

အရွယ်နှင့်မလိုက်အောင် ပြောတတ်၊ တွေးခေါ်တတ်သော ဤကလေးနှစ်ယောက်ကို မြင်သူများ အံ့ဩထူးဆန်းနေကြသည်။

ဟုတ်ပါ၏။ လောကၽွန် ထူးခြားသူများ ရှိ၏။ ပါရမီရှင်ဟူ၍ ရှိ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးတွေလို သို့မဟုတ် လူကြီးတွေထက် ပိုတတ်သော ကလေးအချို့ ရှိ၏။ သို့သော် ရှားတော့ ရှား၏။

ထိုစံရှားလောက်အောင် ထူးသည့် ဒေါင်းနွယ်စကြာဆိုသည့် ကောင်ကလေးကို သူ့အကြောင်းသိပါက–

"အို့ဟိုး... ဒါ့ကြောင့်ကိုး" ဟု မှတ်ချက်ချဖြစ်မည်။

ဒေါင်းနွယ်စကြာ (၂)နှစ် (၂)လသား အရွယ်တွင် စကားတွေ ဖောင်ဖွဲ့အောင် စီကာပတ်ကုံး ပြောတတ်နေပြီ၊ ကလေးနှင့် မလိုက်အောင် လိမ္မာပါးနပ်နေပြီ။ ထိုအချိန်တွင် ဤကလေးက မွေးစားလိုသူမိဘများကို ရှာဖွေစုံစမ်း လေ့လာရွေးချယ်ပြီး ပြသခဲ့သည်။

သုံးယောက်မြောက် မွေးစားလိုသည့် မိဘများ ဆရာတော်နှင့် ဘိုးဘိုးရသေ့ကြီးထံ ရောက်လာစ, အချိန်က အကြောင်းကို ဖောက်သည်ချရသော–

"တကာကြီးတို့က ဒီသားလေးကို တကယ်ပဲ မွေးစားချင်လို့လား"

"မှန်လှပါ... တပည့်တော်တို့ သုံးလလုံးလုံး အကဲခတ်အကဲဖြတ် လေ့လာပြီးပါပြီ မွေးစားချင်လို့ ခုလိုလျှောက်ထားတာပါ"

ဆရာတော် ဦးနေမိန္ဒ အမေးကို နှလုံးအထူးကု သမားတော်ကြီး ဒေါက်တာနေမျိုးက ဖြေခြင်းဖြစ်၏။

"ဟုတ်ပြီ... ဘုန်းကြီးတို့ ဘက်ကလည်း တကာကြီးနဲ့ ကာမကြီးတို့ စတင်လာရောက် စုံစမ်းတဲ့နေ့ကတည်းက ပြန်ပြီး အကဲခတ်ခဲ့ပါတယ်၊ ဒီကလေးကို မွေးစားချင်တဲ့သူတွေ အတော်များတဲ့ အထဲက ဆန်ခါတင် မိဘငါးစုံတွေကို လက်ခံ လေ့လာနေခဲ့တာပါ။ တကာကြီးတို့ဘက်က သေချာရင် ဘုန်းကြီးတို့ဘက်က သဘောတူနိုင်ပါပြီ"

"မှန်လှပါ... ခုလို နှစ်ဖက်နားလည်မှုရချိန်မှာ တပည့်တော်တို့ နောက်ဆုံးသိချင်တာလေးကို မေးခွင့်ပြုပါ ဘုရား"

"မေးနိုင်ပါကယ်"

"ဆရာတော်နဲ့ ဘိုးဘိုးရှင်ရသေ့တို့ရဲ့ သူ့ မတူအောင် ပြုစုပျိုးထောင် သွန်သင်ဆုံးမမှုအောက်မှာ လူဖြစ်လာတဲ့ ဒီသားလေးရဲ့ အညီအသွေးဟာ ပြောစရာမရှိအောင် ကောင်းမြတ်ပါတယ်၊ သို့ပေမယ့် တပည့်တော်တို့က သူ့ကို အမွေဆက်ခံသူအဖြစ် မွေးစားရမှာဆိုတော့ သူ့မိဘမျိုးရိုး ဗီဇကိုတော့ သိထားသင့်တယ်လို့ ထင်လို့ သိခွင့်ပြုပါဘုရား"

"အိမ်း... အဲဒါလည်း ထိပ်တန်းလျှို့ဝှက်ချက်ကြီးမှ မဟုတ်ဘာ သိရမှာပေါ့၊ ကိုင်း...ကိုင်း... ဒီကိစ္စ ဘိုးဘိုး ရှင်ရသေ့ကပဲ ရှင်းပြပေးလိုက်ပါလား"

"အေး... ဒါဖြင့် နောက်က ကောင်းကောင်းလိုက်ခဲ့၊ သွားမယ်... အချိန်မရှိတော့ဘူး"

"ဘာလို့ နောက်ကလိုက်ရမှာလဲ"

"ဟာ... နင်ပဲ မဆွဲရဘူးဆို"

"အို...အစ်ကိုပဲ ရှေ့က ဦးသွားရမယ်ဆို၊ နောက်က လိုက်တဲ့သူက စောင့်ရှောက်တဲ့သူလေ၊ စန္ဒာ့ကို စောင့်ရှောက်မယ်ဆို"

"ဟိုက်... မေ့သွားလို့ပါ ဒေါ်စန္ဒာဒေဝီလေးရယ်၊ ကြွပါ... ရှေ့က ကောင်းကောင်းကြွ"

အရွယ်နှင့်မလိုက်အောင် ပြောတတ်၊ တွေးခေါ်တတ်သော ဤကလေးနှစ်ယောက်ကို မြင်သူများ အံ့သြထူးဆန်းနေကြသည်။

ဟုတ်ပါ၏။ လောကၽ ထူးခြားသူများ ရှိ၏။ ပါရမီရှင်ဟူ၍ ရှိ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးတွေလို သို့မဟုတ် လူကြီးတွေထက် ပိုတတ်သော ကလေးအချို့ ရှိ၏။ သို့သော် ရှားတော့ ရှား၏။

ထိုစံရှားလောက်အောင် ထူးသည့် ဒေါင်းနွယ်စကြာဆိုသည့် ကောင်ကလေးကို သူ့အကြောင်းသိပါက–

"အို့ဟိုး... ဒါ့ကြောင့်ကိုး" ဟု မှတ်ချက်ချဖြစ်မည်။

ဒေါင်းနွယ်စကြာ (၂)နှစ် (၂)လသား အရွယ်တွင် စကားတွေ ဖောင်ဖွဲ့အောင် စီကာပတ်ကုံး ပြောတတ်နေပြီ၊ ကလေးနှင့်မလိုက်အောင် လိမ္မာပါးနပ်နေပြီ။ ထိုအချိန်တွင် ဤကလေးကို မွေးစားလိုသူမိဘများကို ရှာဖွေစုံစမ်း လေ့လာရွေးချယ်ပြီး ပြသခဲ့သည်။

သုံးယောက်မြောက် မွေးစားလိုသည့် မိဘများ ဆရာတော်နှင့် ဘိုးဘိုးရသေ့ကြီးထံ ရောတ်လာစ,အချိန်က အကြောင်းကို ဖောက်သည်ချရသော–

"တကာကြီးတို့က ဒီသားလေးကို တကယ်ပဲ မွေးစားချင်လို့လား"

"မှန်လှပါ... တပည့်တော်တို့ သုံးလလုံးလုံး အကဲခတ်အကဲဖြတ် လေ့လာပြီးပါပြီ၊ မွေးစားချင်လို့ ခုလိုလျှောက်ထားတာပါ"

ဆရာတော် ဦးနေမိန္ဒ အမေးကို နှလုံးအထူးကု သမားတော်ကြီး ဒေါက်တာနေမျိုးက ဖြေခြင်းဖြစ်၏။

"ဟုတ်ပြီ... ဘုန်းကြီးတို့ ဘက်ကလည်း တကာကြီးနဲ့ တကာမကြီးတို့ စတင်လာရောက် စုံစမ်းတဲ့နေ့ကတည်းက ပြန်ပြီး အကဲခတ်ခဲ့ပါတယ်၊ ဒီကလေးကို မွေးစားချင်တဲ့သူတွေ အတော်များတဲ့ အထဲက ဆန်ခါတင် မိဘငါးစုံတွေကို လက်ခံ လေ့လာနေခဲ့တာပါ၊ တကာကြီးတို့ဘက်က သေချာရင် ဘုန်းကြီးတို့ဘက်က ဆောတူနိုင်ပါပြီ"

"မှန်လှပါ... ခုလို နှစ်ဖက်နားလည်မှုရချိန်မှာ တပည့်တော်တို့ နောက်ဆုံးသိချင်တာလေးကို မေးခွင့်ပြုပါ ဘုရား"

"မေးနိုင်ပါကယ်"

"ဆရာတော်နဲ့ ဘိုးဘိုးရှင်ရသေ့တို့ရဲ့ သူ့ မတူအောင် ပြုစုပျိုးထောင် သွန်သင်ဆုံးမမှုအောက်မှာ လူဖြစ်လာတဲ့ ဒီသားလေးရဲ့ အရည်အသွေးဟာ ပြောစရာမရှိအောင် ကောင်းမြတ်ပါတယ်၊ သို့ပေမယ့် တပည့်တော်တို့က သူ့ကို အမွေဆက်ခံသူအဖြစ် မွေးစားရမှာဆိုတော့ သူ့မိဘမျိုးရိုး ဗီဇကိုတော့ သိထားသင့်တယ်လို့ ထင်လို့ သိခွင့်ပြုပါဘုရား"

"အိမ်း... အဲဒါလည်း ထိပ်တန်းလျှို့ဝှက်ချက်ကြီးမှ မဟုတ်တာ သိရမှာပေါ့၊ ကိုင်း...ကိုင်း... ဒီကိစ္စ ဘိုးဘိုး ရှင်ရသေ့ကပဲ ရှင်းပြပေးလိုက်ပါလား"

ဘိုးဘိုးရှင်ရသေ့ကြီးဦးဝိမလသည် ဘုရားကိုကန်တော့သည်။ ကန်တော့ခန်းရှတ်စဉ်ကို ရွတ်ပြီးနောက်-

"သုဂတော သုဂတဒါန်၊ သုဂတော သုန္ဒရံပိစ၊ နိဗ္ဗာန် သုဂတော ယာတိ၊ သုဂတော တေ နမောနမာ"

ဟု သုံးခေါက်ရွတ်သည်။ ဘုရားကန်တော့ပြီးမှ တကာကြီး ဒေါက်တာနေမျိုးနှင့် တကာမကြီး ဒေါ်ငွေသော်တာတို့ ဘက်ကို လှည့်၍ ပြောပြသည်။

"ဒီကလေးအဖေဟာ ရွှေကျီးညို ဇာတ်ထဲက လူပျိုကြီး ဦးဖူးညိုတဲ့၊ သူက ဇာတ်ထဲမှာ ဘုရင်မင်းမြတ်တို့ ကေရာဖိမင်းတို့နေရာကနေ သရုပ်ဆောင် ကပြရသူ ဖြစ်တယ်၊ အာယုကန် ဘုရားပွဲတို့၊ ဗောမိကုန်း ညောင်ရေသွန်းပွဲတော်တို့မှာ ရွှေကျီးညို ရဲ့ဇာတ်ကိုပဲ ငှားပြီး ပွဲသွင်းလေ့ရှိတယ်၊ ဒီလိုနဲ့ လူပျိုကြီးနဲ့ အာယုကန်ရှာက အပျိုကြီး မမြတ်နွယ်တို့ မေတ္တာမျှခဲ့ကြတယ်၊ တိုတိုပြောရရင် ယူဖြစ်ကြတယ်ပေါ့"

"အဲဒီ မမြနွယ်တို့ အခုဘယ်မှာ ရှိကြသလဲဘုရား"

"ဦးဖူးညိုလည်း ဇာတ်နားပြီးတဲ့နောက် သူ့ဇာတိ မုဒုံနယ် တံခွန်တိုင်ရွာ ခဏာပြန်တုန်း ရုတ်တရက်ကွယ်လွန်ခဲ့တယ်၊ ကိုယ်ဝန် အရင့်အမာနဲ့ ကျန်ခဲ့တဲ့ မမြတ်နွယ်ဟာ နဂိုကမှ ဆွေမရှိ မျိုးမရှိ ဖြစ်ရတဲ့အထဲ ခုလိုမုဆိုးမဖြစ်တော့ လွန်စွာစိတ်ခိုက်ရတယ်"

"အဲဒီကိုယ်ဝန်က ဟောဒီသားလေးကို မွေးတာလား"

"ဟုတ်တယ်၊ တစ်နေ့မှာ ဘိုးဘိုးရသေ့ကြီးဆီကို မမြတ်နွယ် လာလျှောက်တယ်၊ သူ ဒီကလေးကိုယ်ဝန်ရှိစဉ်က နေလုံးကြီးဟာ သူ့ဗိုက်ထဲဝင်ပါရစေလို့ အိပ်မက်ထူးမက်ခဲ့ပုံ၊ ကိုယ်ဝန်ရှိလာတော့ ဘိုးဘိုးရသေ့ ဦးဝိမလဆီကို ပို့ပေးဖို့ ခဏာခဏ အိပ်မက်ပေးပုံကို

ပြောပြတယ်၊ ဒါနဲ့ ဘိုးဘိုးလည်း အရင် ကျောင်းတိုင်ဘဝတုန်းက တိုက်အုပ်ဖြစ်ခဲ့ပြီး အခု အာယု ကန်ကျောင်းဆရာတော်ဖြစ်နေတဲ့ ဒီ... ဦးနေမိန္ဒကို သွားတိုင်ပင်ရတယ်၊ သူက တပည့်တပန်း များတော့ ပိုပြီး တာဝန်ယူနိုင်တယ်လို့ တွေးမိလို့ပါ။ ဒါနဲ့ ဒီမမြတ်နွယ် ကလေးမွေးရင် ဘိုးဘိုးတို့ ပိုင်းဝန်းစောင့်ရှောက်ကြဖို့ ဂေါပက လူကြီးအချို့နဲ့လည်း တိုင်ပင်ခဲ့ကြတယ်၊ ဖြစ်ချင်တော့ မမြတ်နွယ်ဟာ ဒီသားလေးမွေးပြီး ကလေးသာ အဖတ်တင်တယ်၊ လူကြီးက ဆုံးရှာတယ်၊ ဒါနဲ့ ဒီကလေးကို မွေးကတည်းက ဘိုးဘိုးတို့ တာဝန်ယူ စောင့်ရှောက်ခဲ့ကြတော့တယ်"

"ဒါနဲ့ အပျိုကြီး မမြတ်နွယ်က ဘာအလုပ် လုပ်သလဲ ဘုရား"

"အဲဒီနားတစ်ဝိုက် ရွာသား[illegible]အားလုံး သိတာကတော့ သူ့အဖေ ဟာ နိဗ္ဗာန်ဆော် မုဆိုးဘိုကြီး ဦ[illegible]ကောင်းမြတ်ပဲ၊ သူက အာယုကန် ဘုရား အနောက်ဘက်စောင်း[illegible]နားမှာ ပန်းရောင်းတယ်၊ အဓိက အနေနဲ့ကျတော့ အာယုကန်[illegible]ရား ဝေယျာဝစ္စမျိုးစုံကို မမောနိုင် မပန်းနိုင် လုပ်ပေးတဲ့သူပဲ၊ [illegible] အလွန်အေးငြိမ်းပြီး စိတ်ထား ကောင်းကြတယ်"

"ဒါဆို မျိုးရိုးကော[illegible] ဘာပေါ့နော်"

"သိပ်ကောင်းတာ[illegible] အဲဒီကောင်းတဲ့ မျိုးရိုးဗီဇ မပျောက် အောင်၊ တည်မြဲအောင်[illegible]ကောင်းလာအောင် ဘိုးဘိုးတို့က ဒီကလေးကို မြေတောင်[illegible]ကပ်ပေးခဲ့တယ်"

"ဘယ်လိုမြောက်[illegible]တယ်ဆိုတာ သိခွင့်ရှိပါသလား"

"ရှိပါတယ်၊ တ[illegible]ကြီးတို့ သိကိုသိရမယ်"

"ပြောပါ...ပြ[illegible]ဘုရား"

"မလောနဲ့လေ တကာမကြီး၊ လိပ်ပတ်လည်အောင် ပြောမှာပေါ့၊ ဒီလိုရှိတယ်... ဒီကလေး မွေးပြီးတဲ့နေ့ကစပြီး သူ့ကို ကန်ကိုးကန်မှာထားတယ်၊ တစ်ကန်မှာ ရက်(၉၀)စီ၊ ပေါင်း၊ ကန်စပ်၊ ကန်စောင်း၊ ကန်ဘေးမှာ (၈၁၀)ရက် နေခဲ့ရပြီ"

"ကန်အနားထားရတဲ့ အကြောင်းက..."

"ကန်ဆိုတာ ကန်ရဲ့ ပရိယာယ်ကြွယ်လှတယ်၊ ပြောရင် အရှည်ကြီး၊ ဒီဂန္ဓာရီနဲ့ ဂမ္ဘီရတန်ခိုးတွေ အကြောင်းက ရိုးရိုးရှင်းပြလို့ မလုံလောက်ဘူး၊ သာမန်လူတွေ သိအောင် ပြောရရင် ကန်စပ်နေသူကလေးဟာ ကန်ဓာတ်ရပြီး ဗီဇတွေ ပိုပြီး မြန်မြန်ဖွံ့ဖြိုးတယ်၊ ရှိရင်းစွဲဗီဇစွမ်းအင် မကျတဲ့အပြင် မြန်မြန်ကြီးတိုးတက်တယ်၊ ကန်ရေပြင်ကို ဖြတ်တိုက်တဲ့ ကန်လေညင်း ကုန်းလေညင်းတို့ရဲ့ အပြန်အလှန် သိဒ္ဓိတင်မှုရယ်၊ ကန်ရေက ရောင်ပြန်ဟတ်တဲ့ နေရောင် လရောင်ရယ် ဒါတွေဟာ လူဖြစ်စ လူသားလေးကို ဘဝဘဝကပါလာတဲ့ ပါရမီဗီဇကောင်းတွေ ထွန်းတောက် စိုပြေပွင့်အာစေတယ်၊ ရိုးရိုးသိပ္ပံနည်းနဲ့ ပြောရရင် လူသားဆိုတာ ရေထဲက တက်လာတဲ့ သတ္တဝါပဲ၊ ရေနဲ့နီးလေ ကောင်းလေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

ဒေါက်တာကြီးက ချက်ချင်း ထောက်ခံလိုက်သည်။

"လက်တွေ့ကျကျပြောရရင် မွေးကတည်းက ရေကန်ဘေးနေတဲ့ ဒီကလေးဟာ ရေကိုအောင်နိုင်သွားပြီ၊ ရေကူးတတ်တယ်၊ ရေငုပ်တတ်တယ်၊ ရေပေါ်မှလည်း နေတတ်တယ်၊ ရေအောက်မှာလည်း နေနိုင်တယ်၊ အခု ဒီကောင်ကလေးကို ကြည့်၊ သာမာန်ကလေးနဲ့ တူလား"

"မတူပါဘူးဘုရား"

"အဲဒါပေါ့၊ အခု ရေကန် ကိုးကန်မှာ တစ်ကန်တွင် ရက်(၉၀)နေခဲ့ပြီးပြီ၊ မနက်ဖြန်ကစပြီး သူ့ကို ကွင်းကိုးမှာ သွားပြီး တစ်ကွင်းမှာ ရက်(၉၀)ထားဖို့ အစစ,စီစဉ်ပြီးပြီ"

"တပည့်တော်တို့ ဘယ်ကွင်းကို လာတွေ့ရမှာလဲဘုရား"

"ပထမဆုံးပို့မှာက မင်္ဂလာဒုံ လေယာဉ်ကွင်းကွယ်၊ အဲဒီမှာ ဆရာတော့်တကာရင်း ကွင်းစောင့်ကြီးအိမ်မှာ စ,ပြီးထားမယ်၊ နောက်ဆုံး ပို့မယ့်နေရာက အောင်ဆန်းကွင်း၊ မြို့လယ်က အောင်ဆန်းအားကစားကွင်း"

"ဟုတ်တယ်နော်၊ အရင်ကန်တွေမှာ ထားတုန်းကလည်း မြို့စွန်က အာယုကန်မှာ စ,ထားပြီး မြို့လယ်က တို့အိမ်ကို ဒီကလေး ခေါ်သွားလို့ရမယ်၊ အဲဒါ သဘောတူရဲ့လား"

"တစ်ခု ဖြတ်မေးခွင့်ပြုပါ"

"မေးလေ"

"ကွင်းကိုးကွင်းကို ဘာကြောင့်ပို့တာလဲ"

"ကွင်းရဲ့ အာနိသင်ဟာ ထူးခြားတယ်၊ ကျယ်ပြန့်တယ်၊ လွတ်လပ်တယ်၊ နေနဲ့လေရဲ့ အားကောင်းကောင်း ရစေတယ်၊ လူသားလေးဟာ ကွင်းမှာနေရင် မြေကြီးဆန်မယ်၊ လူသား ပီသမယ်၊ ပထဝီဓာတ်ခံ ကောင်းမယ်၊ အထောက်အကန် ခံနိုင်ရည်ရှိမယ်၊ ခိုင်မာမယ်၊ ကြံ့ခိုင် ကျန်းမာမယ်၊ ပြီးတော့ တည်ပြီး ဖွံ့ထွားလာတဲ့ မျိုးရိုးဗီဇအပြင် ကွင်းပတ်လည်က ရရှိတဲ့ ဗဟုသုတ ဉာဏ်ပညာ တိုးပွားမယ်၊ ဘာတဲ့... ဆရာတော်က ခေတ်ပညာ တတ်မို့ ဟို...ဆရာတော်ပြောတာကို သူတို့ကို ပြောပြပါဦး"

ဤတွင် ရသေ့ကြီးက ဆရာတော်ကို အကူအညီတောင်းတော်။

"ဒီလိုကွဲ့၊ လူသားရယ်လို့ ဖြစ်လာရင် ဘဝေဘဝက ပါရမီလေးတွေ ပါလာတယ်၊ အဲဒီပါရမီ Aptitude ကို အထုံဗီဇ လို့ခေါ်တယ်၊ ဗီဇကိုက တော်တဲ့လူကို Geneous ပင်ကိုယ် စွမ်းတဲ့သူလို့ သိထားကြတယ်၊ သို့ပေမယ့် လူတစ်ယောက်ဟာ ဗီဇတော်ရုံနဲ့ မလုံလောက်ဘူး။ ရှေ့ပင်နားမှ ရှေ့ကျေးဆိုသလို ငယ်ငယ်ကတည်းက ကောင်းသော အသိုင်းအဝိုင်းမှာ ကောင်းတဲ့ အကျင့်တွေရအောင် လေ့ကျင့်ပေးရတယ်၊ ပြုစုပျိုးထောင် ပေးရတယ်"

"တင်ပါ့ဘုရား။ Gene ဗီဇကောင်းတာနဲ့ Brought up သင်ကြား ပျိုးထောင်မှုကောင်းတာတွေ ပေါင်းပေးတဲ့သဘောလား ဘုရား"

"သိပ်ဟုတ်တာပေါ့။ အခု မောင်ဒေါင်းနွယ်စကြာကို သာမန် လူသားတစ်ယောက်ထက် သာအောင် မွေးစားကတည်းက စနစ်တကျ Brought up လုပ်ပေးနေတာ၊ အခု ကွင်းကိုးကွင်းမှာ သူ့ကိုထားပြီး သင်ကြားပေးတဲ့ အဓိပ္ပာယ်က ကွင်းတွေထဲမှာ လူတွေ လာရောက်စုဝေး ကစားကြမယ်၊ စုပေါင်း လှုပ်ရှားကြမယ်၊ အမျိုးစုံသော အားကစားနဲ့ လူမှုဆက်ဆံရေးတွေကို ဒီကွင်းမျိုးစုံမှာ တွေ့ထိနေရမယ်၊ ဒီတွင် ဒီကလေးလည်း သူ့ပတ်ဝန်းကျင်ရဲ့ ဖြစ်ပျက်မှု၊ ဂယက်ရိုက်မှုကြောင့် Liaison ဆက်ဆံရေး သဘောတရားတွေ၊ Etiquette လောကဝတ်နဲ့ ပြုမူဆက်ဆံပုံ စရိုက်တွေ၊ Protocol ကြီးငယ် ဦးစားပေးပြီး အစီအစီ အနေအထားကျကျ ဆက်ဆံတတ်ပုံတွေ၊ အပေးအယူမျှအောင် ဆက်ဆံပုံတွေ၊ Co-ordination နဲ့ Co-operation လုပ်ပုံတွေ၊ စုပေါင်း လုပ်ဆောင်ပြီး တစ်ဦးချင်း [illegible]ယူရပုံတွေကို နှုန်ယင်ယင်ရှယ်

လွန်းတဲ့ ပိစိကလေး အရွယ်ကတည်းက တတ်လာ သိလာတော့ အခြေခံကျကျ အသားသေမနေပေဘူးလား"

"ကောင်းလိုက်တဲ့ အစိအမ်ပါ ဘုရား။ တပည့်တော်တို့ အားကိုးပါတယ် ဘုရား"

ဤသို့ဖြင့် ဒေါင်းနွယ်စကြာကို တာဝန်ယူ ပျိုးထောင်နေသည့် ဆရာတော်တို့ ရသေ့ကြီးတို့ဘက်က အုပ်စုနှင့် မွေးစားလိုသည့် မိဘစုံတွဲများဘက်က ဒေါက်တာနေမျိုးနှင့် ဒေါ်ငွေသော်တာတို့ စုံတွဲနှင့် အပေးအယူတည့်ခဲ့သည်။ ထို ဒေါင်းနွယ်စကြာ နှစ်နှစ်ကျော်အရွယ်မှာပင် ဤမိဘကို မွေးစားခွင့်ပြုရန် ဆုံးဖြတ်ထားခဲ့သည်။ ထို့နောက်ပိုင်း အခြားမိဘစုံတွဲ နှစ်တွဲ လာရောက် ကမ်းလှမ်းသော်လည်း လက်မခံတော့။

"ဒါနဲ့ ကုန်းကိုးကုန်းမှာထားတဲ့ သဘောကရော ဘုရား"

"ရှင်းပါတယ်... ကုန်းဆိုမှတော့ မြင့်တယ်လေ၊ ဆင်းရတက်ရ တယ်လေ၊ လူဘဝရဲ့ အဆင်းအတက်ကို တတ်ကျွမ်းပိုင်နိုင်ပြီပေါ့။ ပြီး... ကုန်းဆိုတာမြင်ရုံမက မြင့်မြတ်သေးတယ်၊ အခု သူ့ကိုထားပြီး ပျိုးထောင်မယ့် ကုန်းကိုးကုန်းစလုံး ကြီးမြတ်တဲ့ ဘုရားစေတီတွေ တည်ထားကိုးကွယ်တဲ့ ကုန်းချည်းပဲ၊ သူ့မိဘ ဘိုးဘွားဇာတိဖြစ်တဲ့ အာယုကန် ဘုရားကုန်းမှာ စပြီးမွေးမယ်၊ နောက်ဆုံးကတော့ သိဂုံတွဲရကုန်းတော်မှာ ဆုံးမယ်"

"ဒါလည်း ရန်ကုန်မြို့စွန်ကနေစပြီး မြို့လယ်ကို ဆုံးတဲ့ သဘောပဲပေါ့နော်"

"ဒီသဘောက အလကားလုပ်တာ မဟုတ်ဘူး ဂမ္ဘီရနည်း၊ ဇန္ဓာရိနည်း၊ လောကီပညာနည်းတွေနဲ့ တွက်ချက်ပြီး လုပ်တာ၊ တကာကြီးတို့လို သိပ္ပံခေတ် ပညာတတ်ဆရာဝန် သမားတော်ကြီး

အနေနဲ့ သဘောပေါက်ချင်မှ ပေါက်မယ်၊ သဘာဝ ဓမ္မတရားနဲ့ ပြောရရင် စောစောက ပြောခဲ့သလို လောကဓမ္မနဲ့ ညီပါတယ်နော်၊ ဘုရားကုန်းတော်ပေါ်မှာ နေရတော့ ဘုရားသံ တရားသံကို အမြဲကြားနေရမယ်၊ တရားသမားတွေနဲ့ အမြဲထိတွေ့နေမယ်၊ ကလေးကိုယ်၌ ဘုရားတရားရဲ့ အင်္ဂေ့အသက်တွေ လွှမ်းခြုံခံနေရမယ်၊ မကောင်း ဘူးလား"

"ကောင်းလှပါတယ် ဘုရား"

ဒေါ်ငွေသော်စာက ချက်ချင်း ထောက်ခံလေ၏။

"ဒီတော့ကာ ဒီကလေးဟာ လူ'ဝေယျာဝစ္စသာမက ဘုရားဝေယျာဝစ္စတွေလည်း လုပ်တတ်သွားတယ်၊ လုပ်ချင်သွားတယ်၊ ကုန်းမြင့်ရဲ့ နေနဲ့ လေဟာ သူမတူတဲ့ အစွမ်း အာနိသင်တွေ ရှိတယ်၊ လင်းလက်တယ်၊ ဒီနေ ဒီလေနဲ့ အမြဲထိနေတဲ့ လူသားလေးဟာ ကျန်းမာသန်စွမ်းမှု အပြည့်ရှိတယ်"

"မှန်လှပါ၊ ဆရာတော်တို့ရဲ့ ကြီးကြပ် ပဲ့ပြင်မှုအောက်မှာ ဒီသားလေး ထူးချွန်မှာပါ ဘုရား"

သမားတော်ကြီး ဒေါက်တာနေမျိုးတို့ ဇနီးမောင်နှံ မပြန်ခင် အားရကျေနပ်စွာ ပြောသွားကြလေ၏။

ဟုတ်သည်။ သူတို့သာမက ဒေါင်းနွယ်စကြာကို ပြုစုပျိုးထောင်ပုံကို အားမရသည့်သူ မရှိအံ့နည်း။ သူ့ကို မွေးစကတည်းက ကန်ကိုးကန်၊ ကွင်းကိုးကွင်း၊ ကုန်းကိုးကုန်းမှာထားပြီး အတတ်ပညာမျိုးစုံကို အရွယ်နှင့်မလိုက်အောင် သင်ကြားပေးခဲ့ကြသည်။ တစ်နေရာတည်းတွင် အသေငြိမ် မထားဘဲ ရက်(၉၀) လျှင် တစ်နေရာစီ ရွှေ့ပြောင်းထားခဲ့သည်ကိုက အခြေခံဓာတ်ကြီး လေးပါးဖြစ်သည့် ခက်မာခြင်း၊ ဖွဲ့စည်းယိုစီးခြင်း၊ ပူခြင်း၊ အေးခြင်း

ထောက်ကန် တွန်းကန်လှုပ်ရှားခြင်းတို့ဖြင့် ပြည့်စုံစေရန် စီမံခြင်းဖြစ်၏။ ဘုန်းတော်ကြီးကျောင်းတွင် သင်ရမည့် သင်ရိုးများကိုလည်း သင်ပေး၏။ လူမှုဝန်ထမ်းဌာနမှ မူကြိုကျောင်းပို့ရမည့် အရွယ်တွင် ပို့၏။ မူလတန်းကျောင်းကို တက်ရမည့်အရွယ်တွင် ကျောင်းကို ပို့၏။ ကာယသိုင်း၊ ဉာဏသိုင်း၊ စိတ်သိုင်း၊ လေသိုင်းများကိုလည်း သူ့အရွယ်နှင့် မလိုက်အောင် သင်ပေးထား၏။

ထို့ကြောင့် ဒေါင်းနွယ်စကြာကို ခုနစ်နှစ်သား အရွယ်ပင် မပြည့်တတ်သေးခင် သူ့မွေးစားမိဘထံ သူ့ကိုယ်သူ သွားစေ၏။ သူ့ပစ္စည်းများကိုတော့ မိဘ၏ တပည့်တပန်းတွေက သယ်ပေးသွားပြီးဖြစ်၏။

ယခု ကြံ့ကြံ့ဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် သူ့မိဘထံ ပထမဆုံး သွားနေသည့်ခရီးတွင် ကောင်မကလေးတစ်ယောက်ကို စောင့်ရှောက်ပြီး လိုက်ပို့ရသည့် တာဝန်ပါ တစ်ပါတည်း ပါဝင်သွားသေး၏။

ကောင်ကလေးနှင့် ကောင်မကလေးသည် ဦးဝိစာရ လမ်းဘေးရှိ အိမ်အိုကြီးဘေးက လမ်းကြားလေးထဲသို့ ဝင်လာကြသည်။

အတွင်းမှာ သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေသော ကွင်းကြီးထဲ ရောက်လာ၏။

ထိုစဉ် ချူတွေနောက်ကွယ်မှ လူကြီးနှစ်ယောက် ထွက်လာသည်။ ကောင်မလေးရှေ့က ပိတ်ရပ်၏။ ကောင်ကလေးက အမြန်ကျော်တက်ပြီး ကောင်မလေးကိုကာ၍ ရပ်လိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ၊ လမ်းဖယ်ပေး၊ ပိတ်ရပ်တာ မကြိုက်ဘူးဗျ"

"ဟား...ဟား။ ဒီလက်တောက်လောက် ကောင်ကလေးက တော်တော် လူဝါးဝပါလား။ စောစောက မင်းကြောင့် ငါ့တပည့် ပိုက်ဆံအိတ်လည်း ပြန်ပေးလိုက်ရသေး၊ ခေါင်းလဲ ပေါက်သွားသေး တယ်တဲ့၊ မင်းတို့ ငါနဲ့ လိုက်ခဲ့ပေတော့"

"ဩော်...ခင်ဗျားက ဟိုအာဒီန္ဒဒါနကောင်ရဲ့ ဆရာကိုး"

"အေး... မင်းတို့ကို ဖမ်းခေါ်သွားမယ်၊ ဂျစ်တူး ဒီနှစ်ကောင်ကို ကြိုးနဲ့တုပ်စမ်း"

ထိုအခါ ထိုဆရာနောက်က လူသည် နိုင်လွန်ကြိုးခွေစ ကိုင်၍ ရှေ့တိုးလာသည်။

"ရပ်...ကောင်းသူကယ်၊ မကောင်းသူဖယ်တဲ့ ဒေါင်းနွယ် စကြာဆိုတာ ကျွန်တော်ပဲ"

"ဟား...ဟား၊ မင်းကိုယ်မင်း စူပါမင်းများ မှတ်နေလား။ ငါက သိုင်းပြောင်းပြန် တိုက်မောင်းကွ၊ အသာတကြည် အဖမ်း မခံရင် မှောက်သွားအောင် တီးထည့်လိုက်မယ်"

ထိုစဉ် ဒေါင်းနွယ်စကြာက သူ့ရှေ့ ရောက်လာသည့် ဂျစ်တူးဆိုသူ၏ လက်ထဲမှ နိုင်လွန်ကြိုးကို ဆက်ခနဲယူလိုက်ပြီး အလိန်အလိန် အကွင်းအကွင်း ဝှေ့ရမ်းလိုက်ရာ ထိုဂျစ်တူး၏ လက်နှစ်ဖက်တွင် လက်ကောက်ဝတ်၌ ပူး၍ချည်နှောင် ရစ်ပတ် သွား၏။

"ဟေ့...စိန်ကုလားရဲ့ ကြိုးဝိဇ္ဇာပညာပဲကွ၊ မင်း ဒါတွေ တတ်သလား"

"ဆရာတွေက တတ်အောင် သင်ပေးထားတာလေ"

"ရပါတယ်၊ မင်းက အသက်ငယ်ပေမယ့် ပညာမဆိုးဘူး။ ငါ့ရဲ့သိုင်းပြောင်းပြန် တစ်ကွက် နှစ်ကွက်လောက်ကို မြည်းစမ်း ကြည့်ဦးပေါ့"

ပြောပြောဆိုဆို တိုက်မောင်းဆိုသည့် ဗလကြီး ဒေါင်းနွယ် စကြာထံ ခုန်ကပ်လာသည်။

ဒေါင်းနွယ်စကြာက ရှောင်ပြီး ထွက်ပြေးသည်။ တိုက် မောင်းက နောက်ကလိုက်သည်။ ကောင်ကလေးသည် အနိုးရှိ အုန်းပင်ပေါ်သို့ မျောက်တစ်ကောင်လို တက်ပြေးသွားသည်။ လိုက်လာသူ တိုက်မောင်း အုန်းပင်အောက်တွင်ရပ်၍ မော့အကြည့် ၁၅-ပေခန့်မြင့်သော အုန်းပင်အလတ်စားပေါ်က အုန်းသီးကြီး တစ်လုံး ပြုတ်ကျလာပြီး တိုက်မောင်းခေါင်းပေါ် ထိသွားသည်။

တိုက်မောင်း ဆိုသည့် ဗလကြီး ပုန်းခနဲ ပစ်လဲသွား၏။ အုန်းပင်ပေါ်က ဒေါင်းနွယ်စကြာသည် ရှဉ့်ကလေးတစ်ကောင်လို ပြန်ဆင်းလာသည်။ ခပ်ဝေးဝေးမှ လက်တွင် ကြိုးတုပ်ခံထားရသည့် ဂျစ်တူးလည်း အူတူတူနှင့် ကြောင်၍ ကြည့်နေသည်။

"ဗျို့...ဟိုလူ၊ ခင်ဗျားဆရာကို သွားပြုစုလိုက်၊ ဆယ်မိနစ် လောက်ကြာရင် သတိရလာမှာဗျ။ ကျွန်တော်တို့ သွားပြီဗျို့ အဲအဲ... ခင်ဗျားတို့ နောင်ကို အကုသိုလ်ဒုစရိုက်တွေ မလုပ်ကြဖို့ မှာခဲ့ချင်တယ်ဗျ"

ဒေါင်းနွယ်စကြာသည် သဘောကျ၍ ပြုံးနေသည့် စန္ဒာဒေဝီ ကို သွားဆွဲပြီး ထိုနေရာမှ ပြေးထွက်ခဲ့လေသည်။ ဒီတစ်ခါမူ မရပ်မနား ဆက်ပြေးနေ၏။

"အစ်ကို... အစ်ကို... စန္ဒာ မောပြီလေ၊ တော်ပါတော့"

"မဖြစ်ဘူးဟေ့၊ နင့်ကြောင့် ဖေဖေတို့ဆီကို သတ်မှတ်တဲ့ တစ်နာရီခွဲမှာ ရောက်ဖို့ မမီတော့ဘူး၊ တော်သေးတယ် တိထီ အခါက တစ်နာရီခွဲနဲ့ သုံးနာရီကြားမို့လို့၊ အခုအတိုင်း ပြေးနိုင်မှ နှစ်နာရီဆယ့်ငါး ဟိုကိုရောက်မှာ၊ အဲဒါမှမရောက်ရင် အမြင့်ဆုံး အကောင်းဆုံးအချိန်ကို လွန်တော့မယ်"

"ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး"

"နင်မသိပါဘူး၊ အခါပေးမှာ တစ်ချိန်ကို တစ်နာရီခွဲသတ်မှတ်တယ်၊ အဲဒီတစ်နာရီခွဲရဲ့ တစ်ဝက်ဖြစ်တဲ့ လေးဆယ့်ငါးမိနစ်ဟာ အမြင့်ဆုံး၊ အကောင်းဆုံး၊ ဒီနှောက်ဆို ပြန်ကျသွားတယ်"

"ရှပ်လိုက်တာ... မောရတဲ့အထဲ အစ်ကိုမို့ စကား ပြောနိုင်တယ်"

"ဟာ...ရောက်ပြီ၊ ငါ့ဖေဖေ မွေမေတို့အိမ်ကို ရောက်ပြီ၊ လာဟေ့... ဒီလှေကားကို ဖြည်းဖြည်းတက်ကြစို့"

"ဟင်...စန္ဒာ့အိမ်ကို လိုက်မပို့တော့ဘူးလား"

"မလိုတော့ဘူး ညီမရေ၊ စန္ဒာ့အဖေနဲ့ အမေရော၊ ဒေါ်လေးတို့ ဦးငယ်တို့ပါ အစ်ကိုတို့အိမ် ရောက်နေကြပြီ"

"အို... အစ်ကိုက ဘယ်လိုလုပ် သိသလဲ"

"ဟို...အစ်ကို့အိမ်မှာလည်း အစ်ကို့မွေးနေ့ပွဲနဲ့ ကြိုဆိုပွဲ အတွက် ညှိုခံပွဲ ကျင်းပနေတယ်လေ၊ ပြီး...စန္ဒာပျောက်လို့ လိုက်ရှာသူတွေ ဘိုးဘိုးရသေ့တို့ဆီ ရောက်ပြီးလို့ နင့်ကို အစ်ကိုက ဒီအိမ်အရောက် ခေါ်လာပြီဆိုတာ သူတို့သိကြ ရောပေါ့၊ ဒါ့ကြောင့် ဒီက လာစောင့်နေကြမှာပေါ့"

စကားအဆုံးတွင် အပေါ်ထပ်ကဖွင့်ထားသည့် တံခါးမကြီးမှ သူတို့နှစ်ဦး ဝင်လိုက်ကြသည်။

"ဟာ...ပြောရင်း ဆိုရင်း ရောက်လာကြပါပြီတော်"

ဒေါင်းနွယ်စကြာ၏ မွေးစားအမေရော စန္ဒာဒေဝီ၏ အမေ တို့ပါ ဝမ်းသာအားရ အော်လိုက်ကြလေတော့သတည်း"

အခန်း (၅)

စန္ဒာဒေဝီ နှင့် ဝစ္ဆဝတီ သုံးနှင့်လေးလို ကျောကပ်သွေဖည်

"ဟေ့...ဝစ္ဆဝတီ"

"ဘာလဲ"

"အဲ...ကြည့်၊ ဖြေပုံကိုက ဘုဆတ်ဆတ်နဲ့"

"ရှင်တို့ခေါ်သံကလည်း မာကြောကြောနဲ့ကိုး"

"အေး...တို့က နင့်ကိုကြည့်မရလို့ ခပ်မာမာနဲ့ ခေါ်တာ၊ ပြောမယ်... ပြောမယ်နဲ့ နင်စိတ်ဆိုးမှာဆိုးလို့ ပြောမထွက်တာ၊ ဒီနေ့တော့ မနေနိုင်လွန်းလို့ ပြောတော့မယ်ဟာ"

"အို...ဘာများ ဒီလောက်တောင် နိဒါန်းတွေပျိုးနေတာလဲ အစ်ကိုမွန်သာရဲ့ ကိုယ့်ညီမပဲဥစ္စာ... ပြောစရာရှိ ပြောပေါ့"

"ဒီလိုကွာ... နင့်နာမည်က ဝစ္ဆဝတီတဲ့နော်"

"အင်းလေ... အဲဒါဘာဖြစ်လဲ"

"တော်တော်သမိုင်းဆန်တဲ့ နာမည်ပဲ၊ နင့်မိဘတွေလည်း ဟိုဇာတ်ဆရာ ဝင်စားလိုလို ဘာလိုလိုနဲ့ ပေါင်းမိလို့လားမသိ၊ ဒဏ္ဍာရီဆန်ဆန်၊ လူကလည်း ရာဇဝင်ထဲက မင်းသမီးကလေး ကျနေတာပဲ၊ ကျက်သရေအပြည့်"

"ဟွန်း... သူများကို လာမပင့်နဲ့၊ ဒီနေ့ရသမျှ မုန့်ဖိုး အပေါင်းအသင်းတွေကို ကျွေးပြီး အပြောင်ရှင်းပစ်ပြီးပြီ၊ အခုပဲ ပြန်တော့မလို့ဟာ"

"ခုလိုပင့်တာကို နင်က မကြိုက်ဘူးလား၊ စိတ်ဆိုးသလား"

"ဟီး...ဟီး... ကြိုက်တော့ ကြိုက်သလိုလို၊ ပေါ်တင်ကြီး လာမြှောက်တော့ ရှက်မိသား"

"ကောင်းပြီ... မြှောက်ထင်ပြီးရင် ပစ်ချတော့မယ်၊ အစ ကတည်းက စကားပျိုးထားပြီးသားနော်၊ နင် စိတ်မဆိုးရဘူး၊ နင်ဟာလေ နာမည်ကလည်း ရှေးဆန်ဆန်၊ လူပုံကလည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့၊ ဒါပေမယ့် ဝတ်ပုံစားပုံက ဟော့ရှော့... လူနဲ့မလိုက်ဘူး"

"ဘာ...ဒီပုံကို ဟော့ရှော့လို့ ပြောချင်တာလား"

ဝစ္ဆဝတီ ဆိုသော ကောင်မလေးက ရင်ကိုကော့ တင်ကို ချိတ်၍ တစ်ပတ်လှည့်ပြသည်။

"အဲဒါ ခေတ်၏ သမီးပျို၊ နှစ်ဆယ်ရာစုနှစ် ကုန်လုနီးနီးမှာ ခေတ်စားနေတဲ့ ဖက်ရှင်၊ ကြည့်စမ်း... ဝတီနဲ့ မလိုက်ဘူးလား"

စိုင်းမွန်သာ နှာခေါင်းရှုံ့လိုက်၏။ သူ့ဘေးက ခင်မောင်ရင်လည်း ခေါင်းခါလိုက်၏။

"မြင်ပါ့ဗျား... မြင်လို့ကို မကောင်းဘူး၊ ဒီပုံ...ဒီနာမည်နဲ့ ဒီလောက်ဟော့နေတာ မဟန်ဘူးနော်၊ နင် ဒီအတိုင်းသွားရင် ခက်မယ်"

"ရှင်...ခုပဲ ချီးမွမ်းလိုက်၊ ခုပဲ အပြစ်တင်လိုက်နဲ့ ဘာကို ယုံရမှာလဲရှင့်"

"ဟေ့... ငါက နင့်အစ်ကိုလိုနေတာ၊ နင့်မိဘတွေက ငါ့ကိုအပ်ထားတာ၊ ငါစိတ်ပူလို့ပြောတာ၊ ဟောဒီ ဒဂုံတက္ကသိုလ် ဆင်းကြီးဟာ အကျယ်ကြီး၊ အပြင်လူတွေကလည်း အများကြီး၊ ဆင်ချင်တိုင်းပဲ၊ ထွက်ချင်တိုင်းထွက် သွားလာနေကြတာ၊ နင်တို့ ကျောင်း စာသင်ခန်းတွေဟာလည်း တစ်နေရာနဲ့ တစ်နေရာ လူပြတ်တယ်၊ နင် ဒီလိုမဝတ်ဆင်နဲ့ မိဝတီ"

"အိုး...ခေတ်ပဲ၊ ဒါ ခေတ်ရဲ့ဖက်ရှင်ပဲ၊ ဒီလိုတက္ကသိုလ် ကျောင်းသူဖြစ်တုန်း လွတ်လွတ်လပ်လပ်ဝတ်တာ ဘာဖြစ်လဲ၊ ဘယ်သူကရော ဘယ်လိုဝတ်နေလို့လဲ"

"အေး...သိရက်သားနဲ့ ပြောရော့မယ်၊ စန္ဒာဒေဝီကို ကြည့်၊ ဘယ်လောက် ကျက်သရေရှိလဲ၊ ဆံပင်ကလည်း အရှည်ကြီး ခါးအောက်အထိ ချထားတယ်၊ နင့်လိုလေ ဒီဒိုင်းနားပုံလိုလို အိုမိဂါပုံလိုလို လည်ကုတ်တောင်မဖုံးတဲ့ ပုံမဟုတ်ဘူး"

"ဟာ...အစ်ကိုမွန်သာ၊ ဝတ္ထုကိုချစ်ရင် အဲဒီကောင်မနဲ့ နှိုင်းမပြောနဲ့၊ အားကြီးမုန်းဖို့ကောင်းတဲ့ဟာမ၊ သူ့ကိုယ်သူ ရွှေမန်းသူ လိုလို၊ နန်းတွင်းသူလိုလို ပုံမျိုးနဲ့"

"ဟုတ်တယ်... စန္ဒာဒေဝီဟာ သူ့နာမည်၊ သူ့ရုပ်ရည်၊ သူ့ကိုယ်လုံးနဲ့ အလွန်လိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုကို ဝတ်တာ၊ နင့်ကို သူလို ဝတ်စေချင်လို့ပြောတာ၊ လည်ပင်းရှည်ရှည်မှာ ဝယ်ထောင် ကော်လာကလေးနဲ့၊ အကျီလက်ရှည် ရင်စေ့၊

ဒါမှမဟုတ် ရင်ဖုံးကလေးနဲ့၊ ခါးတို မြန်မာပုံဆိုတော့ သူ့ခါး သေးသေးနဲ့ အရမ်းကို အလှပေါ်တာပဲ၊ ထဘီကလည်း ရှည်ရှည် ခြေမျက်စိဖုံး ယောထဘီတို့၊ မုဒုံထဘီတို့၊ ချိတ်ထဘီတို့၊ ရခိုင်ထဘီတို့နဲ့ မင်္ဂလာရှိလိုက်တဲ့ ပုံပန်းသဏ္ဌာန်...”

“တော်...တော့”

“နင့်လို နီဂရိုးမတွေစီးတဲ့ ခွာကြီးကြီး ဒေါက်မြင့်ဖိနပ်လည်း မစီးပေါင်၊ ခွာမြင့်ပေမယ့် မြန်မာ ခြေညှပ်ဖိနပ်ပုံကွ...”

“တော်...ပါတော့”

“ဘာလဲ စိတ်ဆိုးပြီး တစ်ခေါ်း ကုန်းအော်မနေနဲ့၊ ခုလို အော်နေပုံကလေးကိုက လှလို့ပဲ၊ နင်လည်း ခါးပါးပါး၊ တင်ကားကားပဲ၊ စန္ဒာဒေဝီရဲ့ အရပ်နဲ့ဆို နင်လား ငါလားပဲ၊ ငါးပေ ခြောက်လက်မတော့ ကျော်တယ်မဟုတ်လား”

“ဟင်း...တော်တော့၊ တော်တော့...တော်ပါတော့၊ အဲဒီ စန္ဒာဒေဝီနဲ့ ယှဉ်ယှဉ်ပြီးမပြောနဲ့၊ သူ့ကို အမြင်ကတ်လို့ကို သူနဲ့ မတူအောင် ဆန့်ကျင်ဘက်ဝတ်တာ၊ သိပြီလား”

“သိလို့ ပြောနေတာ၊ ဟိုက အသားဝါဝါလေး၊ နင်က အသားဖြူပြီး ဖွေးဥနေတာ၊ မပေါ်တပေါ်ဝတ်ရင် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲ၊ လုံလုံခြုံခြုံ ဝတ်စေချင်လို့ ပြောနေတာ ပါကွာ”

“ဘာလဲ အစ်ကိုက ဝတီကို စိတ်ပူတယ်ပေါ့”

“ဟာ...ပူပါတယ်ဆိုနေမှ”

“ဒါဆိုပြီးရော...သွားမယ်နော်”

‘ဟော့...ဟော့... နေဦး၊ ဒီနေ့ နင့်အိမ်ကကား နောက်ကျနေပုံရတယ်၊ ခုထိမလာသေးဘူး၊ ငါ လိုက်ပို့ပေးမယ်၊ သူငယ်ချင်း

ခင်မောင်ရင်ရေ... လေးဘီးလာရင် ဝတီကို ငါ့ကားနဲ့ ခေါ်သွားပြီလို့ ပြောပေးပါနော်”

“အေးပါ... ကိုင်း... လိုက်သွားတော့ဝတီ၊ ကိုယ်စောင့်ပြီး ပြောပေးမယ်”

“ဒါဆိုလည်း ကျေးဇူး”

လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားသည့် စိုင်းမွန်သာကို ဝစ္ဆဝတီက ဘေးချင်းယှဉ်၍ ပြေးလိုက်သွားသည်။ ထို့နောက် စိုင်းမွန်သာ၏ မတ်တူးကားမည်းကြီးနှင့် ရှေ့ခန်းတွင် အတူထိုင်၍ ထွက်သွားလေ၏။

“ဒီမယ်...ဝတီ”

“ဘာလဲ... အစ်ကိုမွန်သာ”

“နင့်အမေကရော မာဇဒါဂျစ် မရသေးဘူးလား”

“ရပါဟယ်၊ အမေ ရုံးသွားရုံးပြန် သုံးတယ်လေ”

“ဟွန်း... စန္ဒာဒေဝီရဲ့ အဖေက ဘာကြောင့် သူ့သမီး ကျောင်းကြို ကျောင်းပို့ကို မာဇဒါဒျစ်သုံးနိုင်ပြီး နင့်အမေကျ ဘာလို့ နင့်ကို လေးဘီးနဲ့သာ ကြိုပို့လုပ်နေတာပဲ”

“ဟိုကောင်မ သူ့အဖေကို အလိုက်မသိပူဆာလို့ နေမှာပေါ့၊ ဝတီက အမေ့ကို သူစီးနေတဲ့ မာဇဒါဂျစ် ယူမသုံးရက်လို့ လေးဘီးနဲ့ပဲ ကြိုပို့ခိုင်းတာပါ”

“နင့်အမေနဲ့ စန္ဒာ့အဖေက သမိုင်းသုတေသနဌာနမှာ တစ်ရုံးတည်းနော်၊ ရာထူးလည်း တူတယ်နော်”

“အင်း...”

“နင့်နာမည်ကို ဝစ္ဆဝတီ၊ နင့်အမေနာမည်က ဝေဠုဝတီ၊ ဒီနာမည်တွေကို ဘယ်သူပေးတာလဲ”

"ဘိုးဘိုးရှင်ရသေ့ ပေးတာတဲ့၊ ဘိုးဘိုး ဦးဘကောင်းနဲ့ ဘွားဘွား ဒေါ်ကျမ်းစိန်ကို ရှင်ရသေ့က ပေးစားပြီး အမေက ရုတ်တရက် ကောက်ရသလိုမွေးလာလို့တဲ့၊ ဝတီကျတော့ ငယ်ငယ်ကတည်းက အရမ်းပူ အရမ်းဆိုးပြီး နေနက္ခတ်နဲ့ ယှဉ်ပြီးမွေးလို နေနတ်သမီးဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ ဝစ္ဆဝတီဆိုတဲ့ အတိတ်နဲ့ ပေးတဲ့အမည်၊ နေ့နံနဲ့ပေးတာ မဟုတ်ဘူးတဲ့"

"ဟုတ်တယ်နော်၊ ဘိုးဘိုးရှင်ရသေ့ဟာ သူနဲ့ နီးစပ်တဲ့ သူတွေရဲ့ နာမည်ကို နေ့နံနဲ့ ပေးလေ့မရှိဘူးကွ၊ ဟိုကောင် ဒေါင်းနွယ်စကြာကိုကြည့်၊ တနင်္ဂနွေသားဖြစ်ပြီး ဒေါင်းကြီးနဲ့ စ,ထားတဲ့ နာမည်"

"အဲဒါလည်း တနင်္ဂနွေဆိုတာနေမင်းမို့ ဒေါင်းဖန်ဝါ သူရိယနေမင်းဆိုတဲ့ သဘောနဲ့ နာမည်ပေးတာတဲ့"

"ဟာ...နင်က ဘယ်လိုလုပ် သိနေတာလဲ"

"ကိုဒေါင်းစိန် ကိုယ်တိုင် ပြောလို့သိတာ"

"သြော်...ကိုဒေါင်းနဲ့ ဒီလောက်တောင်ရင်းနေမှကိုး"

"ဟုတ်...ပထမတော့ ဟိုကောင်မကို မခံချင်လို့ သူ့လူကို အရချဉ်းကပ်ရာက ကြာတော့ ခုလိုရင်းနှီးသွားတာပဲ"

"အင်း...နင်ဟာလေ... စန္ဒာဒေဝီကို အတော်ယှဉ်ပြိုင်ချင်တာပဲ၊ ငါသိသလောက်တို့တွေ ဒဂုံအထက(၁)မှာကတည်းက နင်တို့နှစ်ယောက်ဟာ တကယ့်ပြိုင်ဘက်၊ နှစ်ယောက်စလုံး စက်စက်ယို ချောကြ လှကြတယ်၊ ငယ်ငယ်တုန်းက မသိသာပေမယ့် ကိုးတန်း ဆယ်တန်းရောက်တော့ အရပ်ကြီးတွေ ကလည်း ထွက်လာလိုက်ကြတာ ခေတ်အကြိုက် စံချိန်တွေပဲ၊ ဒီကြားထဲ စာကလည်းတော်တော့ နင်တို့အတန်းထဲမှာ နင်က သူနဲ့ ပထမ၊ ဒုတိယ တစ်လှည့်စီရကြတာလေ"

"ဒါပေါ့...ဒါပေါ့၊ ဝတီက သူ့ကိုအနိုင်ကြီးတာပဲ၊ ဘယ်တော့မှ မလျှော့ဘူး၊ ခုလည်း ဘာကြောင့်မှန်းမသိဘူး၊ ဆယ်တန်းကို နှစ်ယောက်စလုံး ဒီတစ်ခုစီပဲ ပါခဲ့ကြလို့ ဒီတက္ကသိုလ်မှာ အတူလာတွေ့ကြတာ၊ နေပါဦး... အစ်ကိုနဲ့ ကိုဒေါင်းတို့လည်း ဒဂုံ(၁)တုန်းက အတန်းတူပြိုင်ဘက်တွေပဲ၊ ဆယ်တန်းအောင်တော့ အစ်ကိုက ဘာကြောင့် ဒီတစ်ခုတည်းရပြီး ဝတီတို့ကျောင်းရောက်လာတာလဲ၊ ကိုဒေါင်းကျတော့ အောဒီနဲ့ အခု အိုင်အမ်-ဝမ်း တက်နေပြီလေ"

"အဲဒါလား... အဲဒါ နင့်ကြောင့်ပေါ့"

"ရှင်..."

"အစ်ကိုက ဝတီတက်တဲ့ ကျောင်းမှာ အတူတက်ချင်လို့"

"အို...လာမဖြီးနဲ့...မသိရင်ခက်မယ်၊ စန္ဒာဆိုတဲ့ ဟိုကောင်မ တက်တဲ့ကျောင်းကို လိုက်တက်ချင်လို့ မဟုတ်လား"

"ထင်လို့လား"

"ထင်တာ မဟုတ်ဘူး မြင်တာ၊ အစ်ကိုက လစ်ရင် ဟိုကောင်မကိုပဲ လိုက်ကြည့်နေတာ၊ ဟိုက သိပ်ပြီး ပေးမကပ်လို့ရယ်၊ သို့မဟုတ် ဝတီတို့ အရိပ်တောင် တွေ့ရမှာမဟုတ်ဘူး"

"ခုတော့ အတူသွား အတူလာနေကြတာလေ၊ မကျေနပ်ဘူးလား ကဲ..."

"ဟာ...မကဲနဲ့၊ ဒီလိုမလုပ်နဲ့ အစ်ကိုမွန်သာ၊ ဝတီ မကြိုက်ဘူး"

စိုင်းမွန်သာက ပြောပြောဆိုဆို စတီယာရင်ကိုင်သောသက်တစ်ဖက်ကို လွှတ်၍ ဝစ္ဆဝတီ၏ ပါးကလေးကို သွားညှစ်ဆည်အပြု ဝစ္ဆဝတီက လက်မြန်မြန်နှင့်ပုတ်ချပြီး ပြန်ပြောလိုက်

ခြင်းဖြစ်၏။

"အေးပါကွာ... အေးပါကွာ၊ ဟဲ...ဟဲ...ဟဲ...ဟဲ"

နှင့် စိုင်းမွန်သာက မျက်နှာချိုသွေး၍ ကားကို အာရုံစိုက်မောင်းနေလေ၏။

ယနေ့သည် ကဆုန်လပြည့်နေ့မို့ အာယုကန်ဘေးရှိ ဗောဓိကုန်းတွင် လူစည်ကားလျက် ရှိသည်။ နှစ်စဉ် ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို သိုက်သိုက်မြိုက်မြိုက် ကျင်းပနေ၏။ ရပ်ဝေးရပ်နီးမှ သာဝုကန်ဇာတိ သူဌေးများ၏မိသားစုများနှင့် ရာထူးရာခံကြီးသူတို့၏ မိသားစုများလည်း လာရောက်ဆင်နွဲကြသည်။

နံနက်စောစောမှစ၍ အာယုကန် ဘုရားရင်ပြင်တော်၌ ဘုရားဖူးများဖြင့် စည်ကားနေသည်။ အနောက်ဘက်မှခ် စောင်းတန်းမှ အများဆုံးတက်ရောက်ပြီး တောင်ဘက်မှခ် လှေကားမှဆင်း၍ ဗောဓိကုန်းဘက်သို့ သွားကြသည်။ အချို့က မြောက်ဘက်နှင့် အရှေ့ဘက်မှခ် လှေကားများဆင်း၍ ကန်စပ်ရှိ ကန်ပေါင်ရိုးတစ်လျှောက်မှ တောင်ညီနောင်ဘက်ကို သွားကြသည်။

အောင်စကြာစေတီနှင့် အောင်သစ္စာစေတီဟူ၍ တောင်ညီနောင်ပေါ်မှာ ဘီလူးညီနောင်တို့၏ စေတီတို့ကို ဘွဲ့အမည်ပေးထား၏။

အောင်စကြာ စေတီအနီးတွင် လူအတော်များများ စုရုံးရောက်ရှိ နေသည့်ကြားမှ ရုတ်ရုတ်သဲသဲကလေးတစ်ခု ဖြစ်ပွားသည်။

"ဟောတော့...ရေတွေ၊ ရေတွေစီးကျလာပြီ၊ ဟိုမှာ မစန္ဒာ ဘုရားကန်တော့နေတာ မမြင်ဘူးလား"

မသူဇာလွင်က ဂြိုလ်တိုင်ကို ရေသပ္ပယ်နေသည့် အမျိုးသမီးကို လှမ်းအော်ခြင်းဖြစ်၏။ တနင်္ဂနွေဂြိုလ်မင်းကို ရေလောင်းနေသည့် မိန်းမပျိုက မကြားယောင်ပြုကာ ဆက်၍ လောင်းလှူနေသည်။

"ဒီမယ်...ဒီမယ်၊ ရေသပ္ပယ်တာ ရပ်ပါတော့"

မသူဇာလွင်က ရေလောင်းလှူနေသူ အနားပြေးကပ်သွားစဉ် သူ့နောက်မှ မကြည်ပြာလည်း ထ,လိုက်လာသည်။ နောက်ကျော ပေးထားသည့် ကွယ်ရပ်နေသော မိန်းမပျိုက မကြည်ပြာကို ပိတ်ထား၍ ရှောင်ပြီးအကျော်-

"ဟင်...သန္တာယမင်းပါလား"

"ဟော...မကြည်ပြာကိုး၊ ဟို...ဟို...ဟိုမှာက"

"ညြော်... ဝစ္ဆဝတီ ရေသပ္ပယ်နေတာကိုး၊ ဖြစ်ရမယ် ဖြစ်ရမယ်၊ ဟောဒီမယ် မဝတီ တော်ပါတော့လားကွ"

ကျောပေးထားပြီး ဂြိုလ်မင်းဂဠုန်ကို ရေခွက်ကြီးနှင့် ပုံးထဲမှ ခပ်၍ ခပ်၍ လောင်းနေသူ ဝစ္ဆဝတီက လှည့်မကြည့်ဘဲ ပြန်ပြောသည်။

"ခဏလေး... အမေ့အတွက် သက်စေ့ ရေလှူနေတာ၊ ပြီးတော့မှာပါကွ"

ဟု ခဏရပ်၍ ပြောပြီး ရေဆက်လောင်းသည်။ သူ ထောင်းသည့် ရေခွက်သည် အကြီးစားဖြစ်၍ ရေအများကြီး ပြည့်ကျလာခြင်းဖြစ်သည်။ ခပ်လှမ်းလှမ်းတွင် ပုဆစ်တုပ်ထိုင်ပြီး ဘုရားဝတ်ပြု ဂါထာရွတ်နေသည့် စန္ဒာဒေဝီထံ ရေတွေစီးသွား၍ ရွှံ့ထဲတို့ ရေတွေစိုကုန်ပြီ။

ရေအိုင်ထဲတွင် ဘုရား အာရုံပြုနေသည့် စန္ဒာဒေဝီက ဆရာတွင် တုတ်တုတ်မျှမလှုပ်၊ ရေသပ္ပယ်သည့်သူက တဝုန်းဝုန်း

သဒ္ဓါတရားအပြည့်နှင့် လောင်းလျှောနေ၏။ လူအများက ရေကို ရှောင်ရင်း မိုးတိုးမတ်တတ်နှင့် ဝိုင်းကြည့်နေ၏။

"ကိုင်း...ပြီးပါပြီ၊ ဘာဖြစ်လို့ သူများ ကုသိုလ်ပြုနေတာကို လာတားရတာလဲ၊ ညြော်...ကြည်ပြာတို့ပါလား"

"အေး... မဝတီ အရမ်းလုပ်တာပဲ၊ ဟိုမှာကြည့်စမ်း... စန္ဒာ ဘာဖြစ်နေသလဲလို့"

"အို...ဟုတ်သားပဲ၊ စန္ဒာ ရေတွေစိုကုန်ပြီ၊ ဆောရီးပဲ... ဆောရီးပဲ"

"လုပ်မနေနဲ့ မဝတီ၊ ဒါ တမင်သက်သက် ထွင်ပြီးလုပ်တာ သိသာပါတယ်နော်"

သူဇာလွင်က ဘုကျကျ ဝင်ပြောသည်။

"အောင်မယ်...သူဇာက ကိုယ်ချင်းစာပြီး ပြောတာပေါ့၊ ဟုတ်လား။ လူတကာကို ကိုယ့်လို စိတ်ပုပ်တယ် ထင်နေတဲ့ သူကတော့ ဒီလိုပဲ မြင်တာမဆန်းပါဘူး"

"ဟေ့...ဘုရားပေါ်မှာ ရန်မဖြစ်ချင်ဘူး၊ မရိုနဲ့ မဝတီ၊ ဟိုမယ် စန္ဒာခမျာ ပိုးထဘီလေးဝတ်လာမှ ရေတွေစိုကုန်တယ်၊ ဒီလိုဖြစ်တာ ကောင်းသလား"

ဆူဆူညံညံ အော်ဟစ် ငြင်းခုံနေကြသည်။ စန္ဒာဒေဝီ မြန်မြန်ဘုရားကန်တော့ပြီး နေရာမှထလိုက်ရသည်။ ဝစ္ဆဝတီကို အံ့သြစွာ ကြည့်နေမိသည်။

"ဘာလဲ... မတော်မိလို့ဖြစ်တာ မကျေနပ်ဘူးလား စန္ဒာ၊ ကိုယ်တောင်းပန်နေတာကို စန္ဒာ့လူက မကျေနပ်ပုံ ပေါ်နေတယ်၊ ဘာလုပ်ရမလဲ၊ ဘယ်လိုတောင်းပန်ရမှာလဲ"

"ရပါတယ်"

စန္ဒာဒေဝီက သူ့ပိုးထဘီ မြင်မကောင်းအောင် စိုရွှဲနေသည်ကို အသာငုံကြည့်ပြီး...

"အေးဟယ်... တို့က ညောင်ရေသွန်းဖို့လာတာပဲ၊ ရေအိုးတွေ ရေထည့်ရမယ်၊ ရေအိုးကိုယ်စီ ရွက်ရမယ်၊ ရေစိုတာ ဘာဖြစ်သလဲ၊ ဟင်း...ဟင်း ဝတီက ကိုယ့်ကို ညောင်ပင်ကြီး အမှတ်နဲ့ ရေလောင်းပေးတာ ထင်ပါ့၊ ဟက်...ဟက်"

စန္ဒာဒေဝီက ပျော်စေ ပျက်စေ ကလက်စေ ဟူသော သဘောဖြင့် ရယ်ရယ်မောမော ပြောလိုက်သည်။ ဒါကို ဝစ္ဆဝတီက သူ့ကို ခန့်သည်ဟု အကျကောက်ကာ မျက်နှာ ဖြူဖွေးလေး နီရဲသွား၏။

"အေး...ခြောက်သွေ့ပြီး ရေတက်နေတဲ့ အပင်ကို ရေလောင်းပေးရတာ ကုသိုလ်ရပါတယ်နော်"

"ဟာ... မဝတီဒီလို မပြောကောင်းဘူးထင်တယ်၊ ဒီနေ့က ညောင်ရေသွန်းပွဲနေ့လေ"

"ဒါဆို ဘာ့ကြောင့် ကိုယ့်ကိုယ်ကိုတော့ ညောင်ပင်နဲ့ နှိုင်းရတာလဲ၊ ကဲ..."

ထိုစဉ် အမျိုးသားတစ်စု သူတို့အနီး ရောက်လာကြသည်။

"တွေ့ပြီ...တွေ့ပြီ ဝတီတို့ ပျောက်သွားလို့ လိုက်ရှာနေတာ"

ဟု စိုင်းမွန်သာနှင့် ခင်မောင်ရင်တို့က ပြော၏။ မဂ္ဂာသီ မီးသီးနှင့် ဒေါင်းနွယ်စကြာတို့က ဘာမျှမပြောဘဲ အခြေအနေကို အကဲခတ် ရပ်ကြည့်နေကြသည်။

"ဟော... ကိုဒေါင်းလည်း ပါလာတယ်နော်"

ဝစ္ဆဝတီက သူ့ကို ခပ်တွေးတွေးစိုက်ကြည့်နေသည့် ဒေါင်းနွယ်ကြောထံ အပြေးကပ်သွားပြီး လက်မောင်းကြီးကို လှုပ်ကာ ယူပ်ကာနှင့် ချွဲတဲတဲ ဆက်ပြော၏။

"ဝတီက ကြိုဟ်မင်းကို ရေသပ္ပယ်တာ မတော်တဆဖြစ်ပြီး စန္ဒာ့ကို ရေစိုသွားစေတာပါ၊ ဝတီကိုက ပေါ့ဆလွန်းပါတယ်၊ အဲဒါ စန္ဒာ့ကို တောင်းပန်နေတာလေ၊ သူ့ကြည့်ရတာ ကျေနပ်ပုံ မပေါ်ဘူး၊ တောင်းပန်ပေးပါ ကိုဒေါင်းရယ်၊ နော်...နော်လို့"

"အို...ဘာမှမဟုတ်ပါဘူး အစ်ကိုစကြာ၊ ဝတီ မမှားပါဘူး၊ စန္ဒာ ပါးစပ်သရမ်းပြီး နောက်ပြောမိတာ စန္ဒာ့အမှားပါ၊ စန္ဒာကိုက အတော်အသုံးမကျဘဲ ပြောမိတာပါ"

စန္ဒာဒေဝီက အတင်းတောင်းပန်ရှာ၏။ ပြီးတော့ လက်အုပ်ကလေးချီကာ တဖွဖွ ရွတ်နေရှာသည်။

"အမိုက်အမဲလေးမို့ ပြောမိတာပါ၊ ခွင့်လွှတ်တော်မူပါ ညောင်ပင်စောင့်နတ်မင်း၊ အမိုက်အမဲလေးကို ခွင့်လွှတ်ပါရှင်"

"ဟာ...ဒါက ဘာဖြစ်တာလဲကွ"

စိုင်းမွန်သာက စန္ဒာဒေဝီ၏ ထူးဆန်းသော အမူအရာကို ကြည့်၍မေးမိသည်။

"မှုတ်သားပဲ၊ စန္ဒာ ဘာဖြစ်လို့လဲ ဟင်"

ဒေါင်းနွယ်စကြာကလည်း မေးလာသည်။

ဝစ္ဆဝတီက ခေါင်းကိုမော့၍ ပြောလေ၏။

"ခုမှတောင်းပန်မနေနဲ့၊ ဟွန်း... စောစောက သူ့ကိုယ်သူ ညောင်ပင်ကြီးလေး ဘာလေးနဲ့ ပြောတာကိုး၊ ညောင်ရေသွန်ပွဲတော်နေ့ကြီးမှာ ခုလို မတော်တရော်ပြောမိလို့ ကြောက်ရတာ ဟုတ်တယ်၊ ညောင်ပင်စောင့်ရက္ခစိုးနတ်ကြီးက စိတ်ဆိုးရင် နတ်ကွတ်ခံရမှာ စိုးရတယ်"

စန္ဒာဒေဝီ မျက်နှာပျက်သွားသည်။ ကြည်ပြာက အမြန်ဖြေရှင်း၏။

"မဟုတ်ဘူး... မဟုတ်ဘူး၊ စန္ဒာက ဝစ္ဆဝတီ စိတ်ပြေပါစေဆိုပြီး အပျော်အပျက် ပြောမိတာရယ်"

ဟုဆိုကာ စောစောက ဖြစ်ပျက်ပုံအလုံးစုံကို အစအဆုံး ရှင်းပြလိုက်သည်။

ပြီးမှဆက်၍...

"တကယ်ဆို နတ်ကွတ်ခြင်းကွတ်ရင် မဝတီကို ကွတ်မှာ၊ သူကမှ ညောင်ပင်ကို စော်ကားပြီး ခြောက်သွေ့ပြီး ရေငတ်နေတဲ့ အပင်လို့ နှိမ်ပြီးပြောတာလေ"

"အို...တော်တော့၊ တော်ပါတော့ ကြည်ပြာ"

ဝစ္ဆဝတီ လန့်သွားသည်။ သူ့ဘက် မြားဦးလှည့်လာ၍ ပြုံးဖွေးသည့် မျက်နှာလေး နီရဲသွား၏။ ကြောက်ကြောက်နှင့် နေရာမှ ထွက်ပြေးလေ၏။ စိုင်းမွန်သာက–

"ကိုဒေါင်းရေ... ဒီကောင်မလေး ရှတ်တရက် ပျောက်သွားလို့ လိုက်ရှာနေတာ၊ ဒီမှာလာပြီး စန္ဒာ့ကို ပြဿနာလုပ်နေတာကိုး၊ ဟီး... စန္ဒာ့ကို ဝတို့ကိုယ်စား တောင်းပန်ပါတယ်နော်၊ ကျေနပ်ပါတော့နော်၊ ကိုင်း ကိုင်း...လိုက်သွားလိုက်ဦးမယ်"

ဟု ဆိုကာ ခင်မောင်ရင်ကို ခေါ်၍ လိုက်သွားလေ၏။ ဟိုဘက်အကွယ်နားတွင် ဝစ္ဆဝတီ စောစောက စန္ဒာဒေဝီကဲ့သို့ "အမိုက်အမဲလေးမို့ ခွင့်လွှတ်တော်မူပါ" ဟု၍ လက်အုပ်ချီ တောင်းပန်နေသည်ကို စိုင်းမွန်သာတို့တွေ့တော့ အရှက်ပြေရန်မည်စိုး၍ မသိဟန် ဆောင်လိုက်ကြရသည်။

ဤမှာဘက်တွင်တော့ စန္ဒာဒေဝီက "ဟီ...ဟီ" ဟု ရှက်ပြုံးကာလေးပြုံး၍ ဒေါင်းနွယ်စကြာရှေ့မှာ ရပ်နေ၏။

"ဟိုကောင်မလေးကတော့ လုပ်ချလိုက်ပြန်ပြီ"

ဟု အကြောင်းသိ ပေါင်းသိ ဒေါင်းနွယ်စကြာက ထွက်သွားသည့် ဝန္ဆဝတီကို မေးထိုးပြ၍ မှတ်ချက်ပေးသည်။ ပြီးမှ-

"နေပါဦး... စန္ဒာက ဟိုအရှေ့ဘက် လေကားဘေးမှာ အစ်ကို ညောင်ပျိုပင်ကို ဓာတ်ပုံရိုက်နေတုန်း လုစ်ခနဲ ပျောက်သွားဘယ်၊ အာယု ဆံတော်ရှင်ဘုရားကို ပတ်ပတ်ပြီး ရှာလိုက်ရတာ မောရော၊ နောက်မှ အဲဒီ မြောက်ဘက်လေကားက ဆင်းသွားတာ တွေ့လိုက်တယ်လို့ ပြောသူရှိလို့ လိုက်လာတာ၊ ဘာလို့ အစ်ကို့ကို ထားခဲ့တာလဲ"

"မမေးနဲ့... မမေးနဲ့ ကိုဒေါင်း"

ကြည်ပြာက ဝင်ပိတ်သည်။

"ဟ... ဘာကြောင့်လဲကွ၊ မင်းတို့ပုံစံက ရယ်ကျဲကျဲနဲ့ တစ်မျိုးကြီးပါလား"

"အင်း...အဲဒီတစ်မျိုးကြီးကို သိရင်ပြီးရော၊ သွားကြစို့"

သူဇာလွင်က ရှက်စနိုးပုံစံနှင့် စိုရွှဲနေသည့် ပိုးထဘီ၏ တင်နှစ်ဖက်နေရာမှ လက်နှစ်ဖက်နှင့် ပွတ်နေသည့် စန္ဒာ့ပုံစံကို ကြည့်ကာ ဝင်ပြောပြီး ဆွဲခေါ်ထွက်လာစေသည်။

စဉ်းစဉ်းစားစားနှင့် တွေးရင်း ကျန်ခဲ့သော ဒေါင်းနွယ်စကြာကို ကြည်ပြာက အနားကပ်၍ တိုးတိုးလေးပြောလေ၏။

"ရှင်းရှင်းပြောရရင် ကိုဒေါင်းရေ... စန္ဒာက အာယုကန်ကို ရောက်တုန်းရောက်ခိုက် အောင်စကြာဘုရားရှိ တနင်္ဂနွေထောင့်မှာ ကြိုဟာ်တိုင်ကိုသွားပြီး ယတြာချေ၊ ဓာတ်ရိုက်ရင်း သူ့အစ်ကိုစကြာ အတွက် ကောင်းမှု ပြုချင်လို့ပါတဲ့ရှင်၊ ပြီးတော့... ပြီးတော့ အစ်ကိုစကြာအတွက် ဆုတောင်းပေးချင်လို့တဲ့ရှင်။ အဲဒါ အစ်ကို မသိအောင် ကြိုတ်လုပ်တာကတော့ သူ ရှက်လို့ပေါ့၊ သွားမမေးနဲ့

နော်... မိန်းကလေးဆိုတာ ဒီလိုပဲ၊ ဒါမျိုးကို ပေါ်တင်ကြီး သိသွားရင် ရှက်တတ်တာမျိုး မဟုတ်လား"

မကြည်ပြာက ဒေါင်းနွယ်စကြာ၏ နားအနီး ကပ်ကာ တိုးတိုးပြောခြင်းဖြစ်သည်။ ဒေါင်းနွယ်စကြာခုမှ သဘောပေါက်သွား၏။ သူသည် တနင်္ဂနွေသား၊ ဒေါင်းနေနွယ်စကြာမင်း ဟု အဓိပ္ပာယ်ဆောင်သည့်နာမည်ကို ဆရာရှင်ရသေ့ ပေးထား၏။ သူ့ကို လူအများက ကိုဒေါင်းဟု ခေါ်ကြသော်လည်း စန္ဒာ တစ်ယောက်သာ သူများနှင့်မတူ တစ်မူထူးခြားစွာ အစ်ကိုစကြာ ဟု ခေါ်၏။ ဒါကို အစ်ကိုစကြာကလည်း ပီတိဖြာ၏။ ထို့ထက်ပို၍ ပီတိဖြစ်သည်က နှစ်ကိုယ်တည်းရှိလျှင် ကိုကို ဟု ခေါ်ခြင်းကြောင့်။

သူတို့နှစ်ယောက်သည် အခြားကျောင်းနေဘက် သူငယ်ချင်းများနှင့်စာသော် ပို၍ငယ်ငယ်ကတည်းက သိခင်ရင်းနှီးခဲ့ကြ သူများ ဖြစ်၏။ ပြီးငယ်ငယ်ကတည်းက အိမ်နီးချင်း၊ တစ်ကျောင်းတည်း အတူတက်၊ ဖယ်ရိတစ်စီးတည်း အတူစီး၍ နေ့တစ်ဝက်ရင်းနှီးဆက်ဆံ ထိတွေ့ခဲ့ကြသူနှစ်ဦး ဖြစ်၏။

"ကိုဒေါင်းနဲ့ စန္ဒာတို့က လွန်တယ်၊ အမြဲ တစ်ပူးတွဲတွဲနဲ့ ပါလား"

သတ္တမတန်းရောက်၍ ကြီးကောင်ပေါက်စ အရွယ်တွင် ငါးတန်းကတည်းက ရင်းနှီးခဲ့သော စိုင်းမွန်သာက မရှစိမ့်သည့် ပုံနှင့် ပြောဖူး၏။

"မင်းနဲ့ ဝန္ဆဝတီတို့လိုပဲပေါ့ကွာ"

"ဟ...တို့ကလည်း အိမ်နီးချင်းတွေလေ"

"အေး...တို့ကလည်း အိမ်နီးချင်းတွေပဲဥစ္စာ"

"တို့က မိဘတွေချင်းလည်း ခင်ကြတယ်"

"ဒီအတိုင်းပါပဲ၊ တို့မိဘတွေလည်း ခင်ကြတာပဲပေါ့"

"တို့မိဘတွေက အလုပ်အကိုင်ချင်း တိုက်ရိုက် မတူပေမယ့် လုပ်ငန်းဆက်စပ်မှုရှိတယ်၊ အကျိုးတူ ပူးပေါင်း ဆောင်ရွက်နေကြ ရလို့ စီးပွားဖက်တွေပီပီ ပိုပြီးရင်းနှီးကြတယ်"

"အေးပါ... မင်းမိဘ အန်ကယ်စောရှီးသာနဲ့ အန်တီ ဒေါ်ခင်မွေးတို့ဟာ ရှေးဟောင်းပစ္စည်းနဲ့ ပန်းချီပန်းပု အနုပညာ ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီကြီးဖွင့်ပြီး လုပ်ကိုင်နေတာဆိုတော့ ဝစ္ဆဝတီအမေ ဒေါ်ဝေဠုဝတီတို့၊ စန္ဒာ့အဖေ ဦးမြင့် မောင်တို့နဲ့ လုပ်ငန်းဆက်စပ်မှု ရှိရမှာပေါ့၊ အနုပညာ ပစ္စည်းတွေ ပြည်ပ တင်ပို့ရင် သူတို့ဌာနရဲ့ ထောက်ခံချက် လိုအပ်တာကိုး"

"အောင်မယ်... မင်းကလည်း ဒါတွေသိမှကိုး"

"မသိဘဲနေမလား၊ စန္ဒာတို့အိမ်ရောက်ရင် အန်ကယ် ဦးမြင့်မောင်ဆီက သိနိုင်တာပဲပေါ့၊ ဒါနဲ့ မင်းအဖေက ဘာ့ကြောင့် အန်ကယ်ဦးမြင့်မောင်ထက် အန်တီဝေဠုဝတီနဲ့ ပိုပြီးစီးပွားဖက် ဖြစ်တာလဲ"

"အဲဒါလား... အန်ကယ်မြင့်မောင်က အပေးအယူ သဘော သိပ်မလုပ်တတ်ဘူး၊ ကူညီနိုင်စရာရှိမှ ကူညီတာ၊ အန်တီဝေဠုဝတီ က စီးပွားရေး ဆန်တယ်၊ ပိုအဆင်ပြေတာပေါ့"

"ပြီးတော့ မင်းတို့အိမ်က သူတို့ရုံးနားမှာ ကပ်နေတယ်၊ သူတို့က ရုံးဝင်းထဲမှာနေတယ်၊ ဒါကလည်း အဓိကအလုပ်ဖြစ်တဲ့ သဘောမဟုတ်လား။ ရှိသေးတယ်၊ ဝစ္ဆဝတီရဲ့အဖေက ပန်ချီပန်းပု ဌာနက ဌာနမှူး၊ မင်းတို့လုပ်ငန်းမှာ အားကြီး အထောက်အကူ ရတာကိုး"

"ဒါတင်မကဘူး... အန်တီဝေဠုဝတီ ပြောတယ်၊ ငါ့မိဘ တွေနဲ့ သူ့မိဘတွေဟာ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေမို့ ပိုပြီးခင်မင်ရင်နှီးကြတယ်တဲ့"

"ဒီသဘော ငါနားလည်ပါတယ်ကွာ၊ လူလူချင်း ရင်းနှီးဖို့ ဆိုတာ ယုံကြည်စိတ်ချရတာလဲ အရေးကြီးတယ်၊ စီးပွားဖက် လုပ်ရင်ဒါက ပိုအရေးပါတယ်၊ ငယ်သူငယ်ချင်းတွေ ဆိုတော့ အကြောင်းသိ ပေါင်းသိမို့ မယုံစရာ မရှိတော့ဘူး၊ ဒါ့အပြင် လုံခြုံမှုလည်းရှိတယ်၊ နားလည်မှုလည်းရှိတယ်၊ အဲဒါသူငယ်ချင်း တွေရဲ့ အလိုလို ရရှိပြီးသား လိုအပ်ချက်"

"ဒါပေမယ့် အစေးမကပ်တဲ့သူငယ်ချင်း၊ မတည့်အတူနေ သူငယ်ချင်းဆိုတာလည်း ရှိတယ်နော်"

"မင်းဆိုလိုတာက ဝစ္ဆဝတီနဲ့ စန္ဒာဒေဝီတို့နှစ်ယောက်ကို ပြောတာလား"

"အဲဒါပေါ့... သူတို့နှစ်ယောက်ကြောင့် ကြားက တို့တွေ အတော်အနေရခက်တယ်ကွာ"

"ငါကတော့ အနေရမခက်ဘူး၊ ဘာလို့လဲ သိလား၊ နှောဘက်က ဝစ္ဆဝတီကို အပြစ်မမြင်ဘူး၊ အမုန်းတရား မရှိဘူး၊ ဝစ္ဆဝတီမကောင်းကြောင်း တစ်ခါမှပြောတာ မကြားဖူးဘူး"

"ငါ့မှာသာခက်တာ၊ ဝစ္ဆဝတီဆိုတဲ့ ငတိမ လျှောက်လုပ် ဘာတိုင်း ငါက ကာဆီးကာဆီး လုပ်ပေးရ၊ မျက်နှာပျက်ရနဲ့"

"ဟုတ်တယ်၊ ခြောက်တန်းစာမေးပွဲကြီ ဖြေတုန်းက စန္ဒာ ဆောင်းခန်းထဲကို အတော်နောက်ကျပြီးမှ ရောက်လာတယ်၊ ပိုဆိုးစိတ်ပူပြီး ဘာဖြစ်သလဲ စုံစမ်းတော့ သူကား ဒရိုင်ဘာ ယောက်ျားတစ်ယောက်ကို တိုက်မိလို့ ရဲစခန်းကို ဖွတ်ခေါ်သွားတယ်ဆို၊

ဆေးရုံကို ပို့ရတယ်ဆို၊ စန္ဒာပါ အဲဒီကားနဲ့ ပါသွားရတယ်ဆို၊ ဒီလုပ်ရပ်ကြီးမှာ မင်းလည်း ကြံရာပါဆို"

"အမှန်ပြောရရင် ငါလည်း ဘာမှန်းမသိဘူးကွာ၊ ဝစ္ဆဝတီက ကိစ္စတစ်ခု ကူညီပါဆိုလို့ ငါတို့ကုမ္ပဏီက အပေါက်စောင့်ကို ရွှေတိဂုံဘုရားလမ်း၊ ဆောက်လုပ်ရေးရုံးရှေ့က မှတ်တိုင်မှာ စောင့်ခိုင်းရုံရယ်ပါ"

"မပြေးသော် ကန်ရာရှိ ဆိုသလိုပေါ့။ မင်းတို့တံခါးစောင့်က လူတစ်ယောက် ပေးတဲ့ငွေကိုယူပြီး စန္ဒာတို့ကားအလာ စောင့်ပြီး ကန့်လန့်ကန့်လန့် လုပ်တယ်။ စန္ဒာ့ဒရိုင်ဘာက တိုက်ချင်ယောင် ဆောင်တယ်၊ ပြီး ရဲစခန်းခေါ်တယ်၊ ဆေးရုံ ခေါ်တယ်၊ ဒဏ်ရာ မယ်မယ်ရရမဖြစ်လို့ ကြေအေးတယ်၊ ဖြစ်စဉ်က ဒါပဲ၊ သို့ပေမယ့် နောက်ပိုင်း ဝစ္ဆဝတီဟာ သူ့အဖေ ရုံးကလူနဲ့ ပေါင်းပြီး စန္ဒာ့ဒရိုင်ဘာကို တစ်ဖက်လှည့်နဲ့ ဒီပုံစံ စီစဉ်ခိုင်းတာလေ"

"ဒါတွေအားလုံး မင်းက သိနေပါလား"

"ဟ... ဒီကိစ္စမရှိုးမှန်းသိလို့ ငါက စုံထောက်လုပ်ပြီး နောက်ပိုင်းက လှည့်စုံစမ်းခဲ့ထာကိုး"

"ဒါနဲ့တောင် မင်းက ငါ့ကိုရော ဝစ္ဆဝတီကိုပါ ပြဿနာ မလုပ်ဘူးလား"

"လုပ်ချင်စရာပါပဲ၊ သို့ပေမယ့် မင်းက ဘုမသိဘမသိ ကူညီချင်လို့ကူညီတာ၊ စန္ဒာ့ကို ဒီလိုဖြစ်အောင် လုပ်မယ်မှန်းသိရင် မင်းကူညီမှာလား"

"အို...ဝေးသေး၊ ခုပဲနောက်ပိုင်းဒီလို ဒီလိုဖြစ်ကြောင်း ရိပ်မိလို့ ဝတ္ထုကိုဟောက်တော့ ဒီဝတ္ထုမ ဝန်မခံဘူး၊ ဖွတ်ခြင်းတယ်

ခက်တာက အဲဒီတုန်းက ငါလည်း မင်းလောက် မစုံစမ်းတတ်တော့ ပြီးတာလည်း ပြီးသွားတာပေါ့"

"စန္ဒာတို့ဒရိုင်ဘာမှာတော့ ထိခိုက် နစ်နာသွားရှာတယ်၊ ရန်ကုန်ရှိ ညွှန်ကြားရေးမှူး ယာဉ်မောင်းဘဝက ပြုတ်ရုံတင်ပါ၊ သူ့ကို ငဲ့ညှာသောအားဖြင့် ပြတိုက်လောက်သာရှိတဲ့ ကားအသုံးနည်းတဲ့နယ်ကို ပို့ပြီး အဲဒီက ကားမောင်းခိုင်းတဲ့ ပုံစံနဲ့ အရေးယူခဲ့တာပါ"

"ဒီလို...ဒီလို... ကိစ္စကြီးငယ်ကို ဝတ္ထုက စန္ဒာ့အပေါ် ကျူးလွန်တာလည်း မနည်းတော့ဘူး။ ငါလည်း သိရင်သိသလို တားတာပါပဲ၊ ဒါပေမယ့် ဒီကောင်မလေးဟာ လူဖြူသလောက် မနော မဖြူဘူးကွာ"

"ထားပါတော့၊ သူ့အကုသိုလ်နဲ့ သူ ကျိုးပေးပါလိမ့်မယ်၊ တတ်နိုင်ရင်တော့ သူ့ကို အကုသိုလ်မဖြစ်အောင် စန္ဒာ့ဘက်က အမြဲ ခွင့်လွှတ်ထားပါတယ်၊ ဒီအတိုင်းဖြစ်ဖို့ ငါတို့လည်း ဝိုင်းပြီး ဖျောင်းဖျနေပါတယ်"

"အေးပါ... မင်းကတော့ ကံကောင်းပါတယ် ကိုဒေါင်းရာ"

"အေး... မှတ်ထား။ ဘိုးဘိုးရှင်ရသေ့က ပြောတယ်၊ စိတ်ထားကောင်းမှ ကံကောင်းမယ်တဲ့"

ထိုစကားကို ထိုစဉ်က စိုင်းမွန်သာ အလေးအနက် မသိရှိ အမှန်။

စိုင်းမွန်သာ တစ်ယောက်သာမက၊ လူအတော်များများ လည်း အဓိပ္ပာယ်မှန်ကို မသိကြပါ။

"ကံဆိုတာ ပါဠိလို ကမ္မကလာတာပဲ၊ ပြုလုပ်ခြင်းလို့ အဓိပ္ပါယ်ယူကြတာကိုး။

အမှန်က ကံဆိုတာ စေတနာ၊ စေတနာဆိုတာ စေတသိက်တစ်ခု၊ စေတသိက်ဆိုတာ စိတ်နဲ့ယှဉ်တွဲပြီး ဖြစ်လာတာ၊ ဒါ့ကြောင့်စိတ်တည်းဟူသော စေတနာကောင်းမှ ကံကောင်းမှာလို့ ဆိုခြင်းဖြစ်တယ်”

ဟူ၍ ဘိုးဘိုးရှင်ရသေ့က ဒေါင်းနွယ်စကြာကို ရှင်းပြခဲ့ဖူးသည်။

စိတ်စေတနာ အလွန်ကောင်းသော စန္ဒာဒေဝီ ကံကောင်းပါမည်ဟု ဒေါင်းနွယ်စကြာ ယုံကြည်၏။

သူသည် စန္ဒာဒေဝီကို အသက်ငါးနှစ်သမီး အရွယ်ကတည်းက စတင်ဆုံတွေ့ပြီး အိမ်နီးချင်းအဖြစ် ရင်းနှီးခဲ့ရသည်။ ဤကလေးမသည် အရမ်း စိတ်ထားကောင်း၏။ သို့သော် မဟုတ်ဘူးထင်လျှင် လက်မခံ၊ ပြောစရာရှိ ပြောပစ်တတ်၏။ ပြိုင်စရာရှိ ပြောင်ဖွင့်ပြိုင်၏။

သူသည် လမင်းကဲ့သို့ ဝင်းပါသည်။ ထူးကဲစွာ လှပသည်။ ရုပ်ရည်ရောကိုယ်လုံးပါ စံချိန်မြင့်မားစွာလှသည်။ ကျောင်းတွင် စာတော်သည်။ ဝတ်စားဆင်ယင်မှု အလွန်မြန်မာဆန်သည်။ သူ့ကို ယောကျ်ားလေးတွေက အလွန်အသားပေးပြီး ဆက်ဆံကြသည်။ ပိုးကြပန်းကြသည်။ စန္ဒာက ဘယ်ယောကျ်ားကိုမျှ အမုန်းမပွားအောင် ကြောက်ကန်ကန်သည့် အမူအရာ၊ အပြောအဆိုကို မလုပ်ခဲ့။ ကြောက်လည်းမကြောက်၊ အလိုလည်းမလိုက်။ တည်တည်ကြည်ကြည် ကျွန်ုပ်သိကျွာအပြည့်နှင့် ဆက်ဆံသည်။

သို့သော် သူ့ရုပ်ရည်နှင့် မလိုက်အောင် မာကြောကြောလေးနေတတ်၊ ပြောတတ်၊ လုပ်တတ်၍ တစ်ခါတစ်ခါ မဟုတ်မခံ ပြတ်သားတတ်သည်။ အကြောမခံသည့် ဓာတ်ခံကလေးက ကြောသူအဖို့ နားလည် သဘောပေါက်စေတတ်သည်။

ဤသို့ဖြင့် သူတို့တွေ အထက်တန်းကျောင်းတွေ အောင်ခဲ့ကြသည်။ ဤသို့ဖြင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားကြီးတွေ ဖြစ်လာကြသည်။ ဆေးတက္ကသိုလ်(၁)သို့ တက်ရသော ဒေါင်းနွယ်စကြာမှအပ ကျန်အများစုက ဒဂုံတက္ကသိုလ်အသစ်ကြီးတွင် အတူတက်ဖြစ်ကြသည်။

သူငယ်ချင်းအုပ်စုထဲတွင် စန္ဒာဒေဝီကို ငယ်ငယ်ကတည်းက ဆုံးချင်းယှဉ်၍ အမြို အပြိုင်နွဲနိုင်သူမှာ ဝစ္ဆဝတီ တစ်ယောက်သာရှိသည်။ သူ့အရည်အချင်း၊ သူ့ရုပ်ရည် ပုံပန်းသဏ္ဌာန်တို့ကလည်း စန္ဒာဒေဝီနှင့် မတိမ်းမယိမ်းမို့ သူက ယှဉ်ပြိုင်ဝံ့သည်။ သို့သော် စိတ်ဓာတ်ရေးရာတွင်တော့ ကွာခြား ဆန့်ကျင်နေ၏။ နောက သူလမ်းသူလျှောက်၍ သူအလိုလိုတော်နေခြင်း၊ အရည်အချင်း ရှိနေခြင်းဖြစ်သည်။ ဝတီက အတင်းလိုက်ပြိုင်နေသူ ဖြစ်သည်။ ရိုးရိုးနည်းနှင့်ပြိုင်၍မရနိုင်ပါက ဆန်းဆန်း နည်းမျိုးဝုံ ဆုံးရှာ၍လည်း အနိုင်ယူရန် ကြိုးစားတတ်သေး၏။

ယခုလို ဇာတိချက်ကြွေ မိဘမြေ၌ ကဆုန်ညောင်ရေသွန်းခဲ့တော်ကြီးမျိုးတွင် ရပ်နီးရပ်ဝေးက ရပ်ဆွေရပ်မျိုးများ ကြုံတောင့်ကြုံခဲ့ အချိန်တွင် အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ဆက်ဆံကြရသည်။ ဤအချိန်မျိုးမှာပင် ဝစ္ဆဝတီက စန္ဒာဒေဝီကို အခွင့်ရလျှင်ရသလို ကျွေးပေးသေး၏။

အာယုဆံတော်ရှင်ဘုရား၏ ရင်ပြင်တော်၌ စန္ဒာဒေဝီကို ဒေါင်းနွယ်စကြာတို့ တစ်သိုက်နှင့်အတူတကွ တွေ့ရကတည်းက ဝစ္ဆဝတီ မလိုတမာ ဖြစ်နေခဲ့သည်။ သူက ထုံးစံအတိုင်း စိုင်းမှန်သာနှင့် ခင်မောင်ရင်၊ သန္တာယမင်းတို့နှင့်အတူ ဤပွဲတော်ကို လာခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်မိဘများလည်း ရောက်နေကြပြီ ဖြစ်သည်။

ဘုရားရင်ပြင်ပေါ်၌ ကိုဒေါင်းတို့ကို နှုတ်ဆက်ပြီး မျက်ရိပ်မျက်ခြည် ကြည့်နေစဉ် စန္ဒာဒေဝီနှင့် အပေါင်းအဖော်နှစ်ဦးတို့ မြောက်ဘက်လှေကားမှ အလစ်ပြေးဆင်းသွားသည်ကို မြင်သည်။ ဝစ္ဆတေက ဘာများလဲဟု သိချင်စောဖြင့် သန္ဓာဃမင်းကို ခေါ်ကာ လစ်၍ နောက်ယောင်ခံလိုက်ခဲ့သည်။

လမ်းတွင် . သူ့ဘော်ဒါ ခပ်မိုက်မိုက် ကျောင်းနောက်သုံးဦးနှင့် တွေ့သည်။ ဝစ္ဆတေ အချည်းနှီးအဖြစ်ဆုံး။ ထိုသုံးဦးသည် သူ့ကိုပိုးနေသူများဖြစ်ရာ သူလိုချင်သော အကူအညီကို ရအောင် တောင်းခဲ့သေးသည်။

စန္ဓာဒေဝီနှင့် သူဇာလွင်တို့က ရှေ့မှ သုတ်သုတ်သွားရာ ဒေါင်းနွယ်စကြာနှင့် မကြည်ပြာတို့က နောက်မှ သုတ်သုတ်လိုက်ခဲ့ရ၏။ အောင်စကြာဘုရားကုန်းမှ အောက်သို့ ကွေ့ဝိုက်၍ ဆင်းလာခဲ့သည်။

"ဟော... စန္ဓာတို့ပါလား"

လူသုံးယောက် သူတို့ရှေ့မှ ပိတ်ရပ်နေကြသည်။

"ကိုသက္ကမောင်တို့လည်း ပွဲတော်လာကြတယ်ပေါ့"

"ဟုတ်ပ...ဟုတ်ပ၊ စန္ဓာ့ကို မတွေ့တာကြာပြီ၊ ခုမှပဲ တွေ့ရတော့တယ်"

"ဟုတ်ပါတယ်၊ ရှင်တို့ကို ကျောင်းမှာ မတွေ့မိဘူး"

"ဟဲ...ဟဲ၊ စန္ဓာက ကိုယ်တို့ကို သတိထားကြည့်နေကြောင်း သိရလို့ ဝမ်းသာပါတယ်"

"ကြည့်ဆို...ဝစ္ဆတေရဲ့ အဖွဲ့တွေပဲ၊ သူငယ်ချင်းတွေပဲ"

"အာ... စန္ဓာရဲ့ အဖွဲ့လို့လည်း ပြောလို့ရပါတယ်နော်၊ ဟဲ...ဟဲ"

"စန္ဓာ့အဖွဲ့ဆို ကျောင်းမပြေးရဘူးလေ၊ ကျောင်းမှန်မှန် တက်ပါလားရှင့်"

"အဲ...အဲဒီစေတနာမျိုးကလေး ကြိုက်သွားပြီ၊ ကိုယ်တို့က ခရီးလွန်နေလို့ပါ၊ ကျောင်းရက်တွေ ပျက်နေပေမယ့် အဝေးကနေ စန္ဓာ့ကို အမြဲသတိရလျက်ပါပဲကွာ"

သက္ကမောင်က ရိုသေသဲ့ ပြောသည်။ စိန်ကြာဒိုးက ဝင်၍ ပြော၏။

"ဒီကောင်လား... ကွယ်ရင်မေ့၊ တွေ့ သေအောင်လွမ်းဆိုတဲ့ကောင်မျိုး၊ စန္ဓာ့ကို တကယ်လွမ်းတာက ဟောဒီက ကိုကိုဒိုးရယ်ပါ၊ မယုံရင် ဒီကောင် အာကာကိုမေး၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒီကောင်ငဒိုးမှ စန္ဓာ့အကြောင်း အမြဲပြောတဲ့ကောင်၊ ဒီကောင်စန္ဓာ့ကို တစ်ဖက်သက်ချစ်နေတဲ့ကောင်၊ စန္ဓာ့ကို ရည်းစားစာပေးတာ အစောင်တစ်ထောင် ရှိပြီတဲ့"

"ကဲ... စန္ဓာရေ၊ ကိုကိုဒိုး မင်းလေးကို ဘယ်လောက် ခွဲလမ်းရတယ်ဆိုတာ အရပ်က သိကုန်ပြီ၊ ဒီလောက်ကြီးမားတဲ့ အချစ်ကို စဉ်းစားပေးပါလား"

"အေးပါ... ကိုကြာဒိုးကြီးမှာ အချစ်တွေ တောင်လိုပုံအောင် ပေါတာ၊ စန္ဓာသိပါတယ်၊ ဝစ္ဆတေက သူ့ကိုပေးတဲ့ ရည်းစားစာတွေ ပေးဖတ်လို့ သိထားပါတယ် နော်"

"ဟယ်... အဲဒါသူက အသားလွတ်စန္ဓာ့ကို ကြွားချင်လို့၊ သူလည်း စန္ဓာ့လို စွန်ကြောင်း ပြိုင်နေတာ၊ တကယ်တော့ ကိုကိုဒိုးက စန္ဓာ့ကိုမှ တကယ်ချစ်တာပါကွာ၊ နော်လို့...နော်"

ကိုစိန်ကြာဒိုးက ပါးစပ်ကပြော၍ အားမရသဲ့ စန္ဓာ့လက်ကို သွားဆွဲသည်။

"ဟေ့... ပါးစပ်ကပြောရရင် ကျေနပ်ပါ ကိုဒိုးကြီး၊ လက်မပါတမ်းလေ"

"ဩော်...ဟော်၊ ကိုယ်ရံတော်တပ်မှူးလေး မောင်ဒေါင်းက အကာအကွယ် ပေးမလို့လား"

"ဒီလိုလည်းမဟုတ်ပါဘူး၊ ကျွန်ဖြူရှင် မိန်းမသားကို သိက္ခာရှိရှိ ဆက်ဆံမှ ခင်ဗျားအတွက် အကျိုးရှိမှာပါလို့ ပြောချင်တာပါ"

"အောင်မယ်... မင်းက လာဆုံးမနေတာလား၊ စမ်းချင်လို့လား ကိုယ့်လူ"

"ဟာ...ဒီသဘောမဟုတ်ဘူး၊ ကိုဒိုးကြီး"

"ဒီသဘောမဟုတ်ရင် ဝင်မရှုပ်နဲ့၊ သူများကိစ္စ ဝင်ဝင်ရှုပ်တဲ့ကောင် မချောင်ဘူးမှတ်"

ပြောပြောဆိုဆို စိန်ကြာဒိုးတို့ သုံးယောက်က ဒေါင်းနွယ်စကြာကို ဝိုင်းထားလိုက်ကြသည်။

"ဟိုး...နေဦး၊ ခင်ဗျားတို့က ဖိုက်ကြမလို့လား"

"အဖိုက်မခံချင်ရင် မင်း ဒီက အခုထွက်သွား"

"အို...မလုပ်ကြပါနဲ့၊ ပွဲတော်ကြီးမှာ ရန်မဖြစ်ကြပါနဲ့၊ ရှုတ်ရှုတ်သဲသဲဖြစ်ရင် မကောင်းပါဘူးရှင်၊ တော်ကြပါတော့"

စန္ဒာဒေဝီက တောင်းပန်ရှာသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့ ဝုန်းဒိုင်းကျဲရင် နာမည်ပျက် အရှက်ရမှာက စန္ဒာတို့ မိန်းကလေးတွေပါ၊ ဒါ့ကြောင့် သူမျက်နှာထောက်ပြီး မဖိုက်ချင်ကြပါနဲ့၊ အဲ...အဲ၊ ခင်ဗျားတို့ စိတ်ဝင်စားမယ်ဆိုရင် ဖိုက်မယ့်အစား ကျွန်တော်က သရုပ်ပြမယ်၊ ကြည့်ကြပါ..."

ဒေါင်းနွယ်စကြာက စကားအဆုံးတွင် လေကျွမ်းသုံးပတ် ပစ်၍ ဝိုင်းထားသည့် သုံးယောက်ကြားမှ ခုန်ထွက်သွားသည်။ စိန်ကြာဒိုးတို့ သုံးယောက်လည်း သူတို့ကျောဘက်ကို ရောက်သွားသည့် ဒေါင်းနွယ်စကြာကို မျက်နှာမူရန် တစ်ပတ်လှည့်ကြရသည်။

"ဟာ... ဒီမှာကြည့်၊ ဒါက ကိုဒိုးကြီးရဲ့ အိတ်ထဲက ဘာပင်"

ဒေါင်းနွယ်စကြာက ခရော့စ်ဘောပင် ရွှေရောင်ကလေး ထောင်ပြလိုက်သည်။

စိန်ကြာဒိုး သူရင်ဘက်က အိတ်ကိုစမ်းရာ သူ့ဘောပင် မရှိတော့၍ အံ့အားသင့်သွား၏။ အခုန ဒေါင်းနွယ်စကြာ လေကျွမ်းပစ်စဉ်က သူရင်ဘတ် တင်းခနဲဖြစ်သွားတာကို ယခုမှ သတိပြုမိသည်။

"ဟာဒါကို ကြည့်ပါဦး၊ ဒါက ကိုအာကာ့ လက်မောင်း အိတ်ထဲက မောင်းပြန်ဓား"

ထိုအခါမှ စောစောက ဒေါင်းနွယ်စကြာ ကျွမ်းပစ်သွားစဉ် သူ့လက်မောင်းကို ဆွဲသွားကြောင်း ခံစားလိုက်ရသည်ကို သဘောပေါက်သွားသော အာကာ့လည်း တွန့်ခနဲဖြစ်သွား၏။

"သက္ကမောင်ရေ...မင်းက ငါ့နောက်မှာ ရှိနေတာမို့ မင်းဆီက ဘာမှမယူဖြစ်ခဲ့ဘူး၊ ဒါပေမယ့် မင်းကို ပေးခဲ့တယ်လေ"

"ဘာ...ဘာပေးခဲ့တာလဲ"

"ဒီလိုပါ၊ မင်းရဲ့ ဟနေတဲ့ အကျီအိတ်ထဲကို ဂဝံကျောက်ခဲ တစ်လုံး ခြေနဲ့ကလော်ပြီး ထည့်ပေးခဲ့တယ်၊ ကြိုက်တတ်ရင် အမှတ်တရ ယူသွားပေါ့"

ထိုအခါ သက္ကမောင် သူ့ရင်ဘတ်က အိတ်ကပ်ကိုစမ်းမိရာ ခိုးလိုးခုလုနှင့် ဆီးသီးခန့် ကျောက်ခဲတစ်လုံး ထွက်လာသည်။ ထိုအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး တအားခါနေသည့် ညစ်ပတ်ပေရေမှာ စိုးသည့်ပုံ။

"အေးမျာ... သက္ကမောင်လို တော်ဇောတ်သပ်ရပ်ပြီး သန့်သန့်ရှင်းရှင်း နေတတ်တဲ့လူကိုမှ အိတ်ထဲကို ကျောက်ခဲ ညစ်ညစ်ပတ်ပတ် ကလော်သွင်းမိတာကိုတော့ တောင်းပန်ပါတယ်"

"အေး... ဒီလို အရမ်းလျှောက်လုပ်တာကို မကြိုက်ဘူးကွ၊ ဘာလဲ မင်းက တို့ကိုကျွမ်းဘားကစားပြပြီး ခြိမ်းခြောက်တဲ့ပုံလား"

"ခက်ပါပြီ... သရုပ်ပြပါတယ်ဆိုမှ ခြိမ်းခြောက်တယ် ထင်ပြန်ပြီ"

"အေးကွ...မင်းက ကုန်းကိုးကုန်းထွက် ဆိုလား ဘာလား ကြားဖူးတယ်၊ ဘယ်ကထွက်ထွက် ဒီလောက်ပညာနဲ့ လာပြလို့ ငါက မကြောက်သေးဘူး"

"ကောင်းပြီ...ဒါဆို နောက်တစ်မျိုးပြမယ်၊ ကြည့်"

ဒေါင်းနွယ်စကြာက မြေကြီးမှ ဂဝံကျောက်ခဲ သုံးလုံးကို ခြေနှင့်ကလော်တင်ပြီး လက်ဝါးနှင့် ဆင့်ကာဆင့်ကာ ရိုက်ထုတ်လိုက်သည်။ လူပ်ရှားမှုက သိပ်မြန်၍ ရိပ်ခနဲသာ မြင်လိုက်ရသည်။ ဘေးနားရှိ သစ်သားဓာတ်တိုင်ကို ကြက်ဥအရွယ်ရှိ ခဲသုံးလုံး ပြေးမှန်၏။

"ဖောင်း...ဖောင်း...ဖောင်း"

မှုန်ချက်ပြင်း၍ အသံ အလွန်ကျယ်သည်။ ဓာတ်တိုင်ပင် အနည်းငယ် လှုပ်ခါသွားသည်။

"သွားကြည့်ကြမှာ... ခဲမှန်တဲ့အရာတွေ တွေ့ရမယ်၊

တစ်လုံးက ငါးပေရှစ်လက်မ အမြင့်ကို ထိတယ်၊ ကိုဒိုးကြီး သွားတိုင်းဗျာ၊ ခင်ဗျားနှာယောင်နဲ့ အမြင့်ချင်းတူရမယ် ထင်တာပဲ၊ နောက်တစ်လုံးက ငါးပေခြောက်လက်မ၊ သက္ကမောင်ရဲ့ နှာယောင်နဲ့ တစ်တန်းတည်း ရှိမယ်၊ ကျန်တဲ့အရာက ငါးပေလေးလက်မ ဆိုတော့ ကိုအာကာ့နှာယောင်နဲ့ အကိုက်၊ အဲဒါ ကျွန်တော် ကွင်းကိုးကွင်း မှာနေခဲ့တုန်းက သင်ကြား တတ်မြောက်ထားတဲ့ သိုင်းပညာပဲ"

လူသုံးယောက် ငိုင်သွားကြသည်။ သစ်သားတိုင်မှ ခဲရာများ လှမ်းမြင်နေရသည်။

"အဲဒါတွေက ကျွန်တော်ရဲ့ တိုက်ကွက်တွေဗျ၊ အရှောင် အတိမ်းကိုကြည့်"

ဒေါင်းနွယ်စကြာ ခပ်ကျဲကျဲ ရပ်နေသော ထိုလူသုံးယောက် ကြားထဲဝင်၍ ကွေ့ပတ်ပြေးပြီး သူ့နေရာသို့ ပြန်လာ၍ရပ်သည်။ လှစ်ခနဲနေအောင် မြန်သည်။

ဤပုံကို ကြည့်မြင်နေသော လူသုံးယောက် ခဏ ငြိမ်သွားစဉ်...

"လာ...လာ... စန္ဒာတို့... ကြည်ပြာတို့၊ သူဇာလွင်တို့၊ မက္ကာသီတို့ရေ သွားကြစို့... သွားကြမယ်လေ"

ပြောပြောဆိုဆို လူအနည်းငယ် ဝိုင်းကြည့်နေသည့် ကြားမှ ဖောက်ထွက်ကာ ဒေါင်းနွယ်စကြာက စန္ဒာဒေဝီ လက်ကလေးကို ဆွဲ၍ လျင်မြန်စွာ ထွက်ခွာသွားသည်။ မက္ကာသီ၊ သူဇာလွင်နှင့် ကြည်ပြာတို့လည်း အပြေးလိုက်ပါ သွားကြလေသတည်း။

အခန်း (၆)

မိတ်ဆက်စာနှင့် ရောက်လာသူများ

မီးရောင်တွေက မှိန်မှိန်။

စကားပြောသံများက တိုးတိုးတိတ်တိတ်။

အထာကိုက အဖြူတွေ စားသောက်လေ့ရှိတဲ့ စားသောက်ဆိုင်တို့ ထုံးစံအတိုင်း အထာကျကျ ငြိမ်သက် အေးငြိမ်းလှသည်။

ဆန်တာမော်နီကာဘိချ် ခေါ် ဆိပ်ကမ်း ဆိပ်ခံပေါ်ရှိ စားသောက်ဆိုင်များအနက် ဤဆိုင်ကိုမှ ရွေးပြီး ချိန်းဆိုခံရ၍ ဒေါင်းနွယ်စကြာ တော်တော်ကြောင်လှသည်။ အဖြူတွေက သူတို့ ယဉ်ကျေးမှုခလေ့အတိုင်း သူတို့အကြားတွင် အာရှတိုက်သား တစ်ယောက်ထီးတည်း ဝင်လာသည်ကို စိမ်းစိမ်းမကြည့်၊ စူးရဲရဲ မကြည့်။

တကယ့် မသိမသာကလေး ကြည့်သည်။ စိတ်ဝင်စားစရာတော့ အကောင်းသား။ ထို့အတူ တံခါးစောင့်ရော၊ နေရာချပေးသူရော၊ စားပွဲထိုးများပါ တစ်ဦးတည်းသော အာရှတိုက်သားကို စိတ်ဝင်စားသည်တော့ အမှန်။

ဒေါင်းနွယ်စကြာ နှစ်ယောက်အတွက် နံရံနောက်စားပွဲလေးကို ရွေး၍ထိုင်လိုက်သည်။ စားပွဲထိုးက ရေခွက်လာချအပေး၊ အဖော်လာမှ မှာစရာကို မှာမယ်လို့ ကြိုပြောလိုက်သည်။

သူကို ချိန်းထားသည့် အဖော်လာမည့် တံခါးပေါက်သို့ မျက်ခြည်မပျက် ကြည့်နေသည်။

လာပါပြီ၊ ဆံကောသ့အမည်းနှင့် အဖြူမလေး၊ ကာရော်ဘီယံ ကမ်းခြေနိုင်ငံမှ ကောင်မလေးနှင့်ပုံတူသလိုလို၊ ဒါက အများအမြင်တွင် သူပုံ။

ဒေါင်းနွယ်စကြာ အမြင်တွင် သူက စန္ဒာဒေဝီနှင့် အရမ်းတူ၏၊ သူ့ကိုမြင်တိုင်း ဝေးရပ်မြေက စန္ဒာကိုသတိရ၏။ လွမ်းဆွတ်၏။

သူနှင့် ခင်မင်ခဲ့သည်ကိုက စန္ဒာဒေဝီနှင့်တူလွန်းလို့ စိုက်ကြည့်ရာက သူကလေးက ပြန်၍သတိမူသည်။ မာရီယာလင်း။ သူနဲ့ ရင်းနှီးလာတော့ မာရီယာဟုပဲ ခေါ်ဖြစ်သည်။

အခု မာရီယာ ဝင်လာပါပြီ။

"ဟိုင်း..."

ဟု တိုးတိုး အသံပေးလိုက်ရုံ၊ လက်အသာထောင်ပြရုံနှင့် မာရီယာက မြင်သွားသည်။ ဒေါင်းနွယ်စကြာရှိရာ စားပွဲကို မပြေးရုံတစ်မယ် လျှောက်လာ၏။

"ဆောရီး...ဒေါင်း၊ နည်းနည်း နောက်ကျသွားတယ်"

မာရီယာက လော၍ ဝင်လာသည်။ စားပွဲထိုး တစ်ယောက်က သူတို့ မျက်နှာချင်းဆိုင် စားပွဲသို့ ခတ်လောလော ဖြတ်၍ ဝင်သည်။

နှစ်ယောက်သား တိုက်မိလေ၏။

"အိုး...အိုး"

စားပွဲထိုးက လည်အသွား သူ့လက်ထဲက ကော်ဖီခွက်နှင့် ပီစာမုန့်ပန်းကန်တို့ ထည့်ထားသည့် လင်ပန်းထိန်းမရဘဲ လွင့်ထွက်သည်။

ဖျတ်ခနဲ ဖြစ်၏။ လျှပ်တစ်ပြက်အတွင်း ဒေါင်းနွယ်စကြာ၏ ဝဲလက်ထဲ လင်ပန်းရောက်သွားသည်။ လက်ျာလက်ထဲ ဖိတ်စင်လု ကော်ဖီခွက် ရောက်၏။ လင်ပန်းပေါ်က မုန့်ပန်းကန်ကို တစ်ဖက်က ခြေဖြင့် ထိန်းမ,ထားလိုက်ပုံမှာ ဆပ်ကပ်ထဲက ပညာရှင်၏ လှုပ်ရှားပုံအတိုင်း။

လန်အော်ကြသည့် မာရီယာနှင့် စားပွဲထိုးတို့ ကြောင်၍ ကြည့်နေကြ၏။ လန်အော်သည့် မျက်နှာချင်းဆိုင်မှ အဘွားကြီး လည်း မျက်လုံးဝိုင်း၍ အံ့အားသင့်နေ၏။

ထိုစဉ် ဒေါင်းနွယ်စကြာက ဝဲဘက်လင်ပန်းထဲသို့ လက်ျာဘက်က ကော်ဖီခွက်ကို အသာတင်ပြီး စားပွဲထိုးလက်သို့ ပြန်အပ်လိုက်တော့သည်။

မြင်ရသူ၊ စားနေသောက်နေသူများက ဒေါင်းနွယ်စကြာကို ချီးကျူးကြသည်။ မာရီယာက...

"အိုး...ဒေါင်း။ ဆပ်ကပ်အဖွဲ့ထဲမှာ အလုပ်ကောင်းကောင်း လုပ်ဖူးတယ် ထင်တယ်"

"မလုပ်ဖူးပါဘူး မာရီယာ"

"ဒါဆို မာရီယာတို့ တီဗွီထဲမှာ ခဏခဏ တွေ့ဖူးတယ်၊ ဟိုတယ်နဲ့ စားသောက်ဆိုင် လုပ်ငန်းတွေက စားပွဲထိုးတွေရဲ့ ကျွမ်းကျင်မှုပြိုင်ပွဲ နှစ်စဉ်ကျင်းပပေးတာ မျိုးရှိတယ်၊ စားပွဲထိုးတွေ ဟာ လဲကျသွားတာတောင် သူတို့ကိုင်လာတဲ့ လင်ပန်းထဲက အရက်ပုလင်း အရက်ခွက်တွေ မမှောက်အောင် ပြန်ထိန်းနိုင်တဲ့နည်း။ ဒေါင်းက အဲဒီပြိုင်ပွဲမျိုးမှာ ဆုရဖူးလား"

"မရဖူးပါဘူး မာရီယာ၊ ဒေါင်းတို့နိုင်ငံမှာ ဘုန်းကြီးကျောင်းမှာ ဆရာတော်ကြီးနဲ့ ရှင်ရသေ့ကြီးတို့ သင်ပေးထားတဲ့ သိဒ္ဓိသိုင်းပညာ တတ်ထားလို့ပါ"

"အို...ဒီပညာ အရမ်းကောင်းတာပဲ"

"မတရားတဲ့သူတွေဘက်က ကယ်ဖို့ သင်ပေးထားတာ၊ ဗုद्धဘာသာအလိုအရ အခုကာလဟာ သာသနာ နှစ်ထောင့်ငါးရာ ပြည့်ပြီးလို့ သိကြားသာသနာခေတ်လို့ ခေါ်တယ်၊ ပြည့်ပြီးတာ ကိုးဆယ့်သုံးနှစ်ရှိပြီ၊ လူတွေဟာ ဒုစရိုက်တွေ များလာမယ်၊ သိကြားမင်းက မကောင်းမှုလုပ်တဲ့ လူတွေကို ဖယ်ပစ်မယ်၊ ကောင်းတဲ့သူတွေ ဒုက္ခရောက်ရင် ကယ်ပေးမယ်၊ ကောင်းတဲ့သူ ကယ်တင်မည်၊ မကောင်းတဲ့သူ ဖယ်ရှားမယ်တဲ့၊ ဘုရားတရားတော်နဲ့ အညီပေါ့"

"သိပ်ကောင်းတယ်၊ မာရီယာအဲဒီဝါဒကို အားကြီး ကြိုက်တယ်"

"ဘာလဲ မာရီယာက မကောင်းတဲ့လူတွေ တွေ့ထားလို့ ဖယ်ချင်ပြီလား"

"ဟင်း...ဟင်း။ ကြိုရင် ကယ်ပေးပါလား ဒေါင်း"

"ဟုတ်တယ်၊ ဒေါင်းငယ်ငယ်ကလေးကတည်းက ဆရာ ရှင်ရသေ့က ဆောင်ပုဒ်တစ်ခု ပေးထားတယ်၊ ကောင်းတဲ့သူကယ်၊ မကောင်းတဲ့သူ ဖယ်တဲ့၊ ဒေါင်းနွယ်စကြာလာပြီဟော့လို့ ကြွေးကြော်ပြီး မတရား အလုပ်ခံရတဲ့သူဘက်က ကူညီပေးရမယ်တဲ့"

"ဒေါင်းနွယ်လိုလူနဲ့ သိကျွမ်းရတာ ဝမ်းသာတယ်"

"ဝမ်းသာရင်လည်း ကျေးဇူးပါပဲ၊ ဒါနဲ့ ဒီကို တကူးတက ချိန်းတာ ဘာကိစ္စအထူးရှိလို့လဲ"

"ထူးတာရှိပါတယ်၊ ဒေါင်းဟာ မြန်မာပြည်ကလာတဲ့သူ ဆိုတာ သိကတည်းက မေးမယ် မေးမယ်နဲ့ စဉ်းစားခဲ့တာပါ၊ မာရီယာမှာ ဒေါင်းတို့ တိုင်းပြည်ကလူတွေနဲ့ ရင်းနှီးခဲ့သူတွေ ရှိတယ်၊ သူတို့က မေးခိုင်းလို့ပါ"

"ဘာမေးခိုင်းလို့လဲ"

"ဒေါင်းက ရန်ကုန်ဆိုတဲ့ မြို့တော်ကြီးက လာတာဆို"

"ဟုတ်တယ်"

"အဲဒီမြို့တော်ကြီးရဲ့ မြို့လယ်ခေါင်ကနေ မြောက်ဘက် (၁၅)မိုင် နီးနီးလောက်မှာ မော်စားကန် ဆိုတာ ရှိတယ်ဆို ဟုတ်လား"

"ရှိတယ်၊ အမှတ်တစ် လမ်းမကြီးကသွားရင် (၁၅)မိုင် နီးနီးဖြစ်ပြီး အမှတ်လေး လမ်းမကြီးကဆို မိုင်(၂၀)နီးနီးဝေးတယ်"

"အဲဒီ မော်စားကန်အကြောင်း ဘယ်လောက် သိသလဲ၊ ဒေါင်း"

"တော်တော်သိတယ်လို့ ဆိုရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီကန်ဟာ ဒေါင်းရဲ့ ဇာတိရွာ၊ ဘိုးဘွားမိဘတို့ရဲ့ရွာ ဖြစ်တဲ့ အာယုကန်ရွာနဲ့ ကပ်နေလို့ပဲ၊ ပြီးတော့ အာယုကန်နဲ့ တစ်ဆက်တည်း ဖြစ်နေလို့ပဲ"

"အို... ဟန်ကျလိုက်တာ၊ ဒါဆို အဲဒီမော်စားကန်ကို အင်္ဂလိပ်ခေတ်တုန်းက တာဝန်ယူခဲ့တဲ့ အရာရှိ ဝန်ထမ်းတွေကို ကြားဖူးလား"

"ကြားဖူးသလောက်ဆို၊ နောက်ဆုံး ကန်ဗိုလ် တာဝန် ထမ်းသွားတဲ့ ပြီတိသျှလူမျိုးဟာ မစ္စတာစီမို့စ်ဖြစ်တယ်၊ လက်ထောက် ကန်ဗိုလ်ဟာ မစ္စတာအာသာလင်း ဖြစ်တယ်"

"သူတို့လက်အောက်က မြန်မာလူမျိုး အမှုထမ်းတွေကို ရောသိလား"

"သိတာပေါ့... ဖထီး စောရှီးရှိဆိုတာ ကန်ရေထိန်း အရာရှိပဲ"

"ဒေါင်းက ဘာ့ကြောင့် ဒီလောက် သိနေတာလဲ"

"အဲဒီ ဖထီးစောရှီးရှိဆိုတာ ဒေါင်းရဲ့ ကျောင်းနေဘက် သူငယ်ချင်း စိုင်းမွန်သာရဲ့အဘိုးပဲ"

"အခု သူတို့ အသက်ရှင်လျက် ရှိတုန်းပဲလား"

"စိုင်းမွန်သာရဲ့အဖေ စောရှီးသာဆိုတာ ပထမလူမျိုးကြီး ပေါ့၊ အသက်အရမ်းကြီးမှ အပျိုကြီး နော်ခင်မွေးနဲ့ အိမ်ထောင်ကျပြီး တစ်ဦးတည်းသောသား စိုင်းမွန်သာကို မွေးခဲ့တာ"

"ကန်ဗိုလ်မစ္စတာ စီမို့စ်ဆိုတာရော၊ ရှိသေးလား"

"ဟာ... အခုရှိရင် အသက် (၁၀၀)လောက် ရှိမှာလေ၊ သေပြီပေါ့၊ သူလက်ထောက် အာသာဘာကင်းရဲ့ သားထွေး ဗျန်ကင်းနဲ့ ဇနီး ဒေါ်သန်းသန်းရိတို့ ရှိကြသေးတယ်၊ အိုကြပြီ၊ အဲဒီမစ္စတာဗျန်ကင်းရဲ့မြေး မဂ္ဂာသီဟာ ဒေါင်းရဲ့ ကျောင်းနေဘက် သူငယ်ချင်း တစ်ယောက်ပါပဲ"

"အဲဒီ ဒေါင်းရဲ့ သူငယ်ချင်းတွေရဲ့ လိပ်စာပေးပြီး မိတ်ဆက်စာပါ ရေးပေးလို့ရမလား"

"ဟေ... ဘာလုပ်ဖို့လဲ မာရီယာ"

ဒီလိုမေးလိုက်သည့် ဒေါင်း၏ ရုတ်တရက် အဖြေကို မာရီယာလင်း ခဏမျှ စဉ်းစားနေသည်။ ပြောသင့် မပြောသင့် ချင့်ချိန်နေခြင်းဖြစ်၏။ သူတို့သိကြသည်မှာ သုံးလခန့်သာ ရှိသေးသည်။

ဒေါင်းနွယ်စကြာ အမေရိကန်ပြည် လော့စ်အိန်ဂျလိစ် မြို့ Calves City သို့ ရောက်နေသည်မှာ ငါးလကြာပြီ။ သူ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ MB.,B,S ဘွဲ့ရပြီး အလုပ်သင် ဆရာဝန်တစ်နှစ်နေခဲ့သည်။ စိတ်ရောဂါ အထူးကုဆေးရုံတွင် တာဝန်ထမ်းခဲ့သည်။ ထိုမှ စိတ်ညှိုးကုနည်း၊ အိပ်မွေ့ချကုနည်း ပညာရပ်များ သင်ယူရန် ပညာသင်ဆု လျှောက်ထားခဲ့ရာ IPSB (Inotitute of Pscho-Structural Balancing) တက္ကသိုလ်ကို တက်ရောက်ခွင့် ရခဲ့ခြင်းဖြစ်သည်။

တစ်နေ့သ၌ EFT Hypnotherapist ခေါ် စိတ်လှုပ်ရှားမှုကင်းသောနည်းပညာ (Emotional Freedom Technique) နှင့် စိတ်ညှိုးကုနည်းပညာရှင်ထံ လေ့လာရေးခရီး သွားရစဉ် မာရီယာလင်းနှင့် တွေ့ဆုံခဲ့သည်။ သူကလည်း စိတ်ပညာနှင့် ရောဂါကုသပေးသော အတတ်ပညာကို တတ်သည့် Sonl Healing ခေါ် ဝိညာဉ်ကုသခြင်း ဂိုဏ်းဝင်တစ်ဦးဖြစ်သည်။

မာရီယာက ဒေါင်းနွယ်စကြာကို တွေ့လျှင်တွေ့ချင်း ခင်မင်စိတ် ရှိသည်ဆိုကာ ကိုယ်တိုင် လာရောက် မိတ်ဆက်သည်။ ဒေါင်းနွယ်စကြာကလည်း မာရီယာကို တွေ့လျှင် စန္ဒာဒေဝီနှင့် အတော်တူသဖြင့် သဘောကျမိသည်။ ယခု သူတို့နှစ်ဦး မိတ်ဆွေဖြစ်ခဲ့သည်မှာ သုံးလရှိပြီ။

ဒေါင်းနွယ်စကြာကို ယခုလို ဖိတ်ခေါ်ပြီး မြန်မာပြည် အကြောင်းများကိုမေးမှ "ဒီအမျိုးသမီး ငါ့ကို ခင်အောင် ပေါင်းတာ မြန်မာပြည်နဲ့ အဆက်အစပ်ရှိလို့ကိုး" ဟု သဘော ပေါက်လာ၏။

မာရီယာသည် အကြောင်းစုံကို ဒေါင်းနွယ်စကြာအား ပေးသိခွင့်ပြုရန် သင့်မသင့် စဉ်းစားနေသည်။

"ကြည့်ရတာ မာရီယာဟာ ဒေါင်းတို့ မြန်မာပြည်နဲ့ အဆက်အစပ် ရှိပုံရတယ်"

"ရှိတယ် ဒေါင်း... မာရီယာရဲ့အဘိုးဟာ ဒုတိယကမ္ဘာစစ်မတိုင်မီက မြန်မာပြည်မှာတာဝန် ထမ်းခဲ့တဲ့ ဗြိတိသျှအရာရှိတစ်ဦး ဖြစ်ပါတယ်"

"ဩော်...အဘိုးက မြန်မာပြည်အကြောင်းတွေ ပြောပြလို့ သိနေတာပေါ့နော်"

"မဟုတ်ပါဘူး။ ဘိုးဘိုးက စစ်အတွင်းမှာ သေဆုံးခဲ့တယ် အချို့ကိစ္စ နည်းနည်းလောက်ကို မာရီယာ့အမေ ပြောပြလို့ သိတာပါ။ ဒါပေမယ့် မြန်မာပြည်ကို အရမ်းစိတ်ဝင်စားလို့ အလည်သွားကြည့်ချင်လို့ပါ"

"ဒါဆို... ဒေါင်းမိဘတွေရဲ့ လိပ်စာ ရေးပေးလိုက်မယ်၊ သွားတွေ့ပေါ့၊ လိုတဲ့အကူအညီ တောင်းပေါ့။ အေးပါ...အေးပါ မာရီယာလိုချင်တဲ့ ဒေါင်းရဲ့ကျောင်းနေဖက် နှစ်ယောက်ရဲ့ လိပ်စာကိုလည်း အခုပဲ ရေးပေးလိုက်ပါ့မယ်"

ဒေါင်းနွယ်စကြာ လိပ်စာတွေအားလုံး ကောက်ရေးသည်။ သူ့မိဘများကား အငြိမ်းစားယူပြီး၍ ပြည်ထောင်စု ရိပ်သာတွင် မနေတော့ပါ။ အောက်ပါအတိုင်း လိပ်စာများ ရေးပြီး မိတ်ဆက်စာ နှစ်စောင်ပါ ရေးပေး၏။

စိုင်းမွန်သာ။ Sai Mon Tha

ဒါရိုက်တာ။ Director

လောကနတ် လူမှုအနုပညာပစ္စည်း ကုမ္ပဏီလီမိတက်။

Law Ka Nat Arts & Crafts Co., Ltd.

ပြည်လမ်း။ Pyay Road

ရန်ကုန်။ Yangon.

မက္ကာသီမိုးသီး။ Mac Cathey
ခရီးသွားပို့ဆောင်ရေးလုပ်ငန်း။
Tourist Transoport Services.
မော်တော်ယာဉ်ငှားရမ်းရေးလုပ်ငန်း။
Car Rental Service
အလုံလမ်း၊ ရန်ကုန်။ Alone Road, Yangon.

မာရီယာသည် သူ့အကြောနှင့် ကြိုတင်စီစဉ်လာသူ ဖြစ်သည်။ ဒေါင်းနွယ်စကြာ ရေးရာစာရွက်များနှင့် ထည့်ရန် စာအိတ်များကို သူ့လက်ဖွေ့အိတ်ထဲမှ အဆင်သင့် ထုတ်ပေးခဲ့သည်။

ဒေါင်းနွယ်စကြာ စိတ်ထဲတွင် ဒီအမျိုးသမီး သာမန်ထက် ထူးခြားနေပုံကို အလိုလို သိတော့ သိနေသည်။ မြန်မာပြည် သွားရန်ရှိသည်ဆို၍ စန္ဒာဒေဝီအတွက် ရေမွှေးနှင့် အမျိုးသမီး အသုံးအဆောင်တချို့ လူကြိုအပ်ချင်သည်။

သူ့မိဘများနှင့် စန္ဒာ့မိဘများအတွက်လည်း လက်ဆောင် ပေးချင်သည်။

"ဒါနဲ့ မာရီယာ... ဒေါင်းမိဘတွေနဲ့ မိတ်ဆွေအချို့အတွက် လက်ဆောင်ပစ္စည်း နည်းနည်းအပ်လိုက်ချင်တယ်၊ ယူသွားပေး နိုင်မလား"

မာရီယာ ခဏမျှ စဉ်းစားသည်။

"ဒေါင်း မိဘတွေအတွက် နည်းနည်းပါးပါး လောက်သာ ယူသွားပေးနိုင်မယ်၊ အများကြီး ဆိုရင်တော့..."

"ရပါတယ်... ဒေါင်း နားလည် သဘောပေါက်ပါတယ်၊ မိဘအတွက်သာ ပေးလိုက်ပါတော့မယ်"

ဒေါင်းနွယ်စကြာ တစ်ခု တွေးမိသွားသည်။ အကယ်၍ မာရီယာ မြန်မာပြည်ကို အပျော်ခရီး သွားမည်ဆိုပါက လူများများ၊ မိတ်ဆွေများများနှင့် သိချင်မည့်သဘော ရှိသည်။ ယခုပုံစံက သူသိလိုသူ၊ တွေ့လိုသူများကိုသာ သီးသီးသန့်သန့် မေးပြီးသွား မည့်ပုံ။ "ထားပါတော့လေ၊ အနောက်တိုင်းသူ ဘိုင်းသားတွေရဲ့ ဝလေ့ဟာ ဒီလိုပါပဲ" ဟုတွေးကာ အပိုမစဉ်းစားတော့ပါ။

စားသောက်ဆိုင်ကအပြန် သူတို့နှစ်ဦး မောလ်ထဲဝင်ပြီး ဒေါင်းနွယ်စကြာ မိဘအတွက် အားဆေး နှစ်ဘူးလောက်နှင့် စပျစ်သီးခြောက် တစ်ထုပ်ဝယ်ပြီး ပါကင်ထုပ်ခိုင်းကာ မာရီယာကို အပ်လိုက်သည်။

"နောက်မှ ပြန်လည်ဆုံတွေ့ကြတာပေါ့...ဘိုင်ဘိုင်"

ဟု နှုတ်ဆက်ခွဲခွာစဉ် ဒေါင်းနွယ်စကြာ စိတ်ထဲ၌ တစ်မျိုးကြီး ခံစားခဲ့ရသည်။ မာရီယာ့ပုံစံကလည်း ထူးဆန်းစွာ တစ်မျိုးကလေး ဖြစ်နေ၏။

***

နောက် သုံးလကျော်ကြာသော် ရန်ကုန်–မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေါင်းနွယ်စကြာ ပြန်ရောက်လာသည်။ သူ့မိဘများအပြင် စန္ဒာဒေဝီတို့ လာကြိုသည်က သူ့အဖို့မဆန်း။

ထူးဆန်းသည်က မက္ကာသီသာမက စိုင်းမွန်သာနှင့် ဝစ္ဆဝတီ တို့ပါ လာရောက် ကြိုဆိုနေကြ၍ ထူးဆန်းအံ့သြနေ၏။

မိဘများကို ဦးစွာနှုတ်ဆက်ကန်တော့ပြီးနောက် တစ်နှစ်တာ ခွဲခွာနေရသည့် စန္ဒာဒေဝီကို လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်သည်။

"ဟေ့...စန္ဒာ၊ နေကောင်းရဲ့နော်"

"ကောင်းပါတယ်၊ အစ်ကိုစကြာရော နေကောင်းတယ်နော်"

"ငါ့သားသော မေတ္တာကြောင့် ကောင်းပါ့ဗျား"

"အဲနော်... အဲဒီပို့သသော မေတ္တာထဲမှာ ဝတီတို့လည်း ပါတယ်နော် အစ်ကိုဒေါင်း၊ ကြည့်စမ်းပါဦး ဖြူလာလိုက်တာ"

နှုတ်သွက် လျှာသွက် ရဲတင်းသည့် ဝစ္ဆဝတီက ဇွတ်ဝင်နှုတ်ဆက်သည်။

"ဒီမယ် အစ်ကိုဒေါင်း... စန္ဒာ့ကိုချည်း ဖိဖိငေးမနေနဲ့၊ အကြာကြီးခွဲရသူတွေထဲမှာ ဝတီတို့လည်းပါတယ်၊ ဟောဒီ သူငယ်ချင်းတွေလည်း ပါတယ်၊ ခုလိုလာကြိုတာကို ဝမ်းမသာဘူးလား"

"ဟီး...ဝမ်းသာပါတယ်တဲ့ဗျား။ အားလုံး မင်းတို့ နေကောင်းကြရဲ့နော်"

"ကောင်းပါတယ်တဲ့၊ ဒီလို မျှမျှတတ နှုတ်ဆက်မှပေါ့"

ဝစ္ဆဝတီက ဘေးမှ စန္ဒာဒေဝီကို စောင်းကြည့်ပြီး သူကချည်းဦးအောင် စကားတွေပြောနေသည်။ စန္ဒာက ဝစ္ဆဝတီကို ကြိုက်သလိုသာလုပ်ပါကွယ် ဟူသော အကြည့်ဖြင့် အလည့်ပေးထားလိုက်သည်။

ပြီးရင် စန္ဒာ့ကို အစ်ကိုစကြာက သီးခြား အချိန်ပေးပြီး တွေ့ဦးမယ်ဆိုတာ စန္ဒာဒေဝီ သိပြီးသား။ သူတို့က ဖုန်းအဆက်အသွယ်မှ မပြတ်ကြတာကိုး။

လာကြိုသူ အားလုံးကို သမားတော်ကြီး ဦးနေမျိုးနှင့် ဒေါ်ငွေသော်တာတို့က အိုအေစစ် စားသောက်ဆိုင်တွင် နေ့လယ်စာ ကျွေးပြီးမှ ကားကိုယ်စီနှင့် ပြန်ခဲ့ကြသည်။

ဒေါက်တာဦးနေမျိုးတို့ နှစ်ယောက်ကို စန္ဒာဒေဝီက ကားမောင်းပြီး ခေါ်လာခြင်းဖြစ်ရာ အပြန်တွင် စန္ဒာမောင်းသော ဟွန်ဒါဆီဗစ်ကား၏ ရှေ့ခန်းတွင် ဒေါင်းနွယ်စကြာက စန္ဒာနှင့် ဘေးချင်းယှဉ်၍ ပါလာသည်။ မိဘနှစ်ပါးက နောက်ခန်းမှပါလာသည်။ စကားတပြောပြောနှင့် ဒေါက်တာဦးနေမျိုးတို့ ပင်စင်ယူပြီး ပြောင်းနေသော ကျောက်ကုန်းရှိ ကိုယ်ပိုင်တိုက် သို့ ရောက်လာသည်။

ပစ္စည်းတွေချ၊ မိဘတွေနှင့် စကားတွေ ဖောင်ဖွဲ့အောင် ပြောနေသော ဒေါင်းနွယ်စကြာကို စန္ဒာဒေဝီက သူ့မျက်လုံးရွဲကြီးများဖြင့် ကွက်ကြည့် ကွက်ကြည့်နှင့် လိုက်ကြည့်နေသည်။ သူ့ထုံးစံအတိုင်း ယခင်ရှိခဲ့သည့် တက်တက်ကြွကြွ အမူအရာလည်းမပေါ်။

ဒေါင်းနွယ်စကြာစိတ်ထဲတွင် စန္ဒာ တစ်ခုခုဖြစ်နေသည်ဟု ထင်သည်။ တစ်နှစ်လောက်ခွဲနေရလို့ စကားပင် ကောင်းကောင်းမပြောနိုင်ဘဲ ကြည့်မဝ ဖြစ်နေသလားဟု ဒေါ်ငွေသော်တာက ကြံဖန်တွေးမိသေး။

ဒီသားနှင့် ဒီကလေးမ ငယ်ငယ်ကတည်းက တွဲလာကြသည့် သံယောဇဉ်ကြီးသူများ။ လွန်ခဲ့သော တစ်နှစ်ကျော် သားဖြစ်သူ အမေရိကန်ပြည်သို့ ပညာတော်သင် သွားခါနီးမှ သူနှင့်စန္ဒာ ချစ်သူဖြစ်နေကြောင်း ပြောသွားခဲ့၍ မိခင် ဒေါ်ငွေသော်တာ သိထားသည်။ သဘောလည်း တူသည်။

"စန္ဒာက စီအိုင်ဒီ မြန်မာ့ရဲတပ်ဖွဲ့မှာ အလုပ်ဝင်နေရလို့ အလုပ်အများသား။ သားကလည်း နိုင်ငံခြားသွားစရာရှိနေတော့ မသွားခင် သူ့ကို လက်ထပ်ခွင့် တောင်းဆိုခဲ့တယ်၊ အပြန်မှာ လူကြီးစုံရာနဲ့ တောင်းပေးနော်"

သားဖြစ်သူ ပြောခဲ့သည်ကို တွေးနေသည်။

"အင်း... ဒီကလေးနှစ်ယောက် ခွဲနေတာကြာပြီပဲ၊ ပြန်ဆုံစ အလွမ်းသယ်ကြပါစေ"

ဟု ဒေါ်ငွေသော်တာ တွေးကာ–

"အဖေကြီး... စန္ဒာ့မိဘတွေဆီ သွားကြရအောင်၊ သူတို့က ဒီနေ့ ညစာကျွေးမယ်တဲ့၊ သွားနှင့်ကြစို့၊ တူတော်မောင် ခုပဲ လာကြိုလိမ့်မယ်"

ဟု ဒေါက်တာနေမျိုးကို ပြောသည်။

"အေးအေး... သမီးစန္ဒာက အေးအေးဆေးဆေးမှ သားကို ခေါ်ပြီး လိုက်ခဲ့ကြ"

သို့ဖြင့် ခဏကြာသော် ဦးနေမျိုး၏တူ လာခေါ်သည့် ကားနှင့် သူတို့ လိုက်သွားကြသည်။ ဒေါင်းနွယ်စကြာလည်း သူ့အစ်ကိုဝမ်းကွဲနှင့် အာလာပသလ္လာပ နူတ်ဆက်စကားပြောပြီး မိဘများကို ကားနားအထိလိုက်ပို့၊ ကားတံခါးဖွင့်ပေးပြီး တင်လွှတ်လိုက်သည်။

ညီ့ခန်းသို့ပြန်အဝင် ဌဋ္ဌကလေး ထိုင်ငေးနေသည့် စန္ဒာ့ကို တွေ့ရ၏။

သူက အနားတွင်ကပ် ထိုင်ပြီး စန္ဒာ့ကိုဖက်လိုက်မှ စန္ဒာ အသက်ဝင် လှုပ်ရှားလာသည်။ ချစ်သူတို့ဘာဝ ခွဲရတာကြာ၍ ပြန်ဆုံ ဆုံချင်း ချစ်တင်းနှောင်မဝ ဖြစ်ကြလေ၏။

သို့သော် စန္ဒာဒေဝီ၏ ပုံကိုကြည့်ရသည်မှာ အနည်းငယ် ထူးခြားနေသည်။ ဒေါင်းနွယ်စကြာ မနေနိုင်တော့ ဖွင့်မေးလိုက်သည်။

"စန္ဒာ ကိုကို့ကို တစ်ခုခု ပြောချင်နေသလိုပဲ၊ ဟုတ်တယ် ဟုတ်"

"ဟုတ်တယ် ကိုကို"

"ဘာများလဲ အလန့်တကြား"

"ပြောရမှာတော့ နည်းနည်းရှည်တယ်၊ ဒါလေးတွေကို အရင်ကြည့်စမ်းပါ ကိုကို"

စန္ဒာက သူ့စလင်းဘတ် လွယ်အိတ်ထဲမှ ဓာတ်ပုံနှစ်ပုံကို ထုတ်ပြသည်။

ဓာတ်ပုံများမှာ ဒစ်ဂျစ်တယ် ကင်မရာနှင့် အနီးကပ်ရိုက်ကူးထားသည့် စာနှစ်စောင်၏ပုံများ ဖြစ်သည်။ ဒေါင်းနွယ်စကြာ ယူကြည့်လိုက်ပြီး မျက်ခုံးတွန့်သွား၏။

"ဟာ...အဲဒါ ကိုကို ရေးပေးလိုက်တဲ့ မိတ်ဆက်စာတွေပဲ၊ ဘာ့ကြောင့်... အဲလေ... စန္ဒာ့လက်ထဲ ခုလိုပုံစံနဲ့ ရောက်နေပုံ ထောက်တော့ စီအိုင်ဒီလက်ချက်ဖြစ်မယ်၊ ဘာ့ကြောင့် ဒါတွေကို ရိုက်ယူခဲ့တာလဲ"

"တာဝန်အရပဲ ကိုကို"

"ဟေ...တာဝန်၊ ဟုတ်လား၊ ကိုကို့ဇာတွေကို ရဲတပ်ဖွဲ့က ဘာတာဝန်နဲ့ ရိုက်ယူကြတာလဲ"

"ဒါ့ကြောင့် ပြောရမှာတော့ နည်းနည်းရှည်တယ်လို့ စန္ဒာ ကိုကို့ကို နိဒါန်းပျိုးခဲ့တာပေါ့"

"အဲဒီရှည်ရှည်ကို တိုတိုနဲ့ လိုရင်းပြောမပြနိုင်ဘူးလား။ မထိတ်သာ မလန့်သာ စန္ဒာရယ်"

"တိုတိုပြောရရင် အမှုပတ်နိုင်တယ်၊ ဒီစာတွေကြောင့် ကိုကိုလည်း အမှုပတ်နိုင်တယ်"

"ဟင်...ဘာအမှုလဲ"

"ဘာအမှုလဲ ဆိုတော့ သေချာမပြောနိုင်သေးဘူး၊ စုံစမ်းနေဆဲပဲ၊ ဒုစရိုက်အမှုကြီးတစ်ခုခု သို့မဟုတ် ရာဇဝတ်မှုတစ်ခုခု ကျူးလွန်မယ့် လူပ်ရှားမှုတွေကို သဲလွန်စ ရှာထားတယ်"

"နိုင်ငံရေးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ မသက်ဘရာ လူပ်ရှားမှုတွေကို နောက်ယောင် ခံမိသလောက်တော့ ပြည်ပကလာတဲ့ မှုခင်းတစ်ခုခု လျှို့ဝှက် လုပ်ကိုင်နေတာကို ခြေရာကောက်မိရုံပဲ ရှိသေးတယ်"

"ကိုကို့စာတွေနဲ့ ဘယ်လို ပတ်သက်နေသလဲ"

"အဲဒီစာတွေဟာ အဲဒီအမှုနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေသူတွေနဲ့ သက်ဆိုင်နေလို့ပေါ့"

"ဒါဆို စိုင်းမွန်သာတို့ မက္ကာသီတို့ ဒီအမှုနဲ့ ပတ်သက်နေတယ်ပေါ့၊ ဟုတ်ပြီ၊ နိုင်ငံခြားကလာတဲ့ လူပ်ရှားမှုဆိုတာ မာရီယာလင်းနဲ့ ဆက်စပ်နေပြီပေါ့"

"ဟုတ်တယ်ကိုကို၊ ဒီမာရီယာကို စန္ဒာက အရင် ကိုကိုတို့ အတူရှိက်ထားတဲ့ ဂရုတ်ဖိုတိုထဲမှာ တွေ့ဖူးထားပေလို့ ခုလို မြန်မြန်ခြေရာကျော်ကောက်မိတာပေါ့"

"အင်း... ကိုကိုကတော့ အဲဒီ မာရီယာဆိုတာ စန္ဒာနဲ့ ဘယ်လောက်တူသလဲဆိုတာ သိစေချင်လို့ အဲဒီ ဂရုပ်ဖိုတိုကို စန္ဒာ့ဆီ ပို့ပေးခဲ့တာ၊ တူတယ်မဟုတ်လားဟင်"

"ဟင်း...ဟင်း၊ ရုပ်ချင်း လူချင်းသာ တူပါစေလို့နော်၊ စန္ဒာနဲ့ တူတယ်လို့ အကြောင်းပြုပြီး ချစ်စိတ်တွေပါသွားခဲ့သေးလား"

"ဒီလိုမပြောပါနဲ့ကွယ်၊ ကိုကိုက သစ္စာတရားကို စွဲမြဲတဲ့သူ ဆိုတာ စန္ဒာအသိပါ"

"ဟော...ကြည့်စမ်း၊ ဒါလေးပြောတာနဲ့ မျက်နှာထားက တင်းသွားပြီ၊ စိတ်ဆိုးသလား ကိုကို"

"ဆိုးတာပေါ့၊ ကိုကိုက အဲလိုနောက်တာမျိုး မကြိုက်ဘူး"

"အင်းပါ... ကဲပါ... မကြိုက်ရင် မပြောတော့ပါဘူး၊ လိုရင်းကိစ္စပဲ ဆက်ကြရအောင်"

"ဆက်...ဆက်... နားဆင်လျက်ပါ သခင်မလေးဘုရား"

"ဟင်...လာမနောက်နဲ့၊ သူများက အဲဒီလို ရှက်နောက်နောက် မကြိုက်ဘူး"

ဒေါင်းနွယ်စကြာက ရယ်ကြိုကြိုနှင့် ပြောသည်ကို စန္ဒာဒေဝီက မျက်နှာတင်း၍ အသံစာစာနှင့် ဟောက်လိုက်သည်။

"အေးပါ...ကဲပါ၊ မကြိုက်ရင်လည်း အဲဒီလို မနောက်တော့ပါဘူး၊ စိတ်မဆိုးပါနဲ့ ညီမလေးရယ်"

"ဟွန်း...ဒါဆို ကျေရော... ကျေရော၊ အရေးကြီးတာ ပြောမယ်၊ သေချာနားထောင်၊ ကိုကို ခုလိုမရောက်ခင် လွန်ခဲ့တဲ့ သုံးလလောက်ကပေါ့၊ နိုင်ငံခြားကနေ တိုးရစ်စ် ညည့်သည် နှစ်ယောက် လာတယ်၊ ကိုယ့်အိမ်လို (As Home) အမည်ရှိတဲ့ တည်းခိုရိပ်သာမှာ တည်းကြတယ်၊ ပြီးတော့ စိုင်းမွန်သာတို့ရဲ့ ကုမ္ပဏီကိုလာပြီး တာပက်စထရီ ရွှေချည်ထိုး ပန်းချီကားချပ် နှစ်ချပ် ဝယ်တယ်၊ စိုင်းမွန်သာနဲ့တွေ့ပြီး ခင်မင်ရင်းနှီးသွားကြတယ်"

"အဲဒီ နိုင်ငံခြားညည့်သည်က မာရီယာလား"

"မဟုတ်ဘူး၊ အမျိုးသားနှစ်ယောက်၊ ဂျင်ပိန်းနှင့်ဂျင်ပိန်းလို့ နိုင်ငံကူးလက်မှတ်အရ သိရတယ်၊ အဲဒီနှစ်ယောက်က မက္ကာသီရဲ့

ချီတာမော်တော်ယာဉ် အဌားဌာနက ဟိုင်းလတ် ဒါဘယ်ကက် ဘစ်စီး ငှားတယ်၊ လျှောက်သွားကြတယ်၊ မကြာခင် မက္ကာသီနဲ့ ခင်မင်သွားကြတယ်၊ အဲဒီဖြစ်ရပ်တွေဟာ နောက်ပိုင်း ဆားပုလင်းဝင်းအောင်ရဲ့ သတင်းပေးချက်အရ မြန်မာ့ရဲတပ်ဖွဲ့က စုံစမ်းပြီး သိရှိရတာ ဖြစ်တယ်"

"ဒါဆို ကိုကိုမိတ်ဆက်စာတွေက ဘယ်ကရတာလဲ စဏ္ဍာ"

"နောက်ပိုင်း အမှုကိစ္စတွေမှာ စိုင်းမွန်သာနဲ့ မက္ကာသီတို့ကို မသက်ာစရာ ပါဝင်ပတ်သက်နေတာတွေကို တွေ့ရှိတဲ့အတွက် သူတို့ရုံးခန်းတွေကို ဝင်ဖျေရင်းနဲ့ တွေ့တဲ့ ကိုကို့ မိတ်ဆက်စာတွေကို ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ယူထားတာလေ"

"ဟင်... မြန်မာပြည် အလည်သွားမယ်၊ မိတ်ဆက်စာ ရေးပေးပါဆိုလို့ ကိုကိုက မာရီယာကို ရေးပေးခဲ့တာ၊ ဘယ့်နှယ့်က ဘယ်လို ဒီမိတ်ဆက်စာတွေကို ယောက်ျား နိုင်ငံခြားသည့်သည်တွေက ယူလာပေးတာလဲ"

"ဒီလိုလည်း မဟုတ်သေးဘူး။ ဒီမိတ်ဆက်စာတွေ ဘယ်သူ လာပေးသလဲဆိုတာ ဂယနဏ မသိရသေးဘူး။ ဂျင်ဝိန်းနဲ့ ဂျင်ပိန်းတို့ သွားလာ လှုပ်ရှားတာကို သက်ာမကင်းဖြစ်လို့ နောက်ယောင်ခံရာက စိုင်းမွန်သာနဲ့ မက္ကာသီတို့ အတူသွား အတူလာတာတွေ့မြင်တာနဲ့ ဒီနှစ်ယောက်နဲ့ ဘယ်လိုဆက်စပ်မှု ရှိလဲဆိုပြီး အထောက်အထား ရှာထားတာရယ်"

"ခုလို နိုင်ငံခြားသည့်သည်နဲ့ စိုင်းမွန်သာတို့ ဘာရာဇဝတ်မှုတွေ လုပ်နေတယ်လို့ ထင်သလဲ"

"ပထမတော့ စိုင်းမွန်သာလုပ်နေတဲ့ လက်မှုအနုပညာ ပစ္စည်းနဲ့ ပတ်သက်မယ်လို့ ယူဆရတယ်၊ ရေးဟောင်းပစ္စည်း

တစ်ခုခုကို လိုက်လံရှာဖွေနေတဲ့ သဘောရှိတယ်၊ အခုလို ရေးဟောင်းပစ္စည်း ခိုးထုတ်မယ့် လုပ်ရပ်ဆိုရင်လည်း ကြိုတင်တားဆီးဖို့သင့်ရင် အချိန်မီတားရအောင် စဏ္ဍာတို့ ရဲမှူးကြီးက နောက်ယောင်ခံ ခိုင်းခဲ့တာ"

"ဒါဆို ကြိုတင်ပြီး ဖမ်းဆီး စစ်ဆေးလိုက်ပါလားလို့"

"အို...ဒီလို နိုင်ငံခြား ကမ္ဘာလှည့်ခရီးသွားတွေကို ထုစ်ခနဲခနဲ စွတ်ဖမ်းလို့ ဘယ်ဖြစ်ပါ့မလဲရှင်ရဲ့၊ ရဲမှူးကြီးက အသေအချာကို မှာထားတယ်၊ ဒီနေ့ကမ္ဘာကြီးဟာ ခရီးသွားလုပ်ငန်းနဲ့ အဓိက နိုင်ငံခြားဝင်ငွေရတဲ့ခေတ်၊ ကမ္ဘာလှည့်ခရီး သွားလုပ်ငန်း တိုးချဲ့ မြှင့်တင်နေတဲ့အချိန် မြန်မာပြည်အဖို့လည်း ကမ္ဘာလှည့်ခရီးသည်တွေ များများလာအောင် နည်းမျိုးစုံနဲ့ သွေးဆောင် စည်းရုံးနေရတဲ့အချိန်၊ ဒီလိုအရေးကြီးတဲ့ ကာလကြီးမှာ ခရီးသွားသည့်သည်တွေ စိတ်အနှောင့်အယှက်ဖြစ်အောင် ဖမ်းလားဆီးလား လုပ်ဖို့ နေနေသာ၊ သူတို့ကို ညှဉ်ဝတ်ပျူငှာစွာ ဖော်ဖော်ရွှေရွှေ ကောင်းကောင်း မွန်မွန် ဆက်ဆံရမယ်တဲ့။

မပိုင်ဘဲနဲ့ သွားဖမ်းပြီး ကြံကြံဖန်ဖန် လျှောက်ကြည့်လေ့လာတာကို ပါသနာပါလို့ ခုလို လျှောက်သွားတာကို ဖမ်းဆီးရ ကောင်းလားဆိုပြီး ပြဿနာ အလုပ်ခံရရင် သွားရော၊ ကျန်တဲ့ နိုင်ငံခြား ညှဉ်သည်တွေလည်း တွန့်သွားနိုင်တယ်၊ ခရီးသွားလုပ်ငန်းလည်း ထိခိုက်နိုင်တယ်၊ မြန်မာ့ရဲတပ်ဖွဲ့ကြီးလည်း အပြစ်တင်ခံရမယ်"

"ဒါဆို နိုင်ငံခြားညှဉ်သည်တွေ သွားချင်ရာ သွားတာကို ခွင့်ပြုမှာလား၊ အများပြည်သူတောင် သွားလို့မရတဲ့ Ont of bound area တွေ လျှောက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

ချီတာမော်တော်ယာဉ် အင်ဂျင်ဘာနက ဟိုင်းလတ် ဒါဘယ်ကက် တစ်စီး ငှားတယ်၊ လျှောက်သွားကြတယ်၊ မကြာခင် မက္ကာသီနဲ့ ခင်မင်သွားကြတယ်၊ အဲဒီဖြစ်ရပ်တွေဟာ နောက်ပိုင်း ဆားပုလင်းဝင်းအောင်ရဲ့ သတင်းပေးချက်အရ မြန်မာ့ရဲတပ်ဖွဲ့က စုံစမ်းပြီး သိရှိရတာ ဖြစ်တယ်"

"ဒါဆို ကိုကို့မိတ်ဆက်စာတွေက ဘယ်ကရတာလဲ စန္ဒာ"

"နောက်ပိုင်း အမှုကိစ္စတွေမှာ စိုင်းမွန်သာနဲ့ မက္ကာသီတို့ကို မသက်ဘစရာ ပါဝင်ပတ်သက်နေတာတွေကို တွေ့ရှိတဲ့အတွက် သူတို့ရုံးခန်းတွေကို ဝင်မွှေရင်းနဲ့ တွေ့တဲ့ ကိုကို့ မိတ်ဆက်စာတွေကို ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ယူထားတာလေ"

"ဟင်... မြန်မာပြည် အလည်သွားမယ်၊ မိတ်ဆက်စာ ရေးပေးပါဆိုလို့ ကိုကိုက မာရီယာကို ရေးပေးခဲ့တာ၊ ဘယ့်နယ့်က ဘယ်လို ဒီမိတ်ဆက်စာတွေကို ယောကျ်ား နိုင်ငံခြားသား ညီသည်တွေက ယူလာပေးတာလဲ"

"ဒီလိုလည်း မဟုတ်သေးဘူး၊ ဒီမိတ်ဆက်စာတွေ ဘယ်သူ လာပေးသလဲဆိုတာ ဂယနဏ မသိရသေးဘူး၊ ဂျင်ဝိန်းနဲ့ ဂျင်ပိန်းတို့ သွားလာ လှုပ်ရှားတာကို သက်ာမကင်းဖြစ်လို့ နောက်ယောင်ခံရာက စိုင်းမွန်သာနဲ့ မက္ကာသီတို့ အတူသွား အတူလာတာတွေ့မြင်တာနဲ့ ဒီနှစ်ယောက်နဲ့ ဘယ်လိုဆက်စပ်မှု ရှိလဲဆိုပြီး အထောက်အထား ရှာထားတာရယ်"

"ခုလို နိုင်ငံခြားညီသည်နဲ့ စိုင်းမွန်သာတို့ ဘာရာဇဝတ်မှုတွေ လုပ်နေတယ်လို့ ထင်သလဲ"

"ပထမတော့ စိုင်းမွန်သာ့လုပ်နေတဲ့ လက်မှုအနုပညာ ပစ္စည်းနဲ့ ပတ်သက်မယ်လို့ ယူဆရတယ်၊ ရှေးဟောင်းပစ္စည်း

တစ်ခုခုကို လိုက်လံရှာဖွေနေတဲ့ သဘောရှိတယ်၊ အခုလို ရှေးဟောင်းပစ္စည်း ခိုးထုတ်မယ့် လုပ်ရပ်ဆိုရင်လည်း ကြိုတင်တားဆီးဖို့သင့်ရင် အချိန်မီတားရအောင် စန္ဒာတို့ ရဲမှူးကြီးက နောက်ယောင်ခံ ခိုင်းခဲ့တာ"

"ဒါဆို ကြိုတင်ပြီး ဖမ်းဆီး စစ်ဆေးလိုက်ပါလားလို့"

"အို...ဒီလို နိုင်ငံခြား ကမ္ဘာလှည့်ခရီးသွားတွေကို ထစ်ခနဲဆို စွတ်ဖမ်းလို့ ဘယ်ဖြစ်ပါ့မလဲရှင်ရဲ့၊ ရဲမှူးကြီးက အသေအချာကို မှာထားတယ်၊ ဒီနေ့ကမ္ဘာကြီးဟာ ခရီးသွားလုပ်ငန်းနဲ့ အဓိက နိုင်ငံခြားဝင်ငွေရတဲ့ခေတ်၊ ကမ္ဘာလှည့်ခရီး သွားလုပ်ငန်း တိုးချဲ့မြှင့်တင်နေတဲ့အချိန် မြန်မာပြည်အဖို့လည်း ကမ္ဘာလှည့်ခရီးသည်တွေ များများလာအောင် နည်းမျိုးစုံနဲ့ သွေးဆောင် စည်းရုံးနေရတဲ့အချိန်၊ ဒီလိုအရေးကြီးတဲ့ ကာလကြီးမှာ ခရီးသွားညီသည်တွေ စိတ်အနှောင့်အယှက်ဖြစ်အောင် ဖမ်းလားဆီးလား လုပ်ဖို့ နေနေသာ၊ သူတို့ကို ညီဝတ်ပျူဂ္ဂာစွာ ဖော်ဖော်ရွှေရွှေ ကောင်းကောင်း မွန်မွန် ဆက်ဆံရမယ်တဲ့။

မပိုင်ဘဲနဲ့ သွားဖမ်းပြီး ကြိုကြိုဖန်ဖန် လျှောက်ကြည့်လေ့လာတာကို ဝါသနာပါလို့ ခုလို လျှောက်သွားတာကို ဖမ်းဆီးရ ကောင်းလားဆိုပြီး ပြဿနာ အလုပ်ခံရရင် သွားရော၊ ကျန်တဲ့ နိုင်ငံခြား ညီသည်တွေလည်း တွန့်သွားနိုင်တယ်၊ ခရီးသွားလုပ်ငန်းလည်း ထိခိုက်နိုင်တယ်၊ မြန်မာ့ရဲတပ်ဖွဲ့ကြီးလည်း အပြစ်တင်ခံရမယ်"

"ဒါဆို နိုင်ငံခြားညီသည်တွေ သွားချင်ရာ သွားတာကို ခွင့်ပြုမှာလား၊ အများပြည်သူတောင် သွားလို့မရတဲ့ Ont of bound area တွေ လျှောက်သွားရင် ဘယ့်နယ်လုပ်မလဲ"

"ဒါက ရှင်းပါတယ်ရှင်၊ နိုင်ငံခြားညီသည်များ မသွားရတဲ့ နေရာ၊ ခွင့်ပြုချက်ယူပြီးမှ သွားရမယ်ဆိုတဲ့နေရာ၊ သတ်မှတ်ချက်တွေကို လက်ကမ်းစာစောင်တွေ၊ တိုးရစ်စ်ဂိုက်စာအုပ်တွေမှာ အတိအလင်း ဖော်ပြ အသိပေးထားတာပဲ ဥစ္စာ"

"အင်း... ဒါလည်းဟုတ်တာပဲ စန္ဒာ၊ ဒါနဲ့ အခု ဘာတွေ ဖြစ်ခဲ့သလဲ၊ ပြောပါဦး"

"ဘာတွေ ဖြစ်ခဲ့သလဲဆိုတော့ အဲဒီ အမေရိကန်လူမျိုး နှစ်ယောက်ဟာ ဒီမှာ တစ်ပတ်လောက် နေထိုင် သွားလာပြီး ပြန်သွားတာပဲ၊ ပထမတော့ ရှေးဟောင်းပစ္စည်းတစ်ခုခုကို ရှာဖွေနေသလိုလိုရှိပေမယ့် နောက်တော့ တစ်မျိုး ဖြစ်နေပြန်တယ်"

"ဟာ...စိတ်ဝင်စားစရာပဲ၊ ဘယ်လိုဖြစ်သွားပြန်တာလဲ"

"သူတို့ လှူပ်ရှားပုံအရဆို လူတစ်ယောက် သို့မဟုတ် မိသားစုတစ်စုကို လိုက်ရှာနေတာ ဖြစ်ပြန်ရော"

"ဟုတ်မယ်...ဟုတ်မယ်၊ ဒုတိယကမ္ဘာစစ်တုန်းက မြန်မာပြည်လာခဲ့တဲ့ ဂျပန်စစ်သား အများအပြားဟာ စစ်ပြီးလို့ ဂျပန်ပြည် ပြန်သွားကြပေမယ့် စစ်ပြီးခေတ် ဒီဘက်ပိုင်းမှာ မြန်မာပြည်ကို တစ်သုတ်ပြီးတစ်သုတ် ပြန်လာကြတယ်။

တချို့က အရိုးကောက်ကြတယ်၊ တချို့က သူတို့ကို စစ်အတွင်းက လုံခြုံအောင် ကယ်ပေး ဝှက်ပေးတဲ့ သူတွေကို ကျေးဇူး ပြန်ဆပ်ဖို့လာကြတယ်၊

တချို့က စစ်အတွင်းက သူတို့နဲ့ အိမ်ထောင်ကျခဲ့တဲ့ အမျိုးသမီးနဲ့ သားသမီးတွေကို ပြန်လာရှာကြတယ်၊ ဒီသဘော ဖြစ်မှာပေါ့"

"ဒါဆို ဘာ့ကြောင့် ခုလို နှစ်တွေသိပ်ကြာပြီးမှ လာကြတာလဲ၊ သူတို့မိန်းမဆို အိုပြီး သေလောက်ပြီ၊ သူတို့ သားသမီးဆို အသက်ခြောက်ဆယ်တောင် ကျော်ရော့မယ်"

"အဲဒါလား...သားတွေ မြေးတွေက ကျန်ရစ်ခဲ့တဲ့ ဓာတ်ပုံတွေ၊ ဒိုင်ယာရီတွေကို ခုမှတွေ့ပြီး၊ ဖတ်ပြီး ခုမှလာရမှန်း သိတာ နေမှာပေါ့ စန္ဒာရယ်"

"ဟာ...ကိုကိုပြောမှ သတိရတယ်၊ အဲဒါမျိုး ဖြစ်နိုင်တယ်နော်၊ ဘာပဲဖြစ်ဖြစ် သားတွေ မြေးတွေက သူ့မိဘဘိုးဘွားကွယ်လွန်မှ ကိုယ်ပိုင်ထားတဲ့ ဒိုင်ယာရီကို ကိုင်ခွင့်ကြည့်ခွင့်ရမှာကိုး၊ ကိုကိုက အရမ်းဦးနှောက်ပြေးတာပဲ၊ စန္ဒာတို့တစ်တွေ ဒီအချက်မျိုး မတွေးမိခဲ့ဘူး၊ တွေးမိခဲ့ရင် အခုထက်ပိုပြီး အမှန်တရားနဲ့ နီးစပ်နိုင်တယ်"

"နေပါဦး အခုရော ဘယ်လောက်မနီးဘဲ ဝေးနေသေးလို့လဲ"

"ဒီကိစ္စကြီးက တစ်မျိုးကြီး၊ ဘာမှန်းကို ပီပီပြင်ပြင် မရှိလှသေးဘူး၊ ဒါကြောင့် ကိုကို့ကို ဟိုဟာပြောလိုက်၊ ကိုကိုက ထောက်ပြလိုက်နဲ့ဆိုရင် သိပ်လည်ပတ်မှာ မဟုတ်ဘူး၊ အစအဆုံး လိပ်ပတ်လည်အောင် ပြောပြမယ်၊ ကိုကိုက ဝင်မထောက်ဘဲ ဆုံးအောင်နားထောင်၊ မေးစရာရှိလည်း မှတ်ထားပြီးမှ ဆုံးခန်းတိုင်မှ ပြန်မေး၊ မကောင်းဘူးလား"

"အဲဒါ အကောင်းဆုံးပေါ့၊ သို့မဟုတ် စန္ဒာပြောနေတာတွေ ခုထိ ဘာမှန်းကို ရှင်းရှင်း မသိရသေးဘူး၊ စဝမဝ အားလုံးပေါ်အောင် ဒီလိပ်ကို တစ်ပတ်ပြည့်အောင် လှန်ကြည့်မှ ရှင်းရှင်း သိမှာပေါ့နော်"

"ကောင်းပြီ... ကိုကို့လို ကန်ကိုးကန်၊ ကွင်းကိုးကွင်း၊ ကုန်းကိုးကုန်းတို့မှာ ရက်ကိုးဆယ်စီ ပညာမျိုးစုံ သင်ယူ ဆည်းပူးလာတဲ့ စူပါမင်းရဲ့ အိုင်ဒီယာလည်း ရချင်တယ်၊ နားထောင်ပြီးရင် သုံးသပ်ပေးနော်"

ဤသို့အားဖြင့် စန္ဒာဒေဝီက ဇာတ်ကြောင်းပြန်၍ ပြောပြလေ၏။

အခန်း (၅)

လောဘသားများ လှုပ်လှုပ်ရှား

စန္ဒာဒေဝီ ပြန်ပြောသည့် ဇာတ်ကြောင်း၏ တကယ့်ဖြစ်ရပ်မှန်ကား ဤသို့သာတည်း။

ကိုယ့်အိမ်လို (As Home) Inn အင်း တည်းခိုရိပ်သာသို့ နိုင်ငံခြားညီသည်နှစ်ဦး ရောက်လာသည်။ ရီစက်ရှင် ညီကြီ အမ္ပေါ်က ကြီးတင်ရရှိထားသော ရီဆာဗေးရှင်းလစ်စ်ခေါ် စာရင်းနှင့် တိုက်ဆိုင်ပြီး ဒါဘယ်လ်ဘက်ဒက်ဆင်ဂယ်လ်ရွန်း(မ်) ခေါ် အိပ်ရာခုတင် နှစ်လုံးပါ အခန်းတစ်ခန်းမှသော့ကို ထုတ်ပေးလိုက်သည်။

သူတို့နှစ်ယောက်ကား အမေရိကန်ပြည်သား ဂျင်ပိန်းနှင့် ဂျင်ပိန်း ညီအစ်ကိုတို့တည်း။

ထိုနှစ်ယောက်သည် ညီကြီးကောင်တာမှ မနှင်းဆီ၏ အကူအညီဖြင့် ချီတာ မော်တော်ယာဉ် အငှားလုပ်ငန်းသို့ ဆက်သွယ်၍ မော်တော်ယာဉ်တစ်စီး ငှားကြသည်။

ဟိုင်းလက်စ် ဒါဘယ်လ်ကက် အဝါရောင် တစ်စီးကို ခြောက်ရက် ငှားလေ၏။

ယာဉ်မောင်းအဖြစ် အင်္ဂလိပ်စကားပြော ကျွမ်းသူ တော်မီကို မကြာသီခေါ် အဌားလုပ်ငန်းပိုင်ရှင်က တာဝန် ချပေးလိုက်သည်။

"ကားအဆင်သင့် ရောက်ပါပြီ"

တော်မီက အတွင်းဖုန်းလိုင်းမှ ညည်းသည်တို့ အခန်းကို သတင်းပို့လိုက်သည်။

"ခဏကလေးစောင့်ပါ"

ဟု ပြန်ဖြေသံကြားရသည်။ တော်မီက ကားအမျိုးအစားနှင့် ကားနံပါတ်ကို ပြောထားခဲ့သည်။ လူက လော်ဘီမှ ဓာတ်လှေကား ကို မြင်ရသည့်နေရာတွင် ထိုင်စောင့်၏။

ထူးထူးခြားခြား တီရှပ်အဖြူ၊ ကျင်းဘောင်းဘီအဖြူ၊ ကျမ်းဂဲလ် ဟက်တော ဆောင်း ဦးထုပ်အဖြူနှင့် လူဖြူနှစ်ယောက် ဓာတ်လှေကားမှ ထွက်လာသည်။ အသက် ၃၀ ဝန်းကျင်ခန့်သာ ရှိကြမည်။

"ယာဉ်မောင်းပါ ခင်ဗျာ"

တော်မီက ထ,၍ ကြိုပြီးပြောသည်။

"လာ... သွားကြစို့"

သူတို့က တိုတိုပြောပြီး တော်မီ ခေါ်ရာသို့ လိုက်သည်။ ကားပေါ်သို့ ဒါဘယ်ကက်နောက်ခန်းတွင် တက်ထိုင်ကြသည်။ ကျောပိုးအိတ်အဖြူများကို ဖြုတ်၍ နှစ်ယောက်အလယ်၌ ပစ်တင် ထားကြသည်။

"ဘယ်ကို သွားပါမလဲ"

"ထရေးဒါးစ်ဟိုတယ် သိလား၊ အဲဒီကိုမောင်း"

သို့ဖြင့် မိနစ်နှစ်ဆယ်ကြာသော် ဆူးလေဘုရားလမ်းရှိ ထရေးဒါးစ်သို့ ရောက်သည်။

နှစ်ယောက်သား လော်ဘီသို့ ခြေလှမ်းဝင် လက်မှုနာရီကို ပြိုင်တူကြည့်ကြ၏။ ပြီး ဟိုဟိုဒီဒီ ကြည့်၏။ ဓာတ်လှေကား ရှိရာကိုမေး၏။ သွား၏။ အပေါ်တက်ခလုတ် နှိပ်၏။ ခဏကြာ စောင့်ပြီး ဓာတ်လှေကားပွင့်၏။ လူမပါ။ သူတို့မဝင်။ တံခါး ပြန်ပိတ်သွား။

ခဏအကြာ နောက်ဓာတ်လှေကား တစ်ခု ပွင့်သည်။ လူတစ်ယောက်ပါသည်။ ထွက်မလာ။ ဂျင်ဝိန်းတို့နှစ်ယောက် လှစ်ခနဲ ပွင့်သောတံခါးမှဝင်သည်။ တံခါးပိတ်သွားသည်။ ဓာတ်လှေ ကားတက်နေစဉ် အထဲရှိ အလွန်လှပချောမောသည့် အနောက် တိုင်းသူ အမျိုးသမီးနှင့် အနောက်တိုင်းသားနှစ်ဦး စကားတွေ တိုးတိုးပြောကြသည်။

ဓာတ်လှေကားသည် ဆက်တက်နေ၏။ ဤသုံးယောက် ဘယ်အထပ်မှာမှ မထွက်ကြ။ ဓာတ်လှေကားထဲ ဝင်လာသူရှိလျှင် သုံးယောက် မသိသလို ငြိမ်နေကြ၏။ အခြားလူမရှိခိုက် စကား ပြောကြ၏။

အပေါ်ဆုံးသို့ရောက်ပြီး ပြန်ဆင်းလာသည်။ ပထမထပ် ရောက်၍ ဓာတ်လှေကားတံခါး ပွင့်လျှင် မိန်းမချော ထွက်သွား သည်။

"ဘိုင်..."

ဒီတစ်ခွန်းသာ အသံထွက်၍ လှည့်မကြည့်ဘဲ လက်ထောင် ပြသွားသည်။ မြေညီထပ် ရောက်သော် လူဖြူနှစ်ယောက် ဓာတ်လှေကားမှထွက်ပြီး ကားရှိရာသို့သွားကာ တက်ကြသည်။

"ဘယ်ကိုသွားပါမလဲ"

"ရော့... ဒီလိပ်စာအတိုင်း သွားချင်တယ်"

တော်မီ စာရွက်ကလေးကိုကြည့်ရာ လောကနတ် လက်မှု အနုပညာလုပ်ငန်း ဖြည့်လမ်း စသော လိပ်စာကို တွေ့သည်။ ထိုနေရာသို့ အရောက်မောင်းခဲ့၏။

"ဟိုင်း... မစ္စတာ ဂျင်တို့ဆိုတာလား"

ကုမ္ဗဏီ ညှိုကြိုကောင်တာမှ မိန်းမပျိုက ကြိုတင်သတင်း ရထားသည်။ ဤနှစ်ယောက်ပုံပန်းကို ကြည့်၍ မေးလိုက်သည်။

"ဟိုင်း... ဟုတ်ပါတယ်"

"ဒါဆို အထဲကြွကြပါ"

သူတို့ဝင်သွားစဉ် စကြိုထိပ်မှ လူရွယ်တစ်ဦးက အခန်း တစ်ခန်းသို့ ခေါ်သွားသည်။ တံခါးခေါက်ရာ အထဲက "ဝင်ခဲ့ပါ" ဟု အင်္ဂလိပ်အသံ ပီသစွာ ထွက်လာသည်။ လူရွယ်က တံခါးကို ဘေးသို့ရွှေ့၍ ဖွင့်ပေးလိုက်သည်။

"ကြိုဆိုပါတယ်... ဇိုနာမည် စိုင်းမွန်သာပါ၊ ခုနလေးကပဲ မာရီယာလင်း ဖုန်းဆက်တယ်၊ မင်းတို့ သူ့ကိုယ်စား လာမယ်တဲ့၊ ထိုင်ကြပါ"

ဟု အင်္ဂလိပ်လိုပြောပြီး သူ့အလုပ်စားပွဲရှေ့ရှိ ကွက်လပ်ဝယ် ချထားသော ဆိုဖာကြီးများသို့ ညွှန်ပြသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ အိုင်က ဂျင်ပိန်း၊ သူက ဂျင်ပိန်းပါ"

အရပ် ခြောက်ပေ နှစ်လက်မလောက်မြင့်သော ဂျင်ပိန်း ဆိုသူက သူ့ဘေးကလူကို ပုတ်ပြပြီး မိတ်ဆက်ပေးသည်။ ဂျင်ပိန်းက အရပ် ငါးပေ ဆယ်လက်မဆိုတော့ မြန်မာအရပ် မြင့်မြင့် အမျိုးသားနှင့် အရပ်အမောင်းချင်း တူသည်။ သူတို့ ထိုင်ကြသည်။

"အခုလို ငါတို့နိုင်ငံရဲ့ လက်မှုအနုပညာ ပစ္စည်းတွေကို စိတ်ဝင်စားတဲ့ လူငယ် လူရွယ်တွေကို တွေ့ရတာ ဝမ်းသာ ပါတယ်"

"ငါတို့ကလည်း ခုလို လက်မှုအနုပညာ လုပ်ငန်းကြီးဆီ လာရောက်ခွင့်ရပြီး မင်းလို ဒီလုပ်ငန်းမှာ ဆက်ခံလုပ်ကိုင်နေတဲ့ ဝါရင့်ပုဂ္ဂိုလ်နဲ့ တွေ့ရလို့ဝမ်းသာပါတယ်၊ ငါတို့ကို ဆရာမက မှာလိုက်တာကိုပဲ တိုက်ရိုက် ဆွေးနွေးပါရစေ"

"ဆွေးနွေးပါ"

"ဒီရန်ကုန်ရဲ့ မြောက်ဘက် မိုင် ၂၀ လောက်ဝေးတဲ့ နေရာ မှာ မော်စားကန်ဆိုတာ ရှိတယ်လို့ သိရတယ်"

"ဟုတ်တယ်"

"အဲဒီမော်စားကန် တစ်ဝိုက်မှာ မြန်မာဘုန်းတော်ကြီး တစ်ပါး လောကီပညာနဲ့ မော်သွင်းပြီးထုလုပ်ထားတဲ့ ဘုရား စေတီကို အောက်ခံတဲ့ ဌာန်ရုပ်မျိုးစုံရှိတယ်လို့ သိရတယ်"

"ဘုန်းတော်ကြီးတွေက မော်သွင်းပြီး ထုလုပ်လေ့မရှိဘူး၊ လောကီပညာနဲ့ ဓာတ်ဆင်ဓာတ်ရိုက်ပြီး ဓာတ်ပန္နက် စေတီဆိုတာ မျိုး တည်တာရှိတယ်"

"အဲ... အဲ... တို့က အနောက်တိုင်းလိုသုံးပြီး မော်သွင်း တယ်လို့ ပြောတာ၊ အဲဒီလို ဓာတ်ပန္နက် စေတီတွေထဲက ဟသံာရုပ်ခံ ဓာတ်ပန္နက်စေတီတစ်ဆူ ရှိတယ်ဆို၊ အဲဒီစေတီကို တွေ့ချင်တယ်၊ ဆိုင်ရာပန္နက်ခံအရုပ်တွေကို ဝယ်လို့ရရင် ဝယ်ချင် တယ်"

"ကြံကြံဖန်ဖန်၊ မင်းတို့ ဒါတွေ ဘယ်ကကြားလာ သိလာ တာလဲ၊ ငါတို့တောင် မကြားဖူးဘူး၊ ထားပါတော့... မင်းတို့

ဟာ တော်တော်လေ့လာတတ်တဲ့ ကောင်တွေဆိုတော့ ဖြစ်နိုင်ချေရှိပါတယ်၊ ဒါပေမယ့် အရင်းခံအကြောင်းခိုင်လုံဖို့ လိုတယ်၊ ဒါမှ ငါတို့ လုပ်ပေးနိုင်မှာ၊ ဒါမျိုးက လေဖမ်း ရမ်းတုတ်လို့ မရဘူးဆိုတာ သဘောပေါက်ပါတယ်နော်"

"အားကြီးပေါက်တယ်၊ တို့က ဒုတိယကမ္ဘာစစ်မတိုင်ခင် ရန်ကုန်မှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းသွားတဲ့ ပြိုတိသျှ အရာရှိတစ်ဦးရဲ့ မှတ်တမ်း အထောက်အထားအရ သိရတာ၊ ပြိုတိသျှတွေဟာ အထောက်အထား မခိုင်လုံရင် မှတ်တမ်း မတင်တတ်ဘူးဆိုတာ လက်ခံပါတယ်နော်"

"အေး...စိတ်ဝင်စားသွားပြီ၊ ဒါဆို ငါတို့ဘက်က အလုပ်လက်ခံပြီ၊ ဘာအကျိုးအမြတ်ရမလဲ၊ စီးပွားရေးသမားပီပီ ရှင်းရှင်းလုပ်တာနော်"

"ရှင်းရှင်းပဲ ကောင်းပါတယ်၊ အဆင့် သုံးဆင့်ထားပြီး လုပ်မယ်၊ ပထမအဆင့် လိုချင်တဲ့အရာ လိုက်ရှာမယ်၊ ရှာတဲ့ကုန်ကျစရိတ်ကို ကြိုတင်ပေးထားမယ်၊ ဒုတိယအဆင့် တွေ့ရင် စစ်ဆေးမယ်၊ ဟုတ်ရင် စိတ်ကြိုက်ဖြစ်ရင် ဒေါ်လာတစ်သိန်းပေးမယ်၊ သယ်ထုတ်ခွင့်ရအောင် လုပ်ပေးနိုင်ရန် လုပ်ပေးခဲ့နောက်တပ် ဒေါ်လာတစ်သိန်းပေးမယ်"

"ကောင်းပြီ... ကြိုးစားကြည့်ကြတာပေါ့"

"ဒါပေမယ့် ဒီကိစ္စဟာ ထိပ်တန်းလျှို့ဝှက်နော်၊ ပေါက်ကြားရင် ဒုက္ခလုလုကြီး တွေ့မယ်"

"အိုး... သိတာပေါ့၊ မင်းတို့ဘက်ကသာ ပီပီရိရိ ရှိပါစေ၊ ငါတို့က ဌာနေလူမို့ နေတတ်၊ လုပ်တတ်ပါတယ်၊ အဲဒီတော့ မင်းတို့လျှောက်သွား လျှောက်လည်တာကို ငါလို ရှေးဟောင်း

ပစ္စည်းရောင်းတဲ့လူနဲ့ လျှောက်သွားရုံနဲ့ မကောင်းဘူး၊ ခရီးသွားလုပ်ငန်းတစ်ခုနဲ့ ချိတ်ပြီး တိုးရစ်စ်ဂိုက်နဲ့ သွားလာမှ ယုတ္တိရှိမယ်၊ ငုံ့မိတ်ဆွေကုမ္ပဏီနဲ့ ဆက်ပေးမယ်၊ သွားလာဖို့ ကားလည်း စီစဉ်ပေးမယ်"

"ကားက ငှားပြီးပြီ၊ မလိုတော့ဘူး၊ ချီတာလုပ်ငန်းကနေ ရပြီးပြီ"

"ဟုတ်လား...ချီတာဟာ ငုံ့သူငယ်ချင်း မကြာသီ ပိုင်တာပဲ ကောင်းပြီ၊ ဒါဆို အခုပဲ ခရီးသွားလုပ်ငန်းဆီ လိုက်အပ်ပေးမယ်"

"သွားကြတာပေါ့"

သို့ဖြင့် သူတို့ တိုယိုတာဟိုင်းလက်စ် ဒါဘယ်ကက် အဝါကြီးသည် စိုင်းမွန်သာ၏ မတ်တူးကားနက်ကြီးနောက်က လိုက်သွားကြ၏။ ဖလိုင်းယင်းဖတ်စ် ခရီးသွားလုပ်ငန်း၏ ဆင်ဝင်တွင် ကားများရပ်ကြသည်။

"ဦးမောင်မောင်ဘတူနဲ့ တွေ့ချင်လို့ပါ"

အဝင်ဝမှ ညှိုကြိုကို ပြောလိုက်သည်။

"ဟုတ်ကဲ့၊ အတော်ပဲ... ဆရာရှိနေတယ်"

ညှိုကြိုက သိပြီးသူမို့ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်ဘတူ အခန်းကို တန်းခေါ်သွား၏။

အထဲဝင်လိုက်သည်နှင့်...

"ဟော... အတော်ပဲ၊ ဝတီများ အလုပ်ရလို့ တစ်ဖွဲ့ဖွဲ့နဲ့ ပါသွားသလားလို့"

"အစ်ကိုမွန်သာတို့ကိုး၊ ထိုင်ကြ... ထိုင်ကြ၊ ညှိုသည် တွေ့လည်း ပါတာကိုး၊ ဆရာနဲ့ဆက်ပြောကြ၊ ဝတီ အပြင်သွား မလို့ ဆရာ့ဆီလာပြီး ခွင့်တောင်းတာ"

"ဟေ... နေဦး၊ ဆရာမောင်ရေ... အခုလာတဲ့ကိစ္စမှာ ဝတီကို အလုပ်အပ်ဖို့လည်းပါတယ်၊ ဒီကညီ့သည်တွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ဂျင်ဝိန်း၊ သူက ဂျင်ပိန်း၊ အမေရိကားက လာကြတာ"

"တွေ့ရတာ ဝမ်းသာပါတယ်"

အပြန်အလှန်နှုတ်ဆက်ပြီး ဆိုဖာမှာ နေရာချပေးသည်။

"ဒီလိုပါ... ဒီညီ့သည်တွေ တစ်ပတ်နေမယ်တဲ့၊ တိုးရစ်ဂိုက် အဖြစ် ဝစ္ဆဝတီကို ထည့်ပေးဖို့ပါ။ တိုးအစီအစဉ်ကိုတော့ ကျွန်တော်နဲ့ ညီနှိုင်းစီစဉ်မှာမို့ ဆရာမောင်တို့ လုပ်ပေးဖို့ မလိုဘူးပေါ့"

"တည်းခိုဖို့ရော"

"တည်းခိုတာက အက်စ်ဟုမ်းအင်းမှာပါ၊ သွားလာဖို့လည်း တိုးရစ်စ်ထရန်စပို့ကုမ္ပဏီဖြစ်တဲ့ ချီတာဆီက စီစဉ်ပေးပြီးပြီ"

"ဒါဆို ဝစ္ဆဝတီကိုပဲ လိုတယ်ဆိုပါတော့၊ ရပါတယ်၊ သူလည်း အားနေသားပဲ"

"ဟုတ်တယ် အစ်ကိုမွန်သာ၊ အားနေလို့ ပျင်းနေတာ၊ စောစောက ကိုခင်မောင်ရင် ဖုန်းဆက်လာလို့ နေ့လယ်စာ လိုက်စားမလားလို့"

"အဆင်သင့်ဖြစ်ရင် သွားမယ်လေ၊ အဲဒီနေ့လယ်စာကို အတူစားကြမယ်၊ ဒီညီ့သည်တွေကိုလည်း ကျွေးမယ်၊ စားပြီးလို့ ခင်မောင်ရင် လိုက်ချင်တယ်၊ အချိန်ပေးနိုင်တယ်ဆိုလည်း ခေါ်သွားမယ်"

"ဒါဆို ဝတီ လိုတာလေး သွားယူလိုက်မယ်နော်"

ဝစ္ဆဝတီက သူ့အခန်းဘက် ကူးသွားသည်။ စိုင်းမွန်သာတို့ ဦးမောင်မောင်ဘတူကို နှုတ်ဆက်၍ ထွက်လာကြသည်။

"လောလောဆယ် ဘယ်မှာချိန်းထားသလဲ"

ဟု ဝစ္ဆဝတီ ထွက်အလာ ဖမ်းမေးသည်။

"ရှမ်းကန်သုံးကိုလေ"

အထွက်တွင် စိုင်းမွန်သာက ဝစ္ဆဝတီကို ညီ့သည်နှစ်ဦးထံ စတင်အပ်နှံလိုက်၏။ ဝစ္ဆဝတီက ဒါဘယ်ကက် ရှေ့ခန်းတွင် ထိုင်၍လိုက်ပါခဲ့သည်။

"နာမည် သိပါရစေ တိုးရစ်စ်ဂိုက်"

"ကျွန်မနာမည် ဝတီပါ"

"မဂ္ဂာသီရဲ့ရုံးကို သိပါသလား"

ဂျင်ဝိန်း၏ ကောက်ကာင်ကာ အမေးကြောင့်လား၊ ဘာကြောင့်လဲမသိ ဝစ္ဆဝတီ တစ်ချက် တင်းသွားသည်။ ခဏ ငြိမ်နေပြီးမှ မဖြေမဖြစ်၍ ဖြေရသည်။

"သိပါတယ်"

"အဲဒီကို အရင်ဆုံးသွားကြရအောင်"

"ရပါတယ်... ကားဆရာရေ... အလုံလမ်းကိုမောင်း၊ ဗဟိုလမ်းနဲ့ အလုံလမ်းထောင့်နားက လမ်းတောင်ဘက်က ကုတ်ခြံထဲ ဝင်မယ်၊ ဒါနဲ့ ကားဆရာရဲ့နာမည်က..."

"တော်မိပါ"

"အေး... တော်မိ... ခုပြောတဲ့နေရာကို သိပြီနော်"

"ဟီး... သိတာပေါ့၊ ကျွန်တော်က အဲဒီကုမ္ပဏီရဲ့ ဒီကားကို မောင်းတဲ့သူပဲလေ"

"အေးပါ...အေးပါ၊ စောစောကပြောပါတော့လားဟွန်း..."

ကားက ပြေးနေသည်။ ဂျင်ပိန်းက သူ့ရှေ့တည့်တည့်ရှိ ဝစ္ဆဝတီ၏ပခုံးကို ပုတ်လိုက်သည်။

ဝတီက တစောင်းလှည့် ထိုင်ပြီး မေးတ၏။

"ဘာပြောချင်လဲ၊ မေးစရာရှိ မေးပါ မစ္စတာပိန်း"

"မဂ္ဂာသီကို သိသလား"

"သိပါတယ်"

"အိုး... မင်းတို့တွေ တော်တော်ထူးဆန်းတယ်၊ စိုင်းမွန်သာကိုမေးလဲ အားလုံးသိနေတယ်၊ မင်းကိုမေးလဲ တို့မေးသမျှ မသိတာမရှိဘူး"

"ရှင်တို့ ဆက်ဆံနေတာက ကျွန်မတို့ရဲ့ အသိုင်းအဝိုင်း ဖြစ်နေမှကိုး"

"အိုဟိုး... ဒီလိုကြောင့်ကိုး"

"ဖြစ်နိုင်တယ်၊ ဝတီပြောတာ ဖြစ်နိုင်တယ်၊ စိုင်းမွန်သာ သိတဲ့လူဆို ဝတီလဲသိမှာပဲပေါ့၊ ဒါ ဆန်းသလား၊ ဟားဟား"

ကျင်ပိန်းက ဝင်ပြော မှတ်ချက်ချလေတ၏။ ထိုစဉ် ဝတ်ဆံလ်ဖုန်းမြည်လာတ၏။

"ဟဲလို... အစ်ကိုစိုင်း ပြော..."

ဝတီက ခေါ်သည့်ဖုန်းနံပါတ်ကြည့်၍ ခေါ်သူကိုသိသည်။

"ဝတီ... အခု ဘယ်ကိုမောင်းနေတာလဲ၊ ရှမ်းကန်သုံးကို သွားမယ်ဆို"

"ဟုတ်ပါတယ်...ဒီကည့်သည်တွေက မဂ္ဂာသီနဲ့ အရင်တွေ့ချင်တယ်ဆိုလို့ အလုံလမ်းကို အရင်သွားကြမယ် အစ်ကို မွန်သာ၊ ရတယ်မဟုတ်လား"

"ရတော့ ရပါတယ်၊ ဒါပေမယ့် ဟိုကောင် ခင်မောင်ရင်လည်တဆန့်ဆန့်နဲ့ မျှော်နေမှာပေါ့၊ ဒီလိုလုပ်၊ အစ်ကို ရှမ်းကန်သရီးကို အရင်သွားပြီး စောင့်နေမယ်၊ ခင်မောင်ရင်ကိုလည်း ပြောထားပေးမယ်"

"သိပ်ကောင်းတဲ့အကြံပဲ အစ်ကို၊ ဒီကည့်သည်တွေလဲ ဒီအစီအစဉ်ကို ကြိုက်ကြမှာပါ"

ဝတီက ဖုန်းပိတ်ပြီး ပြောခဲ့သမျှ ဘာသာပြန် ပြောပြလိုက်သည်။ ည့်သည်များက ကောင်းတယ် ကောင်းတယ်ဟု ဆိုကြ၏။

ခဏကြာသော် မဂ္ဂာသီတို့ ခြံထဲဝင်သွားကြပြီ။ ကားအတော်များများ ရပ်ထားကြောင်း တွေ့ရသည်။

ဝစ္ဆဝတီက မဂ္ဂာသီ၏ရုံးခန်းကို တန်းရှာခေါ်သွားပြီး တံခါးခေါက်သည်။

"ကမ်းအင်... ပလိစ်"

ဟု အထဲက အော်ပြောသံ ကြားရသည်။

ဝစ္ဆဝတီက တံခါးကိုတွန်းရှာ အခန်းထဲသို့ ရှေ့မှလှမ်းဝင်ရာ မဂ္ဂာသီ အုံ့သြစွာထရပ်သည်။

"ဝတီပါလား... ဘယ်က လှည့်လာတာလဲ"

"ည့်သည်တွေကို ခေါ်လာတာပေါ့"

ထိုအခါကျမှ သူ့နောက်က ကပ်ပါလာသည့် လိုက်ဝင်လာသူ အနောက်တိုင်းသား နှစ်ဦးကို မြင်တော့သည်။ အဖြူရောင် ယူနီဖောင်းတွေနှင့်ဆိုတော့ ကျင်ပိန်းနှင့် ကျင်ပိန်းတို့ပဲ ဖြစ်မည်ဟု တန်းသိသည်။

"လာကြပါ... ထိုင်ကြပါ"

မဂ္ဂာသီက သူ့စားပွဲကြီးရှေ့မှ ခုံကြီးများတွင် ထိုင်ရန် ဟန်ပြုသည်။

ကျင်ပိန်းနှင့် ကျင်ပိန်းတို့ ဝင်ထိုင်ကြသည်။ ဝတီက–

"သူတို့လာမယ်ဆိုတာ သိပြီးသားလား"

ဟု မေးရာ

"စောစောကလွှတ်လိုက်သူ ဖုန်းဆက်ထားလို့ သိထားပါတယ်"

ဟု မကျွာသီက ဖြေ၏။

"ဝတီက သူတို့ရဲ့တိုးရစ်ဂိုက်ပါ။ ကိုမကျွာသီနဲ့ ပြောကြဆိုကြတာကို ဘာသာပြန်ပေးဖို့မှ မလိုတာ၊ အပြင်က စောင့်နေပါ့မယ်နော်"

ဟု ပြောပြီး အခန်းထဲက ပြန်ထွက်ခဲ့၏။

ဂျင်ပိန်းနှင့် ဂျင်ပိန်းတို့ နေသားတကျ ထိုင်မိသည်နှင့် ဂျင်ပိန်းက သူ့အိတ်ထဲမှ စာအိတ်တစ်အိတ် ထုတ်ပေးသည်။ မကျွာသီ ဖောက်ဖတ်သည်။

သူ့သူငယ်ချင်း ဒေါင်းနွယ်စကြာ အမေရိကန်ပြည်က ရေးပေးလိုက်သည့် မိတ်ဆက်စာပဲပေါ့။ စာထဲတွင်ပါသည့်အတိုင်း ဆို လာတွေ့မည့်သူမှာ မာရီယာလင်း ဆိုသည့် အမျိုးသမီး ဖြစ်ရမည်။

သို့သော် စောစောကပင် မာရီယာလင်းက သူ့ကိုယ်စား အမျိုးသားနှစ်ယောက် လွှတ်လိုက်မည်။ ဘယ်လို ဝတ်စားထားသည်။ နာမည်က မည်သူတို့ဖြစ်သည်ဟု ကြိုတင် ဖုန်းဆက်ထားသောကြောင့် ထိုနှစ်ဦးကိုပင် လက်ခံ တွေ့ဆုံလိုက်သည်။

"ငါတို့ဟာ ဆရာမရဲ့ တပည့်တွေပါ၊ ဒီမှာရှိနေတုန်း သူ့ခိုင်းတာတွေ လုပ်ပေးဖို့ ဖြစ်တယ်၊ အခု လာတွေ့တာက မိတ်ဆက်တဲ့သဘောလောက်ပါပဲ၊ သူက ဂျင်ပိန်း၊ ငါက ဂျင်ပိန်း"

"သိရတာ ဝမ်းသာပါတယ်"

"ဝမ်းသာပါတယ်"

"အကူအညီလိုရင် ပြောပါ၊ အားမနာနဲ့၊ မိတ်ဆက်စာ ရေးပေးတဲ့ ကိုဒေါင်းဟာ ငါ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်း တစ်ယောက်ပဲပေါ့"

"ကောင်းပါပြီ၊ လောလောဆယ်တော့ ကားငှားပေးတဲ့ အတွက် ကျေးဇူးပါ၊ နောက်ထပ် ကားလေးဘာလေး လိုရင်လည်း ပြောပါ့မယ်၊ အခုတော့ သွားစရာရှိသေးလို့ ခွင့်ပြုပါဦး"

သူတို့နှစ်ဦး ဘာမျှမကြာဘဲ ထွက်လာသည်။ ကားဝါကြီး ဘေးခ်ိ အဆင်သင့်ရပ်နေသော ဝတီက သူတို့အလာ ကားတံခါးဖွင့်ပေးရန် ဟန်အပြင်–

"နေပါစေ လေဒီ၊ ဒါ လေဒီအလုပ် မဟုတ်ပါဘူး"

ဟု တားပြီး သူတို့ဘာသာဖွင့်၍ ဝင်ထိုင်ကြသည်။ သူတို့ ဝလေ့မှာ အမျိုးသမီးက ကားတံခါးဖွင့်ပေးရှိ၊ ထုံးစံမရှိ။

ဝတီလည်း ကားရှေ့ခန်းဖွင့်၍ တက်လိုက်ပြီး ရှမ်းကန်သုံးကို မောင်းဆရာရေ့ဟု ဆိုလိုက်၏။

ရှမ်းကန်သုံးတွင် နေ့လယ်စာ စားသောက်ပြီးသောအခါ ကိုခင်မောင်ရင်လည်း လိုက်ချင်သည်ဆို၍ စိုင်းမွန်သာ သူ့ကားတွင် အဖော်ရသွား၏။ မော်စား သဘာဝဥယျာဉ်သို့ ဦးစွာ ထွက်လာကြသည်။

အနောက်တိုင်းသားနှစ်ဦးသည် မြေပုံတစ်ခုပါလာ၏။ မြေပုံထဲတွင်ပါသော ပုံစံနှင့် မော်စားဥယျာဉ်အတွင်းရှိ ကုန်းမြင့်မှန်သမျှကို လိုက်ကြည့်၍ သူတို့၏မြေပုံတွင် ၁၊ ၂၊ ၃၊ ၄ ၅ ဂဏန်းများ ရေးမှတ်ကြသည်။

သူတို့၏ ကျောပိုးအိတ်ထဲမှ ခေတ်မီကိရိယာများ ထုတ်၍ လက်နှင့်ချိန်ကာ တိုင်း၏။ သုံးချောင်းထောက်နှင့် ထောက်ကာ

တိုင်း၏။ ဒစ်ဂျစ်တယ် ကင်မရာနှင့် ဓာတ်ပုံတွေရိုက်၏။ ဗွီဒီယို ရိုက်၏။

ထို့နောက် ကုန်းတစ်ကုန်းအနီးရှိ စားသောက်ဆိုင်တွင် အအေးသောက်ကြရင်း မော်စားကန်ထဲ ဝင်ရောက်ရန်ကိစ္စ ဆွေးနွေးကြသည်။ စိုင်းမွန်သာသည် ယခင်ကန်ရေထိန်း စောရှီးရှိ၏ မြေးဖြစ်သည်။ စောရှီးရှိ၏ တပည့်များမှ ပေါက်ဖွားလာသည့် မျိုးဆက်သစ်များနှင့် အသင့်အတင့် ခင်မင်မှုရှိသည်။ လက်ရှိ မော်စားကန်စောင့်ကြပ်သူ အတော်များများသည် ထိုမျိုးဆက်များနှင့် လက်ထောက်ကန်ဝိုလ်၏ မျိုးဆက်များ ဖြစ်သည်။ လက်ထောက်ကန်ဝိုလ်၏မြေး မဏ္ဍာသီမိုးသီးမှာလည်း သူ့ကျောင်းနေဖက် ဖြစ်နေသည်။

ထို့ကြောင့် မော်စားကန်ထဲ ဝင်ရောက် လေ့လာခွင့်ကို စိုင်းမွန်သာဦးဆောင်သည့် ယခုအဖွဲ့ မော်စား သဘာဝဥယျာဉ်မှ ကြိုတင်ဖုန်းဆက်၍ ခွင့်တောင်းနိုင်ခဲ့သည်။

သူတို့ကားနှစ်စီးသည် မော်စားကန် အမှတ်(၁)ဂိတ်မှ ဝင်ခဲ့သည်။ အာယုကန်ပေါင်ရိုးပေါ်သို့ အရောက် ကားများကို မောင်းခဲ့ကြသည်။

လမ်းလျှောက်ပြီး ကွေ့ပတ်သွားရာ ဗောဓိကုန်းမှတစ်ဆင့် အာယုကန်ဘုရားကုန်းပေါ်ကို ရောက်ကြသည်။ ရင်ပြင်တော်မှ အမျိုးမျိုး တိုင်းထွာကြပြန်သည်။ ဓာတ်ပုံ ဗွီဒီယို ရိုက်ကြပြန်သည်။ တောင်ညီနောင်သို့သွား၍လည်း ရှေ့ကအတိုင်း လုပ်ခဲ့ကြသည်။

အာယုကန်ပေါင်ရိုးမှ ဆင်း၍ ကားများဖြင့် ကားဘီးရာ အတိုင်း ကွန်ကရစ်လမ်း ခင်းထားသည့် လမ်းအတိုင်း ကွေ့ကာ

ပိုက်ကာ သွားကြသည်။ ကုန်းမြင့်မြင့်မြင်လျှင် တက်ကြည့်ကြသည်။ တိုင်းစရာရှိတိုင်း ပုံရိုက်စရာရှိ ရိုက်ကြသည်။

ဝစ္ဆဝတီက စောစောပိုင်းတွင် အနီးကပ်လိုက်ကြည့်သော်လည်း နောက်ပိုင်းတွင် ကားပေါ်တွင်ထိုင်၍ နေရစ်ခဲ့သည်။

ထိုနေ့က မှောင်ရိပျိုးမှ မော်စကားဥယျာဉ်ရှေ့ရှိ လမ်းမှ ထွက်၍ပြန်ခဲ့ကြသည်။

နောက်နေ့တွင်လည်း မော်စားကန်သို့ ဝင်ကြပြန်သည်။ မနေ့က မရောက်နိုင်သေးသည့် ကုန်းကမ္ဘများသို့ သွားကြပြန်သည်။

"မစ္စတာ မွန်သာ၊ အခုထိတော့ ဟယ်ဘောတ်ပန္ဆက်ခံတဲ့ စေတီနဲ့တူတာဆိုလို့ ဘာတစ်ခုမှ မတွေ့သေးဘူးနော်"

"ဟုတ်တယ်၊ တချို့ကုန်းကမ္ဘတွေပေါ်မှာ အုတ်ရိုးတွေ၊ အုတ်ခုံတွေ၊ အုတ်နံရံအရာတွေ တွေ့ကြရပုံထောက်တော့ ပြိုသွားပြီလား၊ လက်ဦးသူ ယူသွားပြီလားမှ မသိတာ"

"မင်းတို့ဆီမှာ ရှေးဟောင်း သုတေသနလုပ်ငန်း တတ်ကျွမ်းသူ ရှိသလား မစ္စတာမွန်သာ"

"ရှိတယ်"

"ဒါဆို အဲဒီလူကိုခေါ်လာပြီး ဒီကျန်ရစ်ခဲ့တဲ့ အုတ်ပုံ အုတ်ရိုးတွေကို ကြည့်ခိုင်းရင် သူက ဘယ်အုတ်ခုံမျိုးဟာဖြင့် ဘယ်လိုအဆောက်အအုံရဲ့ အကြွင်းအကျန်ဆိုပြီး ခွဲခြားတတ်မှာပေါ့"

"တတ်မယ်ထင်တာပဲ၊ ခေါ်ခဲ့ကြည့်မယ်လေ"

"နောက်ပြီး ပထဝီဝင် ဘာသာရပ်ကျွမ်းပြီး ကွန်ပျူတာနဲ့ ဆိုက်စမစ်ပညာ နားလည်သူရော ရှိသလား"

"ဒါလား... မင်းတို့ဘေးမှာကို ရှိတယ်၊ မင်းတို့ရဲ့ဂိုက်ဟာ ပထဝီဝင်ဘာသာနဲ့ ဘွဲ့ရထားတယ်လေ၊ မြေပုံဆွဲတာ ဘာညာမျိုးကို သူ အတော်သိမယ် ထင်တာပဲ"

သို့ဖြင့် ကားပေါ်တွင် ကျန်ရစ်ခဲ့သည့် ဝစ္ဆဝတီကို ပြေးခေါ်ကြပြန်သည်။ ထိုအခါကျမှ ဂျင်ဝိန်းနှင့် ဂျင်ပိန်းတို့က သူတို့နှင့် ပါလာသည့် မြေပုံကိုပြသည်။ ရေကန်၏ ရေအတိမ် အနက်၊ မြေအနေအထား အနိမ့်အမြင့်၊ ကုန်းအနေအထား အနိမ့်အမြင့်တို့ကို ပုံ၌ပေါ်အောင် ရေးဆွဲကြရာတွင် တိုင်ပင်၍ လုပ်ကိုင်ကြသည်။

ဝစ္ဆဝတီက သူတို့၏ ခေတ်မီကိရိယာများကို မသုံးတတ်သော်လည်း မြေပုံတစ်ပုံကို ကွန်တိုကျအောင် ဆွဲပုံကိုတော့ အကြံပေး ကူညီနိုင်သည်။

တတိယမြောက်နေ့တွင် သူတို့တစ်အုပ်စုလုံး လူငါးယောက်တို့သည် ဟိုင်းအိတ်စတစ်စီးနှင့် မော်စားကန်နှင့် အာယုကန်သို့ ရောက်ကြပြန်သည်။ ဤပတ်ဝန်းကျင်၏ မြေပုံကို အတော်ပီပြင်အောင် ဖော်နိုင်ကြလေပြီ။

ထိုနေ့ သူတို့အုပ်စု ဍုပ်ရှားလုပ်ကိုင်နေသည်ကို ဟိုနားတွင် စောင့်ကြည့်သော်လူတွေ့ရ၊ ဒီနားတွင် အကဲခတ်သောသူ တွေ့ရနှင့် သတိပြုမိလာကြသည်။ ယခင်နှစ်ရက်ကမူ ကန်စောင့်များနှင့် ကန်မှတာဝန်ကျ ဝန်ထမ်းများသာ ခပ်လှမ်းလှမ်းမှ သူတို့ကို စောင့်ရှောက် ပေးခဲ့သည်။ ယနေ့တွေ့သော သူများမှာ လူစိမ်းများ ဖြစ်သည်။

ကန်စပ်တွင် ဟင်းရွက်ရှာသူ ရှာနေသည်။ အမှိုက်ကောက်သူ ကောက်နေသည်။ သစ်ပင်များ၊ ချုံနွယ်များကို ရှင်းသူက

ရှင်းနေသည်။ ကန်မှအလုပ်သမားများဟု ဆိုရအောင်ကလည်း အလုပ်ကို လက်ကလုပ်နေသော်လည်း မျက်လုံးများက စိုင်းမွန်သာတို့ အုပ်စုဘက်သို့ ပို၍ရောက်နေသည် မဟုတ်လော။

"အစ်ကိုတို့ကို နောက်ယောင်ခံနေတဲ့လူတွေ ရှိတယ်၊ ဝတီ သတိထားမိလား"

စိုင်းမွန်သာက ဟိုနှစ်ယောက် အလုပ်ဌာနရုံစိုက်နေခိုက် ဝစ္ဆဝတီ အနားကပ်၍ ပြောသည်။

"ဟုတ်ကဲ့... ဝတီ သတိထားမိတာ အတော်ကြာပြီ၊ ဘယ်က ဘယ်သူတွေလဲဟင်"

"ကန်ရဲ့တာဝန်ကျဝန်ထမ်းတွေတော့ မဖြစ်နိုင်ဘူး၊ စုံထောက်ဘက်ကလည်း ဖြစ်နိုင်တယ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကလည်း ဖြစ်နိုင်တယ်၊ အဲဒီနှစ်ယောက်ရဲ့ ပြိုင်ဘက်အဖွဲ့ကလည်း ဖြစ်နိုင်တယ်"

"အဲဒီ ညှို့သည်တွေကို အသိပေးထားရင် ကောင်းမယ်၊ သိပ်အတင့်မရဲမှ အဆင်ပြေမှာရယ်"

"ဒါလည်း ကောင်းသားပဲ"

သို့ဖြင့် ထိုနေ့ညနေအပြန် ညစာအတူစားစဉ် စိုင်းမွန်သာက ပြောတော်။

"ဂျင်ဝိန်းတို့ သတိထားမိလားမသိဘူး၊ တို့ကို စောင့်ကြည့်နေတဲ့ လူတွေရှိလာသလိုပဲ"

"ဟုတ်တယ်၊ ဒီနေ့ မော်စားကန်မှာရော၊ အာယုကန်ဘက်မှာပါ မသက်ာစရာ အမူအရာနှင့် လူအတော်များများ တို့ကို နောက်ယောင်ခံလိုက်ပြီး အကဲခတ်နေကြတာ မသိဘဲ ရှိမလား၊ ဒီမှာ ဒီလိုမျိုးဖြစ်ရင် အရေးယူခံရတတ်သလား"

"သက်ဆိုင်ရာကသိသွားရင် ခေါ်မေးမှာပဲ၊ မင်းတို့လိုချင်တဲ့ ဟာသ်ဂျပ်နဲ့ ဓာတ်ပန္နက်ခံရုပ်တွေဟာ ရှေးဟောင်း ပစ္စည်းဖြစ်နေရင် ပြည်ပယူသွားလို့မရဘူး။ သိရင် အရေးယူမှာပဲ"

"ရှေးဟောင်းပစ္စည်းဟုတ် မဟုတ် ဘယ်လို သတ်မှတ်သလဲ"

"ရှေးဟောင်း သုတေသနဌာနကို တင်ပြပြီး ထောက်ခံချက် ယူရတယ်လေ"

"လွန်ခဲ့တဲ့ ဘယ်နှစ်နှစ်ကြာကပစ္စည်းကို ရှေးဟောင်းလို့ သတ်မှတ်သလဲ"

"ဒါလား... မင်းတို့ရဲ့ဂိုက်ဟာ သူ့အမေက ရှေးဟောင်း သုတေသနဌာနက ဖြစ်တယ်၊ သူ ပိုသိမယ်၊ သူ့ကို မေးကြည့်"

"ဟုတ်လား... ဝတီ၊ ပြောပါဦး... သိရင်"

"ကျွန်မ သိရသလောက်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀ ကျော်က ထုတ်လုပ်တဲ့ အနုပညာ လက်ရာပစ္စည်းမှန်သမျှ ရှေးဟောင်းပစ္စည်းလို့ သတ်မှတ်တယ်၊ အစ်ကိုမွန်သာက ဒီပစ္စည်းတွေ ရောင်းဝယ်သူမို့ ပိုသိမှာပါ။ သူက လူလည်ကျပြီး လွှမ်းလွှဲပေးတယ်ပျို့"

"မဟုတ်ရပါဘူး။ အစ်ကိုတို့က အနုပညာလက်ရာပစ္စည်းမှန်ရင် ဟောဒီ ဦးသိုက်စိုးကိုပြတယ်၊ သူက မသေချာဘူးဆိုရင် ရှေးဟောင်းသုတေသန ဦးစီးဌာနကို တရားဝင်တင်ပြပြီး ထောက်ခံချက် တောင်းရတာပါပဲ"

စားကြ သောက်ကြရင်း အလုပ်ကိစ္စချည်း ပြောနေရသည်။ ဂျင်ပိန်းဆိုသည့်ကောင် ဝစ္ဆဝတီကို အရမ်းဦးစားပေး လာပုံကို မပြောဖြစ်ကြသေး။

"မနက်ဖြန် အစီအစဉ် ဘယ်လိုလဲ ဂျင်ပိန်း"

"ညကျတော့ ငါဖုန်းဆက်ပြီး အစီအစဉ်ပြောမယ်"

"ဘာလဲ... မင်းတို့ဆရာမကို တင်ပြ အတည်ပြုချက် ယူရဦးမှာလား"

"ယူရမှာပျို့"

"မင်းတို့ဆရာမက ဘယ်တော့မှ ကိုယ်တိုင်ပါဝင် လုပ်ကိုင်မှာလဲ"

"လက်ဆုပ်လက်ကိုင်ရအောင် အကောင်အထည်ပေါ်တဲ့ အဆင့်မှ သူ ထွက်လာလိမ့်မယ်"

"ဩော်... ဩော်... တကယ့်ဆရာမကြီးပဲကိုး"

ဤသို့ဖြင့် စိုင်းမွန်သာ ဒီလူတွေ၏ဆရာမကြီးကို အလွန်တွေ့ချင်လာသည်။ ဒီည သူတို့ဆရာမကြီးနှင့်ဆုံပြီး မနက်ဖြန် အစီအစဉ်ကို သေချာပေါက် မေးကြမည်။

စိုင်းမွန်သာ ဒီအမေရိကန်နှစ်ယောက်ကို လိုက်ချောင်းရန် ဆုံးဖြတ်လိုက်၏။

အက်စ်ဟုမ်းအင်း ခြံထဲတွင် ဟိုင်းအိတ်စ်တစ်စီး ရပ်ထားသည်။ ထိုကားကိုမြင်သာသည့် ခြံဘေးနားဘက်မှ ကားပါကင်ရှိ အခြားကားများကြားတွင် စူပါရှေဗင်တစ်စီး ရပ်ထားသည်။ ဗင်ထဲရှိ ယာဉ်မောင်းနေရာတွင် စိုင်းမွန်သာ ထိုင်နေသည်။

ည ၈ နာရီကျော်တွင် အဖြူရောင်ဝတ်စုံကိုယ်စီနှင့် ဂျင်ပိန်း၊ ဂျင်ပိန်းတို့ အင်းထဲမှ ထွက်လာကြသည်။ တိုရီတာ ဟိုင်းအိတ်စ် ဆင်ဝင်သို့မောင်းသွားရာ သူ့အမေယောက်ျား တက်၍လိုက်သွား၏။

ဗင်ကားလည်း [illegible] ကားမောင်းမှ လိုက်ပါသွားသည်။ ရှေ့မှ ကားသည် [illegible] ထရပ်ဒါးစ် ဟိုတယ်ရှေ့ရောက်သည်။

အဖြူဝတ်စုံနှစ်ယောက် ဆင်းသွားကြသည်။ ထရိတ်ဒါးစ်ထဲ ဝင်သွားကြပြီ။ စိုင်းမွန်သာ အမြန်ဝင်လိုက်သွား၏။ သူက ယခု ရှုပ်ဖျက်ထားသည်။ ဆံပင်ရှည်စွတ်ထား၏။ ဒီနှစ်ကောင် မမှတ်မိ နိုင်ဟု ယုံကြည်သည်။

ပထမထပ်သို့ လှေကားဖြင့် တက်သွားကြ၏။ ခန်းမထဲတွင် ဘူဖေးမိတ်ဆုံစားပွဲတစ်ခု ကျင်းပနေသည်။ လူအတော် များသည်။ ကြီးငယ်ရွယ်လတ် လူစုံတက်စုံ။ မြန်မာတွေပဲ အများအားဖြင့်။

"ဘယ့်နှယ်... ဒီလူဖြူနှစ်ယောက် ဒီမြန်မာအုပ်ထဲ ဝင်ရောမလို့လား၊ ဘာအဆက်အသွယ်ကွေ့များ ရှိလို့လဲ"

စိုင်းမွန်သာ တွေးနေခိုက် လူဖြူနှစ်ယောက် ဟိုအတွင်းပိုင်း ထောင့်နားတွင် ရပ်၍ စထရော်ဘယ်ရီ ဖျော်ရည်ခွက်ကြီးကြီး ကိုင်သောက်နေသည့် အမျိုးသမီးထံ သွားကြသည်။

မြန်မာ အမျိုးသမီးကလေးက ဆံကေသာ မည်းမည်း ရှည်ရှည် ခါးအောက် ဖုံးနေသည်။ အကျီအဖြူ။ မုဒ့ချိတ်ထဘီ အဖြူ ခြေမျက်စိဖုံးနှင့် တစောင်းကျောပေး၍ ရပ်နေပုံမှာ အရမ်း လှ ကျော့ရှင်းသည်။

ဟိုလူနှစ်ယောက် ထိုအမျိုးသမီးနား ရောက်သော် စကား တီးတိုး ပြောနေကြသည်။ သိပ်မကြာလှ ငတိနှစ်ကောင် ပြန်လာ သည်တွင် အမျိုးသမီးက စိုင်းမွန်သာရပ်နေသည့်ဘက်သို့ တည့် တည့် လှည့်၍ ထိုနှစ်ယောက်ကို လက်ပြ နှုတ်ဆက်လိုက်သည်။

"ဟာ..."

စိုင်းမွန်သာ [illegible]လောက်အောင် အံ့ဩသွား၏။

"ကြည့်စမ်း... [illegible] သူက ဒီနှစ်ယောက်နဲ့ အဆက်အစပ်ရှိနေတာပဲ၊ ဒီနှစ်ယောက်[illegible]ကြီး လုပ်နေ

သူလား၊ ဟယ်... မဖြစ်နိုင်ဘူး၊ ဒီအမေရိကန်ကလာပြီး ပျေးဟောင်း ပစ္စည်း ခိုးထုတ်မယ့် ကောင်တွေက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရာရှိအမျိုးသမီးရဲ့ တပည့် လုပ်ပါ့မလား"

စိုင်းမွန်သာ ဦးနှောက်ခြောက်သွားသည်။

"တွေးစမ်း...တွေးစမ်း၊ အဲ... ဟုတ်ပြီ၊ စန္ဒာဟာ သူ့ ရည်းစား အမေရိကားကနေ လွှတ်လိုက်တဲ့ ငနဲတွေနဲ့ပေါင်းပြီး ဒီအလုပ်ကို လုပ်ပေးတာဖြစ်မယ်"ဟု တွေးကြည့်လိုက်သည်။

"ဟာ... ဒါဆိုရင် ဘာကြောင့် ငါတို့ကို တိုက်ရိုက် မဆက်သွယ်တာလဲ၊ အင်း...သူက ရဲတပ်ဖွဲ့ကဆိုတော့ တို့သိရင် မလုပ်ရဲမှာစိုးလို့ ဖြစ်ရမယ်"

ဤသို့တွေးပြီး တစ်ဖန်...

"အဲ...အဲ... ဒီကောင်တွေရဲ့ ဆရာမဆိုတာ စန္ဒာဒေဝီ ဟုတ်ရင်တော်သေး၊ ဒီမှာလာပြီး တစ်စုံတစ်ခုပြောခိုင်းလို့ လာပြော ပြီးမှ သူတို့ဆရာမဆီ ဆက်သွားတာမျိုးရော မဖြစ်နိုင်ဘူးလား၊ ဒုက္ခာ... ငါ အတွေးခေါင်သွားတယ်၊ မဖြစ်ဘူး၊ ဟိုကောင် တွေဆီ အမိလိုက်မှ"

စိုင်းမွန်သာ သုတ်ခြေတင်၍ ဆင်းပြေးလာ၏။ သူ တံခါးမကြီးမှ ပြေးအထွက် တိုရိုတာဟိုင်းအိတ်စ် ထွက်သွား တာမြင်လိုက်သည်။ ကားပေါ်ပြေးတက်ပြီး အနော်ရထာလမ်း ဘက် ကွေ့သွားသည်ကိုတွေ့၍ နောက်ကလိုက်ခဲ့သည်။ ဤလမ်း တစ်လျှောက် မြန်မြန်မောင်း၍ မရသောကြောင့် မျက်ခြည်မပြတ်နိုင်။

လိုက်ရင်း လိုက်ရင်းနှင့် ဂျင်ဝိန်းတို့တည်းသည့် အက်စ် ဟုမ်းအင်းဝရှိ ပြန်ရောက်လာသည်။ ခဏကြာတော့ တော်မိုကား ပြန်ထွက်လာလေပြီ။

အဖြူဝတ်စုံနှစ်ယောက် ဆင်းသွားကြသည်။ ထရိတ်ဒါးစ်ထဲ ဝင်သွားကြပြီ။ စိုင်းမွန်သာ အမြန်ဝင်လိုက်သွား၏။ သူက ယခု ရှုပ်ဖျက်ထားသည်။ ဆံပင်ရှည်စွတ်ထား၏။ ဒီနှစ်ကောင် မမှတ်မိနိုင်ဟု ယုံကြည်သည်။

ပထမထပ်သို့ လှေကားဖြင့် တက်သွားကြ၏။ ခန်းမထဲတွင် ဘူဖေးမိတ်ဆုံစားပွဲတစ်ခု ကျင်းပနေသည်။ လူအတော် များသည်။ ကြီးငယ်ရွယ်လတ် လူစုံတက်စုံ။ မြန်မာတွေပဲ အများအားဖြင့်။

"ဘယ့်နှယ်... ဒီလူဖြူနှစ်ယောက် ဒီမြန်မာအုပ်ထဲ ဝင်ရောမလို့လား။ ဘာအဆက်အသွယ်ကွေ့များ ရှိလို့လဲ"

စိုင်းမွန်သာ တွေးနေခိုက် လူဖြူနှစ်ယောက် ဟိုအတွင်းပိုင်း ထောင့်နားတွင် ရပ်၍ စထရော်ဘယ်ရီ ဖျော်ရည်ခွက်ကြီးကြီး ကိုင်သောက်နေသည့် အမျိုးသမီးထံ သွားကြသည်။

မြန်မာ အမျိုးသမီးကလေးက ဆံကေသာ မည်းမည်း ရှည်ရှည် ခါးအောက် ဖုံးနေသည်။ အကျီအဖြူ။ မုဒုံချိတ်ထဘီ အဖြူ ခြေမျက်စိဖုံးနှင့် တစောင်းကျောပေး၍ ရပ်နေပုံမှာ အရမ်းလှ ကျော့ရှင်းသည်။

ဟိုလူနှစ်ယောက် ထိုအမျိုးသမီးနား ရောက်သော် စကားတီးတိုး ပြောနေကြသည်။ သိပ်မကြာလှ ငတိနှစ်ကောင် ပြန်လာသည်တွင် အမျိုးသမီးက စိုင်းမွန်သာရပ်နေသည့်ဘက်သို့ တည့်တည့် လှည့်၍ ထိုနှစ်ယောက်ကို လက်ပြ နှုတ်ဆက်လိုက်သည်။

"ဟာ..."

စိုင်းမွန်သာ အသံထွက်လောက်အောင် အံ့ဩသွား၏။

"ကြည့်စမ်း... စန္ဒာဒေဝီပလို့ သူက ဒီနှစ်ယောက်နဲ့ အဆက်အစပ်ရှိနေတာပဲ၊ ဒီနှစ်ယောက်ကို ဆရာမကြီး လုပ်နေ

သူလား။ ဟယ်... မဖြစ်နိုင်ဘူး။ ဒီအမေရိကန်ကလာပြီး ရှေးဟောင်းပစ္စည်း ခိုးထုတ်မယ့် ကောင်တွေက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရာရှိအမျိုးသမီးရဲ့ တပည့် လုပ်ပါ့မလား"

စိုင်းမွန်သာ ဦးနှောက်ခြောက်သွားသည်။

"တွေးစမ်း...တွေးစမ်း၊ အဲ... ဟုတ်ပြီ၊ စန္ဒာဟာ သူ့ရည်းစား အမေရိကားကနေ လွှတ်လိုက်တဲ့ ငနဲတွေနဲ့ပေါင်းပြီး ဒီအလုပ်ကို လုပ်ပေးတာဖြစ်မယ်"ဟု တွေးကြည့်လိုက်သည်။

"ဟာ... ဒါဆိုရင် ဘာ့ကြောင့် ငါတို့ကို တိုက်ရိုက် မဆက်သွယ်တာလဲ၊ အင်း...သူက ရဲတပ်ဖွဲ့ကဆိုတော့ တို့သိရင် မလုပ်ရဲမှာစိုးလို့ ဖြစ်ရမယ်"

ဤသို့တွေးပြီး တစ်ဖန်...

"အဲ...အဲ... ဒီကောင်တွေရဲ့ ဆရာမဆိုတာ စန္ဒာဒေဝီ ဟုတ်ရင်တော်သေး၊ ဒီမှာလာပြီး တစ်စုံတစ်ခုပြောခိုင်းလို့ လာပြောပြီးမှ သူတို့ဆရာမဆီ ဆက်သွားတာမျိုးရော မဖြစ်နိုင်ဘူးလား၊ ဒုက္ခာ... ငါ အတွေးခေါင်သွားတယ်၊ မဖြစ်ဘူး၊ ဟိုကောင်တွေဆီ အမီလိုက်မှ"

စိုင်းမွန်သာ သုတ်ခြေတင်၍ ဆင်းပြေးလာ၏။ သူ တံခါးမကြီးမှ ပြေးအထွက် တိုရိုတာဟိုင်းအိတ်စ် ထွက်သွားတာမြင်လိုက်သည်။ ကားပေါ်ပြေးတက်ပြီး အနော်ရထာလမ်း ဘက် ကွေ့သွားသည်ကိုတွေ့၍ နောက်ကလိုက်ခဲ့သည်။ ဤလမ်းတစ်လျှောက် မြန်မြန်မောင်း၍ မရသောကြောင့် မျက်ခြည်မပြတ်နိုင်။

လိုက်ရင်း လိုက်ရင်းနှင့် ဂျင်ဝိန်းတို့တည်းသည့် အက်စ်ဗုံမ်းအင်းကို ပြန်ရောက်လာသည်။ ခဏကြာတော့ တော်မိုကား ပြန်ထွက်လာလေပြီ။

စိုင်းမွန်သာ ခဏစောင့်ပြီး သေချာအောင် တော်မို့ ဟမ်းဖုန်းကို ဆက်ကြည့်သည်။

"ဟဲလို... တော်မိလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"စိုင်းမွန်သာပါ။ မင်းတို့ အခု ဘယ်ရောက်နေလဲ၊ အစ်ကို ဟိုလူတွေနဲ့ ပြောစရာနည်းနည်းရှိလို့ ဆက်ကြည့်တာ"

"သူတို့လား... အခန်းပြန်ပြီး နားကြပြီဆရာ၊ ကျွန်တော့် ကိုလဲပြန်လွှတ်လိုက်ပြီ၊ မနက် ဆရာတို့နဲ့ ချိန်းထားတဲ့ အချိန် အတိုင်း အမီပို့ဖို့သာ မှာခဲ့တယ်ဗျ"

"အေး...အေး၊ ဒါဆို ဆရာ သူတို့အခန်းက ဖုန်းကိုပဲ ဆက်လိုက်မယ်၊ ဒါပဲ... ဘိုင်"

စိုင်းမွန်သာ ဒီကောင်တွေ အခန်းပြန်သည်ကိုတွေ့ရတော့ နောက်ထပ် ဆရာမနှင့် ထပ်တွေ့စရာ မရှိတော့၍ တန်းပြန်ကြ ကြောင်း သေချာသွား၏။

သို့သော် စန္ဒာဒေဝီက သူတို့ဆရာမနေရာတွင် ရောက်နေ ပုံကို နားမလည်လှသေး။ ဘဝင်မကျဖြစ်နေ၍ ဝစ္ဆဝတီထံရင်ဖွင့်ရန် စိတ်ကူးထဲပေါ်လာသည်။ ဖုန်းဆက်လိုက်၏။

"ဟဲလို... ဝတီပါ အစ်ကိုမွန်သာ၊ ဘာအရေးကြီးလို့ ညမိုးချုပ်ကြီးဆက်လာပါလိမ့်"

"သိပ်အရေးကြီးတယ် ထင်တာပဲ၊ ဝတီနဲ့တွေ့ချင်တယ်၊ အခုလာခဲ့လို့ရမလား"

"ပြောစရာရှိလဲ ပြောရောပေါ့ အစ်ကိုရာ"

"ဟိုလေ... ဖုန်းနဲ့ပြောလို့ သိပ်မကောင်းဘူး ထင်တယ်၊ အခုပဲလာခဲ့မယ်ဟာ၊ ဝတီတို့အိမ်နဲ့ အစ်ကိုရောက်နေတဲ့နေရာ သိပ်မဝေးဘူး၊ ဆယ်မိနစ်မောင်းရင် ရောက်ပြီ"

ဒါပဲပြောပြီး စိုင်းမွန်သာ ဖုန်းချ ကားမောင်းထွက်ခဲ့ သည်။ ဆံမင်အတုကို ကားဒက်ရှ်ဘုတ်က အံထဲထည့်လိုက်၏။

ဝစ္ဆဝတီတို့အိမ်ရှေ့သို့ ကားရပ်သော် တံခါးအဆင်သင့် ဖွင့်၍ အပေါက်က စောင့်နေကြောင်း တွေ့ရသည်။

"ဝတီ စောင့်နေရတာကိုး၊ ဆောရီးကွာ"

"လာပါ... ညီ့ခန်းထဲကြွ အစ်ကိုရေ"

ဆိုဖာ၌ထိုင်မိသည်နှင့် စိုင်းမွန်သာ မဆိုင်းမတွပြောသည်။

"ဒီမယ် ဝတီ... ဟိုအဖြူနှစ်ကောင်ရဲ့ ဆရာမကြီးဟာ ဘယ်သူလဲ၊ သိလား"

"အို... ဘယ်သိပါ့မလဲ"

"မသိရင်မှတ်ထား၊ ပြောလိုက်ရင် ကိုယ့်နားတောင် ကိုယ်မယုံဘဲ ဖြစ်သွားမယ်၊ ဟူး"

"လေတွေဘာတွေ မှုတ်ထုတ်မနေနဲ့၊ ဒီလိုရှေးဟောင်း ပစ္စည်း ဝါသနာအိုး ဆရာမကြီးတွေဆိုတာ အသက်ခုနစ်ဆယ် ကျော် အဘွားကြီးတွေ ဖြစ်မှာပေါ့၊ ဘီလျံနာမကြီးတွေလေ၊ တပည့်ကောင်ကလေးတွေ လွှတ်ပြီး ရှာခိုင်းမှာပေါ့"

"ထွတ်... အမှားချည်းပြောပြီ၊ အဲဒီကောင်တွေရဲ့ ဆရာမ ကြီးဟာ စန္ဒာဒေဝီကွ"

"ဟင်..."

"ဟုတ်တယ်... စန္ဒာဒေဝီ"

"အို... ရမ်းသမ်းမပြောနဲ့၊ ဘယ်သူ အစ်ကိုမွန်သာကို ဖြီးသွားတာလဲမသိ"

"မဟုတ်ဘူး ဝတီ၊ အစ်ကိုက ဒီကောင်နှစ်ယောက်ကို နောက်ယောင်ခံလိုက်သွားခဲ့တာ၊ ဟိုရောက်တော့ သူတို့သွား

တွေ့ပြီး ညွှန်ကြားချက် ပေးတဲ့သူက စန္ဒာမှ စန္ဒာဒေဝီ အစစ်။ ဒီမျက်စိတွေနဲ့ တပ်အပ်မြင်ခဲ့တာ"

"ဘယ်မှာလဲ"

"ထရိတ်ဒါးစ်ဟိုးယယ်ရဲ့ ဘောလ်ရုမ်း ခန်းမထဲမှာ"

"ဟုတ်မှလည်းပြောပါ၊ အဲဒီမှာကိစ္စရှိလို့ ဝင်ပြီးမှ သူတို့ ဆရာမကြီးဆီ သွားရင်ကော"

"အစ်ကိုလည်း ဒီလိုဖြစ်နိုင်တယ်ဆိုပြီး ဆက်လိုက်သွားတာ၊ သူတို့တည်းခိုတဲ့ဆီ တန်းပြန်ပြီး တော်မို့ကို ပြန်လွှတ်လိုက်တယ်"

"တော်မို့ကား ပြန်လွှတ်ပြီးမှ တခြားကားနဲ့ လစ်ရင်ရော"

စိုင်းမွန်သာ ပါးစပ်ဟသွားသည်။ ဒါကို သူ မစဉ်းစားမိခဲ့။ ချက်ချင်းခေါင်းထောင်သွား၏။ တစ်စုံတစ်ခု တွေးလိုက်ပြီး ဆဲလ်ဖုန်းကို ကောက်နှိပ်လိုက်သည်။

"ဟဲလို... အက်စ်ဟုမ်းအင်းကပါလား"

"ဟုတ်ပါတယ်၊ ဘာများကူညီရပါမလဲ"

"ဝမ်းဝမ်းတူးက ဂျင်ဝိန်းအခန်းကို ပေးပါ"

"ခဏစောင့်ပါ"

တေးသံသာသာကလေး မြည်နေသည်။ ခဏအကြာ တစ်ဖက်မှ ဂျင်ဝိန်းအသံ ထွက်လာ၏။

"ဂွတ်အီးဗနင်း... အိုင် ဂျင်ဝိန်းပါ"

"ဟိုင်း... မအိပ်သေးဘူးလား"

"မြေပုံကို ပြန်လေ့လာနေကြတယ်လေ"

"ကောင်းတယ်... ကောင်းတယ်၊ မနက်ဖြန်မနက် ခုနစ်နာရီခွဲ၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ခုလို ဖုန်းဆက်လာတုန်း ဆရာမမှာတာလေး ကြိုပြောပါရစေ၊ မနက်ဖြန် မဏ္ဍာသီမိုးသီးဆီ ပထမဆုံး သွားတွေ့ကြပါမယ်၊ မလွတ်ရအောင် ကြိုပြီး ချိန်းပေးလို့ရရင် ချိန်းပေးထားပါ၊ ရှစ်နာရီခွဲမှာ တွေ့ချင်ပါတယ်လို့"

"ကောင်းပြီ... ကောင်းပြီ၊ ဂွတ်နိုက်"

စိုင်းမွန်သာ စကားဖြတ်လိုက်သည်။ အင်းမှာ ပြန်ရောက်ပြီး အခန်းထဲက ထပ်မထွက်ရုံသာမက သူတို့ဆရာမကြီးရဲ့ လမ်းညွှန်ချက်ပါရပြီး ပုံတွေကို ဝတီအား ပြောပြလိုက်သည်။

"ဒါဆို အစ်ကိုတွေ့ခဲ့တဲ့ စန္ဒာဒေဝီက သူတို့ကို ညွှန်ကြားချက် ပေးလိုက်တာပေါ့"

"ဒီလိုပဲဖြစ်နေတာပေါ့၊ နေပါဦး... စန္ဒာက ဘာ့ကြောင့် သူတို့ဆရာမ ဖြစ်နေတာလဲ"

"အဲဒါကို ဝတီကမေးရမှာ"

"အား... အစ်ကို စဉ်းစားလို့ရသလောက်တော့ ပထမအချက်အနေနဲ့ တွေးမိတာက အမေရိကရောက် စန္ဒာရည်းစားဟိုကောင် ကိုဒေါင်းက စန္ဒာကို လုပ်ခိုင်းနေတာဖြစ်မယ်၊ ဒုတိယအချက်က ဒီကိစ္စ အစ်ကိုတို့နဲ့လုပ်တာကို စန္ဒာလို ရဲအရာရှိပါနေရင် နောက်တွန့်မှာစိုးလို့ နောက်ကွယ်မှာနေ ကာဖြစ်မယ်"

"ဒါတွေထက် စန္ဒာဒေဝီလို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရာရှိ အမျိုးသမီးကို ခုတုံးလုပ်ပြီး အသုံးချနေတာရော မဖြစ်နိုင်ဘူးလား"

"ဟုတ်ပြီ၊ အဲဒါလည်း ဖြစ်နိုင်တာပဲ"

"ဒါဆို စန္ဒာဒေဝီရဲ့ လှုပ်ရှားမှုကို တစ်ဖက်က စောင့်ကြည့်ဖို့ လိုမယ်ထင်တယ်၊ အစ်ကိုမွန်သာ ဘယ်နှယ်သဘောရလဲ"

"ဝတ္ထုသူငယ်ချင်း သန္ဓာယမင်းကို အကူအညီတောင်းရင် မကောင်းဘူးလား"

"ကောင်းတယ်၊ မနက်စောစောကျ ယမင်းကို ဖုန်းဆက်ပြီး အကူအညီတောင်းမယ်၊ ဟုတ်ပြီလား"

"ဟုတ်ပြီ၊ အခုမှ စိတ်အေးရတော့တယ်၊ ဝတီနဲ့ လာမတွေ့ဘဲ ပြန်သွားရရင် ဒီည အိပ်ပျော်မှာမဟုတ်ဘူး၊ တောင်တွေးမြောက်တွေးနဲ့ ခေါင်းရှုပ်နေမှာ"

"ဟင်း...ဟင်း... အစ်ကိုတို့များ စန္ဒာဒေဝီကို မတွေ့လိုက်နဲ့၊ တွေ့လိုက်ရတာနဲ့ ရင်တွေခုန်၊ ခေါင်းတွေရှုပ်၊ စိတ်တွေ ဗျာများသွားတာချည်းပဲ"

"အို... အခုကိစ္စက တကယ့်ကို ဦးနှောက်စားစရာပဲဟ"

"ထားပါတော့... အခု စိတ်အေးအေးထားပြီး အိပ်ပျော်အောင် ပြန်အိပ်လိုက်ဦး၊ မနက်ဖြန်ကစပြီး ပွဲကြီးပွဲကောင်းတွေ နွဲ့ကြရမယ့်ပုံပဲနော်"

ဝစ္ဆဝတီ၏ နှောက်ဆုံးစကားကို ကြားရသောအခါ စိုင်းမွန်သာ ကျေနပ်မမိသေး။ မှန်ပါသည်။ ဝစ္ဆဝတီသည် ငယ်ငယ်ကတည်းက စန္ဒာဒေဝီပါလာသည့် မည်သို့သောကိစ္စ၌ မဆို ပွဲကြီးပွဲကောင်းဖြစ်အောင် နွဲ့ပစ်နေကျ။

ယခုပွဲတွင်တော့ စန္ဒာဒေဝီက ငယ်ငယ်တုန်းကလို ဝစ္ဆဝတီကို တော်ရုံတန်ရုံ ခွင့်လွှတ်လိုက်သည်မျိုး လုပ်၍မဖြစ်တော့။

စန္ဒာဒေဝီတွင် မြန်မာ့ရဲတပ်ဖွဲ့မှ ပေးအပ်သောတာဝန်က ရှိနေသည်။ ပုဂ္ဂလဓိဋ္ဌာန်အရ ကိုယ်ရေးကိုယ်တာလို အလျှော့ပေးလို့ ရသော ကိစ္စမဟုတ်။

ယခု ဝစ္ဆဝတီ ပါဝင်လှုပ်ရှားနေသည်က ရာဇဝတ်မှုနှင့် ဆက်နွယ်နေသည်။ မှုခင်းတစ်ရပ်နှင့် သက်ဆိုင်နေသည်။

အမေရိကန်ပြည်မှ ခရီးသွား ညည့်သည်နှစ်ယောက် မော်စားသဘာဝဥယျာဉ်တွင် ခေတ်မီကိရိယာများနှင့် တိုင်းတာ ဓာတ်ပုံရိုက်နေသည်ကို စတင်တွေ့ရှိသည့် နေ့ကတည်းက ထူးခြားချက်ကို ဆားပုလင်းဝင်းအောင်က သက်ဆိုင်ရာသို့ သတင်းပို့ခဲ့သည်။

ဤသို့ ကိရိယာများအသုံးပြု၍ တိုင်းတာခြင်း၊ ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ခြင်းများကို ဤဥယျာဉ်၌ ခွင့်ပြုချက်မရဘဲ လုပ်ခွင့်မရှိ။ ရုပ်ရှင်ရိုက်လိုသည့် အဖွဲ့များပင် ကြိုတင် ခွင့်ပြုချက်တောင်း၍ အခကြေးငွေနှင့် ပေးဆောင်ပြီးမှ ရိုက်ခွင့်ပြုသည်။

"ခုလို ထူးထူးခြားခြား လုပ်နေတဲ့လူတွေရဲ့ ပုံစံတွေကို ပြောစမ်း"

မှုခင်းတပ်ဖွဲ့မှ ဒုရဲမှူး ဦးခင်မောင်တင့်က ဒုရဲအုပ် စိုးလွင်ကို မေးလိုက်သည်။

"နိုင်ငံခြားသားနှစ်ယောက်ဟာ လူဖြူတွေပဲ၊ တစ်ယောက်က အရပ်ခြောက်ပေ နှစ်လက်မလောက်ရှိမယ်၊ တစ်ယောက်က ငါးပေဆယ်လက်မလောက် မြင့်မယ်ထင်တယ်၊ ထူးခြားတာက နှစ်ယောက်စလုံး တီရှပ်ဖြူ၊ ဂျင်းဘောင်းဘီ အဖြူတွေဝတ်ပြီး ဂျန်းဂဲလ်ဟက်အဖြူ ဆောင်းထားကြတယ်၊ ကျောပိုးအိတ်ကအစ အဖြူကိုယ်စီနဲ့ပါ၊ သူတို့ပါလာတဲ့ဂိုက်က ဝစ္ဆဝတီပါ၊ ဖလိုင်းယင်းဖတ်စ် ခရီးသွားလုပ်ငန်းရဲ့ အင်္ဂလိပ်ဘာသာ တိုးရစ်စ်ဂိုက်ပါ၊ သိပ်ချောပြီး သိပ်သွက်လို့ နာမည်ကြီး လူကြိုက်များတဲ့ သူပါ၊ အဓိက အိမ်ရှင်လုပ်သူကတော့ ဦးစိုင်းမွန်သာ ဖြစ်ပါတယ်၊ လောကနတ် လက်မှုအနုပညာပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ဒါရိုက်တာတစ်ဦး ဖြစ်ပါတယ်"

"အဲဒီပုဂ္ဂိုလ်ရဲ့ နောက်မှာ ဘာကျောထောက် နောက်ခံ ရှိသလဲ"

"မော်စားကန်က တာဝန်ခံ အတော်များများနဲ့ ဦးစိုင်းမွန်သာက ခင်မင်တယ်၊ အဲဒီအုပ်ချုပ်ရေးဌာနက ပုဂ္ဂိုလ်တွေရဲ့ ခွင့်ပြုချက်ရထားတယ်၊ လိုက်ပြီး ကူညီပေးတဲ့သူတောင် ရှိသေး"

"သူတို့ ခုလို မှတ်တမ်းတင်နေတာ ဘာသဘောလို့ လေ့လာတွေ့ရှိရသလဲ"

"မြေပုံတွေ ထုတ်ကြည့်လိုက်၊ တိုက်ဆိုင်လိုက်နဲ့မို့ အဲဒီ တစ်ဝိုက်က ကုန်းမြင့်တစ်ခုခုမှာရှိတဲ့ ပစ္စည်းတစ်ခုခုကို ရှာနေ ကြတာ ဖြစ်နိုင်ပါတယ်"

"ကောင်းပြီ...ရဲအုပ်တင်ထွန်းလူ၊ မနက်ဖြန်ကစပြီး သူတို့ရဲ့ လှုပ်ရှားမှုကို ပိုပြီးအနီးကပ်စုံစမ်းကြ၊ အမျိုးသမီးလေးတစ်ယောက် ပါနေတော့ ဒီကရဲအုပ်စန္ဒာဒေဝီကို အဲဒီ အမျိုးသမီးရဲ့ နောက် ကြောင်းနဲ့ ကိုယ်ရေးသမိုင်းကို စုံစမ်းဖို့ တာဝန်ပေးတယ်၊ ဘယ့်နယ်လဲ ရဲအုပ်စန္ဒာ"

စန္ဒာဒေဝီက ခြေစုံကပ် သတိဆွဲ၍ ချက်ချင်းဖြေသည်။

"အထူးစုံစမ်းဖို့ မလိုပါဘူးဆရာ၊ ဝစ္ဆဝတီဟာ စန္ဒာနဲ့ ငယ်ငယ်ကတည်းက ကျောင်းနေဘက်တွေ၊ သူ့အဖေက အနုပညာ တက္ကသိုလ်ရဲ့ ပန်းချီပန်းပုဌာနက တွဲဖက်ပါမောက္ခ အငြိမ်းစား၊ သူ့အမေက ရှေးဟောင်းသုတေသနဌာနက ညွှန်ကြားရေးမှူး အငြိမ်းစား၊ သူက ပထဝီဝင်မေဂျာနဲ့ဘွဲ့ရပြီး ဖလိုင်းယင်းဖတ်စ် တိုးရစ်ဇင်မှာ တိုးရစ်ဂိုက်လုပ်နေတာ ရှစ်နှစ်လောက်ကြာပြီပဲ၊ သူ့အသက်လား၊ စန္ဒာနဲ့ရွယ်တူဆိုတော့ သုံးဆယ်ပြည့်ရောပေါ့"

"ဝစ္ဆဝတီကို ဒီလောက်သိနေမှတော့ ဦးစိုင်းမွန်သာကို လည်း သိမှာပဲပေါ့"

"ဟုတ်ကဲ့ရှင့်၊ ကျောင်းနေဘက်တွေပါပဲ၊ တစ်ခုထူးခြား တာကို တင်ပြခွင့်ပြုပါ"

"ပြောပါ ဒေါ်စန္ဒာဒေဝီ"

"ဦးစိုင်းမွန်သာရဲ့ မိဘတွေဟာလည်း အာယုကန်ရှာဇာတိ၊ ဝစ္ဆဝတီကလည်း အာယုကန်ရှာနေ မိဘတွေကပဲ ဆင်းသက်လာ ကြတာ၊ နောက်ပြီး ချီတာ အင်ဂျားကားလုပ်ငန်းပိုင်ရှင် မက္ကာသီ ဟာလည်း မော်စားဇာတိ၊ သူ့အဘိုးက မော်စားကန်ရဲ့ လက် ထောက်ကနဲ့ပိုလ် တာဝန်ထမ်းခဲ့ဖူးတယ်၊ ဒါ့ကြောင့် ဒီနယ်မြေကို ကျွမ်းတဲ့သူတွေ စုပေါင်းပြီး တစ်ခုခုလုပ်ဖို့ ကြိုးစားနေကြတာ ဖြစ်မယ်"

"ဟုတ်ပြီ... မနက်ဖြန် အခြေအနေကို ပိုပြီးအနီးကပ် လေ့လာကြ၊ ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆို အားလုံးသွားလို့ရပါပြီ"

ဒုရဲမှူး ဦးခင်မောင်တင့်က လူစုခွဲစေလိုက်သည်။

အခန်း (၈)

ပုံမှားရိုက်သလား
တိုင်းတစ်ပါးကထိပ်ထား

"ဒီနေ့ ဘာတွေထူးခြားချက်တွေ့လဲဟေ့"

ရဲအုပ် ဦးတင်ထွန်းလူက သူ့ရှေ့တွင် ထိုင်နေကြသည့် ရဲအရာရှိများကို မေးသည်။ ပြီးမှ–

"အေး... ဒုရဲအုပ်စိုးလွင်က စပြီးပြောကွာ"

"ဟုတ်ကဲ့ဆရာ၊ မော်စားနဲ့ အာယုကန်တွေမှာရှိတဲ့ တောင်ကုန်းတွေပေါ်က အုတ်ပုံဟောင်း၊ အုတ်ခုံဟောင်းတွေကို သေချာလေ့လာနေကြတယ်၊ ရှေးဟောင်းသုတေသနကို တတ်ကျွမ်းတဲ့ ဦးသိုက်စိုးကိုလည်း ခေါ်လာပြီး စစ်ဆေးကြတယ်"

"ဘာအတွက်လို့ထင်လဲ ဆားပုလင်းဝင်းမောင်"

"ပထမတော့ သိုက်တူးမလို့များလားလို့ ထင်နေတာ၊ နောက်ပိုင်းက လှည့်စုံစမ်းတော့ စေတီပန္နက်ခံတဲ့ ဓာတ်ပန္နက်ရုက်တွေအကြောင်း စုံစမ်းနေကြောင်း လူသက်သေနဲ့ သူတို့သုံးတဲ့ ကိရိယာအရ ပစ္စည်းသက်သေရပါတယ်"

"ဒီနေ့တော့ ဒါတွေပဲလုပ်နေခဲ့ကြတာလား ကိုစိုးလွင်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီကုန်းတွေ၊ ကမ္ဘတွေ ဘည်နေပုံကို မြေပုံဆွဲရာမှာ တိုးရစ်စ်ဂိုက်ဖြစ်တဲ့ ဝစ္ဆဝတီလည်း ပါဝင်လုပ်ကိုင်လာတာ တွေ့ရပါတယ်"

"ဒီအမျိုးသမီးကို ကောင်းကောင်းသိတဲ့ ရဲအုပ်စန္ဒာက ဘယ်လိုမြင်သလဲ"

"ဝစ္ဆဝတီက စပ်စပ်စုစုရှိပါတယ်၊ ထူးထူးဆန်းဆန်း လုပ်တာကို ဝါသနာပါတယ်၊ အပြိုင်အဆိုင်ကိုလည်း ဒိဏ္ဍသီ ရှိပါတယ်၊ ဒီကိစ္စထဲ ပါဝင် ပတ်သက်လာတာကတော့ စိုင်းမွန်သာ ခေါ်သွင်းလာတာ ဖြစ်နိုင်ပါတယ်"

"စိုင်းမွန်သာနဲ့ ဝစ္ဆဝတီတို့က ချစ်သူစုံတွဲတွေလား"

ရုတ်တရက် ဤအမေးကြောင့် စန္ဒာဒေဝီ မလုံမလဲ ခံစားလိုက်ရသည်။ အမှန်မှာ ဝစ္ဆဝတီက ငယ်ငယ်ကတည်းက စိုင်းမွန်သာနှင့် တစ်ပူးတွဲတွဲနေခဲ့ပေမယ့် သူတို့နှစ်ယောက် ယခုအထိ ရည်းစားမဖြစ်သေး။ စိုင်းမွန်သာက စန္ဒာဒေဝီကို စိတ်ဝင်စား၍ လိုက်ပိုးသည်။ သတ္တမတန်းကျောင်းသူဘဝ လောက်ကတည်းက ဝစ္ဆဝတီအနေဖြင့် စန္ဒာဒေဝီကိုပိုးသော သူကို သူ့ထံ အာရုံစိုက်လာအောင် အမျိုးစုံလုပ်ပြခဲ့သည်။ ဤသို့အားဖြင့် ကိုးတန်းကျောင်းသား စိုင်းမွန်သာ ဝစ္ဆဝတီနှင့် မလွှဲမရှောင်သာ စတင်ရင်းနှီးခဲ့သည်။

စိုင်းမွန်သာမို့ စန္ဒာဒေဝီကို ဦးစားပေးမှုတစ်ခု မပြလိုက်နှင့် ဝစ္ဆဝတီက ထိုအမှုတွင် ဇွတ်ဝင်၍ ကြားခံရယူလေ့ရှိသည်။ စိုင်းမွန်သာထံမှ ဤသို့သော ဦးလှည့်လာမှုရစေရန် ဖြောင့်ကျကျ ဝင်လုံးတတ်သည်။ အညုအရွဲတွေကောင်းတော့ စိုင်းမွန်သာ လိုက်လျောရပြန်သည်။

သို့သော် စိုင်းမွန်သာကလည်း ဇွဲကြီးသူပီဗိ စန္ဒာဒေဝီ အပေါ် စိတ်ဝင်စားမှုကမလျော့ခဲ့။ ဝစ္ဆဝတီ၏ အမူအကျင့်ကိုလည်း သိပ်မကြိုက်။

ဤသို့ဖြစ်နေစဉ် ဒေါင်းနွယ်စကြာနှင့် လေးပွင့်ဆိုင် အချစ်ရေးက ပေါ်လာပြန်သည်။

ဒေါင်းနွယ်စကြာဆိုသည့် ကျောင်းသားလေးသည် ငယ်ငယ်ကတည်းက စာတော်သည်။ လူမှုရေးကောင်းသည်။ ဆက်ဆံရေးညက်သည်။ ရုပ်ချောသည်။ သဘောထား တည်ကြည် ဖြောင့်မတ်သည်။ ဘစ်ရှော့ဟုမ်းမှာကတည်းက မူလတန်းကျောင်းသူ၊ ကျောင်းသားများအလယ်တွင် ထူးခြားသည့် ကြယ်ပွင့်တစ်ပွင့် ဖြစ်ခဲ့သည်။

ဒဂုံအထက(၁) ရောက်လာတော့လည်း ထိပ်ဆုံးက စာတော်သူ၊ ဘက်စုံထူးချွန်သူ ဖြစ်လေသည်။ အားကစား၊ ဂီတနှင့် စာပေပြိုင်ပွဲများတွင် ပထမချည်းရလေ့ရှိသည်။ ထို့ပြင် အခြားအတတ်ပညာတွေလည်း အံ့သြဖွယ် တတ်မြောက်သေး၏။

ဒေါင်းနွယ်စကြာသည် ဗေဒင်လက္ခဏာလည်း ဟောတတ်သည်။ ဂါထာမျိုးစုံနှင့် ပရိတ်၊ ပဌာန်းတွေကိုလည်း ဌာနကရိုဏ်း ကျကျ ရွတ်တတ်သည်။ မျက်လုည့်လက်လုည့်၊ ပဋ္ဌလုည့်၊ နဝလုည့်နှင့် မော်အတတ်များပင် တတ်သည်ဟု အချို့ကဆိုသည်။ သူကတော့ လူသိအောင် ပြလေ့မရှိ။

ဒေါင်းနွယ်စကြာ သိုင်းပညာ အလွန်ကျွမ်းကြောင်း သိသူနည်းသည်။ သူတတ်သောသိုင်းပညာမှာ ဘာသိုင်းမှန်း အပေါင်းအသင်းတွေပင် မသိကြ။ အချို့က သိုင်းမဟာဟု ဆိုသည်။ အချို့က သိုင်းပြောင်းပြန်ဟု ပြောသည်။ အချို့က ဒေဝယက္ခ

သိုင်းဟု ပြောသံကြားသည်။ အချို့က လေသိုင်း၊ ကသိုဏ်းသိုင်းဟု ကောလာဟလ သတင်းကြားသည်။

ဒေါင်းနွယ်စကြာကို ဘယ်သူကမှ လက်တွေ့ မစမ်းသပ်ဖူးပါ။ တော်ရုံတန်ရုံ စမ်းကြည့်သူများကိုလည်း သူက မတုံ့ပြန်ပါ။ အချို့ စုံစမ်းသိရှိရသလောက် သူသည် မွေးကတည်းက ကန်ကိုးကန်၊ ကွင်းကိုးကွင်း၊ ကုန်းကိုးကုန်းတွင်နေ၍ ဆရာတော်ဘုန်းကြီးများ၊ ရသေ့များနှင့် ဝိဇ္ဇာများက ပညာမျိုးစုံ သင်ကြားခဲ့၍ သာမန်လူမဟုတ် ဟူသော သတင်းစကားကိုလည်း ကြားဖူးကြသည်။

ဒေါင်းနွယ်စကြာသည် ဘောလုံးကန် အလွန်တော်သည်။ သို့သော် ပြိုင်ပွဲတွင်ပါဝင်အောင် ခေါ်၍မရ။ နံနက်စောစော ဘောလုံးလေ့ကျင့်သူအချို့၏ ပြောစကားအရ ဒေါင်းနွယ်စကြာ သတ္တမတန်း ကျောင်းသားတုန်းက ဘောလုံးကို ဤမှာဘက်ဂိုးတိုင်မှ ကန်လိုက်ရာ ဟိုမှာဘက်ဂိုးတိုင်ကိုပင် ကျော်ပြီး ကွင်းပြင်ထွက်သွားသည်ကို ခင်မောင်ထွေးဆိုသည့် ဂိုးသမားက မြင်ဖူးကြောင်း ပြော၏။

ထိုသတင်း ထွက်ပေါ်ပြီးနောက် ဒေါင်းနွယ်စကြာ ဘောလုံးကို ဟုတ်တိပတ်တိ ကစားခြင်း မရှိတော့။

ရှစ်တန်း ကိုးတန်းရောက်တော့ ဒေါင်းနွယ်စကြာ အရပ်ကြီးရှည်ထွက်လာပုံမှာ အံ့မခန်း။ သူ ဆယ်တန်းဖြေသော နှစ်တွင် အရပ်အမြင့် ၆ ပေ ရှိ၏။

သူ့ကို အရွယ်ရောက်စ မြီးကောင်ပေါက်မ ကျောင်းသူများသာမက အတန်းကြီးသည့် ကျောင်းသူများကပါ ကြိုက်ကြသည်။ ခင်အောင် ပေါင်းကြသည်။ သို့သော် ဒေါင်းနွယ်စကြာ

သည် မည်သည့်မိန်းကလေးကိုမှ ရင်းရင်းနှီးနှီး မဆက်ဆံ၊ အလိုက်အထိုက် ပြန်လည်ဆက်ဆံပြီး ခပ်ခွာခွာနေတတ်သည်။

သို့ပါသော်လည်း ဒေါင်းနွယ်စကြာ ငယ်ငယ်ကတည်းက တစ်ပူးတွဲတွဲနေသည့် မိန်းကလေးတစ်ဦးတော့ ထူးခြားစွာရှိသည်။

သူကား စန္ဒာဒေဝီတည်း။

မူလတန်းတုန်းကလည်း နှစ်ယောက်သား ကျောင်းသွား ကျောင်းပြန် အတူတူ။ အိမ်နီးချင်းလည်းဖြစ်၊ ကျောင်းနေဘက်လည်းဖြစ်တော့ အိမ်မှာရော ကျောင်းမှာပါ တွဲနေကြသည်။ တကယ့်မောင်နှမအရင်းကျနေတာ။

သို့သော် စန္ဒာဒေဝီ သတ္တမတန်းရောက်သောအခါ ကိုးတန်း ကျောင်းသားကြီး ဒေါင်းနွယ်စကြာကို မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေသည်ကို မြင်သော် မရှစိမ့်၊ မကျေနပ် ဖြစ်ခဲ့သည်။

နောက်တော့ မနာလိုဝန်တိုလာသည်။ နောက်တော့ အစ်ကို စကြာအပေါ် စန္ဒာဒေဝီ၏ စိတ်တွေ မရိုးမသားဖြစ်နေကြောင်း သူ့ကိုယ်သူ သိလာသည်။

"ငါ အစ်ကိုစကြာကို ချစ်နေပြီပဲ၊ ဟုတ်တယ်... တကယ့်ကို ချစ်နေပြီပဲ၊ အင်း...ချစ်တော့ဘာဖြစ်လဲ၊ မချစ်ရဘူးလား... ဟွန်း"

ဟု သူ့ကိုယ်သူ အော်တိုဆတ်ဂျက်ရှင်း လုပ်ကြည့်သည်။

"အစ်ကိုစကြာက မိန်းကလေးတွေ ချစ်သင့်တဲ့ အရည်အချင်း ရှိသူတစ်ယောက်ပဲ၊ ငါ့လို သူ့ကိုချစ်တဲ့သူတွေ အများကြီးပဲ၊ တော်ကြာ တစ်ယောက်ယောက်ကို ပြန်ချစ်သွားရင် ဖြင့် ဒုက္ခ၊ မဖြစ်ဘူး ငါ့ကိုပဲ ချစ်ရမယ်၊ ငါ သူ့ကို ချစ်ကြောင်း သိအောင်ပြရမယ်"

စန္ဒာဒေဝီ သတ္တမတန်းကျောင်းသူကတည်းက ကျောင်းတွင် ဒေါင်းနွယ်စကြာကို သူ့ချစ်သူပုံမျိုး အများမြင်အောင် ဆက်ဆံပြသည်။ လူရှေ့ သူရှေ့တွင် လက်ကိုဆွဲ၍လိုက်သည်။ ကန့်ကရ ဆက်ဆံသည်။ ချဲပြ နွဲ့ပြသည်။

ဒေါင်းနွယ်စကြာကလည်း စန္ဒာဒေဝီ ဤသို့ဆက်ဆံသည်ကို မငြင်းဆန်၊ မဟန့်တားရုံမက ကျေနပ်သည့်ပုံနှင့် ပြန်၍ဆက်ဆံသည်။

ဤတွင် ဝစ္ဆဝတီက တစ်ခန်းထ,လာလေ၏။ စန္ဒာဒေဝီ နှင့် ဒေါင်းနွယ်စကြာတို့အကြား ဖွတ်ဝင်လာသည်။ သူ့အိမ်က မုန့်တွေကို ကိုဒေါင်းဖို့၊ ကိုဒေါင်းဖို့ဆိုကာ အတင်းလာပေးသည်။ အတန်းလွတ်လျှင် စန္ဒာဒေဝီထက် အလျင် ကိုဒေါင်းတို့ အတန်းကို ပြေးသွားသည်။

ကျောင်းတက်လာသူ ကိုဒေါင်းကို ဆီးကြိုသည်။ ဘေးမှ ကပ်ပါလာသည့် စန္ဒာ့ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုမထင်သည့် ပုံစံမျိုး ချိုးသည်။ ကျောင်းဆင်းလျှင် စန္ဒာကိုတစ်ဖက် ဝစ္ဆဝတီကိုတစ်ဖက် အစ်ကိုဒေါင်း အစ်ကိုဒေါင်းဟု တစ်ဒေါင်းတည်း ဒေါင်းကာ ဒေါင်းနွယ်စကြာ၏ ကားဘေး အရောက် ဖွတ်လိုက်ပို့သည်။

"စန္ဒာ... ဝတီရဲ့ အစ်ကိုဒေါင်းကို ကောင်းကောင်း ခေါ်သွားနော်၊ နင့်ကိုယုံလို့ အပ်လိုက်တာ၊ ကူလီကူမာ မလုပ်ရဘူး ဟုတ်တယ်မဟုတ်လား အစ်ကိုဒေါင်း"

ဟု ငုံ့စကားနွားရ ပြောလွှတ်တတ်သေး၏။

စန္ဒာဒေဝီက ဤအကြစ်မျိုးကို မကြည်လှသော်လည်း ကားပေါ်ရောက်၍ အတန်းတွားရသောအခါ–

"အစ်ကိုစကြာကလည်း ဘာ့ကြောင့် ဝစ္ဆဝတီကို ဒီလောက်လိုက်လျောရတာလဲလို့"

"စန္ဒာရယ်... ဒီမိန်းကလေးမျိုးက ဟီရီဩတပ္ပတရား ခေါင်းပါးတယ်ကွယ်၊ သူ့ကိုမလိုက်လျောရင် သူက လူရှေ့ သူရှေ့မှာ ဘက်ကန်မယ်၊ မတော်တရော် ပိုလုပ်ပြမယ်၊ ဒါဆို အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မယ်၊ ဒီတော့ သူ့အရှိန် နဲ့သူ လွှတ်ထားလိုက်၊ သူ့အကြောင်းသိနေမှတော့ အစ်ကိုတို့ ဘက်ကဘာပြဿနာမှမရှိဘူး၊ ဒီလိုမိန်းကလေးမျိုးကို သဘောလည်း မကျဘူး၊ ကြိုက်လည်း မကြိုက်ဘူး"

"မကြိုက်ရင် မျှောမထားပါနဲ့လား၊ စောစောကတည်းက ပြောင်ခါထုတ်မစ်မှ ကောင်းမယ် ထင်တယ်နော်"

"ဟာ... စန္ဒာကလည်း အစ်ကိုနဲ့ ဒီလောက်အကြာကြီး ပေါင်းနေပြီး အစ်ကို့ကို မယုံဘူးလား၊ ပြီးတော့ လူမှုဆက်ဆံရေးမှ Tactic လိမ္မာပါးနပ်ရမယ်၊ Tactle handling ဆိုတဲ့ လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ရမယ်ဆိုတာ ညံ့တဲ့ စက်ကိရိယာ၊ စုတ်တဲ့ပစ္စည်းနဲ့ မဟုတ်တဲ့လူတွေကို ကိုင်တွယ်ရမယ့် နည်းဆို မဟုတ်လား"

"ယသိပါဘူး၊ ကြာလေ ကဲလေ ကဲပြီး ရောင့်ရဲတက်လာမှ ဖြင့် ကိုယ်ကျိုးနည်းရချည်သေးရဲ့"

"အိုး... စန္ဒာ၊ အစ်ကိုရော စန္ဒာပါ ဒီလောက်တော့ မညံ့ကြဘူးလို့ ယုံကြည်ပါ၊ ဒီလိုကောင်မကလေးကို ပညာသားပါပါနဲ့ ဆက်ဆံရင်း မြွေမသေ တုတ်မကျိုး လုပ်ကြတာဟာ အကောင်းဆုံးပါကွာ၊ မပူပါနဲ့... စန္ဒာဒေဝီဆိုတာ စိတ်ဓာတ်ကြံ့ခိုင်သူ၊ စိတ်ဓာတ် မြင့်ပြတ်သူဆိုတာ အစ်ကို ယုံကြည်သလို စန္ဒာ့ကိုယ် စန္ဒာလည်း ယုံကြည်စမ်းပါ"

"အင်း... အစ်ကိုက အားပေးနေမယ်၊ စန္ဒာ့ဘက်က မားမား ရပ်တည်နေမယ်ဆိုရင် စန္ဒာ ကြိုးစားဖို့မယ်နော်"

"အေး... ဒါမှ ကိုကို့ရဲ့စန္ဒာကွ"

"ရှင်... ကိုကို့ရဲ့ တစ်ဦးတည်းသောစန္ဒာလို့ ပြောပါ"

"ဒါပေါ့... ကိုကိုကလည်း စန္ဒာ့ရဲ့ ထာဝရ တစ်ဦးတည်းသော ကိုကိုပါပဲနော်"

ဤကဲ့သို့ ချစ်စကားမကျတကျ ရွေးပြီးပြောကြရင်း စန္ဒာဒေဝီ သူ့ကိုယ်သူ ဒေါင်းနွယ်စကြာ၏ ရည်းစားဖြစ်သွားပြီဟု ခံယူလိုက်၏။ သို့သော် သူတို့နှစ်ဦးသည် ငယ်ငယ်ကတည်းက တစ်တွဲတွဲ ရင်းနှီးစွာနေခဲ့ကြသည့် အိမ်နီးချင်း ကျောင်းနေဖက်များဖြစ်ရာ အထက်တန်းကျောင်းသူ၊ ကျောင်းသား ချစ်သူစုံတွဲဟု ပြောရန် သိပ်မဆန်းသလို ဖြစ်နေသည်။

စန္ဒာဒေဝီက ချက်ချက်ချာချာလေး ဖြစ်သည်။ သွက်သွက်လက်လက်ရှိသည်။ သို့သော် ယဉ်ကျေး သိမ်မွေ့လွန်းလှသည်။ ကျောင်းစည်းကမ်းနှင့်အညီ အကျီလက်ရှည် သို့မဟုတ် လက်စကအဖြူနှင့် ကျောင်းတံဆိပ်ကို သပ်သပ်ရပ်ရပ် သားသားနားနား တပ်ဆင်တတ်သည်။ ကျောင်းစိမ်းထဘီကို အစိမ်းတိုင် အမည်းဖြောက်သော ချည်လုံချည်စစ်စစ်ကို ပတ်လေ့ရှိသည်။ သူ့ကိုယ်လုံးနှင့် ချည်လုံချည် အသားကပ်ကပ်နှင့် အလွန်ကြည့်ကောင်းသည်။

ဟုတ်သည်...။

စန္ဒာဒေဝီသည် အလွန်ကြည့်ကောင်းသည့် မိန်းကလေးတစ်ယောက်။

ပိစိကွေး ကောင်မလေး အရွယ်ကတည်းက သူ့အရွယ်နှင့်သူ အမြီစံပြုပဲ စာကလေးမကလေးတစ်ဦး။

"အစ်ကိုစကြာကလည်း ဘာ့ကြောင့် ဝစ္ဆဝတီကို ဒီလောက်လိုက်လျောရတာလဲလို့"

"စန္ဒာရယ်... ဒီမိန်းကလေးမျိုးက ဟီရိညြတပ္ပတရား ခေါင်းပါးတယ်ကွယ့်၊ သူ့ကိုမလိုက်လျောရင် သူက လူရှေ့ သူရှေ့မှာ ဘက်ကန်မယ်၊ မတော်တရော် ပိုလုပ်ပြမယ်၊ ဒါဆို အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မယ်၊ ဒီတော့ သူ့အရှိန် နဲ့သူ လွှတ်ထားလိုက်၊ သူ့အကြောင်းသိနေမှတော့ အစ်ကိုတို့ ဘက်ကဘာပြဿနာမှမရှိဘူး၊ ဒီလိုမိန်းကလေးမျိုးကို သဘောလည်း မကျဘူး၊ ကြိုက်လည်း မကြိုက်ဘူး"

"မကြိုက်ရင် မျှောမထားပါနဲ့လား၊ စောစောကတည်းက ပြောင်ခါထုတ်ပစ်မှ ကောင်းမယ် ထင်တယ်နော်"

"ဟာ... စန္ဒာကလည်း အစ်ကိုနဲ့ ဒီလောက်အကြာကြီး ပေါင်းနေပြီး အစ်ကို့ကို မယုံဘူးလား၊ ပြီးတော့ လူမှုဆက်ဆံရေးမှ Tactic လိမ္မာပါးနပ်ရမယ်၊ Tactle handling ဆိုတဲ့ လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ရမယ်ဆိုတာ ညီ့တဲ့ စက်ကိရိယာ၊ စုတ်တဲ့ပစ္စည်းနဲ့ မဟုတ်တဲ့လူတွေကို ကိုင်တွယ်ရမယ့် နည်းဆိုမဟုတ်လား"

"မသိပါဘူး၊ ကြာလေ ကဲလေ ကဲပြီး ရောင့်တက်လာမှ ဖြင့် ကိုယ်ကျိုးနည်းရချည်သေးရဲ့"

"အိုး... စန္ဒာ၊ အစ်ကိုရော စန္ဒာပါ ဒီလောက်တော့ မညံ့ကြဘူးလို့ ယုံကြည်ပါ၊ ဒီလိုကောင်မကလေးကို ပညာသားပါပါနဲ့ ဆက်ဆံရင်း မြွေမသေ တုတ်မကျိုး လုပ်ကြတာဟာ အကောင်းဆုံးပါကွာ၊ မပူပါနဲ့ စန္ဒာဒေဝီဆိုတာ စိတ်ဓာတ်ကြီးခိုင်သူ၊ စိတ်ဓာတ် မြင့်မြတ်သူဆိုတာ အစ်ကို ယုံကြည်သလို စန္ဒာ့ကိုယ် စန္ဒာလည်း ယုံကြည်စမ်းပါ"

"အင်း... အစ်ကိုက အားပေးနေမယ်၊ စန္ဒာ့ဘက်က မားမား ရပ်တည်နေမယ်ဆိုရင် စန္ဒာ ကြိုးစားပါ့မယ်နော်"

"အေး... ဒါမှ ကိုကို့ရဲ့စန္ဒာကွ"

"ရှင်... ကိုကို့ရဲ့ တစ်ဦးတည်းသောစန္ဒာလို့ ပြောပါ"

"ဒါပေါ့... ကိုကိုကလည်း စန္ဒာ့ရဲ့ ထာဝရ တစ်ဦးတည်းသော ကိုကိုပါပဲနော်"

ဤကဲ့သို့ ချစ်စကားမကျတကျ ရွေးပြီးပြောကြရင်း စန္ဒာဒေဝီ သူ့ကိုယ်သူ ဒေါင်းနွယ်စကြာ၏ ရည်းစားဖြစ်သွားပြီဟု ခံယူလိုက်၏။ သို့သော် သူကို့နှစ်ဦးသည် ငယ်ငယ်ကတည်းက တစ်တွဲတွဲ ရင်းနှီးစွာနေခဲ့ကြသည့် အိမ်နီးချင်း ကျောင်းနေဖက်များဖြစ်ရာ အထက်တန်းကျောင်းသူ၊ ကျောင်းသား ချစ်သူစုံတွဲဟု ပြောရန် သိပ်မဆန်းသလို ဖြစ်နေသည်။

စန္ဒာဒေဝီက ချက်ချက်ချာချာလေး ဖြစ်သည်။ သွက်သွက်လက်လက်ရှိသည်။ သို့သော် ယဉ်ကျေး သိမ်မွေ့လွန်းလှသည်။ ကျောင်းစည်းကမ်းနှင့်အညီ အကျီလက်ရှည် သို့မဟုတ် လက်စကအဖြူနှင့် ကျောင်းတံဆိပ်ကို သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်ဆင်တတ်သည်။ ကျောင်းစိမ်းထဘီကို အစိမ်းတိုင် အမည်းဖောက်သော ချည်လုံချည်စစ်စစ်ကို ဝတ်လေ့ရှိသည်။ သူ့ကိုယ်လုံးနှင့် ချည်လုံချည် အသားကပ်ကပ်နှင့် အလွန်ကြည့်ကောင်းသည်။

ဟုတ်သည်...။

စန္ဒာဒေဝီသည် အလွန်ကြည့်ကောင်းသည့် မိန်းကလေးတစ်ယောက်။

ပိစိကွေး ကောင်မလေး အရွယ်ကတည်းက သူ့အရွယ်နှင့်သူ အမြီစံပြပုံ စာကလေးမကလေးတစ်ဦး။

ပြောရမည်ဆိုလျှင် နို့စို့အရွယ်တုန်းက ဝဝကစ်ကစ် ဝါဝါဝင်းဝင်းကလေးပေါက်စ။ ပါးဖောင်းဖောင်း၊ ဆံပင်ထူလပိန်းနှင့် ကလေးပေါက်စ။ လမ်းလျှောက်တတ်သည့် အရွယ်တွင် ဝတုတ်တုတ် ဖိုးဝရုပ်ကလေး။ မူကြိုကျောင်းတက်တော့လည်း ထွားထွားပြည့်ပြည့် မျက်နှာရွှေလမင်းလို ဝိုင်းစက်စက်ဖြစ်သော် မင့် မျက်လုံးအစုံက ကျယ်ဝန်းပြီး သောက်ရှူးကြယ်လို စိုပြည့်တောက်ပ ဝင်းလက်၏။ ခြေတုပ်တုပ်၊ လက်တုပ်တုပ်၊ လည်တိုင်တုပ်တုပ်နှင့် စံပြကလေးမဖြစ်၏။

မူလတန်းတက်တော့ ကရပ်ကလေးထွက်လာ၏။ ဆံပင်ကလေး ရှည်လာသည်။ ကိုယ်ရေစစ်လာသည်။ ပါးက မဖောင်းတော့။ မေးစိ ရှန်းလာသည်။ နဖူး အနည်းငယ်ကျယ်သည်။ လည်တိုင် ရှည်လာသည်။ ခြေတံ လက်တံ ထွက်လာသည်။ ခြေကျင်းဝတ် ခြေဖမိုးအဆီကျ ချပ်လာသည်။ ခြေတံဖြောင့်၍ ခြေသလုံးသွယ် ပေါင်တံသွယ်လာသည်။ ဒူးဆစ်သေးလာ သည်။ ကစားတာကိုး။ လေ့ကျင့်ခန်းလုပ်တာကိုး။

အလယ်တန်းရောက်သော် စန္ဒာဒေဝီ ဆိုသည်မှာ အလွန် ချောသော ကျောင်းသူကောင်မလေး ဖြစ်လာ၏။

"ဒီကောင်မလေး အရမ်းကြည့်ကောင်းတယ်၊ ကျောင်းသားအားစားပွဲတော်မှာ မယ်ရွေးပွဲ ပထမရနိုင်တယ်၊ ကြိုပြီး လေ့ကျင့်ပေးထားရင် ကောင်းမယ်"

ဟု ကျောင်းအုပ်ဆရာမကြီးက အတန်းပိုင်နှင့် ကာယ ဗယ ဆရာမများကို ခေါ်ပြောသည်။

"ကြည့်ကောင်းတယ် ဆိုတာ ဘာကို ပြောတာပါလည်း ဆရာမကြီး"

"အတန်းပိုင်ဆရာမက မရှင်းရ မေးသည်။ ကာယဗလ ဆရာမက ဝင်ပြောသည်။

"ဒီနေရာမှာ ဆရာမကြီး သုံးလိုက်တဲ့စကားဟာ အရမ်းပြည့်စုံ ထိမိတာရယ်၊ ကြည့်ကောင်းတယ်လို့ ပြောလိုက်ရင် လှတာလည်းပါတယ်၊ ချောတာလည်းပါတယ်၊ နုတာယဉ်တာ လည်း ပါသွားတယ်၊ ကိုယ်လုံးနဲ့ အရပ်အမောင်း တင့်တယ် ကျော့ရှင်းတာလည်း ပါသေးတယ်၊ အချုပ်ပြောရရင် ဆံကေသာ၏ ကော့ငင်းခြင်းကစပြီး ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတာကို ကြည့်ကောင်းတယ်လို့ ခြိုပြောလို့ရတယ်၊ ဟုတ်တယ်နော်၊ ဆရာမကြီး"

"အေး... ဒီကာယဗလဆရာမရယ် မပြောရဘူး၊ အလှ အပအကြောင်း ပြောတတ်လိုက်တာ"

"ဆရာမကြီး ကျွန်မတော့ သိပ်သဘောမပေါက်ဘူး"

"ဟ...တချို့များ ဆံပင်တွေထူပိန်း နက်မှောင် ရှည်လျား နေပေမယ့် မျက်နှာကမလှလို့ ကြည့်မကောင်းဘူး၊ အချို့ကျ တော့ မျက်နှာပေါက်ကလေးက လှပနေပေမယ့် ဝက်ခြံတွေ၊ အစက်တွေ၊ အညိုကွက်တွေနဲ့ အသားအရေမချောလို့ ကြည့် မကောင်းပြန်ဘူး၊ အချို့ကျပြန်ရင် တစ်မျက်နှာလုံး လှပ ချောမော နေပေမယ့် အသားက ညိုမည်းမည်းမို့ ကြည့်မကောင်းတော့ဘူး"

"ဟာ... ဒါဆို သိပါပြီ၊ မျက်နှာရော ဆံကေသာရော လှပနေပေမယ့် ပခုံးလျှောလျှော၊ ရင်ချပ်ချပ်၊ ခါးတုပ်တုပ်၊ တင်မရှိ ရင်မရှိမို့ ခြိုလိုက်ရင် ကြည့်မကောင်းပြန်ဘူး၊ ဒါမျိုးကို ဆိုလိုတာလား"

"ဟုတ်ပါ့၊ မျက်နှာရော ဆံကေသာရောလှတဲ့ စန္ဒာဒေဝီ ကိုကြည့်၊ ဆံပင်တွေချောညက် ထူပိန်းပြီး ခါးအောက်အထိ

ရှည်တာကို ဝိုင်းဝိုင်းလေးဖြတ်ပေးထားတယ်၊ မျက်လုံး မျက်ခုံး လှုပ်ကိုကြည့်၊ နည်းနည်း ကုလားဆင်ဖြစ်ပေမယ့် အသားက ဝင်းဝါချောအိနေတယ်၊ မျက်နှာရှည်ရှည်လေးလို့ ထင်ရပေမယ့် ပါးမို့ရှိတယ်၊ မေးချွန်တယ်၊ လည်တိုင်ရှည်ပေမယ့် လည်ကုပ် မပေါင်းဘူး၊ ပခုံးမလျှော်ဘူး၊ ခါးရင်တင် အချိုးအရမ်းကောင်း တဲ့ပုံစံ၊ ဝမ်းရှပ်တယ်၊ တင်ကဖောင်းလည်းဖောင်း၊ ကားလည်းကား တယ်၊ အရပ်လည်း တော်တော်မြင့်တယ်၊ ငါးပေခြောက်လက်မ ကျော်မယ်၊ တစ်ကိုယ်လုံး ခြိုကြည့်လည်း ကြည့်ကောင်းတယ်၊ တစ်ခုချင်း ခွဲကြည့်လည်း ကြည့်ကောင်းတယ်၊ လှုပ်ရှားပုံ မူရာကျော့ရှင်းပြီး ဟန်ပန်ယဉ်ကျေး သိမ်မွေ့တယ်၊ ရှာမှရှားတဲ့ မိန်းကလေးပဲ၊ ရန်ကုန်တိုင်းကို ကိုယ်စားပြုနိုင်တယ်”

“ဟိုလေ ဆရာမကြီးကို ထောက်ပြောတယ်တော့ မထင်ပါနဲ့ ဝစ္ဆတီဆိုတဲ့ ကောင်မကလေးကိုရော သတိပြုမိပါသလား”

ကာယဗလဆရာမက မရဲတရဲ မေးသည်။

“ပြုမိတာပေါ့၊ အဲဒီမိန်းကလေးလည်း ခေသူမှ မဟုတ်တာ၊ အသားကဖြူဥနေတာပဲ၊ ဂျပန်မကလေးနဲ့တူလို့၊ ဒါပေမယ့် သူကလေးက ကိုယ်လုံးထွားလွန်းတယ်၊ ခါးရင်တင် ကြီးလွန်း တယ်၊ နောက်ပြီး လှုပ်ရှားမှု ကြမ်းတမ်းတယ်၊ ရဲတင်းတယ်၊ အမှုအရာနဲ့ ခြိုလိုက်တော့ ကြည့်မကောင်းလှဘူး၊ တစ်တိုင်းလုံး တက်ပြိုင်ရင် ဒီကလေးမမှာရှိတဲ့ ချို့ယွင်းချက်တွေကြောင့် အခြားသူတွေက သာသွားနိုင်တယ်၊ စန္ဒာဒေဝီကတော့ ပြိုင်စံရှား၊ နိုးတူး၊ တိုင်းဆင့်တောင်ကျော်သွားမယ်၊ ကျောင်း အဆင့်တောင် ကျော်သွားမယ်၊ ဝါသနာပါလို့ တိုက်တွန်းရင် တိုင်းနဲ့ပြည်နယ် မယ်ရွေးပွဲမှာတောင် ပထမရနိုင်တယ်”

“ဟုတ်တယ်နော်၊ မနှစ်က တိုင်းနဲ့ပြည်နယ် မယ်ရွေးပွဲမှာ ပထမရသွားတဲ့ မွန်ပြည်နယ်က သံဖြူဇရပ်သူကလေးနဲ့ စန္ဒာဒေဝီကို နှိုင်းယှဉ်ကြည့်မိပါတယ်၊ ကျွန်မတို့ကျောင်းသူလေးက သာတဲ့ အချက်တွေတောင်ရှိသေး”

“ပြောရုံနဲ့မပြီးဘူး ကာယဗလဆရာမရေ၊ သူ့ကိုစည်းရုံးပြီး ပြိုင်ပွဲတစ်ခုခု ဝင်ခိုင်းကြည့်ရအောင်”

စန္ဒာဒေဝီဆိုသည်မှာ ဤမျှ ထူးခြားလှပသူကလေး ဖြစ်တော့ သည်။ ဒါကို ယှဉ်ပြိုင်၍ အနိုင်လိုချင်သော ဝစ္ဆတီက အရာရာ လိုက်၍ပြိုင်ခဲ့၏။ စန္ဒာဒေဝီက ဘာမျှမယှဉ်ပြိုင်ပါ။ ဆရာမတွေ တိုက်တွန်းခဲ့သော်လည်း သူကိုယ်တိုင်က အလှပြိုင်ရမှာ ဝါသနာ မပါသည့်အပြင် ဖခင်ဦးမြင့်မောင်နှင့် မိခင် ဒေါ်ခင်မာစန်းတို့က လုံးဝသဘောမတူခဲ့ပါ။

ဤတွင် ဝစ္ဆတီ ဝင်ပြိုင်ရာ ပြည်နယ်နှင့်တိုင်း မယ်ရွေး ပွဲတွင် တတိယဆု ချိတ်ခဲ့သည်။ ထိုအခါ အများအသိအမှတ် ပြုခံရသော အလှဘုရင်မလေးတစ်ပါးအဖြစ် မော်ကြွားလေ၏။ သူ့ကျောင်း သူ့အသိုင်းအဝိုင်းတွင် ပေါ်ပြူလာဖြစ်၍မဆုံး။

အမှန်က ဝစ္ဆတီ အကြောင်းရင်းမှန်ကို မသိရှာ။ စန္ဒာဒေဝီ ၏အလှကို မြင်တွေ့တင်စားရာမှ ဖော်ထုတ်ချင်သော ကျောင်းအုပ် ဆရာမကြီးတို့၏ လုပ်ရပ်မှ မြစ်ဖျားခံပြီး ဝစ္ဆတီ မယ်ဘွဲ့တစ်ခု ချိတ်ခဲ့ခြင်းဖြစ်သည်။ စန္ဒာဒေဝီ အကြောင်းပြုပြီး ဤကိစ္စစည်းရုံး ရာက စန္ဒာကလည်း မလုပ်လို၊ မိဘကလည်း ခွင့်မပြု၍ လုပ်လက်စနှင့် ဝစ္ဆတီကို ဆက်လက် ပွဲထုတ်လိုက်ရခြင်း ဖြစ်သည်။ အကြောင်းရင်းကိုသိပါက စန္ဒာ ဒေဝီကိုပင် ကျေးဇူးတင်ရ မလို ရှိသည်။ ကြီဖန်၍ ကျေးဇူးတင် တတ်သူမှ‌ သာ ယင်းသို့

ကျေးဇူးတင်ပေမည်။ ဝစ္ဆဝတီလို ကျေးဇူးတင်ရမှာ ဝန်လေးသူ ဖြစ်ရုံမက စန္ဒာဒေဝီကိုပါ အမြဲ ကြိတ်ပြုင်နေသူ တစ်ယောက် အနေဖြင့် ဤအကြောင်းရင်းကိုသိလည်း စန္ဒာကိုတော့ ကျေးဇူး မတင်ရုံသာမက မနာလိုခြင်းကြီးစွာပင် ဖြစ်ပေဦးမည်။

မယ်ဘွဲ့တစ်ဆု တက်ချိတ်ခဲ့သော ဝစ္ဆဝတီကို ကျောင်းနေဖက် အမျိုးသားကြီးငယ်က ပို၍စိတ်ဝင်စားကြသည်။ ပို၍ ပိုးပန်းကြသည်။

သို့သော် ဝစ္ဆဝတီက ခက်သည်။ သူက သူ့ကို ပိုးဖန်းသူ ဟူသမျှ မျက်စိထဲမမြင်။ စန္ဒာဒေဝီကို ဖွဲ့ကောင်းကောင်းနှင့် ပိုးနေတွဲနေသည့် စိုင်းမွန်သာနှင့် ဒေါင်းနွယ်စကြာတို့ကိုသာ သူ မြင်သည်။

စန္ဒာဆီက ရအောင်ယူဖို့ ကြိုးစားနေသည်။ အထူးသဖြင့် သူ့ကို နည်းမျိုးစုံနှင့် ကပ်ပိုးနေသည့် ခင်မောင်ရင်ကိုပင် ချော့ ပေါင်းထားရုံမှအပ ယနေ့အထိ လက်မခံသေး။

စန္ဒာဒေဝီအနေဖြင့် သူ့ဆရာ ရဲအုပ်ဦးတင်ထွန်းလူ အမှုမဲ့ မေးလိုက်သော "စိုင်းမွန်သာနဲ့ ဝစ္ဆဝတီတို့က ချစ်သူ စုံတွဲတွေလား" ဟူသော မေးခွန်းကလေးကြောင့် နောက်ဓကြောင်း ဇာတ်လမ်းများကို ပြန်လည်တွေးတောရင်း ဘယ်လို ဖြေရင်ကောင်းမလဲဟု အတွေးဝင် နေမိသည်။

"ဟေ... မစန္ဒာပုံကြည့်ရုံနဲ့ ဒီမေးခွန်းထဲမှာ မစန္ဒာလည်း တစ်စုံတစ်ရာ အကျုံးဝင်နေပုံပေါက်တယ်၊ ဆရာမှန်းရင် မှားခဲ့ တယ်နော်"

"ဟင်း...ဟင်း... ဆရာက မဆိုးပါဘူး။ ငယ်သူငယ်ချင်း တွေဆိုတော့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်တဲ့ သဘော

ရှိပါတယ်၊ မေးခွန်းကိုပဲ အတိအကျ ဖြေရရင်တော့ အခုအထိ အဲဒီနှစ်ယောက် ရည်းစား မဖြစ်ကြသေးပါဘူးရှင့်"

"ဒါက ဒီမှုခင်းမှာ အရေးပါလုတဲ့ အချက်တော့ မဟုတ် ပါဘူး။ အခုမှ အရေးပါလာတာတွေကို တွေးမိတယ်၊ မစန္ဒာက သူတို့နဲ့ ငယ်သူငယ်ချင်းဆိုတော့ ဒီအမှုကိုလိုက်တဲ့ကိစ္စမှာ မစန္ဒာ ပါဝင်တာဝန်ယူရင် ပိုကောင်းမလား။ ပိုမကောင်းဘူးလား ဆိုတာ ကို Pros and Cons ပေါ့လေ၊ အရှုံးအမြတ် တွက်ဖို့လိုလာပြီ၊ ဒါ့ကြောင့် အထက်ကို တင်ပြလိုက်ဦးမယ်၊ ဒီနေ့တော့ မစန္ဒာ မူလပေးထားတဲ့တာဝန်ကို ခဏရပ်ထားဦးပေါ့"

"ဟုတ်ကဲ့၊ စန္ဒာလည်း တွက်ကြည့်ပါဦးမယ်၊ ပိုကောင်း မယ့် အားသာချက်နဲ့ ပိုဆိုးမယ့်အားနည်းချက်တွေကို ချိန်ထိုး အဖြေရှာပြီး ဆရာ့ကိုပြန်တင်ပြပါ့မယ်"

"ဟုတ်ပြီ၊ ဒါဖြင့် ကျန်တဲ့နှစ်ယောက် ဆက်လုပ်ကြ"

ဤတွင် လူစုခွဲကြပြန်သည်။

နောက်နေ့နံနက်တွင် ဒုရဲအုပ်စိုးလွင်သည် အက်စ်ဟုမ်းအင်း ခြံအနီးမှ အကဲခတ်လေ့လာရာ စိုင်းမွန်သာ၏ မတ်တူးကားနှင့် ဂျင်ဝိန်းတို့ ဟိုင်းလက်စ်ကားဝါကြီးတို့ ရှေ့နောက်စီပြီး ထွက်ခွာသွား ကြောင်း တွေ့ရသည်။

နောက်မှ တေးလင်း Tailing ခေါ် နောက်ယောင်ခံ နည်းဖြင့်လိုက်သွားရာ ချီတာ အင်ားကားလုပ်ငန်း ကုမ္ပဏီဝင်း ထဲကို ဝင်သွားကြကြောင်း တွေ့ရှိသည်။

မှန်သည်။ စိုင်းမွန်သာသည် ဂျင်ဝိန်းတို့နှစ်ယောက်ကို သူတို့ဆရာမကြီး မှာကြားချက်အတိုင်း မကွာသီထံ ခေါ်လာ ပေးခြင်းဖြစ်၏။ ကြိုတင်ပြီးလည်း ချိန်းဆိုထားပြီးဖြစ်၏။

တွေ့ကြသောအခါ ဂျင်ပိန်းက မဂ္ဂာသီကို ဒုတိယကမ္ဘာစစ်မတိုင်မီက မော်စားကန်ပိုလ် တာဝန်ထမ်းခဲ့သည့် မစ္စတာစီမိုစ်ကို သီ မသီမေးရာ မဂ္ဂာသီက ကြားဖူးကြောင်း ပြောသည်။

"အဲဒီ မစ္စတာစီမိုစ်ရဲ့ ဆွေမျိုးသားချင်းတွေကိုရော သိလား"

ဟု ဂျင်ဝိန်းက မေးပြန်သည်။

"မစ္စတာစီမိုစ်ရဲ့ ဇနီးဟာ ဘာဘရာစီမိုစ်ဆိုတာ ကြားဖူးပါတယ်"

"သူ့အစ်ကို၊ အဲလေ... မစ္စတာစီမိုစ်ရဲ့ယောက်ဖ မိုက်ကယ်ဒေး ဆိုသူကိုရော သိလား"

"ဒီလောက်အထိ ငါမသိဘူး။ အဲဒီအချက်တွေက အရေးကြီးလို့လား"

ဟု မဂ္ဂာသီက မေးသည်။ စိုင်းမွန်သာကလည်း–

"ဒီလူတွေအကြောင်းမေးတာနဲ့ မင်းတို့ရှာနေတဲ့ ဟာသ်ဓာတ်ပန္နက်နဲ့ ပတ်သက်လို့လား"

ဟု ဝင်မေးသည်။

ဝစ္ဆဝတီက မနေနိုင်တော့ဘူး ဝင်ပြောမိသည်။

"အဲဒီမော်စားကန်ကို တာဝန်ယူခဲ့ဖူးတဲ့ လူတွေကို တွေ့ရင် ဘယ်လိုအရုပ်ဓာတ်ခံနဲ့ ဘယ်စေတီကို ဘယ်နားမှာ တည်ခဲ့တယ် စသဖြင့် သိနိုင်လို့နေမှာပေါ့။ ဟုတ်ရဲ့လား ဂျင်ဝိန်း"

"ဒါပေါ့... ဒါပေါ့... ဝစ္ဆဝတီက တော်တော်ဉာဏ်ပြေးတာပဲ၊ ဒီကိစ္စမှာ မမျှော်လင့်ဘဲ ဝစ္ဆဝတီပါဝင်လာတာ တကယ့်စွမ်းတစ်ခုပေပဲ"

ဂျင်ဝိန်းက သူသဘောကျနေသည့် ဝစ္ဆဝတီကို ကြိုတုန်းအမှတ်ပေးရှိ စည်းရုံးနေသေးသည်။ ပြီးမှ မဂ္ဂာသီကို ဆက်မေး၏။

"မစ္စတာစီမိုစ်ရဲ့ တခြားဆွေမျိုးတို့ ဘာတို့ ဘယ်မှာရှိလဲ ဆိုတာရယ်၊ မိုက်ကယ်ဒေး ဘယ်ရောက်နေသလဲ ဆိုတာကို သိအောင်ရှာဖို့ တို့ဆရာမက မှာလိုက်တယ်၊ မဂ္ဂာသီရဲ့ မိဘတွေများ သိနိုင်မလား၊ လိုက်ပြီးမေးပေးပါလား"

စိုင်းမွန်သာက မဂ္ဂာသီကို ရရှိမည့်ငွေကြေးထဲမှ ရှယ်ယာခွဲပေးမည်ဖြစ်ကြောင်း ပြောထားပြီးဖြစ်၍ မဂ္ဂာသီလည်း သူ့ဆန်စားရဲမှ ဆိုသလို တာဝန်ကျေရန်လိုလာသည်။ ထို့ကြောင့် ယနေ့တိုင် မော်စားကန်အနီးရှိ ရွာတွင် နေထိုင်နေဆဲဖြစ်သော သူ့မိဘများထံ ခေါ်သွားလေ၏။

ယင်းသို့ သွားလက်စနှင့် အနီးအနားရှိ ကြေးတိုင်နှင့် မြေစာရင်းဝင်းထဲသို့ မြောက်ဘက်ကုန်း အထက်ဝင်ပေါက်မှ ဝင်ရောက်ခွင့်တောင်းကြပြီး တောင့်ကုန်းပေါ်ရှိ ဒေါင်းရုပ် ဓာတ်ပန္နက် စေတီတော်ကို ဝင်ဖူးကြသည်။ ဂျင်ဝိန်း၊ ဂျင်ပိန်းတို့က သူတို့ ဝတ္တရားအတိုင်း ဓာတ်ပုံရိုက်၊ ဗွီဒီယိုရိုက်၊ မြေပုံပြုစု၍ မှတ်တမ်းတင်ကြသည်။

ထိုနေရာမှပြန်ထွက်ပြီး အနီးရှိရွာထဲမှ မဂ္ဂာသီ၏ အဘိုးအဘွားများနေထိုင်ရာ တိုက်ခံပျဉ်ထောင်အိမ်ကြီးထဲကို ဝင်ကြသည်။ မဂ္ဂာသီ၏အဘိုး မစ္စတာဂျွန်ကင်းနှင့် အဘွား ဒေါ်သန်းသန်းရီတို့ အဆင်သင့်ရှိနေကြသည်။

ရောက်လာသော မြေးဖြစ်သူကို ဝမ်းသာစွာ နှုတ်ဆက်ကြပြီး အဘွားဒေါ်သန်းသန်းရီက မေး၏။

"ငါ့မြေး ဘွားဘွားတို့ဆီ မရောက်တာ အတော်ကြာပြီ၊ အလုပ်တွေများလား။ ဒီကိုလာရင် အမြဲလိုလို လိုက်ပါလာတဲ့ သားသူငယ်ချင်း မောင်ဒေါင်းရော နိုင်ငံခြားပညာတော်သင်ကပြန်မရောက်သေးဘူးလား"

"အလုပ်က တော်တော်များနေလို့ မလာနိုင်တာပါ။ အခုတောင် မမျှော်လင့်ဘဲ ဟောဒီ နိုင်ငံခြားညီသည်တွေကို လိုက်ပို့ရင်း လာခဲ့တာ၊ မိတ်ဆက်ပေးရဦးမယ်၊ သူက ဂျင်ပိန်း။ သူ့ညီက ဂျင်ပိန်း၊ အမေရိကန်ပြည်က လာလည်ကြတာ၊ သူတို့မိဘ ဘိုးဘွားတွေက အရင်က ရန်ကုန်မှာ တာဝန်ထမ်းဖူးတဲ့ ဗြိတိသျှလူမျိုးတွေမို့ ရောက်တုန်းရောက်ခိုက် အဲဒီထဲက ဆွေမျိုးတွေကို လာရှာကြတာတဲ့"

"ဟုတ်လား... ဘယ်သူတွေများလဲ"

ဘိုးဘိုး ဂျွန်ကင်းက အင်္ဂလိပ်လို မေးသည်။

"ကန့်ဗိုလ် မစ္စတာစီမို့စ်ရဲ့ အမျိုးတွေပါ"

"ဒါလား... မစ္စတာစီမို့စ်တော့ ဆုံးသွားတာကြာပြီ၊ သူဇနီး ဘာဘရာလည်း လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးသွားပြီ"

"ဒါဆို အဲဒီဘာဘရာရဲ့မောင် မိုက်ကယ်ဒေးကိုရော သိလား၊ သူရော ရှိသေးလား"

"အင်း... မိုက်ကယ်ဒေးက အင်္ဂလိပ်တွေ တပ်ဆုတ်တုန်းက အိန္ဒိယကိုပါသွားပြီပဲ၊ ဒီမှာ ညီအရင်းတစ်ယောက် ရှိတယ်၊ မင်္ဂလာဒုံ အာဆင်နယ်တပ်မှာ တပ်မှူးရဲ့ပီအေလုပ်နေတဲ့ ဒေးဗစ်ဒေး ဆိုတာပေါ့၊ သူလည်း ဘွားဘွား ယောကျ်ားလိုပဲ ဒီကအမျိုးသမီးကို ယူထားတယ်၊ နာမည်က ခင်လေးနွယ် ဆိုလား။ ခင်ဌေးနွယ်ဆိုလား မှတ်တယ်"

မကြာသီ၏အဘွားက ဝင်ဖြေသည်။

"ဘွားဘွား... သူတို့နဲ့ရင်းနှီးလား၊ အခု ဘယ်မှာနေကြသလဲ"

"အရင်ကတော့ ထောက်ကြန့်မှာ နေကြတယ်၊ အခု ရှိသေးလား မသိဘူး၊ အဆက်အသွယ်ပြတ်သွားတာ ကြာပြီ"

"ထောက်ကြန့် ဘယ်နားမှာနေသလဲ၊ ဘာအလုပ် လုပ်ကြသလဲ"

"ထောက်ကြန့် စစ်သင်္ချိုင်းမှာနေမှာပေါ့၊ ဒေးဗစ်က နောက်ပိုင်းမှာ သင်္ချိုင်းအုပ်ချုပ်ရေးမှာ လုပ်ခဲ့တာပဲ မဟုတ်လား"

"ကျေးဇူးပါပဲ၊ အခုလိုပြောပေးတာ ကျေးဇူးပဲ၊ မပြန်ခင် သူတို့နဲ့ တွေ့သွားချင်လို့ သွားလိုက်ဦးမယ်၊ အချိန်က သိပ်မရှိတော့ဘူးလေ"

ဂျင်ပိန်းက စကားဖြတ်ပြီး ထောက်ကြန့် အင်္ဂလိပ် စစ်သင်္ချိုင်းသို့ မြန်မြန်လိုက်ခဲ့ကြသည်။ ရောက်လျှင်ရောက်ချင်း ဘေးနားရှိ သီးခြားခြံထဲမှ တစ်ထပ်တိုက်ကလေးဆီ သူတို့အုပ်စု လာခဲ့ကြသည်။

"ဘာကိစ္စရှိကြလို့လဲ"

ဗိုလ်ကြက်ချေးခေါ် အင်္ဂလိပ်စပ် အိန္ဒိယလူငယ်တစ်ဦးက ဆီးမေးသည်။

"အုပ်ချုပ်ရေးမှူးနဲ့ တွေ့ချင်လို့ပါ"

"အထဲဝင်ကြပါ"

"ဘယ်သူတွေလဲဟေ့၊ လာကြ... လာကြ"

ဗိုလ်ကြက်ခြေး လူကြီးတစ်ဦးက ဧည့်ခန်းသို့ခေါ်သည်။ ထိုင်ကြပြီးနောက်–

"ကျွန်တော့်နာမည် ဂျင်ပိန်း၊ ဒါက ဂျင်ပိန်းလို့ မိတ်ဆက်ပါရစေ၊ အမေရိကားက လာကြတာပါ"

"ကျုပ် ဘာအကူအညီပေးရမလဲ၊ ပြော"

"ဦးလေး မစ္စတာဒေးဗစ်ကို သိပါသလား၊ သူနဲ့ တွေ့ချင်လို့ပါ"

"ညော်... အင်း၊ သူတို့ ဟံသာဝတီ စစ်သချိုင်းကို ပြောင်းသွားကြပြီလေ"

"ဘယ်လောက်ကြာပြီလဲခင်ဗျ"

"ရှစ်နှစ်လောက် ရှိပြီပဲ"

"ဟာ... ဒါဖြင့် အဲဒီကိုလိုက်သွားပါ့မယ်၊ သွားဦးမယ်နော်"

သို့ဖြင့် သူတို့ကားများ ပြန်လှည့်ခဲ့ကြသည်။ လမ်းတွင် စိုင်းမွန်သာက ပြောတ၏။

"ဒီကိစ္စ ဝါ့ဖထီးရဲ့ သူငယ်ချင်း ဦးစောတင်သိန်းလည်း သိနိုင်တယ်၊ သူ့အဖေနဲ့ မစ္စတာစီမို့စ်တို့က ရင်းနှီးတဲ့မိတ်ဆွေတွေပဲ၊ ကြိုတုန်း ရွှေပြည်သာဘက် အရင်သွားပြီး စုံစမ်းမလား"

"ကောင်းတယ်... ကောင်းသားပဲ"

သို့ဖြင့် သူတို့ကားနှစ်စီး ရွှေပြည်သာမြို့စွန်မှ ဦးစောတင်သိန်းတို့အိမ်ကို ရောက်ကြပြန်သည်။ အဆင်သင့်တွေ့၍ အဘိုးကြီးကို လာရင်းကိစ္စ မေးဖြစ်သည်။

"ဒေါ်စစ်ဒေါ်ဟာ ခင်လေးနွယ်နဲ့ အိမ်ထောင်ကျပြီး သားသမီးသုံးယောက် မွေးတယ်၊ အကြီးနှစ်ယောက်က သားတွေ၊ အငယ်က သမီးလေး"

"နာမည်တွေကိုသိလား ဖထီး"

"အေး... ကလေးတွေ နာမည်တွေကိုတော့ မမှတ်မိတော့ဘူး၊ တစ်ခု ထင်ရှားတာက သူတို့အဖေ ဒေါ်စစ်တို့ဟာ လူမည်းနိုဂရိုးတပ်က အဆက်အနွယ်တွေပဲ၊ ဒါ့ကြောင့် မြင်လိုက်တာနဲ့ အသားမည်းမည်းဆိုတာ ထင်ရှားပါတယ်"

"ဟာ... ဦးလေးကလည်း တမိလ် ကုလားတွေလည်း အသားမည်းတာပဲ"

"ဟုတ်ပြီ၊ ဒါလည်းဟုတ်တာပဲကွ၊ ဒါပေမယ့် ဒေါ်စစ်တို့က ဆံပင်ကောက်ကောက်၊ နှုတ်ခမ်းထူထူတွေ၊ ပြီးတော့ အရပ်အမောင်းတွေ အရမ်းမြင့်ကြတယ်၊ ကုလားထဲမှ ပထန်တို့၊ ပန်ချာပိတို့သာ အရပ်မြင့်ကြတာ၊ တမီက ပုပုသေးသေးတွေကွ"

ဂျင်ဝိန်းက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေသည်။ ဒီကောင် ဒီအကြောင်းကိုသိပြီးဖြစ်ရမည်ဟု စိုင်းမွန်သာ တွေးမိသည်။ သို့မဟုတ် ဒေါ်စစ်တို့ မိုက်ကယ်တို့၏ ဓာတ်ပုံကိုပင် မြင်ဖူးဟန်ရှိမည်။ အဘယ့်ကြောင့်ဆိုသော် ထောက်ကြန့် စစ်သချိုင်းက အုပ်ချုပ်ရေးမှူးထံ ရောက်စဉ်က တွေ့တွေ့ချင်း ဂျင်ဝိန်းက ဝိုလ်ကြက်ချေး အဘိုးကြီးကို ဒေါ်စစ် မဟုတ်မှန်း သိပြီးသား အနေဖြင့် မေးမြန်းခဲ့သည် မဟုတ်လော။

"ရပါပြီ၊ ဒီလောက်ကူညီတာကို ကျေးဇူးတင်ပါတယ်"

ဂျင်ဝိန်းက စကားဖြတ်ကာ ဟံသာဝတီ စစ်သချိုင်းကိုသာ အရောက်ပို့ခိုင်းလေသည်။ ဒီလူမျိုးတွေက လုပ်စရာရှိလျှင် စက္ကန့်မဆိုင်း ဆက်တိုက် လုပ်တတ်သူများဟု ဆိုသည်ကို ယခုမှ စိုင်းမွန်သာ ကိုယ်တွေ့ ကြုံနေရသည်။ သို့ဖြစ်၍ ဟံသာဝတီ စစ်သချိုင်းသို့ အမြန်လာခဲ့ကြသည်။

သို့သော် ထိုနေရာသို့ ရောက်သောအခါ မစ္စတာဒေါ်စစ် ပင်စင်ယူသွားကြောင်း၊ သူ့သား အင်ဒရူးဒေါ်နှင့် အတူလိုက်ပါ နေထိုင်ကြောင်း သတင်းရသည်။ သူ့သား ဘယ်မှာနေလဲဟု မေးရာ သံဖြူဇရပ်စစ်သချိုင်းမှာ အုပ်ချုပ်ရေးမှူးတာဝန် ယူနေကြောင်း သိရသည်။

ထိုည ဒုရဲမှူးကြီး ဦးဘကျော်၏ရုံးခန်းတွင် ယင်းအမှုကိစ္စကို ခဏွေးနွေးကြသည်။

"ကိုင်း... ဒုရဲမှူးခင်မောင်တင့် ဒီနေ့ ရရှိတဲ့သတင်းစုံ တင်ပြစမ်း"

"ဒီနေ့ တစ်မူထူးပါတယ် ရဲမှူးကြီး၊ ပထမတော့ ဒေါင်းရုပ် ဓာတ်ပန္နက်စေတီကို သူတို့လေ့လာကြတာတွေ့ရလို့ ရှေးဟောင်း အနုပညာလက်ရာကိုပဲ လိုက်လံရှာဖွေနေတယ်လို့ တွက်ဆထားတာ ပါပဲ၊ ဒါပေမယ့် နောက်ပိုင်း သူတို့သွားခဲ့တဲ့ နေရာတွေကို လိုက်စုံစမ်းတော့ မက္ကာသီကိုခေါ်ပြီး ဒုတိယကမ္ဘာစစ်မတိုင်ခင်က မော်စားကန်ဝိုလ် မစ္စတာစီမို့စ်ရဲ့ မျိုးနွယ်ဆက်တွေကို လိုက်စုံစမ်း နေတာ တွေ့ရပါတယ်"

"အဲဒီကိစ္စ ဘယ်လိုလုပ်သိလဲ ဆိုတာ နည်းနည်းရှင်းပြ စမ်းပါ"

"မက္ကာသီရဲ့ ယာဉ်စခန်းမှာက ကျွန်တော်တို့ထည့်ထားတဲ့ ဆရာဘိုလုံး ရှိတယ်လေ၊ သူက မက္ကာသီရဲ့ ဆွေမျိုးအားလုံးကို ဝေယျာဝစ္စလုပ်ပေးရတဲ့ ယာဉ်မောင်း၊ အခု လမ်းကြုံလို့ဆိုပြီး ဆရာဘိုလုံးနဲ့အတူ မစ္စတာဂျွန်ကင်းတို့ အိမ်ဝင်ပြီး အစ်အောက် ရာက အကြောင်းစုံ သိရတာပါပဲ၊ အဲဒီကမှ ရှေ့ပြည်သာရော၊ ဟံသာဝတီရော ဆက်ပြီးလိုက် စနည်းနာခဲ့နိုင်တာပါ"

"သူတို့အဓိကမေးတဲ့လူတွေက..."

"မိုက်ကယ်ဒေးနဲ့ ဒေးဗစ်ဒေးတို့ ညီအစ်ကိုနဲ့ မိသားစုကို လက်စုံစမ်းတယ်"

"ရဲမှူးကြီး... ဒီနေရာမှာ ကျွန်တော်စုံစမ်းလို့ရတဲ့ ထူးခြား ချက်တွေနဲ့ ဖြည့်စွက်ခွင့်ပြုပါ"

ရဲအုပ်တင်ထွန်းလူက ဖြတ်ပြောခွင့် တောင်းသည်။ ဤ ကိစ္စတင်ပြရန် ဒုရဲမှူး ဦးခင်မောင်တင့်က မစ္စကတည်းက

မှာထားပြီးဖြစ်ရာ အခွင့်ကြုံသည်နှင့် ဝင်ပြောခွင့်တောင်းခြင်း ဖြစ်သည်။

"အေး... မောင်ရင့်ကို ဟိုအဖြူနှစ်ကောင်ရဲ့ စီဗွီစုံစမ်း ခိုင်းထားတာ ပြောမလို့ မဟုတ်လား၊ ပြော"

"ဟုတ်ကဲ့ပါ၊ ကျင်ဝိန်းနှင့် ကျင်ပိန်းရဲ့ဇာတိက L.A မြို့က Lalver City ဖြစ်ပါတယ်၊ သူတို့ဟာ ကေသုံးလုံး ကူကလက် ကလန် ဂိုဏ်းဝင်တွေ ဖြစ်နေပါတယ်၊ ဒီဂိုဏ်းဟာ လူဖြူက လူမည်းကိုဖြိုတဲ့ ဂိုဏ်းပါပဲ၊ အခု ဒီလာပြီး မော်စား ကန်ပတ်ဝန်း ကျင်ကို ရှေးဟောင်းအနုပညာပစ္စည်း ရှာတဲ့ပုံစံနဲ့ မျက်စိလှည့်ပြီး လူမည်းနှစ်ယောက်ကို လိုက်ရှာတာ ဖြစ်နိုင်ပါတယ်၊ ဘာ့ကြောင့် ရှာပြီး ဘာလုပ်မလဲဆိုတာ ဆက်ပြီး စုံစမ်းရပါမယ်ခင်ဗျာ"

"ဒီမယ်... မောင်ရင်တို့အားလုံး အထူးသတိထားလုပ်ကြ၊ ကူကလက်ကလန် အစွန်းရောက် လူဖြူအဖွဲ့ဆိုတာ လူသတ်ရာမှာ ရက်စက်တယ်၊ ပိရိတယ်၊ ဂိုဏ်းသားတွေဟာ သေနတ်ကို ကျွမ်းကျင်စွာ ပစ်ခတ်တတ်ရုံမက မာရှယ်အတ်တ် ခေါ် သိုင်းမျိုးစုံ လည်း ကျွမ်းတယ်၊ အခု လှုပ်ရှားနေတဲ့ နှစ်ယောက်ရဲ့ပုံစံကို ခန့်မှန်းတတ်သလား"

"ဟုတ်ကဲ့၊ အသက်ကလည်း သုံးဆယ်အောက်လူငယ်တွေ၊ ကိုယ်ခန္ဓာကလည်း ကြံ့ခိုင် သန်မာပုံရှိတယ်၊ ပညာသည်တွေ ဖြစ်မယ်၊ အတိုက်အခိုက် ကျွမ်းမယ့်ပုံ ရှိပါတယ်"

ဒုရဲမှူးကြီး၏အမေးကို ဒုရဲမှူး ဦးခင်မောင်တင့်က ချက်ချင်း အဖြေပေးသည်။

ဒုရဲမှူးကြီးက–

"သူတို့ဆရာမဆိုတဲ့ ဟိုအမျိုးသမီးရဲ့ အခြေအနေကရော"

"တကယ့်ဆရာမကြီး ဒီဖိုင်းပါပဲ၊ တော်တော် လျှို့လျှို့ဝှက်ဝှက် နေထိုင်တည်းခိုတယ်၊ ဟိုနှစ်ယောက်နဲ့ အဆက်အသွယ် ရှိပုံကို မျက်ခြေဖြတ်ထားတယ်"

"မောင်ရင်တို့ကရော ဘယ်လိုခြေရာကောက်မိတာလဲ"

"ကံကောင်းတယ်ပဲ ဆိုရမှာပါ၊ တိုးရစ်စ်ဂိုက် ဝစ္ဆဝတီ ပါလာတော့ သူ့ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်ရတာကိုး၊ သူက သူ့သူငယ်ချင်း သန္တာယမင်းနဲ့ ချိန်းတွေ့ပြီး ကျွန်တော်တို့ရဲ့ စန္ဒာဒေဝီကို ဝင်ပူးခိုင်းတယ်၊ စန္ဒာရဲ့ လိမ္မာပါးနပ်မှုနဲ့ စွမ်းဆောင်မှုကြောင့် သူ့ကို ဘာ့ကြောင့် ဝစ္ဆဝတီက စောင့်ကြည့်ခိုင်း၊ ဝင်လုံးခိုင်းတယ်ဆိုတာ အကြမ်းအားဖြင့် သိရပါတယ်"

"ဘာတွေသိရသလဲ"

"အဲဒါကို စန္ဒာဒေဝီကိုယ်တိုင် တင်ပြရင် ကောင်းမှာပါ"

စန္ဒာက သူ့အသံကလေး မြှင့်၍ရှင်းပြသည်။

"တော်တော်တော့ ထူးဆန်းပါတယ်၊ ဒီနှိုင်ငံခြားသားနှစ်ယောက်ကို ကြိုးကိုင်နေတာ စန္ဒာလို့ ဝစ္ဆဝတီနဲ့ စိုင်းမွန်သာတို့ ယူဆလာကြတယ်၊ ဖြစ်ပုံက သူတို့ကို မိတ်ဆက်စာ ရေးပေးတဲ့ လူဟာ တခြားမဟုတ်ဘဲ ဒေါက်တာဒေါင်းနွယ်စကြာ ဖြစ်နေတယ်တဲ့၊ အမေရိကားရောက်နေတဲ့ ဒေါင်းနွယ်စကြာက မိတ်ဆက်ပြီး လွှတ်လိုက်လို့ ဒီလူဖြူနှစ်ယောက် ဒီကိုရောက်လာကြတယ်တဲ့"

"ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ် ဦးလေး၊ ဘာ့ကြောင့်လဲဆိုတော့ စန္ဒာက ဘယ်လိုလုပ် ယုံနိုင်မှာလဲ၊ ဒါကြောင့် ခိုင်လုံတဲ့ အထောက်အထား ရအောင်ဆိုပြီး ဆရာဦးခင်မောင်တင့်ရဲ့ ခွင့်ပြုချက်နဲ့ ဆရာဘိုလုံးကိုပဲ တာဝန်ပေးပြီး စိုင်းမွန်သာနဲ့ မက္ကာသီတို့ ရုံးခန်းတွေကို

သူတို့တစ်နေ့လုံး အပြင်ထွက်နေတုန်း ဝင်မွှေတော့ ဟောဒီ မိတ်ဆက်စာတွေကို ရရှိခဲ့ပါတယ်"

စန္ဒာဒေဝီက ဓာတ်ပုံနှစ်ပုံ တင်ပြလိုက်သည်။ ဒစ်ရှစ်တယ် ကင်မရာနှင့် ကပ်ရိုက်ထား၍ အင်ပရက်ရှင်းရော ရိုဆော်လူးရှင်းပါ အလွန်ကောင်းသည့် မိတ်ဆက်စာနှစ်စောင်၏ ဓာတ်ပုံကော်ပီ ဖြစ်သည်။

ဒု-ရဲမှူးကြီးဦးဘကျော် စာနှစ်စောင်ကို သေချာဖတ်ပြီး ပြောလေ၏။

"ဒီစာအရဆို ဒေါက်တာဒေါင်းနွယ်စကြာ မိတ်ဆက်ပေးတဲ့ ဒီကိုလာမယ့်သူဟာ မာရီယာလင်း ဆိုတဲ့အမျိုးသမီး တစ်ယောက်ပဲ၊ ဘာကြောင့် ငနဲနှစ်ကောင် ဖြစ်သွားတာလဲ"

"ဒီကိစ္စမှာ စဉ်းစားစရာတွေတော့ရှိပါတယ်၊ မာရီယာဆိုတဲ့ အမျိုးသမီးဟာ ကိုယ်တိုင် မလှုပ်ရှားပေမယ့် ဟိုနှစ်ယောက်ရဲ့ နောက်ကွယ်ကနေ ကြိုးကိုင်နေပါတယ်၊ ဟိုနှစ်ယောက်ကလည်း သူတို့ဆရာမ ရှိတယ်လို့ ပြောင်ပြောထားသတဲ့"

"အဲဒီ မာရီယာကိုရော ခြေရာကောက်မိရဲ့လား"

"ဟုတ်ကဲ့၊ ဖြစ်ပုံက အဲဒီနှစ်ယောက်ရဲ့ ဆရာမကြီးဟာ ဘယ်သူလဲဆိုတာ သိချင်တဲ့ စိုင်းမွန်သာက ရှုပ်ဖျက်ပြီး လိုက်ချောင်းရာက ထရိတ်ဒါးစ် ဟိုတယ်မှာ သူတို့ ဆရာမကြီးကို တွေ့ခဲ့ပါသတဲ့၊ သူတို့ရဲ့ဆရာမဟာ တခြားလူမဟုတ်ဘဲ စန္ဒာဒေဝီ ဖြစ်နေတာကို မျက်စိနဲ့တပ်အပ်မြင်ပါသတဲ့၊ ဒါကြောင့် ဝစ္ဆဝတီက သူလူ သန္တာယမင်းကိုလွှတ်ပြီး စန္ဒာကို ပူးပြီး လေ့လာခိုင်းတာတဲ့"

"စန္ဒာကရော တကယ် ဒေါက်တာ ဒေါင်းနွယ်စကြာ မိတ်ဆက်ခိုင်းလို့ ဆက်ပေးတာ မဟုတ်ဘူးလား"

"ဟင်း... ဟင်း... ဆရာဦးခင်မောင်ကလည်း ရဲမှူးကြီး မေသလို မေးပါတယ်၊ အမှန်က ဒီဇာတ်လမ်းဟာ တော်တော် ဆန်းကျယ်ပြီး စိတ်ဝင်စားဖို့ ကောင်းလှပါတယ်၊ ဟောဒီဓာတ်ပုံကို ကြည့်ပါဦးလေး"

စန္ဒာဒေဝီက ဓာတ်ပုံတစ်ပုံ ထုတ်ပေးလိုက်ပြန်သည်။

ကျောင်းအဆောက်အဦ တစ်ခုရှိ စိတ္တဇဆန်သော ဒီဇိုင်း ရှုပ်တုတစ်ခုရှေ့တွင် လူခုနှစ်ယောက် ကပ်၍ မတ်တတ်ရပ်နေ ကြသော အုပ်စုလိုက် ဂရုဖိုတိုဓာတ်ပုံ တစ်ပုံ။

ဓာတ်ပုံ၏ လက်ျာအစွန်ဆုံးဘက်တွင် ဒေါက်တာ ဒေါင်းနွယ် ခကြာ ရပ်နေ၏။ သူနှင့် ကပ်လျက်ရပ်နေသူ အမျိုးသမီးမှာ စန္ဒာဒေဝီ၏ပုံ ဖြစ်နေ၏။

"အဲဒါ ဘယ်နေရာမှာ ရိုက်ကူးထားတဲ့ ဓာတ်ပုံလဲ စန္ဒာ"

"အမေရိကန်ပြည်၊ လော့စ်အိန်ဂျလိစ်မြို့ Lalver City က EFT စိတ်ညှိုးပညာသင်ကျောင်းရှေ့မှာ ရိုက်ထားတဲ့ ပုံပါ"

"ဘယ်တုန်းကလဲ... ကြာပြီလား၊ စန္ဒာက အဲဒီကို ဘယ်တုန်းက သွားခဲ့တာလဲ"

"ဓာတ်ပုံမှာပါတဲ့ နေ့စွဲအရဆို လွန်ခဲ့တဲ့ သုံးလလောက်က ရိုက်ကူးတဲ့ပုံပေါ့ရှင့်၊ အဲဒီအချိန်တုန်းက ဦးလေးတို့ရှေ့မှာ စန္ဒာ အလုပ် လုပ်နေတာပဲ၊ ဘယ်မှလည်း မသွားဘူး၊ ဘာခွင့်မှလည်း မယူဘူး၊ ဒီလောက်ဝေးတဲ့ အမေရိကန်က မြို့တစ်မြို့ကို ဘယ့်နှယ်လုပ် ရောက်သွားနိုင်မှာလဲလို့"

"ဒါဆို... ဒါဆို၊ အဲ...အေး... ဟုတ်ပြီ၊ အလင်းရောင် ဘက်ရှေ့ပြီး သေချာကြည့်မှ ဓာတ်ပုံထဲက အမျိုးသမီးဟာ စန္ဒာမဟုတ်ဘူး၊ မေးရိုးနည်းနည်းလေး ကားသလိုပဲ၊ ဒါပေမယ့်

စန္ဒာဟာလည်း ကုလားဆင်ရှပ်မျိုးမို့ အရမ်းတူတာပဲ၊ ဆိုပါဦး သူက ဘယ်သူလဲ"

"သူက မာရီယာလင်းပေါ့၊ အဲဒီကျောင်းကို လေ့လာရေး ခရီးသွားရင်း သိခင်ရင်းနှီးခဲ့တယ်လို့ အစ်ကိုစကြာ အဲလေ... ဒေါက်တာဒေါင်းနွယ်စကြာက ဖုန်းနဲ့ပြောခဲ့တယ်၊ မာရီယာဟာ စန္ဒာနဲ့တူလွန်းလို့ သိရအောင် ဒီပုံကို ပို့ပေးလိုက်တာတဲ့"

ဒုရဲမှူးကြီး ဦးဘကျော် ခဏမျှ စဉ်းစားပြီး လူခေါ် ခေါင်းလောင်းကို ချက်ချင်းနှိပ်လိုက်သည်။

ရဲမေတစ်ဦး သွက်သွက်နှင့် အခန်းထဲဝင်လာ၏။

"ဒီမယ်.... စောစောက စိအိုင်ဒီက ဓာတ်ပုံအိတ်စပက် ဇေယျာထူး လာသွားတယ်မဟုတ်လား၊ သူ ရှိသေးလား မြန်မြန် သွားကြည့်၊ ရှိသေးရင် တစ်ခါတည်းခေါ်လာခဲ့"

ရဲမေထွက်သွားသည်။ ဦးဘကျော် ဓာတ်ပုံကို မီးရောင်၌ မြှောက်ကြည့်လိုက်၊ တည့်တည့်ကြည့်လိုက်၊ ဘေးတိုက်ကြည့် လိုက်နှင့် လုပ်နေသည်။ ထိုစဉ် ရဲအုပ်ဇေယျာထူး ဝင်လာ၏။ အလေးပြု၏။

"အတော်ပဲ... ဒီမှာ ကြည့်ပေးစမ်းကွာ၊ ဒီဓာတ်ပုံဟာ အစစ်လား... အတုလား။ ဖြတ်ညှပ်ကပ်နည်းနဲ့ ပြန်ကူးတာလား။ ကွန်ပျူတာအဖက်တွေ ဘာတွေနဲ့ လုပ်ထားတာလား စသဖြင့် ပေါ့ကွာ"

ရဲအုပ်ဇေယျာထူး ဓာတ်ပုံကို ယူလိုက်သည်။ မီးရောင် အောက်ထား၍ အမျိုးမျိုး လှုပ်ကြည့်နေသည်။

"အဲဒီ အနောက်တိုင်းသားတွေ ကြားထဲမှာ မစန္ဒာက ဘယ်လို ရောက်သွားတာလဲ၊ ဘယ်တုန်းက သွားခဲ့တာလဲဟင်"

ဟု စန္ဒာဒေဝီကိုကြည့်ပြီး မေးနေသေး၏။

"ဟေ့...ဟေ့... ဒီမယ်ကိုယ့်လူ၊ ဓာတ်ပုံကို စစ်ခိုင်းနေတာ၊ လူကို စစ်ခိုင်းနေတာမဟုတ်ဘူး"

"ဟုတ်ကဲ့... ဓာတ်ပုံက ဓာတ်ပုံအစစ်ပါ ရဲမှူးကြီး၊ ဘာမှ လုပ်မထားပါဘူး"

"အေးဟေ့... မင်းလို ကျွမ်းကျင်ပညာရှင်က ပြောလို့ ယုံလိုက်မယ်၊ ထားခဲ့တော့... မင်းသွားနိုင်ပြီ"

ဇေယျာထူး အလေးပြု၍ ထွက်သွားသည်။ ဤတွင် စန္ဒာဒေဝီက စကားကို ကောက်ဆက်၏။

"အဲဒီထဲက မာရီယာဟာ အခု ထရိတ်ဒါးစ်မှာ တည်းခိုနေပါတယ်၊ စန္ဒာတို့ သူ့အခန်းနံပါတ်ကိုလည်း ရ,ထားပါပြီ၊ သူက ဒီရောက်တော့ မြန်မာလို ဝတ်စား သွားလာနေတယ်၊ အဲဒီမှာ သူ့ကို စန္ဒာ့အသိတွေက စန္ဒာနဲ့ လူချင်းမှားတော့တာပါပဲ၊ သူက အမေရိကားမှာ ဒေါက်တာဒေါင်းဆီကနေ စန္ဒာ့ရဲ့ဓာတ်ပုံကို သေချာမြင်ဖူးထားပုံရတယ်၊ အခု ဒီမှာလာပြီး စန္ဒာဝတ်သလို ဝတ်စားဆင်ယင်တော့တယ်၊ ဆံပင်ပုံက အစပါပဲ"

စန္ဒာဒေဝီ စကားရပ်ထားလိုက်သည်။ အားလုံး ငြိမ်ချက်သား ကောင်းနေကြသည်။ ရဲမှူးကြီးက နှုတ်ဆိတ်နေတော့ အားလုံးလည်း ဘာမျှမဟာရဲကြ။ ဦးဘကျော် အတန်ကြာကလေး စဉ်းစားပြီးမှ ညွှန်ကြားချက်ပေးတော့သည်။

"အားလုံး သေချာနားထောင်၊ ဒီကိစ္စဟာ သာမန်ထက် နည်းနည်းမြင့်တဲ့ မှုခင်းမှုရာမျိုး ဖြစ်နိုင်တယ်၊ မာရီယာ လုပ်ရှားပုံဟာလည်း အဆင့်ရှိတယ်၊ ဒီတော့ မာရီယာလင်းဆိုတာ ဘယ်သူလဲလို့ သိရအောင် နယ်စပ်ဖြတ်ကျော် မှုခင်းတပ်ဖွဲ့က

တစ်ဆင့် ယူအက်စ်က အက်ဖ်ဘီအိုင်ကို သူ့အကြောင်း [illegible] လိုပြီ၊ အထက်ကိုတင်ပြမယ်၊ ဒီကြားမှာ ဒီအမျိုးသမီးနဲ့ နောက်လိုက်တွေ အမှုကြီးတစ်ခုခု မကျူးလွန်ဖြစ်အောင် ကြပ်ကြပ်မတ်မတ် စောင့်ကြည့်ထားကြရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဒုရဲမှူး ဦးခင်မောင်တင့် ပြန်ဖြေအပြီး တန်းဖြုတ်လိုက်လေသည်။

အခန်း (၉)

အောင်မြင်မှုတွေ ပြောဖို့စောင့်နေသော စန္ဒာ

ဂျင်ဝိန်းတို့ ရန်ကုန်ရောက်သည်မှာ လေးရက်ကြာသွားသည်။

သံဖြူဇရပ်မြို့ရှိ အင်္ဂလိပ်စစ်သင်္ချိုင်းသို့ သွားရမလားသိချင်၍ သူတို့ဆရာမနှင့် ဆက်သွယ်သည်။

နံနက် ၁၀ နာရီတိတိတွင် ဆီဖိုးနားဟိုတယ် အပေါ်ထပ်တွင် ပန်းချီပြခန်းတစ်ခု ဖွင့်လှစ်ပြသရာ ပညာရှင်ဝါသနာရှင်များ တက်ရောက်ကြသည်။ ပန်းချီပန်းပုဌာနမှ ပါမောက္ခ အင်ဂြိမ်းစားဦးနန်းနွယ်က ဖဲကြိုးဖြတ် ဖွင့်ပေးသည်။ ဦးနန်းနွယ်၏ သမီးဝစ္ဆဝတီနှင့် သန္တာယမင်းတို့က ရွှေကတ်ကြေးနှင့် ဖဲပွင့်တို့ကို ကိုင်ပေးကြသည်။

ထိုဖွင့်ပွဲသို့ ဖိတ်ကြားခြင်းခံရ၍ ဂျင်ဝိန်းနှင့် ဂျင်ပိန်းတို့ တက်ရောက်ကြသည်။ ပိတုန်းကြီးတစ်ကောင် ပန်းပွင့်ဝတ်ဆံပေါ်၌ နားနေသည့် ပန်းချီကားရှေ့တွင် ပိုးအက်ျီဖားဖား၊ ပိုးဘောင်းဘီ

ဖားဖားနှင့် ရပ်ကြည့်နေသော အမျိုးသမီးတစ်ဦးနားသို့ ဝစ္ဆဝတီက တိုးကပ်သွားသည်။

အမျိုးသမီးက မသိချင်ယောင်ဆောင်၍ ကပ်လာသူကို မကြည့်ဘဲ ပန်းချီကိုသာ စိတ်ဝင်စားစွာ ရှုစားနေ၏။

"စန္ဒာတို့က ဒီပုံစံနဲ့လည်း တကယ်မိုက်တယ်ဟေ့၊ မင်းဘယ်လို ရှုပ်ဖျက်ထားပေမယ့် တို့ကတော့ မှတ်မိပါတယ်နော်"

ဟု ဝစ္ဆဝတီက တိုးတိုးကပ်ပြောသည်။

အမျိုးသမီးက ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး "ဟွန်...ဟွန်း" ဟုသာ ပြန်ပြောပြီး မသိလိုက် မသိဘာသာ ရပ်နေသည်။ သူ့အနီးသို့ ဂျင်ဝိန်းတို့နှစ်ယောက် ကပ်လာသည်။ ဝစ္ဆဝတီက အသာကလေး ရှောင်ထွက်သွား၏။ ရပ်ကျန်ရစ်သည့် အမျိုးသမီးက အင်္ဂလိပ်လိုပြောသည်။ ဘေးကနှစ်ယောက်ကို မကြည့်ဘဲ တိုးတိုးပြော၏။

"မင်းတို့ သံဖြူဇရပ်ကို သွားဖို့မလိုဘူး၊ ဟိုသွားဖို့ ခွင့်ပြုချက်ယူတာနဲ့ ဘာနဲ့ဆို အချိန်လည်းကုန်တယ်၊ လူတွေလည်း သတိပိုထားမိမယ်၊ ငါ ဒီကနေ ဆက်သွယ်နိုင်တဲ့လူ ရှာပြီး ဒေးဗစ်နဲ့ သူ့သား အင်ဒရူးကို ဒီလာတွေ့ဖို့ခေါ်မယ်၊ သူတို့နဲ့တွေ့ဖို့ စိုင်းမွန်သာကို လုံခြုံစိတ်ချရတဲ့နေရာတစ်ခု စီစဉ်ပေးဖို့ ပြောထား၊ ဒါပဲ"

"အိုကေ"

ဂျင်ဝိန်းတို့ ဒါပဲပြောပြီး ပြန်သွားကြလေ၏။

အမျိုးသမီးလည်း ထိုနေရာမှ လှစ်ခနဲ ပျောက်ကွယ်သွားလေသည်။

ဟိုဘက် တစ်ခုခြားပန်းချီကားကို ကြည့်နေသော ဒုရဲအုပ်စိုးလွင်သည် သူ့လွယ်အိတ်ထဲ လက်နှိုက်၍ အသံဖမ်းကိရိယာကို ပိတ်လိုက်ပြီး ထွက်ခွာလာသည်။

ရုံးချုပ်ကိုရောက်သော် ဒုရဲမှူးကြီးအခန်း၌ လူစုံနေပြီ ဖြစ်၏။

"စောစောကပဲ မာရီယာလင်းရဲ့ စီဗွီရတယ်၊ လက်စသတ်တော့ ဒီအမျိုးသမီးကလေးဟာ ဂျပန်ခေတ်မတိုင်ခင်က မင်္ဂလာဒုံ အာဆင်နယ်တပ်မှာ တာဝန်ထမ်းသွားတဲ့ မေဂျာ ဂျေစမတ်ရဲ့ မြေးမလေးပဲ"

"ဩော်"

"အို"

"ဟင်"

"ဒီလိုကိုး"

ဟု မှတ်ချက်ပေးသံများ ထွက်လာသည်။

"ဂျပန်တွေလာလို့ ပြေးကြတဲ့ စစ်ဆုတ်တော့ မေဂျာ ဂျေစမစ်ရဲ့ဇနီးနဲ့ သုံးနှစ်အရွယ် လူမမယ်သမီးလေးတို့ဟာ အင်ဖာမြို့ကနေ စောင့်နေကြတယ်၊ သူတို့က သားသမီး ယောင်ယက်ကလေး ရှိသည့် အရာရှိမိသားစုများနှင့်အတူ နှစ်ပတ်လောက် စောရောက်နေကြတယ်၊ အချိန်တန်လို့ တပ်တွေအားလုံး ဆုတ်လာတဲ့တိုင် မေဂျာဂျေစမတ်စ် ရောက်မလာဘူး၊ ဆင်းမလားမြို့အထိ ဆက်သွားဖို့ရှိတဲ့အတွက် အခြားမိသားစုတွေက ခေါ်ပေမယ့် မေဂျာဂျေစမတ်ရဲ့ ဇနီး ဂျက် ကလင်းက မလိုက်ဘဲ သူ့သမီးလေး ကက်သရင်းနဲ့အတူ အင်ဖာမြို့ကပဲ သူ့ခင်ပွန်းကို စောင့်ကျန်ရစ်ခဲ့တယ်၊ ရှေ့တန်းဘက်က ရန်ဋ်သမ္ပျသတင်းကိုလည်း စောင့်ပြီးမေးနေခဲ့တယ်"

"သူ့ခင်ပွန်း မေဂျာဂျေစမတ် ဘယ်လောက်ကြာမှ ရောက်လာသလဲခင်ဗျ"

"နေ့... တစ်လလောက်ကြာတော့ မေဂျာဂျေစမတ်ရဲ့ သူငယ်ချင်း မေဂျာဟာတ်ဆင် ရောက်လာတယ်၊ ဒဏ်ရာ ဒဏ်ချက်

တွေနဲ့ စုတ်ပြတ်ပြီးရောက်လာတာတဲ့၊ သူတို့တပ် ဂျပန်ရဲ့ ချုံခိုတိုက်တာခံခဲ့ရပြီး တီးတိန်ပြို့ အရောက်ပြေးခဲ့တယ်၊ သုံးယောက်ပဲ လွတ်လာပြီး တီးတိန်ပြို့အောက်နားက လှိုဏ်ဂူတစ်ခုထဲမှာ ခဏခိုအောင်းနေရတာပေါ့။ မေဂျာ ဂျေစမတ်ဟာ ခြေထောက်တွေလည်း ပေါက်ပြဲနေပြီ၊ လက်မှာလည်း ဒဏ်ရာရထားတယ်၊ ဒါ့ကြောင့် သူအရေးတကြီး ကိုင်ထားတဲ့ ဆေးအိတ်ကို မေဂျာဟာတ်ဆင်က သူ့ခါးမှာပတ်ပြီး ယူပေးခဲ့တယ်၊ ဖြစ်ချင်တော့ အဲဒီညမှာ သူ့တပည့်လည်းဖြစ်သူ ပီအေ**ဒေးဗစ်**ဒေးရဲ့ အစ်ကိုလည်းဖြစ်တဲ့ မိုက်ကယ်ဒေးဆိုတဲ့ အမည်းကောင်က သူ့ကျောပိုးအိတ်ကို အသာခိုးပြေးတယ်၊ သူကသိတော့ မိရာပြန်ဆွဲတာ ခြေထောက်ဆွဲမိပြီး ဟိုကောင်ပစ်လဲလို့ မေဂျာဟာတ်ဆင် လန့်နိုးပြီး ဖြစ်ပျက်ပုံကို မီးပုံက ကုန်ခါနီးမီးရောင်နဲ့ မြင်နေရတယ်၊ မေဂျာဂျေစမတ်က မိုက်ကယ်ကို ငါ့ဟာယူပြီး လစ်မလို့လား၊ မလုပ်နဲ့လို့ အော်ဟစ်တားနေတုန်း ဟိုအမည်းကောင်က ဘက်နက်နဲ့ နောက်ပြန်ထိုးလိုက်တာ မေဂျာဂျေစမတ်ရဲ့ ဝဲဘက်လက်ပြင်ကို စိုက်ဝင်သွားတယ်၊ မိုက်ကယ်ဆိုတဲ့ကောင် ကျောပိုးအိတ်ကိုဆွဲပြီး တစ်ချီးတည်း ထွက်ပြေးသွားတာပါပဲတဲ့"

"ဒါဆို မေဂျာဂျေစမတ်ဟာ မိုက်ကယ်ဒေး သစ္စာဖောက်ပြီး သတ်လို့ သေတာမေ့ါ"

"ဟုတ်တယ်၊ မေဂျာဟာတ်ဆင်ရဲ့ ထွက်ချက်အရရော၊ သူကိုယ်တိုင် ဂျေစမတ်ရဲ့ဇနီးကို ပြောပြလို့ ဂျက်ကလင်းရဲ့ ထွက်ဆိုချက် အရပါဆိုရင် မိုက်ကယ်က ဘယ်တုန်းက ဘာရန်ညှိုးကြောင့်လည်း မသိဘူး။ ဒုက္ခ ရောက်နေတဲ့ကြားမှာမှ သူညီရဲ့ဆရာကို သတ်ပြီး ပြေးသွားတာ၊ မေဂျာဟာတ်ဆင်လို

မျက်မြင်လက်သေ မကျန်ခဲ့ရင် ဒီယုတ်မာပြီး သစ္စာဖောက်မှုကို ဘယ်သူ့ သိမှာမဟုတ်တော့ဘူး"

"အဲဒီဖြစ်ရပ်မှာ ဘာသက်သေ အထောက်အထား ရှိပါသတဲ့လဲ ခင်ဗျာ"

"အေး... အဲဒါ အရေးကြီးတာပဲ၊ မေဂျာဟတ်ဆင်က မေဂျာဂျေစမတ်ရဲ့ဘေးအိတ်ကို သူ့ဇနီး ဂျက်ကလင်းဆီ ပြန်အပ်တယ်၊ မေဂျာဂျေစမတ်ရဲ့ ကိုယ်ပိုင်အမှတ် လည်ဆွဲတံဆိပ်ကိုလည်း သက်ဆိုင်ရာတပ်ရင်းကို အပ်ခဲ့တယ်"

"အဲဒီနောက် မေဂျာဂျေစမတ်ရဲ့ ကျန်ရစ်သူ ဇနီးနဲ့ သမီးကရော"

"သူတို့လား... ဇနီးဖြစ်သူဟာ သူ့ခင်ပွန်းသေပြီဆိုတာကို မယုံကြည်တဲ့စိတ်နဲ့ အင်ဖာမြို့မှာ နောက်ထပ် တစ်နှစ်လောက်ကို နေပြီး မြန်မာပြည်ကနေ ချင်းတောင်တန်းကို ကျော်ဖြတ်ပြီး လာသမျှလူ၊ လာသမျှသတင်းကို နားစွင့်တယ်၊ စုံစမ်းမေးမြန်းတယ်၊ နောက်ပိုင်း ဗြိတိသျှတပ်တွေဟာ ဂျပန်တွေလက်နက်ချလို့ ဒီအင်ဖာကနေ ချင်းတောင်ဘက် ပြန်ဝင်ကြတယ်၊ ဂျက်ကလင်းနဲ့ သူ့သမီး ကက်သရင်းတို့ အင်ဖာမှာပဲနေရစ်ခဲ့ရတာပေါ့၊ အဲဒီမှာ သူတို့ သားအမိကို စောင့်ရှောက်ထားတဲ့ အိန္ဒိယသူဌေးတစ်ယောက် အိမ်မှာ သောင်တင်ခဲ့ရာက နှစ်တွေကြာတဲ့နောက် အသက် ၃၀ ကျော်မှာ ကက်သရင်းနဲ့ အဲဒီသူဌေးရဲ့သား အိန္ဒိယလူမျိုး ရာဂျစ်ခန်တို့ လက်ဆက်ဖြစ်ကြတယ်၊ မွေးလာတာက မာရီယာလင်းပါတဲ့"

"ဟုတ်ပါပြီ ဒါကြောင့် မာရီယာလင်းက ဆံပင်အနက်ရောင် ဘိုမ ဖြစ်နေတာကိုး"

"သူ့ကိုမွေးပြီး မကြာခင် သူ့မိဘတွေ အမေရိကန်ပြည် လော့စ်အိန်ဂျလိစ်ကို ပြောင်းသွားကြတယ်"

"သူက ဘာ့ကြောင့် မိုက်ကယ်ဒေးတို့ကို လိုက်ရှာတာ လဲဆိုတာ ကွင်းဆက်စပ်ကြည့်တော့ သူ့အဘိုးကို သတ်သွားတာသိလို့ ကလဲ့စားချေဖို့ ဖြစ်မှာပေါ့နော်"

ဒုရဲအုပ်စိုးလွင်က ကွင်းဆက်ရ၍ ဤသို့တွေးသည်။ ရဲအုပ် ဦးတင်ထွန်းလူကတော့ ကွင်းဆက်ပြတ်နေသည်ကို တွေးပြီးမေး၏။

"ဒီမျိုးဆက်တစ်ဆက်ခြားတဲ့ ကောင်မလေးက သူ့အဘိုးကို သတ်တဲ့လူကို ဒီလောက် သိနိုင်ပါ့မလား"

"သူ့အမေနဲ့ သူ့ဘွားဘွားတို့က သူ ငယ်ငယ်ကလေးကတည်းက အရိုးစွဲအောင် ခဏခဏပြောပြနေလို့ ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ စန္ဒာပြောတာမျိုး ဖြစ်လေ့ရှိတတ်ပါတယ်၊ ဒီအမျိုးသမီး အညိုးအတေးကြီးပုံနဲ့ဆို လူမည်းတွေကို မုန်းတီးတဲ့ ကူးကလက်ကလန်က ဂိုဏ်းဝင် လူငယ်တွေကို ငှားပြီး ကြေးစား လူသတ်သမားအဖြစ် မီးခိုးကြွက်လျှောက် ဒီမြန်မာပြည်ကို လိုက်လာပုံကြီးဟာ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ တော်တော်ကြာ ဒီမှာလာပြီး Violence ခေါ် အကြမ်းအရမ်း လူသတ်မှုတွေ ပေါ်ပေါက်လာမှုဖြင့် ပြည်ထဲရေးနဲ့ တို့မြန်မာရဲတပ်ဖွဲ့ကြီး မျက်နှာ ပျက်ရမယ်၊ ဒါ့ကြောင့် ကြိုတင်ကာကွယ်ဖို့ လိုပြီ"

"ဟုတ်တယ်... ဟုတ်ပါတယ်"

ဝိုင်းဝန်းထောက်ခံကြ၍ ဒုရဲမှူးကြီးက ရှင်းပြရသည်။

"ဒါပေမယ့် နိုင်ငံခြားကလာတဲ့ ခရီးသွား ညီ့သည်ကို ခိုင်လုံတဲ့အထောက်အထားမရှိဘဲ ကြိုတင်ဖမ်းဆီးတာတို့၊ အရေးယူတာတို့ လုပ်လို့ မဖြစ်ဘူးလေ"

"ဒါဆို သူတို့ အဲဒီ ကေကေကေ ဂိုဏ်းသားနှစ်ဦး နောက်က အနီးကပ်လိုက်စောင့်နေမှ ဖြစ်မယ်၊ သူတို့လူသတ်မှု မကျူးလွန်ခင် တားလို့ရရင်ရ၊ မရရင် သူတို့လက်ချက်ဆိုတာ ခိုင်လုံတဲ့ အထောက်အထားရအောင် ဗွီဒီယိုရော ဓာတ်ပုံရော ရိုက်ယူထားရင် မကောင်းဘူးလား ခင်ဗျာ"

"အေး... ဒုရဲမှူးခင်မောင်တင့် ပြောတာမဆိုးပါဘူး၊ ဒါပေမယ့် ဒီထက်ကောင်းတဲ့ အစီအမံကို ရဲမှူးကြီးက ချပေးထားတယ်၊ အဲဒီအတိုင်း ထိထိမိမိ လုပ်ကြပါစို့"

ဟု ဆိုကာ ဒုရဲမှူးကြီး ဦးဘကျော်က တာဝန်ကိုယ်စီကို ခွဲဝေချမှတ်ပေးလိုက်သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင်ဖြစ်သည်။

ထရေးဒါးစ်ဟိုတယ် : လော်ဘီ၌ အရပ်ဝတ်အရပ်စားနှင့် ထိုင်နေသူ ဆားပုလင်းဝင်းမောင်သည် မြန်မာလိုဝတ်၍ ထွက်ခွာသွားမည်သာ မာရီယာလင်းကို အသေအချာ ကြည့်နေသည်။ ခြေဆုံးခေါင်းဆုံး လိုက်ကြည့်သည်။ ချီတာမှ တိုးရစ်ထရန်စပို့ ဖင်ကောက်ဖင်ကားပေါ် တက်ပြီး ထွက်ခွာသွားသည်အထိ ကြည့်သည်။

ထို့နောက် မြန်မြန်ထွက်ခွာလာပြီး ဆူးလေဘုရားလမ်းကို ဖြတ်ကူးရန် ဆောက်ထားသည့် ကုန်းတံတားပေါ် ပြေးတက်သွားပြီးမှ ဆဲလ်ဖုန်းကိုဖွင့်ကာ အကျအန ပြောလေ၏။

"ဝင်းမောင်ပါ ဒေါ်စန္ဒာ"

"ဟုတ်ကဲ့ ပြောပြော"

"မာရီယာဝတ်သွားတာ တိရုပ်အဖြူအပေါ်က ထရိုင်ဇာ အနက်ရောင်၊ ထဘီကတော့ ဆေးရေးပင်ထောင်ပါတိတ် လုံချည်၊

ပန်းရောင်ခံ ကြာဖူးပုံ၊ ဒီရောက်မှ ဝိုလ်ချူပ်ဈေး ပွင့်ဦးပါတိတ်ဆိုင်က ဝယ်ဝတ်တာဖြစ်မယ်၊ ဒေါ်စန္ဒာတို့ ကျွန်တော့်ကိုပြတဲ့ ပါတိတ်ဆင်တွေအနက် နံပါတ်(၁၁) ပါတိတ်နဲ့ အတူတူပါပဲ"

"ကောင်းပြီ... သိပြီ၊ အဲ... အဲ... ဆံပင်ပုံစံကိုလည်း ပြောဦး၊ ဖိနပ်ကရော ခွာမြင့်လား"

"ဟုတ်ကဲ့... ဆံပင်က ကျစ်ဆံမြီးနှစ်ခွ ကျစ်ထားတယ်ဗျ၊ ဖိနပ်က လေဒီ နှစ်လက်မလောက်သာမြင့်တဲ့ ခွာမြင့်၊ လက်ထဲမှာ လက်ကိုင်အိတ် အသေးသေး အမည်းရောင်လေးပဲ ကိုင်သွားတယ်"

"တခြား ဘာထူးခြားချက် ရှိသေးလဲ"

"မရှိတော့ပါဘူး"

"ကောင်းပြီ... အပြင်စည်းက စောင့်တဲ့သူတွေနဲ့အတူ စောင့်ပေးနေနော်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

နောက် နာရီဝက်ကြာသော် ဝင်ကားအဖြူတစ်စီး ထရေးဒါးစ် ရှေ့နား ဆင်ဝင်နှင့် ခပ်လှမ်းလှမ်းတွင် ဆိုက်လာ၏။

စန္ဒာဒေဝီက ဆဲလ်ဖုန်းကိုဖွင့်၍ ကားပေါ်မှာပင်ထိုင်လျက်က နံပါတ်တစ်ခုကို ခေါ်သည်။

"ဟုတ်ကဲ့... ဆရာမ၊ စိုးလွင်ပါ"

"ဆရာတို့ တေးလင်းလုပ်တဲ့ မာရီယာ အခု ဘယ်မှာ ရှိနေလဲ"

"ရွှေဟင်္သာလမ်းထဲ ရောက်နေတာ၊ ကားပေါ်မှာ၊ ကားက ဈေးနားရောက်နေပြီ"

"ဒါဆိုရပြီ၊ စန္ဒာ လှုပ်ရှားတော့မယ်၊ ဒါပဲ...ဒါပဲ"

ဤသို့ ကွန်ဖမ်းလုပ် အတည်ပြုချက် ရယူခြင်းမှာ စန္ဒာဒေဝီ ဒီမှာလုပ်ကိုင်နေဆဲမှာပင် ရုတ်တရက် မာရီယာ ပြန်ရောက်လာမည် စိုးရိမ်၍ ဖြစ်သည်။ ယခု စိတ်ချလက်ချ လုပ်နိုင်ပြီ။

ဗင်ကားလေး ထရိတ်ဒါးစ်၏ ဆင်ဝင်တွင် ထိုးဆိုက်သည်။ အပေါက်စောင့်က တံခါးပြေးဖွင့်ပေးသည်။ စန္ဒာဒေဝီက ဟန်ပါပါ ဆင်းပြီး အော်တိုပွင့်သော မှန်တံခါးမကြီးမှ ဝင်ခဲ့သည်။ စန္ဒာဒေဝီသည် စောစောက မာရီယာလင်း ဝတ်ဆင်ထားသည့် ပုံအတိုင်း ဖြစ်နေသည်။

"ဂွတ်အားဖတားနွန်း"

ဟု တံခါးစောင့်က ကိုယ်ညွှတ်နှုတ်ဆက်ရာ–

"ဂွတ်အားဖတားနွန်း"

ဟု အမေရိကန် လေယူလေသိမ်းနှင့် ပြန်ပြောခဲ့သေး။

စန္ဒာဒေဝီ အနောက်နိုင်ငံသူတို့၏ ခြေလှမ်းမျိုးဖြင့် မြန်မာ ဝတ်စုံနှင့်ပင် ဓာတ်လှေကားရှိရာသို့ တန်းသွားသည်။ ခလုတ်နှိပ်၊ တံခါးပွင့်သောအခါ (၁၈)ထပ်သို့ တက်သွားသည်။ (၁၈၄၅)ဟူသော အခန်းရှေ့တွင်ရပ်သည်။ မာစတာကီးကို ထုတ်၍ ခဏကြာမှ ဖွင့်လိုက်ရာ တံခါးပွင့်သွားသည်။

အခန်းထဲဝင် မီးဖွင့်ပြီး ခေါင်းအုံးအောက်၊ မွေ့ရာအောက်၊ ခုတင်အောက်၊ အံဆွဲ စသည့် နေရာမျိုးစုံတွင်ရှာသည်။ ဓာတ်ပုံ ရိုက်စရာရှိ ရိုက်သည်။ ပြီးမှ Safe box ကို သော့တစ်ချောင်းနှင့် ဖွင့်သည်။ ခလုတ်တွေ့ ကစားသည်။ ပွင့်သွားပြီ။

အထဲတွင် နိုင်ငံကူးလက်မှတ်နှင့် အကြွေးဝယ်ကတ် အချို့ ထည့်သော အင်္ဂလိပ်ဖောင်းကြွအကျရာ အိတ်ထောင့်တွင် ငွေရောင်လက်နေသော renoma PARIS ဟူသော လယ်သာအိတ်

ကလေးတစ်ခု၊ ဟိုအာဒ်ဒီကတ်မျိုးစုံကိုလည်း ဓာတ်ပုံရိုက်သည်။ နောက်နားတွင် ဟောင်းနွမ်းလွန်းသည့် ဝိုင်ယာရီ နေ့စဉ်မှတ်တမ်း စာအုပ်တစ်အုပ် တွေ့ရှိသည်။

လှန်လိုက်သောအခါ ပထမဆုံးစာမျက်နှာတွင် Owner-Major J.Smart ဟု အစပြုပြီး ဌာန၊ လိပ်စာ၊ ကားလိုင်စင်နံပါတ်၊ ဘဏ်အမှတ် စသည်များပါရှိသည်။ စာအုပ်သည် ၁၉၄၄ ခုနှစ်က စာအုပ်ဖြစ်နေသည်။

အချိန်မဖြုန်းတော့။ မျက်နှာဖုံးမှစ၍ စာမျက်နှာတိုင်းကို လှန်ကာ ဓာတ်ပုံရိုက်လိုက်သည်။ စုစုပေါင်း စာမျက်နှာ ၂၀၃ မျက်နှာ။ အချို့စာမျက်နှာတွင် စာကြောင်းအနည်းငယ်သာရေး၍ အချို့စာမျက်နှာ၌ အပြည့်။

စာမျက်နှာ ၉၉ တွင် မြေပုံတစ်ပုံ၏ ပုံတူကိုရေးဆွဲထားသည်။ မျက်နှာချင်းဆိုင် စာမျက်နှာတွင် အညွှန်းစာများပါသည်။ ထိုနေရာကို သုံးပုံစီလောက် ရိုက်ယူခဲ့သည်။

အားလုံးစစ်ဆေး၍ နေသားတကျထားပြီး ပြန်ဆင်းလာခဲ့သည်။ လူရှေ့သူရှေ့မှာပင် ဟိုတယ်က ခပ်တည်တည် ပြန်ထွက်ခဲ့သည်။ စုစုပေါင်းဝင်ပြီးပြန်ထွက်ချိန် မိနစ် ၃၀ သာ ကြာ၏။

ထိုဓာတ်ပုံများကို ဒစ်ဂျစ်တယ်ပုံကူးစက်နှင့် ကူးထုတ်ပြီးသောအခါ အားလုံး မျက်လုံးပြူးကြရကုန်၏။

ဤဝိုင်ယာရီပါ အချက်အလက်များအရဆိုပါက မေဂျာ ဂျေစမတ်သည် မြန်မာပြည်၌ သူ့ဝိုအေ ဒေးပစ်ဒေးကိုထားခဲ့ပြီး စစ်ဆုတ်သည့် အင်္ဂလိပ်တပ်နှင့် ချင်းတွင်းမြစ် ဆန်တက်ပြီး ချင်းတောင်ကို ဖြတ်ကျော်၍ အင်ဒျာမြို့မှတစ်ဆင့် အိန္ဒိယရှိ ဆင်းမလားမြို့သို့သွားရန် ဖြစ်ကြောင်း သိရှိနိုင်သည်။

အကြံ်သမား မိုက်ကယ်ဒေးသည် သူ့ညီ ဒေးဗစ်ထံမှ မေဂျာဂျေစမတ် လှို့ဝှက်ယူသွားသော မြေပုံတစ်ခုအကြောင်း သိရှိဟန်တူသည်။ သူက မေဂျာဂျေစမတ်ကို တပည့်ခံ၍ လိုက်ပါသွားသော်လည်း ဆင်ကြံ် ကြံ်နေသူဖြစ်သည်။ တီးတိန်မြို့အနီး လိုဏ်ဂူထဲတွင်ရောက်ခဲ့စဉ် မေဂျာဂျေစမတ်ရဲ့ ကျောပိုးအိတ်ကို လုပ်ကြံ၍ ပြေးသွားခဲ့သည်။ သို့သော် သူကံဆိုးချင်တော့ သူယူသွားသည့် ကျောပိုးအိတ်တွင် သူလိုချင်သော မြေပုံမပါရှိပေ။

မြေပုံစစ်စစ်ကို မေဂျာဂျေစမတ်က သူ့အထက်အရာရှိထံ အပ်နှံထားကြောင်း သူ့ဒိုင်ယာရီ၌ ရေးသားထား၏။ သို့သော် မေဂျာ ဟတ်ဆမ်က ဂျက်ကလင်းထံပေးအပ်သည့် မေဂျာဂျေစမတ်၏ ဒိုင်ယာရီထဲတွင် ထိုမြေပုံ၏အညွှန်းနှင့် ပုံကြမ်းပါရှိလေ့သည်။

ထိုမြေပုံကား–

ရတနာသိုက်၏ မြေပုံဖြစ်သတည်း။

၁၉၄၂ခုနှစ်မတ်လတွင် ဖက်ဆစ်ဂျပန်များ ရန်ကုန်မြို့ကို မသိမ်းပိုက်မီ အချိန်ကလေးတွင် စစ်ဆုတ်မည့် အင်္ဂလိပ်အစိုးရသည် ရန်ကုန်မှထွက်ခွာရန် စီစဉ်လေ၏။ ဤတွင် ဘဏ်များရှိ ရွှေငွေရတနာပစ္စည်းများကို စုစည်းပြီး မီးခံသတ္တာကြီးနှစ်လုံးနှင့် ထည့်ကာ လော်ရီကားနှစ်စီးဖြင့်တိုက်၍ တစ်နေရာသို့ သွားရောက်သိုဝှက် မြှုပ်နှံလိုက်သည်။

ဤတာဝန်ကို ထမ်းဆောင်ရသူသည် မင်္ဂလာဒုံရှိ လက်နက်ခဲယမ်းမီးကျောက်တပ်မှ မေဂျာဂျေစမတ် ဖြစ်သည်။ သူသည် မော်စားကန်ဗိုလ် မစ္စတာစီမို့စ်ထံ ကြိုတင် အကြောင်းကြားပြီး မည်သူမျှ လူပိုလိုက်ပါခြင်းမရှိဘဲ ကူလီကုလား ၅၄ယောက်ကိုခေါ်၍ သံသေတ္တာကြီးနှစ်လုံးကို တစ်နေရာ၌ မြှုပ်နှံခဲ့သည်။ သာမန်လူများ

မတွေးမိအောင် မျက်စိလှည့်သောနည်းဖြင့် ဖောင်များဖွဲ့ကာ ရေလယ်ကျွန်းသို့ ယူသွားခဲ့ခြင်းဖြစ်သည်။ နေရာတစ်နေရာတွင် ကျကျနန အမှတ်အသားပြု၍ အခိုင်အမာမြှုပ်နှံခဲ့ပြီးသော် လုပ်ကိုင်ပေးသည့် ကူလီ ၅၄ ယောက်စလုံးကို ပုန်းသတ်၍ နှမ်းကြဲခဲ့သည်။ အလောင်းများကို သီးခြားတစ်နေရာ၌ မီးသင်္ဂြိုဟ်လိုက်သည်။

ထိုရတနာသိုက် မြှုပ်နှံခဲ့သည့် နေရာ အတိအကျကို မြေပုံရေးဆွဲပြီး သူ့အထက်အရာရှိထံတစ်ပုံ၊ ဘဏ္ဍာရေးမင်းကြီးထံ တစ်ပုံပေးလိုက်ရသည်။ မပေးခင် မိတ္တူကူး၍ သူကိုယ်တိုင် တစ်ပုံ၊ သူ့ပီအေ တပည့်ရင်း ဒေးဗစ်ဒေးထံတွင်တစ်ပုံ ပေးထားခဲ့သည်။

မြေပုံမှာ အထူးပညာပါလှ၏။

မော်စားကန်၊ အာယုက်နှင့် ပတ်ဝန်းကျင်ပတ်လည် တစ်ခုလုံး အလျား ၃–မိုင်၊ အနံ ၃–မိုင် စကေးကိုက် မြေပုံဖြစ်သည်။ ထိုမြေပုံ၌ပါဝင်နေသည့် ကုန်းပေါင်း ၉၉ ကုန်းမှ ကုန်းတစ်ကုန်းတွင် မြှုပ်နှံခဲ့ခြင်းဖြစ်သည်။

ထို ၉၉ ကုန်းကို ယခု မေဂျာ ဂျေစမတ်၏ ဒိုင်ယာရီပါ မြေပုံအမှတ်(၁)တွင် ကုန်းတစ်ခုတိုင်း၌ ဂဏန်းတစ်လုံးတပ်ပေးထားသည်။ ၀ မှစ၍ ၉၉ တွင် ဆုံးသည်။

ထိုမြေပုံအမှတ်(၁)ကို စစ်လက်နက်ခဲယမ်းမီးကျောက်တပ်မှ တပ်ရင်းမှူးက ကိုင်ဆောင်သွားသည်။ လုံခြုံရေးအတွက် တာဝန်ယူရန် ဖြစ်သည်။ မြေပုံအမှတ်(၂)ကို ဘဏ္ဍာရေးမှ ငွေစာရင်းမင်းကြီးက ကိုင်ထားရသည်။

ထိုမြေပုံနှစ်ခု ပေါင်းစပ်ကြည့်မှသာ မည်သည့်ကုန်း၊ မည်သည့် အမှတ်အသားတွင် ထိုရတနာသိုက် ရှိကြောင်း

အတိအကျ သိရှိနိုင်ပေမည်။ မြေပုံတစ်ခုတည်းနှင့် လိုက်ရှာ၍တော့မရနိုင်။

အညွှန်းစာအရဆိုပါက မြေပုံအမှတ်(၁)မှ နံပါတ်ဂဏန်းတစ်ခုနှင့် မြေပုံအမှတ်(၂)မှ နံပါတ်ဂဏန်းတစ်ခု ပေါင်းလိုက်ပါက (၁၀၀)ဟူသော ဂဏန်းအဖြေရသောကုန်းတွင် ထိုရတနာသိုက်ရှိသည်ဟူ၏။

ဥပမာအဖြစ် အောက်ပါပုံတစ်ပုံကို ဖော်ပြထားသည်။



အထက်ပါမြေပုံရှိ ကိန်းဂဏန်းများကို ကြည့်ပါက ကုန်း(၅)ကုန်းကို ဂဏန်းများထိုးထားသည်။

ပုံ(က)အရဆိုလျှင် မြေပုံ(၁)နှင့် မြေပုံ(၂)ပါ ဂဏန်းနှစ်ခုပေါင်းပါက (၅)ဟူသော ဂဏန်းကိုက်သောနေရာကို ရတနာသိုက်ကုန်းဟု ဖော်ပြသည်။ ထိုအခါ ဝဘက်အစွန်ဆုံးထောင့်မှ ကုန်းကိုကြည့်သော် မြေပုံ(၁)တွင် (၃)ဂဏန်း၊ မြေပုံ(၂)တွင် (၂)ဂဏန်းဖြစ်သောကြောင့် နှစ်ခုပေါင်း (၅)ဂဏန်း ရရှိသည်။

အခြားပုံ(ခ)နှင့် (ဂ)တို့တွင် မည်သည့်ကုန်းမှ ဂဏန်းများပင်ဖြစ်စေ နှစ်ခုပေါင်းက (၅)ဂဏန်းမရနိုင်ပေ။ ဤသို့သောဥပမာအရ ကုန်း(၉၉)ကုန်းကို ဂဏန်းအမှတ်ဖော်ပြခြင်းမှာ တစ်ကုန်းတစ်နေရာ၌သာ (၁၀၀)ဂဏန်း ရမည်။

ထိုဒိုင်ယာရီမှရှိက်ယူလာသော ဒစ်ဂျစ်တယ်ကင်မရာမှ မြေပုံကို C.D Rom အခွေမှတစ်ဆင့် ကွန်ပျူတာထဲထည့်သည်။ ပြီးမှ တီဗွီစခရင်မှန်ပြင်အကြီးစား ၇၂ လက်မပေါ်တွင် ပို့လွှတ်၍ ဝိုင်းဝန်းသုံးသပ်၍ မြေပုံကို ဖတ်ကြည့်နေကြသည်။

စန္ဒာဒေဝီ မြေပုံကိုကြည့်ရင်း ကြည့်ရင်း ကုန်းတစ်ကုန်းသို့ အာရုံရောက်သွားသောအခါ သူ့စက္ခုအာရုံထဲတွင် ထိုကုန်းသည် လင်းလက်၍ အရောင်ထွက်လာသည်။ စိုက်ကြည့်နေရင်း အရောင်တွေ မှိန်၍ မှိန်၍ သွားသည်။

ထို့နောက် ဝိုးဝါးပြီး မြူခိုးတွေ နှင်းတွေနှင့် ပိတ်ဖုံးသလို ပိတ်ဖုံးသွားသည်။

ထိုအခိုးအငွေ့ထဲတွင် အလွန်သာယာသော ကျောက်တောင်ငယ်တစ်ခု ပေါ်လာသည်။ သစ်ပင်ချုံနွယ်တွေ ပိတ်ဖုံးနေသည့် ရေစပ်ဓာစ်နေရာတွင်ရှိသည်။ ပန်းမျိုးစုံက ဖြူနီဝါပြာ ဖူးပွင့်ဝေဆာနေသည်။

ထိုကျောက်ဂူထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်ကို စန္ဒာဒေဝီ မြင်နေရသည်။ ထိုအမျိုးသမီးကြီး၏ နောက်မှ အမျိုးသားတစ်ဦး၊ အမျိုးသမီး ခပ်ရွယ်ရွယ်တစ်ဦးတို့ အတူယှဉ်လျက်ကပ်ပါလာကြသည်။

အမျိုးသမီးကြီး၏ပုံမှာ ရာဇဝင်၊ မဟာဝင်နှင့် ဒဏ္ဍာရီထဲမှ ဘုရင်မပုံလိုလို မိဖုရားပုံလိုလို ဝတ်ဆင်ထားသည်။ ဖားလျားချထားသည့် ဆံကေသာအပေါ် ဦးခေါင်းထိပ်တွင် စည်းဖုံကဲ့သို့ ဥသ္ဏှောင်တစ်မျိုး ဆောင်းထားသေး။

ထိုအမျိုးသမီးကြီးက ရီဝေသော မျက်လုံးများနှင့် လွမ်းဆွေးဖွယ် စန္ဒာဒေဝီကို ကြည့်နေသည်။ နှုတ်မှလည်း တဖွဖွ ပြောလာပြီ။

"သမီး... ရှုပစန္ဒီ၊ သမီး မေမေတို့ကို မမှတ်မိဘူးလား၊ သေချာကြည့်လေ"

"ဟုတ်တုယ် ညီမလေး၊ အစ်ကိုကြီးတို့ကိုရော မှတ်မိသေးရဲ့လား။ ကိုကိုတင်မိုးသီးနဲ့ မမ ခင်မူယာတို့လေ၊ မှတ်မိပြီ မဟုတ်လား"

စန္ဒာဒေဝီ မူးနောက်နောက် ဖြစ်လာသည်။ ထိုသုံးယောက် မျက်ရည်တွေ ဝဲလာသည်ကိုမြင်တော့ သူလည်း မျက်ရည် စို့လာသည်။ ဝမ်းနည်းလာသည်။

"သမီး ရှုပစန္ဒီ၊ မေမေတို့ကား မလွဲသာလို့ သမီးဆန္ဒကို ဖြည့်ဆည်းပြီး လွှတ်လိုက်ရတာပါနော်၊ သားငယ် ဂျန်ကင်းရဲ့ ဒါန၊ သီလ၊ ဘာဝနာ စွမ်းအားနဲ့ ဆရာတော် ဦးနေမိန္ဒနဲ့ ဘိုးရှင်ရသေ့ကြီးတို့ရဲ့ အာဘိညာဉ် အစွမ်းသိဒ္ဓိတွေကြောင့် သမီးကို သူတို့ မေတ္တာရပ်ခံတဲ့အတိုင်း လွှတ်ပေးခဲ့တာရယ်၊ သမီးက

လူပြည်လည်းရောက်ရော သမီးရဲ့ချစ်သူ ဇာတ်မင်းသား ရွှေဒေါင်းစိန် တစ်ဖြစ်လဲ ဒေါင်းနွယ်စကြာနဲ့တွေ့ဆုံပြီး ဘဝဟောင်းကို လည်းမေ့၊ မေမေတို့ကိုလည်း မေ့သွားမှကိုး"

"အို... မေမေ၊ အစ်ကိုကြီး၊ မမ၊ အားလုံးကို သမီး မှတ်မိပါပြီ၊ သိပါပြီ"

"သိရင် မေမေတို့ဆီကို ခုလိုအခွင့်သာတုန်း ခဏလေး ပြန်လာခဲ့ပါ၊ သမီးကို မှာစရာတွေ ရှိတယ်၊ ဘိုးဘိုးကြီးမှာတဲ့ တာဝန်ကိုလည်း ပေးစရာရှိတယ်"

"လာ... လာလို့ဖြစ်ပါ့မလား မေမေရယ်"

"ဖြစ်တယ်... ဖြစ်တယ်၊ ခုလိုအခွင့်ကြုံတုန်း သမီးလာမှ ဖြစ်မယ်၊ သမီးတို့ အခုကြုံတွေ့နေရတဲ့ မှုခင်းပြဿနာတွေကလည်း သမီးလာပြီး ဘိုးဘိုးကြီးအမိန့်ကိုယူမှ အဲဒီအမိန့်နဲ့ လုပ်မှဖြစ်မယ်"

"လာတာကတော့ ဟုတ်ပါပြီ၊ မေမေတို့က သမီးကို ပြန်လွှတ်ပါဦးမလားရှင်"

"မလွှတ်ချင်ချင် လွှတ်ချင်ချင် သမီးက လူပြည်ကိုပြန်သွားရဦးမယ်၊ အခုလို အခြေအနေမျိုးမှာ သမီး လူပြည်မှာရှိပြီး ဘိုးဘိုးကြီးပေးတဲ့ တာဝန်ကို လုပ်ဖြစ်အောင် လုပ်ရဦးမယ်၊ ဒါကြောင့် ခုခဏလေး လာခဲ့ပါတော့နော်"

စန္ဒာဒေဝီ သူ့အာရုံထဲတွင် မေမေတို့ရှိရာ ကျွန်းကုန်းသာယာသို့ ထွက်လာခဲ့သည်ဟု ဖြစ်ပေါ်လိုက်ချိန်မှာပင် မြေပုံကို ရုပ်ကြည့်နေခိုက် ပြုန်းဆို ပစ်လဲသွားလေ၏။

"ဟာ... ဒီမှာ ရဲအုပ်ဒေါ်စန္ဒာ မူးလဲသွားတယ်"

ဒုရဲအုပ်စိုးလွင်က လန့်ဖျန်းအော်သည်။ ဒုရဲမှူး ဦးခင်မောင်တင့်က ပြေးလာပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ရဲမှူးကြီးက အမျိုးသမီးရဲအရာရှိများကို အမြန်ခေါ်လိုက်သည်။

ဒေါ်စန္ဒာဒေဝီကို ရဲမေမျှားက ဝိုင်းဝန်းမွှေ့ချီ၍ နားနေဆောင်မှ ဆိုဖာတွင် အသာအိပ်စေသည်။ ယပ်ခတ်ကြ၊ နှာနှပ်ကြ။ ဆေးရုံလကားခေါ်ကြနှင့် အလုပ်ရှုပ်ကုန်ကြသည်။

စန္ဒာဒေဝီ၏ မျက်နှာလေးက သိသိသာသာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ ဤမျှ သွေးဆုတ်နေသည့်ပုံမှာ စိုးရိမ်ဖွယ်ကောင်းလှသည်။ ထို့ကြောင့် ဆေးရုံတင်ကာ ဒရစ်ပ် နှစ်ပုလင်းသွင်းရသည်။ သတိလစ်နေသည်မှာ နာရီဝက်ခန့်သာကြာသော်လည်း အားဆေး နှစ်ပုလင်းသွင်း၍ ညဦးပိုင်းမှာ ခုတင်ပေါ် ပက်လက်အနေအထားမှ ထနိုင်သည်။ ထလာတော့လည်း ပကတိသန်သန်မာမာ ဖြစ်နေသည်။

နောက်နေ့တွင် ရုံးပြန်တက်တော့ ဒုရဲမှူးကြီးက ခွင့်ယူချင်လည်းရကြောင်း၊ နေကောင်းမှ တက်လည်းရကြောင်း ပြောသည်။ စန္ဒာဒေဝီက မနေနိုင်ဘဲ ပြန်ပြောလေ၏။

"စန္ဒာ ခုချိန်မှာ နားလို့လုံးဝမဖြစ်ဘူး အန်ကယ်၊ မာရီယာလင်းတို့ ဒီမှာလာပြီး ရှေးဟောင်းပစ္စည်း ခိုးထုတ်မယ့်ပုံလိုလို၊ လူပျောက်လိုက်ရှာပြီး ကလဲ့စားချေ လူသတ်မှုကြီး ကျူးလွန်တော့ မလိုလိုနဲ့ ဟန်ရေးတွေပြ၊ ဆွယ်ရောင်တွေပြပြီး ရတနာသိုက်ကို တူးဖော်ဖို့ စီစဉ်တာပဲ၊ ဒီရတနာသိုက်ကို လုံးဝတို့လို့မရအောင် တားရမှာက စန္ဒာတို့ရဲ့တာဝန်ပဲ"

"အေးပါကွာ... လူကသာ နေမကောင်းတယ်၊ စိတ်ကတော့ အားမာန်အပြည့်ပါလားဟေ့"

"ဟာ... ဦးလေးကလည်း လူရောစိတ်ပါ အားမာန်အပြည့်ပါ၊ ကြည့်..."

စန္ဒာဒေဝီသည် ပြောပြောဆိုဆို အခန်းထဲတွင် ဒေါင်းမပျိုကလေးလို ခပ်သွက်သွက် ခေါက်ပြန်လျှောက်ပြလိုက်သည်။

"ဘယ်နယ့်လဲ၊ စန္ဒာ ဒီလိုပုံက ဒေါင်ဒေါင်မြည်ပုံပဲ မဟုတ်လား၊ လူမမာပုံရော ပေါ်လို့လား"

အလွန်သွက်လက်စွာ လှည့်ရှားပြီး မြူးကြွရှင်ပျလွန်း လှသော စန္ဒာဒေဝီ၏ပုံကြောင့် ဒုရဲမှူးကြီး ဦးဘကျော်ပင် အံ့အားသင့်သွား၏။ စန္ဒာဒေဝီ သူ့လက်အောက်တွင် အမှုထမ်းခဲ့သည်မှာ ရှစ်နှစ်ခန့်ကြာပြီ။

ထုံထုံထိုင်းထိုင်း မိန်းကလေးတစ်ယောက် မဟုတ်သော်လည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ဖြစ်သည်။ အလုပ်ကို တက်တက်ကြွကြွ လုပ်တတ်သော်လည်း ယခုကဲ့သို့ ကြွတက်နေသည့်ပုံမျိုး ယခင်က တွေ့ဖူးခြင်းမရှိ။

ယမန်နေ့ကလို မူးလဲပြီး တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော် ဖြစ်နေသည့် စန္ဒာဒေဝီကို ဤသို့မဖြစ်ဖူး၍ အံ့သြခဲ့ရသည့် အထဲ ယနေ့တော့ လာပြန်ပြီးတစ်မျိုး။

ဒေါင်းနှင့်မောင်းနှင့် အားနှင့်အင်နှင့် တောင့်တောင့်တင်းတင်း ဆာမာထန်ထန်ကလေး လျှောက်ပြ ပြောပြနေပုံမှာ မယုံနိုင်စရာ။ အားရစရာပေပဲ။

"အေးကွယ်... မင်းကို ကြည့်ရတာ စိတ်ကြွဆေးတွေ သောက်ထားတဲ့ အားကစားသမားတစ်ယောက် ကျနေတာပဲ၊ ကိုင်း... ကိုင်း... အခုကစပြီး တာဝန်ဆက်လုပ်နိုင်ပါပြီ"

"ဟေး... ဒါမှတို့ဦးလေးကွ၊ အခု စန္ဒာ တစ်ခုလုပ်ချင်လို့ သာတင်ပြတာပါ၊ မနေ့က မာရီယာတို့ သံဖြူဇရပ် စစ်သချိုင်းက ဆေးပစ်ဒေးနဲ့ သူ့သား အင်ဒရူးဒေးတို့ကို ရန်ကုန်လာဖို့ ဆက်သွယ်

နေကြတယ်၊ အဲဒါ သူတို့ထက် လက်ဦးမှုရအောင် စန္ဒာတို့က လုပ်ရမယ်မဟုတ်လား”

“ဘာ... ဘယ်လိုလုပ်ချင်လို့လဲ”

“ဟာ... ဦးလေးကလည်း ယောင်တောင်တောင်နဲ့ သံဖြူဇရပ် ရဲစခန်းကို ဖုန်းဆက်မှာပေါ့။ ကံကောင်းထောက်မစွာ ပါပဲ အဲဒီက ဒုရဲအုပ်စခန်းမှူး ကိုမျိုးဟိန်းဟာ စန္ဒာနဲ့ အပတ်စဉ်တူတဲ့ သင်တန်းသူ သင်တန်းသားဖြစ်တယ်လို့ စုံစမ်းသိရှိရတယ်”

“ဟုတ်လား... ဘယ်တုန်းကသိတာလဲ”

“အို... မနေ့ညကတည်းက စုံစမ်းထားတာ၊ ဦးလေး သဘောတူမယ်ဆိုရင် အခုပဲ စန္ဒာ သူ့ဆီဖုန်းဆက်ပြီး မစ္စတာ ဒေးဗစ်တို့ ဘယ်မှမသွားနိုင်အောင် တားထားဖို့ ပြောပါ့မယ်”

“အင်း... အဲဒါတော့ ကောင်းသားပဲ”

“ဒါဆို စန္ဒာ ဆက်လုပ်မယ်နော်”

“ဆက်လုပ်ကွ... ဒီလောက် ကြွတက်နေမှတော့ ဆက်သာလုပ်ဟေ့”

စန္ဒာ ဖျောင်းခနဲ သတိစွဲ ဆလုရိုက်ပြီး လုစ်ခနဲ ထွက်ခွာသွားလေ၏။

သူ့နေရာပြန်ရောက်သည်နှင့် သံဖြူဇရပ်ရဲစခန်းကို ဖုန်းခေါ်လေ၏။ အတန်ကြာမှ ရသည်။

“ဟဲလို... စခန်းမှူး ဦးမျိုးဟိန်းပါလား”

“ဟုတ်ပါတယ်... မျိုးဟိန်း ပြောနေပါတယ်”

“ကျွန်မ စန္ဒာဒေဝီပါ၊ ရုံးချုပ်က ဆက်နေတာလေ၊ မှတ်မိလား”

“ဟာ... မစန္ဒာ၊ ဘာလို့မမှတ်မိရမှာလဲ၊ ဒီအသံရော ဒီလူရော ကောင်းကောင်းမှတ်မိတယ်၊ ဟိုတစ်လောက ပရိုမိုးရှင်းရတယ်လို့လည်းကြားပါတယ်၊ ဘာကျွေးမလဲ ရဲအုပ် ဒေါ်စန္ဒာဒေဝီ ခင်ဗျာ”

“ဟင်း...ဟင်း... ကျွေးပါ့မယ်၊ လာခဲ့လေ... အခုလောလောဆယ်တော့ ကျွေးလို့မရသေးလို့ တာဝန်တစ်ခု ပေးချင်ပါတယ်၊ ရဲမှူးကြီးမှာလို့ပါ”

“ပြောပါ... ပြောပါ”

“ကိုမျိုးဟိန်းတို့ သံဖြူဇရပ် စစ်သချီုင်းမှာ အုပ်ချုပ်ရေးမှူး အင်ဒရူးနဲ့ သူ့အဖေ ဒေးဗစ်ဆိုတာ ရှိကြတယ်နော်”

“အုပ်ချုပ်ရေးမှူး အင်ဒရူးဒေးတော့ ရှိပါတယ်၊ သူ့အဖေ ဒေးဗစ်ဒေးကြီးတော့ ဆုံးသွားတာကြာပြီမဲ၊ တစ်နှစ်ကျော်လောက် ရှိပြီ”

“ကောင်းတယ်...ကောင်းတယ်၊ အဲလေ...အဓိက မှာချင်တာက အဲဒီ အင်ဒရူးဒေးရော၊ သူ့မိသားစုထဲက တစ်ယောက်မကျန်ကိုရော သံဖြူဇရပ်မြို့က ဘယ်ကိုမှ ခရီးသွားခွင့် မရအောင် ပိတ်ထားပေးနိုင်မလား၊ တစ်လအတွင်း အဲဒီမိသားစု အဲဒီက ဘယ်ကိုမှ သွားခွင့်မပြုရဘူးနော်၊ ဖြစ်မလား”

“ခိုင်းမှတော့ ဖြစ်အောင်လုပ်ရမှာပေါ့ဗျာ”

“ဟုတ်ပါပြီရှင်၊ ဒါလောက်တော့ လုပ်တတ်ပြီးသားပါ၊ ဒါတင်မကသေးဘူး၊ အဲဒီမိသားစုကို Watch လုပ်နေရမယ်၊ ဘယ်သူဟာဖြင့် ဘယ်ကိုသွားတယ်၊ ဘယ်သူနဲ့တွေ့တယ်၊ တွေ့တဲ့ သူတွေဟာ ဘယ်လိုလူတွေဖြစ်တယ်ဆိုတာ နေ့စဉ်မှတ်တမ်းသုတ်ပေးထားရမယ်နော်”

"ကောင်းပါပြီ၊ အရေးကြီးအဆင့်ထဲမှာ ပါတယ်ပေါ့နော်"

"ပါတယ်... ပါတယ်၊ အရမ်း အရေးကြီးတယ်လို့သာ မှတ်ပြီးတော့ လုပ်ပေတော့ ဆရာရေ၊ စန္ဒာတို့ မကြာမကြာ ဖုန်းကွန်တက်လုပ်မယ်၊ ကိုမျိုးဟိန်းကတော့ ညတိုင်း ဒုရဲမှူး ဦးခင်မောင်တင့်ဆီ ဖုန်းဆက်ပြီး သတင်းပို့ရမယ်၊ တစ်ပတ်တိတိ မပျက်မကွက် သတင်းပို့ပါတဲ့"

"ကျွန်တော် ဆက်လုပ်ပါ့မယ်"

"စိတ်ချပါရစေနော်"

စန္ဒာဒေဝီ နောက်ထပ် အာလာပသလ္လာပ အနည်းငယ် ပြောပြီး ဖုန်းချလိုက်သည်။ ဤသို့ဆက်သွယ် မှာကြားခဲ့သည်များကို ဒုရဲမှူးဦးခင်မောင်တင့်ထံ တင်ပြခဲ့သည်။

စိုင်းမွန်သာတို့ ဦးနှောက်စားနေကြသည်။

ဂျင်ပိန်းနှင့် ဂျင်ပိန်းတို့၏ တောင်းဆိုချက်အရ သံဖြူဇရပ် စစ်သချိုင်းကို ဆက်သွယ်ကြသည်။ မစ္စတာဒေးဗစ်ဒေး ကွယ်လွန်သွားသည်မှာ ကြာပြီဖြစ်ကြောင်းသိရှိရ၍ ဂျင်ပိန်းက သူတို့ဆရာမ ထံ သတင်းပို့သည်။

မာရီယာလင်း များစွာစိတ်ပျက်သွား၏။ သို့သော်လည်း ဤအဘိုးကြီးသည် သူ့ဆီတွင် ထိုမြေပုံရှိသေးပါက မသေခင် သူ့သားအင်ဒရူးကိုအပ်၍ မှာကြားသွားမည်ဟု ယုံကြည်သည်

ထို့ကြောင့် အင်ဒရူးကို ရန်ကုန်သို့ရအောင် ခေါ်ပေးရန် ကြိုးစားခိုင်းသည်။

ဖုန်းဆက်ဘာဆက်နှင့် ဆက်သွယ်ရေးက ခက်ခဲသောကြောင့် အဆင်မချောလှပါ။ သို့ဖြင့် ဂျင်ပိန်းနှင့် ဂျင်ပိန်းတို့ ကိုယ်တိုင်သွားခေါ်ကြရန် စီစဉ်ခွင့်တောင်းသည်။ မာရီယာက အချိန်သိပ်မရှိတော့၍ စွန့်စားရန် ခွင့်ပြုလိုက်သည်။

သို့သော် ဤနိုင်ငံခြားသားနှစ်ဦးကို ဘားအံ့လမ်းခွဲမှ စောင့်နေသော ရဲတပ်ဖွဲ့ဝင်များက စောင့်၍စစ်ဆေးပြီး ရှေ့ဆက်ခွင့်မပြုဘဲ တောင်းပန်၍ ပြန်လွှတ်လိုက်သည်။

မဏ္ဍာသီ၏ယာဉ်မောင်း တော်မီကို စိုင်းမွန်သာ၏ ဗင်နှင့် ဆက်လက်၍ သံဖြူဇရပ်သွားစေပြီး စိုင်းမွန်သာက နိုင်ငံခြားသားနှစ်ယောက်ကို တာဝန်ခံ၍ ပြန်ခေါ်ခဲ့ရသည်။

နောက်နေ့နံနက်တွင် တော်မီ ရန်ကုန်ပြန်ရောက်လာပြီး အင်ဒရူးတို့ ပါမလာပေ။

"ဘယ်လိုဖြစ်တာလဲကွာ၊ ဘာ့ကြောင့် အပါခေါ်မလာတာလဲ"

မဏ္ဍာသီတို့ စိုင်းမွန်သာတို့ အားမလိုအားမရ ဖြစ်နေသည်။

"ဟာဗျာ...ဟိုမှာ ရဲတပ်ဖွဲ့ဝင်တွေ ခြေချင်းလိမ်နေတာပဲ၊ ကျွန်တော့်ကိုလည်း စစ်လိုက်မေးလိုက်တာ စုံနေရော၊ အင်္ဂလိပ်စစ်သချိုင်းကို မရောက်ဖူးလို့ လာလေ့လာတာပါ၊ အဲဒီ အုပ်ချုပ်ရေးမှူးနဲ့ အဆက်အသွယ်လုပ်ထားပါတယ်၊ မယုံရင် မေးကြည့်ပါ ဆိုတော့ အဲဒီအုပ်ချုပ်ရေးမှူးကို စာရင်းစစ်ဝင်နေလို့ သွားခွင့်တွေ့ခွင့်မရှိဘူးတဲ့ဗျာ"

"ဟော... သူတို့အလစ် ခိုးဝင်ပြီး တွေ့လို့မရဘူးလား"

"အဲဒီအတိုင်း ကြိုးစားကာမှ ပြဿနာ တက်ခဲ့တာပဲ၊ ကံကောင်းလို့ အဖမ်းမခံရတာဗျ။ အဲဒီက ဆရာတို့ ဆက်သွယ်တားတဲ့ မြို့ခံကလူကြီးလူကောင်း ဖြစ်နေလို့သာပေါ့၊ နှစ်ယောက်သား အလစ်ခြေကျင်သွားပြီး အမှုမဲ့ဝင်မလို့ဟာ၊ အဲဗျာ... ဂိတ်ပေါက်မှာကို ကင်းပုန်းချပြီး ရဲတွေစောင့်နေလေရဲ့၊ စစ်ဆေးမေးမြန်းပြီး မြို့ခံလူကြီးပါလာလို့ ပြန်လွှတ်လိုက်တာ၊ ကျွန်တော့်ကို ချက်ချင်း သံပြူဖရုပ်မြို့က ထွက်ခွာဖို့ အဲဒီက စခန်းမှူးကိုယ်တိုင် ခေါ်ပြောတာပဲခင်ဗျ"

"အင်း.... ဒီအတိုင်းဆို သဘောရိုးမှ ဟုတ်ရဲ့လား။ တို့ခြေလှမ်းတွေကို ပြန်မာ့ရဲတပ်ဖွဲ့က ကြိုသိနေပြီလားမှ မသိတာ"

"ဟုတ်တယ်၊ စန္ဒာဒေဝီကလည်းကွာ ဆရာမကြီး နေရာမှာ ဝင်နေရာယူထားပြီး သူ့ဘက်ကလူတွေကို တားမထားနိုင်ဘူးလား။ သူ့ကို အထင်ကြီးလို့ ဆက်လုပ်ပေးနေတာ၊ သူ့ဘက်ကလည်း လုပ်နိုင်တာရှိ လုပ်ပေးသင့်တာပေါ့"

စိုင်းမွန်သာ စန္ဒာဒေဝီကို အပြစ်ဖို့မိသည်။

"အေးကွာ... ဟိုကောင် သူငယ်ချင်း ကိုဒေါင်းကလည်း တို့ကို အဝေးကြီးကနေ မိတ်ဆက်စာကလေး ရေးလွှတ်ပြီး အမေရိကန်နှစ်ကောင်ကိုလွှတ်၊ သူ့ရည်းစားကို မာရီယာလင်းဆိုပြီး ပုံမှားရိုက် ဆရာမလုပ်ခိုင်းနေတယ်၊ တို့ကို အသေးစိတ်ပွင့်ပွင့်လင်းလင်းမပြောဘူး။ ဒီတစ်ခါ အဲဒီမာရီယာလင်း အမည်ခံ စန္ဒာကို ငါ့ဘိုးပါလိုက်တွေ့ပြီး ဆွေးနွေးကြရအောင် စိုင်းမွန်သာရေ"

"ကောင်းတယ်၊ ငါလည်း ဒီအတိုင်းစဉ်းစားနေတာ ကြာပြီ မကျွာသီရ"

ထိုညတွင် - ဂျင်ပိန်း၊ ဂျင်ပိန်းတို့နှင့် ရွှေင်ရယ်ဂါးဒင်းစားသောက်ဆိုင်တွင် အတူညစာစားမည်ဟု သူတို့ဆရာမကြီးက ချိန်းသည်။ စိုင်းမွန်သာရော မကျွာသီပါ လိုက်သွားကြလေ၏။

သူတို့ဦးစွာ ရောက်သွားကြသည်။ ဘွတ်ကင် လုပ်ထားသည်ဆိုသော အခန်းကို ပြောသောအခါ ဧည့်ကြိုမယ်ကလေးများက လိုက်ပို့သည်။ အခန်းထဲတွင် နေရာယူပြီး စောင့်နေကြရာ နာရီဝက်ကြာသည့်တိုင် ဆရာမကြီးက ပေါ်မလာသေး။

"ဒီမယ် ဂျင်ပိန်း၊ မင်းတို့ဆရာမက ခုနစ်နာရီချိန်းထားတယ်ဆို"

"ဟုတ်ပါတယ်"

"အခု ခုနစ်နာရီနဲ့ ဆယ်မိနစ်ရှိပြီ၊ မင်းတို့ဆရာမက ဒီလိုပဲ အချိန်မမှန်ဘူးလား"

"ဟာ... မှန်ပါတယ်၊ သိပ်မှန်တာပေါ့။ အခုဟာက တစ်ခုခုဖြစ်နေလို့များလား"

ဂျင်ပိန်းက နာရီကိုကြည့်၍ စိတ်ပူနေပုံရသည်။ ဂနာမငြိမ်ချင်တော့။

ထိုစဉ် တံခါးပွင့်လာသည်။

ဝင်လာသူက ဧည့်ကြိုမယ်ကလေး။

"မစ္စတာဂျင်ပိန်း ရှိပါသလား"

"အေး... ငါပဲပေါ့"

"ဟောဒီမှာ အမျိုးသမီးတစ်ယောက်က ပေးခိုင်းလို့"

ဟုဆိုကာ စာအိတ်တစ်အိတ် ကမ်းပေးသည်။ ဂျင်ပိန်းက ဖျတ်ခနဲလှမ်းယူပြီး ချက်ချင်းဖောက်ဖတ်သည်။

"ဒီမယ် ကြည့်ကြပါဦး"

ဟု ဆိုကာ ဂျင်ပိန်းက စိုင်းမွန်သာလက်ထဲ ထိုးပေး၏။ ဝိုင်းဖတ်ကြသည်။ စာတွင် အင်္ဂလိပ်လိုရေးထား၏။

အားလုံး စောင့်ကြည့်ခံနေရပြီ၊ အတားအဆီးပင်ရှိသည်။
ဒါ့ကြောင့် ဒီတစ်ခေါက် ဒီလောက်နဲ့ နားခဲ့မယ်။
တို့သုံးယောက်လည်း ဖလိုက်ခွဲပြီး ပြန်မယ်၊ ပြန်တွေ့ကြ သေးတာပေါ့။

မာရီယာလင်း

နောက်နေ့ နံနက်စောစော MAI နှင့် မာရီယာလင်း မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာသွားသည်။ ဂျင်ပိန်းနှင့်ဂျင်ပိန်းက မွန်းလွဲ (၁)နာရီ (၄၅)မိနစ်-မင်ဒရင်းဖလိုက်နှင့် ထွက်ခွာသွားသည်။

စိုင်းမွန်သာနှင့် မဂ္ဂာသီတို့ မောသလောက် မကာမိသော ဒေါ်လာအသင့်အတင့် ရလိုက်သည်။

ဝစ္ဆဝတီကတော့ မောရကျိုးနပ်သည်ဆိုကာ သူရသော ညီ့လမ်းညွှန်ခကိုရော သူလုပ်ခဲ့ရသော စိတ်ဝင်စားစရာ အလုပ်ကိုပါ ကျေနပ်ခဲ့၏။

သို့သော် သူ မကျေနပ်နေသည်ကား ဆရာမကြီးနေရာမှ ဝင်ရောက်ကပြသွားသော စန္ဒာဒေဝီ၏ အခန်းကဏ္ဍဖြစ်သည်။ "ကိုဒေါင်းရာ လုပ်ထားဦး၊ ယူအက်စ်ကပြန်လာမှ တွေ့မယ်၊ ဝစ္ဆဝတီနဲ့ ကောင်းကောင်းကြီးတွေ့မယ်" ဟု စိတ်ထဲက ကျိုးဝါးနေ လေ၏။

စန္ဒာဒေဝီကတော့ သူ့ကို ဘိုးဘိုးနှင့် မေမေတို့ပေးသော စာဝန်ကျေအောင် မာရီယာလင်း၏ ရတနာသိုက်ဖော်မည့် လုပ်ငန်းကို တားဆီးနိုင်ခဲ့၍ ဝမ်းသာနေ၏။ သို့မှ သူတို့ က

စန္ဒာကို လူပြည့်လူ့ဘဝ၌ ဆက်လက်ရှင်သန်နေသည်ကို ကြည်ဖြူ ကြမည်ဖြစ်သည်။ ထို့ထက် ချစ်ရလွန်းသူ အစ်ကိုစကြာ အမည်ခံ ဘဝဟောင်းကချစ်သူ ရွှေဒေါင်းစိန်နှင့် ဒီဘဝ ပေါင်းရဦးမည့် အခွင့်အလမ်းကို ရရှိ၍ အရမ်းပျော်ရွှင်နေသည်။

စန္ဒာဒေဝီ တက်ကြွစွာ တာဝန်ထမ်းလိုက်၍ နောက်ဆုတ် သွားသော နိုင်ငံခြားသူ မာရီယာလင်း၏ အမှုအခင်းကြီး ဤမျှနှင့် ပြီးပြတ်သွားသည်မို့ ကျေနပ်ကြ၏။

သို့သော် စန္ဒာဒေဝီ မကျေနပ်တာတစ်ခုရှိသည်။ ဒေါင်းနွယ်စကြာ ဆိုသည့် သူ့ချစ်သူအပေါ် မကျေနပ်။

ဘာ့ကြောင့် မာရီယာလင်း၏ ဇာတ်ရှုပ်ထဲဝင်ပါပြီး စန္ဒာကို အကြောင်းစုံ ဖွင့်မပြောရတာလဲ ဟူ၍။

နောက်ထပ်တစ်ခု မကျေနပ်တာ ရှိသေးသည်။ အစ်ကို စကြာဟာ ဤမျှအစွမ်းအစရှိပါလျက် သူသည် အတိတ်ဘဝက ရှုပစန္ဒီ၏ အချစ်ဆုံးချစ်သူ ရွှေဒေါင်းစိန် ဖြစ်သည်ဟူ၍ အရိပ် အမြွက်ကလေးမျှပင် မသိဘူးလား။ သိလျက် စန္ဒာကို မပြောတာ လား။ ဒါကို များစွာမကျေနပ်။

ပြန်လာဖို့ သုံးလခန့်သာလိုတော့သည်။ ဒေါင်းနွယ်စကြာ အယ်လ်အေက ပြန်လာရင်လား ဒီအကြောင်းတွေ အားလုံး ရင်ဖွင့်ပြီး သူ မည်မျှစိတ်မော လူမောဖြစ်ခဲ့ရကြောင်း ဖောက်သယ်ချ ပြောပြပြီး ကိုကို့ ရင်ခွင်ကျယ်ကို မှေးမှိ၍ အမောဖြေဦးမည် ဟူ၍သာ။

အခန်း (၁၀)

ကြက်ခြေမျှင်းတို့၏ ဗဟိုဆုံချက်

ယခုတော့ လွန်ခဲ့သော သုံးလလောက်က ဖြစ်ခဲ့သည့် ဇာတ်လမ်းစုံကို ဇာတ်ကြောင်းပြန်ရှိပြီးလေပြီ။ နိုင်ငံခြားသို့ တစ်နှစ်ခန့် ပညာသွားသင်နေ၍ ခွဲခွာရတာ အကြာကြီးဟု ခံစားနေရသော ချစ်သူနှစ်ဦးလည်း ပြန်ဆုံကြလေပြီ။

စန္ဒာဒေဝီလည်း သူချစ်ရသည့်ကိုကို့ရင်ခွင်ထဲသို့ တိုးဝှေ့မှီခိုရင်း ရင်ခွေ့လှုံခွင့်ရလေပြီ။

သို့သော် စန္ဒာ့ရင်ထဲ၌ စူးဝင်နေသည့် ဆူးညောင့်ခလုတ်က ခိုးလိုးခုလု ဖြစ်နေသေး၏။ ကိုကို့ကို သူ၏မကျေနပ်ချက်များ ဖွင့်မေးရမည်။ မြို့ထားလို့မရ။ ဖွင့်မေးမည်။

"ကိုကို့ကို မေးချင်တာတွေရှိတယ်"

စန္ဒာက ဒေါင်းနွယ်စကြာ၏ ရင်ခွင်ကျယ်မှ ခွာထွက်၍ မျက်နှာဝင်းဝါဝါကလေးကို မော့ကာမေး၏။

"မေးမနေနဲ့ L.A မှာနေရပေမယ့် စန္ဒာ့ကို တစ်ရက်မှ မမေ့ဘူး။ အဲလေ... တစ်နာရီမှမမေ့ဘူး။ လွမ်းသလားမမေးနဲ့

သတိရသလား မပြောနဲ့ သက်သေအထောက်အထား ပြနိုင်တယ်၊ မယုံရင် အခု ကိုကို့သေတ္တာထဲက သွားယူပြမယ်"

"ဟင်... ဘာများပါလိမ့်"

"ဟဲ... ဟဲ... ရှားတယ်လို့ ဆိုချင်ဆို၊ ကိုကိုကတော့ စန္ဒာနဲ့ပတ်သက်လာရင် အဲလို စိတ်ကူးယဉ်ရတာကိုက အရသာတစ်ခု၊ ကိုကိုက နိုင်ငံခြားမှာရှိတုန်း ဘယ်မှာပဲရောက်နေနေ ဘာကိုပဲလုပ်လုပ်၊ အကြောင်းတိုက်ဆိုင်လို့ စန္ဒာ့ကို သတိရလွမ်းဆွတ်မိတိုင်း စန္ဒာဒေဝီဆိုတဲ့ နာမည်ကလေးကို ရိုးရာ၊ ရရာစက္ကူမှာရေးပြီး သိမ်းလိုက်တာပဲ၊ အဲဒီစက္ကူ စာအုပ်တွေကို သီးခြားသိမ်းပြီး စုထားတယ်၊ စန္ဒာ့ကို ယူလာပြီးပြဖို့ပေါ့"

"ကြံကြံဖန်ဖန် စိတ်ကူးကတော့ အဆန်းပဲ၊ ပြီးမှပြ... ဘယ်လောက်များသလဲဆိုတာ ကြည့်သေးတာပေါ့။ အခု စန္ဒာ မေးချင်တာက အဲဒါမဟုတ်ဘူး"

"ဟင်... ဘာလဲ... ဘာလဲ၊ မထိတိသာ မလန့်သာ မျက်နှာလေးက ခပ်တည်တည်နဲ့"

"အမှန်အတိုင်း ပြောရမယ်နော်၊ ဟိုမာရီယာလင်းဆီကို မိတ်ဆက်စာ ရေးပေးတဲ့ကိစ္စ ဘာ့ကြောင့် စန္ဒာ့ကို ကြိုပြီး အသိမပေးတာလဲ"

"ဒါလား... မာရီယာကို မိတ်ဆက်စာ ရေးပေးလိုက်တာက အမျိုးသားတွေလေ၊ ကိုကို့သူငယ်ချင်းတွေလေ၊ စန္ဒာ့ကို ပိုးခဲ့တဲ့ ငနဲတွေလေ၊ စန္ဒာ့ကိုတော့ ဆက်မပိုးကြနဲ့တော့၊ သူက ငါ့ရဲ့စန္ဒာဖြစ်သွားပြီ၊ မင်းတို့ကို စန္ဒာကိုယ်ပွားလေးနဲ့ မိတ်ဆက်ပေးလိုက်တယ်၊ ကျေနပ်တော့ဆိုတဲ့သဘော၊ အဲဒီ လိုမျိုးလုပ်ခဲ့တာကြီးကို စန္ဒာ ဖွင့်ပြောလို့ ကောင်းပါ့မလားကွယ်"

"ဒါဆို ကိုကိုက မာရီယာ ဘာလာလုပ်မယ် ဆိုတာ ကြိုမသိဘူးပေါ့၊ မှုခင်းဇာတ်ရှုပ်ကြီး ဖြစ်လာမယ်ဆိုတာ မာရီယာက အရိပ်အမြွက်တောင် မပြောဘူးလား"

"မာရီယာ့ကြည့်ရတာ စန္ဒာ့လိုပဲ သိုသိုသိပ်သိပ် ရှိတယ်၊ တည်ကြည်တယ်၊ အေးငြိမ်းတယ်၊ ဒီပုံကလေးနဲ့ ဒီလောက်ကြီးကျယ်တဲ့ အကြံအစည်ကြီးရှိလို့ မြန်မာပြည်ကို သွားမယ်ဆိုတာ ဘယ်လိုလုပ် အကဲခတ်မိမှာလဲကွာ"

"ဒါဆို ဘုမသိ ဘမသိနဲ့ မိတ်ဆက်စာတွေ ရေးပေးလိုက်တယ်ပေါ့"

"အဲဒီလို ဘလိုင်းကြီးတော့ မဟုတ်ပါဘူး၊ သူဟာ ကိုကို မြန်မာလူမျိုးဆိုတာ သိလိုက်တာနဲ့ တမင်သက်သက် လာမိတ်ဆက်တယ်၊ ပြီးတော့ သူတို့ဘိုးဘွားတွေဟာ မြန်မာပြည် ကိုလိုနီခေတ်တုန်းက ရန်ကုန်မှာ ဝါဝန်ထမ်းသွားတဲ့ ဗြိတိသျှလူမျိုးတွေလို့ ပြောတယ်၊ ကိုကိုက ဖြစ်နိုင် မဖြစ်နိုင် အစ်အောက်ကြည့်တော့ အာယုကန်တို့ မော်စားကန်တို့ အကြောင်းနဲ့ အဲဒီက လူတချို့ အကြောင်းကို ကောင်းကောင်း သိနေတယ်၊ ဒီတော့ မာရီယာ အာရှီးတာ မဟုတ်ဘူးလို့ ယူဆနိုင်တယ်လေ၊ ကိုယ့်ဘိုးဘွားမိဘတွေ အကြာကြီးနေခဲ့ ဖူးတဲ့နေရာကို သွားချင်ကြတာ သဘာဝမဟုတ်လား၊ သူက ဘိုးဘွားမိဘတွေရဲ့ စကားကြောင့် ရန်ကုန်ပြို့ရဲ့ သာယာလှပပုံကို ကြည့်ချင်သိချင်တယ်၊ ကိုကိုက ဘိုးဘွားမိဘတွေ ထိန်းသိမ်းလာတဲ့ အာယုကန်နဲ့ မော်စားကန် ပတ်ဝန်းကျင်ရဲ့ အလှနဲ့ အဲဒီဒေသက မြန်မာတွေရဲ့ ဖော်ရွေယျဉ်ကျေးမှု ချစ်ခင် လေးစားစရာ ကောင်းမှုတွေကို ပြချင်တယ်၊ ဒါ့ကြောင့် မိတ်ဆက်စာ ရေးပေးခဲ့တာပေါ့"

"အားပါး... ဒေါင်းနွယ်စကြာရယ် မပြောရဘူး၊ နာမည်ကြီးသလောက် အချက်ပိုင်အောင် ပြောတတ်ပါပေတယ်၊ အဲဒီလောက်တော်တဲ့ ကိုးကန်၊ ကိုးကွင်း၊ ကိုးကုန်းမှာ ပညာမျိုးစုံ၊ အတတ်မျိုးစုံ ဆည်းပူးသင်ကြားတတ်မြောက် ထားတဲ့ ဒေါင်းနွယ်စကြာ်ဆိုတာ ဘယ်ဘဝကလာတာလဲ၊ သိလား... သိရမှာပဲပေါ့"

စန္ဒာဒေဝီ၏ ထူးဆန်းစွာ Subject ပြောပြီး ပြောကြားချက်ကြောင့် ဒေါင်းနွယ်စကြာ် ငြိမ်သွားသည်။ ဝေဝေဝါးဝါး စဉ်းစားသည်။ သူ့စိတ်တွေဝေသွားသည်။ ဒီအရွယ်အထိ တစ်ခါမျှ ဤသို့နားမလည်၍ ဝေဝါး ယောင်နသွားသည်မျိုး မဖြစ်ဘူး။

"စန္ဒာက ဘယ်ဘဝကလာသလဲလို့ မေးတယ်နော်"

"ဟုတ်တယ်လေ"

"အေး... ကြိုတုန်း ဒီအကြောင်းတွေ ပြောရဦးမယ်၊ လူ့ဘဝဆိုတာ ရခဲပါတယ်၊ လူတွေဟာ ဘုံသားတွေပဲ၊ သုံးဆယ့်တစ်ဘုံမှာ ဟိုဘုံဒီဘုံကျင်လည်ရင်း ရေစက်ဆုံ ပဌာန်းဆက်ရှိသူ၊ အထုံပါရမီပတ်သက်သူ အချင်းချင်းမှ လူ့လောကမှာလာဆုံရုံမက ဒေသတစ်ခု အသိုင်းအဝိုင်းတစ်ခုတည်းထဲမှာ ဆုံကြရတာရယ်"

"စန္ဒာနဲ့ ကိုကိုတို့လိုပေါ့နော်၊ ခုဘဝမှာ ခုလိုဆုံကြတာ အထုံရှိလို့ပေါ့နော်"

စန္ဒာက ဒေါင်းနွယ်စကြာ်၏ မျက်နှာကို အသေအချာ အကဲခတ်ကြည့်ရင်း ပြော၏။

"သိပ်ဟုတ်တာပေါ့၊ ကိုကိုတို့ အခု ပေါင်းသင်းသွားလာခဲ့ကြတဲ့ သူငယ်ချင်း တစ်စုအကြောင်း ပြန်သုံးသပ်ကြည့်စမ်း၊ မက္ကာသီဆိုတာ ကိုကိုတို့ရွာကလေ အာယုကန်နဲ့ ဆက်နေတဲ့ မော်စားကန် လက်ထောက်ကန်ဗိုလ်ရဲ့မြေး၊ မစ္စတာဂျွန်ကင်းနဲ့

ဒေါ်သန်းသန်းရိတ္တိသား ဖြစ်တယ်။ စိုင်းမွန်သာဟာလည်း မော်စားကန် ရေထိန်းမန်နေဂျာ စောရှိုးရှိရဲ့သား ဖြစ်တဲ့ စောရှိုးသာနဲ့ အာယုကန်ရွာသူ နော်ခင်မွေးတို့က မွေးတဲ့သား၊ ဝစ္ဆဝတီကိုကြည့်၊ ဘိုးဘိုးရှင်ရသေ့ကြီး ဦးဝိမလ ကျောင်းထိုင် ဆရာတော်ဘဝကတည်းက ကပ္ပိယလက်ရင်း ဦးဘကောင်းနဲ့ အာယုကန်ရွာသူ ဒေါ်ဂျမ်းစိန်တို့ရဲ့မြေး၊ ဒေါ်ဝေဌုဝတီနဲ့ ဦးနန်းနွယ်တို့ရဲ့ သမီး၊ အခု စန္ဒာတို့ ကိုကိုတို့နဲ့ ပေါင်းသင်း ဆက်ဆံနေသူ ကျောင်းနေဘက် သူငယ်ချင်းတွေဟာ အာယုကန်နဲ့ မော်စားကန် ပတ်ဝန်းကျင်ရှိ ရွာတွေမှာနေထိုင်ကြတဲ့ ဘိုးဘွားမိဘတွေကနေ ဆင်းသက်လာတဲ့ သူတွေချည်း ဖြစ်နေကြတာ ရေစက်ဆုံလို့ပေါ့"

"ဘာလဲ ကိုကို၊ ဒီရေစက်ဆုံတဲ့ အပေါင်းအသင်းတွေ ထဲမှာ ဝစ္ဆဝတီပါနေတာမို့ ကျေနပ်နေသလား၊ ဟင်းဟင်း"

"အား... မဟုတ်ရပါဘူး၊ ကိုကို့မှာ စန္ဒာ ရှိပြီးသား"

"ဒါပေမယ့် ဝစ္ဆဝတီက ဒီနေ့အထိ ဇွဲမလျှော့သေးဘူး ကိုကို့ကို စန္ဒာ့ဆီက အပါယူမယ်၊ ရအောင်ယူမယ်နဲ့ ကြိုးစားနေတုန်းပဲ၊ ပြီးတော့ ဝစ္ဆဝတီဟာ ဖြူဖြူဖွေးဖွေး ဂျပန်မလေးလို လှလွန်းလို့ ကိုကိုတို့ယောကျ်ားတွေ အရမ်းသဘောကျတယ် မဟုတ်လား"

"အဲဒီ ယောကျ်ားသားတွေထဲမှာ ကိုကိုမပါလို့ အခုလို စန္ဒာ့ဘေးကို ရောက်နေတာပဲပေါ့"

ဟု ဆိုကာ ဒေါင်းနွယ်စကြာက စန္ဒာဒေဝီကို သိမ်းချ ဖက်လိုက်သည်။

"အို... နေဦးလေ၊ စောစောက ပြောနေတဲ့ ဘယ်ဘဝက လာလဲဆိုတဲ့ Subject မပြီးသေးဘူး မဟုတ်လား"

"ဟုတ်သားပဲ၊ ကိုကို ဘယ်ဘဝကလာသလဲ သိလား"

အသံရော အမူအရာပါ နွမ်းမှုန်သွားသည့် ဒေါင်းနွယ်စကြာ၏ အမူအရာကြောင့် စန္ဒာဒေဝီ ကြက်သီးထသွားသည်။ "သူ...သူ...သိများသိနေသလား" ဟုလည်း တွေးလိုက်သည်။

"သိတယ်...သိတယ်" ဟူ၍လည်း စန္ဒာသိထားသော ဘဝဟောင်းက အကြောင်းကိုတွေးပြီး ဖြေလိုက်သည်။

"အင်း...ဟုတ်ပါတယ်လေ၊ အမှန်တကယ်မှာတော့ ဟောဒီ ဒေါင်းနွယ်စကြာ ဆိုတဲ့ကောင်ဟာ..."

စကားကို ဆက်မပြောသေးဘဲ အသံတိမ်ဝင်သွားသည့် သူ့ကိုကို၏ အမူအရာကို စန္ဒာက အားမလိုအားမရ ဖြစ်ကာ ပခုံးကို ကိုင်လှုပ်၍ မေးလိုက်သည်။

"ဘာဖြစ်လဲ... အဲဒီဒေါင်းနွယ်စကြာဆိုတာ ဘယ်ကလာတာလဲ"

"စန္ဒာ့မိဘတွေနဲ့ နှိုင်းစာရင် အဆင့်အတန်း အများကြီး နိမ့်တဲ့ ဇာတ်သဘင်မျိုးရိုးက လာတာလေ"

"ဟုတ်ပြီ၊ အဲဒီဇာတ်သဘင်မျိုးရိုးက လာတာပဲလေ ကိုကို"

"အေးပါ... ရှေကျီးညြိုဇာတ်ထဲက လူပျိုကြီးဦးဖိုးညြိုနဲ့ အာယုကန် ဘုရားစောင်းတန်းမှာ ပန်းရောင်းတဲ့ ပန်းသည်မ ဒေါ်မြတ်နွယ်ရဲ့သား ဆိုတော့ မိဘအရင်းကွေဟာ စန္ဒာ့မိဘ တွေလို ဂုဏ်ကြီးရှင်တွေ မဟုတ်ကြဘူးလေ"

"အိုး...သေလိုက်ပါတော့လား"

စန္ဒာဒေဝီ သူ့နဖူး သူရိုက်၍ အော်ပြောမိလေသည်။ သူမျှော်လင့်ထားသည်က ကိုကိုသည် ဘယ်ဘဝက လာသလဲ ဟူသော မေးခွန်းကို ပြီးခဲ့သောဘဝကိုသိ၍ ပြောတော့မည်ဟု

ထင်ခဲ့သည်။ ယခုတော့ အရေးထဲ သူ့ကိုယ်သူ ဂုဏ်ငယ်သည် ထင်ကာ ဆူ့မိဘအရင်းတို့၏ ဘဝကို ဖစ်မြစ် ခဲ့ပြောနေခြင်း ဖြစ်တော့၏။

စန္ဒာဒေဝီ သဘောပေါက်လိုက်ပြီ။ အစ်ကိုစကြာ သူ့နောင်ဘဝကို မသိအောင် သူ့ကို ပြုစုပျိုးထောင်ခဲ့သော ဘိုးဘိုးရှင်ရသေ့နှင့် ဆရာတော်တို့က ကွယ်ဝှက်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် စကားဖြတ်ကာ သူ့မိဘတွေ ထမင်းကျွေးရန် စောင့်နေတော့မည် ဖြစ်ကြောင်းပြော၍ စန္ဒာဒေဝီတို့ အိမ်ကို ထွက်ခဲ့ကြလေတော့သည်။

နှစ်ဖက်လူကြီးများနှင့်အတူ ထမင်းစားကြသောအခါ ထမင်းဝိုင်းတွင် ဆွေမျိုးမိတ်ဆွေထဲမှ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များလည်း ရောက်နေကြသည်ကို တွေ့ရသည်။

လူကြီးစုံရာတွင် ဒေါင်းနွယ်စကြာ၏ မိဘများက သူတို့သားကို စန္ဒာဒေဝီနှင့် လက်ထပ်ခွင့်ပြုရန် ကြောင်းလမ်းလေ၏။

ဤတွင် မမျှော်လင့်ဘဲ စေ့စပ်ပွဲဖြစ်သွားသည်။

"ခုလို သူတို့လူငယ်နှစ်ယောက်ကို သဘောတူဖို့ ဆရာရှင်ရသေ့ကိုလည်း ခွင့်ပန်ထားပါတယ်၊ ဒီစေ့စပ်ပွဲကို ဖိတ်ခေါ်ပေမယ့် အသက်ကြီးလို့ သိပ်ပြီးမသွားလာချင်တာနှင့် မလာဖြစ်ပါဘူး။ ဒါပေမဲယ့် ဘိုးဘိုးဆီကို သွားကန်တော့ရင်း သတင်းကောင်းပါးကြရအောင်"

ဒေါက်တာဦးနေမျိုး၏ ပြောဆိုချက်ကို အားလုံးက သဘောတူကြ၍ ကမာရွတ်ရှိ ရှင်ရသေ့ကျောင်းကို ကားအလျှိုအလျှိုဖြင့် ထွက်လာကြသည်။

အသက် (၉၉)နှစ်ရှိပြီဖြစ်သော ဘိုးဘိုးရှင်ရသေ့က နှစ်ဖက်မိဘနှင့် ကလေးတို့ကို ဤသို့တွေ့ရ၍ အလွန်ဝမ်းသာကြောင်း ဆိုသည်။ အားလုံးကန်တော့ကြပြီး လူစရာရှိလူ၊ ကပ်စရာရှိကပ်ကြသည်။ ဒေါက်တာ ဒေါင်းနွယ်စကြာကလည်း ဘိုးဘိုးအတွက် အမေရိကန်ပြင် လက်ဆောင်ပစ္စည်း မျိုးစုံကို ဆက်ကပ်လေ၏။ ဘိုးဘိုးက တရားဓမ္မလေးနှင့် နှုတ်ဆက် စကားဟောပြော၏။ ပြီးသော–

"ကိုင်း... အားလုံး သောချာနားထောင်ကြ၊ ဘိုးဘိုးလည်း အသက် (၉၉)နှစ်ပြည့်ပြီ၊ မြေးကလေး ဒေါင်းနွယ်စကြာလည်း ပညာစုံရုံမက ကြင်ရာပါစုံပြီ၊ စန္ဒာဒေဝီနဲ့ စေ့စပ်ကြောင်းလမ်းပြီးပြီဆိုတော့ လက်ထပ်ထိမ်းမြားဖို့လည်း သေချာပြီ၊" ဒီတော့ သူတို့နှစ်ယောက်အကြောင်း ပြောစရာရှိတာ ပြောပါ့မယ်"

ဘိုးဘိုးရှင်ရသေ့၏ နိဒါန်းစကားကပင် စန္ဒာဒေဝီကို ကြက်သီးဖြန်းဖြန်း ထစေ၏။ ဒေါင်းနွယ်စကြာလည်း ကြက်သီးထလေသည်။

"ဒီလိုကွယ်... ဟိုတစ်လောက ဒေါက်တာနေမျိုးတို့ ဇနီးမောင်နှံနဲ့ ဦးမြင့်မောင်တို့ ဇနီးမောင်နှံ ဘိုးဘိုးဆီလာပြီး ဒီကလေးနှစ်ယောက်ကို လက်ထပ်ပေးဖို့ ခွင့်ပြုချက်တောင်းကြတယ်၊ အဲဒီတုန်းက ဘိုးဘိုးက နေဦး၊ ခုနစ်ရက်စောင့်ပြီးမှ အကြောင်းပြန်မယ်လို့ ဖြေကြားခဲ့တာ မှတ်မိကြမှာပေါ့"

"မှတ်မိပါတယ်ဘုရား" ဟု ဖြေကြသည်။

"အဲဒီတုန်းက ဒီကလေးနှစ်ယောက်ကို လက်ဆက်ပေးမယ်လို့ကြားရလို့ ဘိုးဘိုးက ဝမ်းလည်းသာတယ်၊ စိုးရိမ်စိတ်ကလေးလည်းဖြစ်တယ်၊ ဒါနဲ့ ဆရာတော် ဦးနေမိန္ဒကို ပင့်ဖိတ်ပြီး

တိုင်ပင်ကြတယ်၊ စီမံစရာတွေ စီမံရတယ်၊ ပြီးမှ ဒီကလေး နှစ်ယောက်ကို လူပြည်လွှတ်ပေးဖို့ သဘောတူခဲ့တဲ့ ဟိုတက်ဘဝက သူတို့ရဲ့အုပ်ထိန်းသူတွေ၊ မိခင်တွေကို ဒေါင်းနွယ်စကြာအမည်ခံ ရွှေဒေါင်းစိန်နဲ့ စန္ဒာဒေဝီ အမည်ခံ ရူပစန္ဒီတို့ကို လူဘဝမှာ ဒီချစ်ခဲ့သူစုံတွဲ လက်ထပ်ခွင့်ပြုဖို့နဲ့ သက်တမ်းစေ့နေပြီးမှ ပြန်ခေါ်ဖို့ သဘောတူခွင့်ပြုချက် တောင်းခဲ့ကြတယ်”

“ဩော်... ဒီလိုကိုး”

ဟူသော အသံများ ညံထွက်လာသည်။

ဒေါင်းနွယ်စကြာက သူ့ဘေးမှာ ကျုံ့ကျုံ့ကလေး ပုဆစ်တုပ် ထိုင်နေသည့် စန္ဒာဒေဝီကို လှည့်ကြည့်သည်။ စန္ဒာဒေဝီက သိပြီးသားပုံစံနှင့် ခေါင်းကလေးငုံ့ကာ ပြုံးနေ၏။

ဒေါင်းနွယ်စကြာကတော့ ယခုမှသိကာ ရင်တွေ တဒိန်း ဒိန်းခုန်ရင်း ပိတိလှိုင်းတက်နေ၏။

“ခုနစ်ရက်ကြာတော့ နှစ်ဖက်မိဘကို ခေါ်ခိုင်းပြီး သဘောတူ ခွင့်ပြုကြောင်း ဘိုးဘိုးက ဝမ်းမြောက်ဝမ်းသာ ပြောခဲ့တယ်၊ ဒါမှအစစအဆင်ပြေပြီပေါ့၊ တမလွန်ဘဝမှာရှိနေတဲ့ ဆိုင်ရာပိုင်ရာ တွေကလည်း သင်းတို့လေးနှစ်ယောက် အဆင်ပြေ ပျော်ရွှင်စေဖို့နဲ့ အောင်မြင်ဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြမှာပါ”

ထို့နောက် ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့ နှစ်ယောက်ကို ဘိုးဘိုးရှင်ရသေ့က သီးခြားနေရာတွင် ခေါ်တွေ့ပြန်သည်။

“မြေးတို့နှစ်ယောက် အခုလို ဒီဘဝမှာ ပြန်ပေါင်းကြရ အောင် လုပ်ပေးနိုင်လို့ ဘိုးဘိုး ဝမ်းသာပါတယ်”

“တပည့်တော်တို့ကလည်း ပို့ဂ်လို့ဂ်လဲ့လဲ့ ဘိုးဘိုးကို ကျေးဇူးတင်ပါတယ်”

“အေး... မင်းတို့တွေရဲ့ ဘဝဟောင်းက ဆွေမျိုးတွေ၊ အုပ်ထိန်းသူတွေကိုလည်း ကျေးဇူးတင်တဲ့အနေနဲ့ သူတို့ ကြိုတွေ့ နေရတဲ့ အခက်အခဲကို အောင်နိုင်အောင် ဖြေရှင်းပေးကြရမယ်၊ မေဂျာဂျေစမတ်ရဲ့မြေး မာရီယာလင်းနဲ့ အပေါင်းပါတွေဟာ အခု သာသနာပိုင်ဖြစ်သွားတဲ့ အများပိုင်ရတနာတွေကို သူ့မှာ အထုံ ရှိလို့ သိခွင့်ရတာကလွဲပြီး ပိုင်ခွင့်မရှိဘူးကွယ့်၊ ဒါ့ကြောင့် သူတို့ အပိုင်စီးဖို့ ကြိုးစားလာသမျှ ခြေလှမ်းတွေကို ဖြိုဖျက်ပေးရမှာ မင်းတို့နှစ်ယောက်ရဲ့ တာဝန်ဖြစ်ဟယ်၊ ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ။ ဘဝဟောင်းက ပုဂ္ဂိုလ်တွေကလည်း ဝိုင်းဝန်း ဂူညီ စောင့်ရှောက်ကြမှာမို့ အောင်မြင်အောင် တားဆီးကြပါ တော့”

“မှန်လှပါ၊ တပည့်တော်တို့ မြေဝယ်မကျ ဘိုးဘိုးစကားကို နားထောင်ပြီး အောင်မြင်အောင် ကာကွယ်ပါ့မယ် ဘုရား”

“ဒါဆိုရင် လက်မထပ်ခင် ဒီအမှုအခင်း အပြီးအပြတ် နိမ်နင်းကြပါ၊ ခုကတည်းက အားထုတ်ကြီးဆကြပါ၊ သက်ဆိုင် ရာဌာနတွေကိုလည်း တင်ပြပြီး လုပ်စရာရှိတာတွေ လုပ်ကြပါ”

ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့သည် သူတို့၏တာဝန် ကို ကောင်းစွာထမ်းဆောင်ရန် ဆုံးဖြတ်လိုက်လေတော့၏။

“ခုကတည်းက စကြစို့”

ဟု နှစ်ယောက်သား အတိုင် အဖောက်ညီစွာ ညှိနှိုင်းကြ သည်။

သူတို့နှစ်ဦး ကားတစ်စီးနှင့် ရဲမှူးကြီးရုံးသို့ သွားကြသည်။

“လာဟေ့... စန္ဒာ၊ ဘာထူးခြားချက် တင်ပြစရာရှိလို့လဲ”

ရဲမှူးကြီးကို စန္ဒာဒေဝီ အလေးပြုအပြီး အမေးခံရသည်။

"ဟုတ်ကဲ့ရှင့်... ပထမ မိတ်ဆက်ပေးပါရစေ၊ သူက စန္ဒာတို့ လိုက်တဲ့မှုခင်းမှာ မာရီယာလင်းကို စိုင်းမွန်သာတို့နဲ့ မိတ်ဆက်စာရေးပေးတဲ့ ဒေါက်တာဒေါင်းနွယ်စကြာ ဖြစ်ပါတယ်၊ အစ်ကိုစကြာ... အဲဒါ စန္ဒာတို့ရဲမှူးကြီး ဦးနေလ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ အခုလိုသိရတာ ဝမ်းသာပါတယ်"

"အေး...လက်စသတ်တော့ ဒေါက်တာကိုး၊ ဒီမိတ်ဆက်စာ ရေးပေးတဲ့သူကို စုံစမ်းပြီးပြီ၊ အမှု မပတ်ပေမယ့် အစိုးရသက်သေအဖြစ်တော့ လိုက်ရမယ်"

"ဟုတ်ကဲ့ရှင့်၊ ဖြစ်နိုင်မယ်ဆိုရင် အဲဒီ ဒေါက်တာ ဒေါင်းနွယ်စကြာက ဒီအမှုကို ဖော်ထုတ်ဖမ်းဆီးတဲ့ အဖွဲ့ထဲမှာ ပါဝင်ဆောင်ရွက်ချင်တယ်ဆိုလို့ ခေါ်လာတာပါရှင့်"

"ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို မလိုမ့်တစ်ပတ် ရိုက်သွားလို့ မကျေနပ်တာရယ်၊ ဒီအမှုကို ခေါင်းဆောင်တဲ့ မာရီယာလင်းနဲ့ ပတ်သက်ပြီး ကျွန်တော်က အတော်ကလေး သိနေတာရယ်၊ ဒီမှာလည်း ဒီအမှုနဲ့ပတ်သက်တဲ့ လူတွေရော၊ နေရာဒေသအားဖြင့်ပါ ကျွန်တော်နဲ့ ဆက်စပ်မှု အပြည့်ရှိနေတာရယ် စတဲ့ အကြောင်းတွေကြောင့် ကျွန်တော် ဒီအမှုကို လိုက်တဲ့နေရာမှာ ပါဝင်ချင်တာ ဖြစ်ပါတယ်"

ရဲမှူးကြီး ဒေါင်းနွယ်စကြာကို အရမ်းစိတ်ဝင်စားသွားသည်။

"ကောင်းပြီ၊ လိုအပ်တာတင်ပြပြီး ဒေါက်တာ့ကိုလက်ခံဖို့ အကြောင်းပြန်မယ်" ဟု ဆိုလိုက်သည်။

နောက်သုံးရက်ကြာသော် ရဲမှူးကြီး၏ အစီအစဉ်ဖြင့် ဒေါက်တာဒေါင်းနွယ်စကြာကို မာရီယာလင်း သိုက်တူးရန် ကြံခြင်းကို

ဖော်ထုတ်သည့်မှုခင်းတွင် ပါဝင်ခွင့် ပြုလိုက်သည်။ ဒေါက်တာ ဒေါင်းနွယ်စကြာတို့၏ ကျန်းမာရေးဦးစီးဌာနကိုလည်း အွန်ကျူတီနှင့် မြန်မာ့ရဲတပ်ဖွဲ့သို့ ဒေါက်တာ ဒေါင်းနွယ်စကြာအား ယာယီတွဲဖက်ခန့်ထားခွင့်တောင်းခံရာ ခွင့်ပြုကြောင်း ပြန်ကြားချက်ရလေ၏။

ဆွေးနွေးပွဲတွင် ဒေါက်တာဒေါင်းနွယ်စကြာက တင်ပြသည်။

"မာရီယာလင်းဟာ လော့စ်အိန်းဂျလိစ်မှာရှိတဲ့ သူ့ကားနှစ်စီးနဲ့ ဘ္ဂ်ိုင် ဓာတ်ဆီဆိုင် တစ်ဆိုင်ကို ရောင်းချခဲ့တယ်လို့ ဟိုမှာရှိတဲ့ ကျွန်တော့်မိတ်ဆွေဆီက စုံစမ်းသိရှိရပါတယ်၊ ဒီလို အရင်းအနှီးရအောင်ရှာပြီး ဒီအတိုင်းနေမှာ မဟုတ်တော့ဘူး ထင်ပါတယ်၊ သံဖြူဖရေပ်စစ်သမ္ပီ၏ အင်ဒရူးဒေးကို တစ်နည်း မဟုတ် တစ်နည်း ဆက်သွယ်လာနိုင်ပါတယ်"

ဒုရဲမှူးကြီးက–

"အေး... အဲဒါဖြစ်နိုင်တယ်၊ အင်ဒရူးဒေးကို မပြတ်စောင့်ကြည့်ခိုင်းထား"

ဟု မှာကြားလေ၏။

ထို့ကြောင့် သံဖြူဖရေပ်ရဲစခန်းနှင့် ရဲအုပ် ဒေါ်စန္ဒာဒေဝီ အဆက်မပြတ်အောင် ဆက်သွယ်နေရသည်။ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် အင်ဒရူးဒေး၏ အခြေအနေကို သတင်းပို့လျက်ရှိသည်။

ယနေ့ညနေ သံဖြူဖရေပ်မှ ဦးမျိုးဟိန်း၏ သတင်းပို့ချက်မှာ ထူးခြားနေ၏။

"မစန္ဒာလား ခင်ဗျာ"

"ဟုတ်ပါတယ် ကိုမျိုးဟိန်း၊ ပြောပါ... ပြောပါ"

"ဒီနေ့ နည်းနည်းထူးလို့ သတင်းပို့တာပါ၊ သံဖြူဇရပ်ကို ဘုရားဖူးညှော်သည်ကားတစ်စီး ရောက်လာပါတယ်၊ ရန်ကုန်ကလို့ သိရပါတယ်၊ ယာဉ်မောင်းနာမည်က ကိုတော်မိ၊ အမျိုးသားကြီးက ဦးခင်မောင်ရင်တဲ့၊ အရမ်းချောပြီး ခေတ်ဆန်တဲ့ အမျိုးသမီးက ဒေါ်ဝစ္ဆဝတီတဲ့၊ နောက်တစ်ယောက်က သန္တာယမင်းတဲ့၊ အပျံစားတွေပဲ"

"သူတို့ကို သေချာစောင့်ကြည့်နော်၊ ခုလိုနာမည်နဲ့တကွ ပြောနိုင်တာ ဘာတွေထူးထူးခြားခြား လုပ်တာတွေ့လို့လဲ"

"အဲဒီဘုရားဖူးအဖွဲ့ဟာ မြို့ခံသူဌေးတစ်ယောက်က ညှိုးခံပြီး ကျွန်ုပ်မိဘုရားကို သွားဖူးကြတယ်၊ အပြန်မှာ ရုတ်တရက် စစ်သချိုင်း ဝင်ကြည့်တယ်၊ မြို့ခံလူကြီးပါလို့ ပေးဝင်လိုက်တယ်၊ သူတို့ကြည့်ရတာ စစ်သချိုင်းကို ဟန်ပြ ကြည့်ကြတာရယ်၊ သာဘက်အစွန်ဆုံး နောက်နားက အုပ်ချုပ်ရေးမှူးအိမ်ကို ဝင်သွားကြတာမြင်မှ ကျွန်တော်တို့လူတွေ မျက်လုံးပြူးရတော့တယ်၊ ဘည့်သည်တွေ ထွက်သွားတာနဲ့ ဦးအင်ဒရူးကို ပြောင်ဝင်စစ်လိုက်ပါတယ်"

"ဘာပြောလဲ၊ ဘာတွေ့လဲရှင့်"

"ဒီသံဖြူဇရပ်က ကုန်တင်ကားတွေ ထောင်ထားတဲ့ သူဌေး ဦးကွန်ဘလိုင်နဲ့ ဆက်သွယ်ဖို့ အချိတ်အဆက် လုပ်သွားတာကိုး"

"ကောင်းပါပြီ၊ ဒါဆို ဦးကွန်ဘလိုင်ကိုလည်း မျက်ခြည်မပြတ်စေနဲ့နော်၊ အဲဒီ ဘုရားဖူးအဖွဲ့ကိုလည်း ဆက်ပြီးစောင့်ကြည့်ပါဦး"

"စိတ်ချပါ၊ အကြောင်းထူးရင် မျက်ချင်းသတင်းပို့ပါ့မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ၊ စန္ဒာပေးထားတဲ့ ဆဲလ်ဖုန်းကို နှစ်ဆယ့်လေးနာရီ ဆက်လို့ရပါတယ်၊ ဒါပဲနော်"

စန္ဒာဒေဝီ ဤအကြောင်းများကို လူကြီးများထံ သတင်းပို့ရာ လိုအပ်တာ ဆက်လုပ်ခွင့်ရခဲ့သည်။

ထိုနေ့ညဦးပိုင်းတွင် ကိုကိုနှင့်အတူ ညစာစားရန် ချိန်းထားသည်။ ခုနစ်နာရီတွင် ကိုကိုဒေါင်းနွယ်စကြာ သူ့ကို လာခေါ်သည်။ နှစ်ယောက်အတူ ဂျူနီယာရွှေဘဲသို့ရောက်ကြသည်။ ဆောင်းဝင်ပြီမို့ ပန်းဆိုးတန်းဆိပ်ကမ်းတွင် မြစ်ပြင်ကို ဖြတ်၍တိုက်ခိုက်လာသော လေသည်အေးနေ၏။

"ကိုကို့ကို သတင်းထူးတစ်ခု ပြောမယ်၊ သံဖြူဇရပ်က အင်ဒရူးဒေးကို ဝစ္ဆဝတီကိုယ်တိုင် သွားဆက်သွယ်တာ တွေ့ရသတဲ့"

"ဘယ်တုန်းကလဲ...ဟင်"

"ဒီနေ့ မွန်းလွဲပိုင်းကတဲ့"

"ဒါဆို... မာရီယာတို့ ဝစ္ဆဝတီနဲ့ အဆက်အသွယ်ရှိနေတုန်းပဲပေါ့၊ ဒီမှာစိုင်းမွန်သာတို့ ကျန်ရစ်ခဲ့တယ်ဆိုတော့ သူတို့နှစ်ယောက်ကိုလည်း မျက်ခြည်မပြတ်ဖို့ လိုပြီ"

"ဟုတ်တယ် ကိုကို၊ ဝစ္ဆဝတီ ပြန်ရောက်လာရင် သူ့ကို စောင့်ကြည့်ဖို့ နှစ်ယောက်လောက် တာဝန်ပေးထားမယ်"

"အဲဒါကောင်းတာပေါ့"

ချစ်သူနှစ်ဦးသည် ကိုယ်ရေးကိုယ်တာထက် စိတ်ဝင်စားဖွယ်မှုခင်းအကြောင်း ပို၍ဆွေးနွေးဖြစ်သည်။

နောက်သုံးရက်ကြာသော် စိုင်းမွန်သာနှင့် ဝစ္ဆဝတီတို့က ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့ကို ပြည်လမ်းရှိ စိုင်းမွန်သာ၏

အိမ်တွင် ညစာဖိတ်ကျွေးသည်။ ဖိတ်တဲ့သူတွေက ဖိတ်မှတော့ တက်သောသူများက တက်ရဲရမည်ပေါ့။ ပို၍ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်သောအချိန် ရောက်လာပြီပဲ။

ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့ရောက်သည်နှင့် ဝစ္ဆဝတီက အဝင်ဝမှ ဆီးကြိုသည်။

"ဘယ်လိုလဲ ဆရာကြီးနဲ့ ဆရာမကြီး၊ ပညာခန်းတွေ သိပ်မပြန့်တော့လေ အချင်းချင်းတွေပဲဥစ္စာ"

ဟု တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသလို ဝစ္ဆဝတီက ဒေါင်းနွယ်စကြာတို့ကို စေ့စေ့ကြည့်ပြီးမှ ခေါင်းကိုတစ်ဖက်စောင်း မျက်နှာကို ဘေးတိုက်မော့ပြီး ဟန်ပါပါလေး ဆီးပြောသည်။

"ဂွတ်အီးဗနင်းပါဝတီ၊ စားဖို့ဖိတ်လို့ လာတာပါနော်"

ဟု ဒေါင်းနွယ်စကြာက ပြောလိုက်သည်"

"ကြွပါရှင်... အထဲကို"

ဟု ဝစ္ဆဝတီက ကြိုဆိုပုံကလေးနှင့် ဖိတ်လိုက်သည်။

"လာကြပါ...ကိုဒေါင်း၊ စန္ဒာ... လာကြပါ"

နောက်နားမှ စိုင်းမွန်သာ လာခေါ်လေ၏။

ညည်ခန်းတွင်ထိုင်၍ အာလာပသလ္လာပ ပြောကြားသေးသည်။

"အစ်ကိုဒေါင်းကို ဝတီတို့က စောင့်နေတာ၊ ရောက် ရောက်ချင်း ချိမလို့ဟာ အခွင့်မသာသေးလို့ရယ်၊ ခုလို အရေး ကြီးတဲ့ စီမံချက်ကြီးတစ်ခု လုပ်နေတာကို ပွင့်ပွင့်လင်းလင်း မရှိဘူးလို့ ထင်တာပဲ"

"ဟော...ဝတီက ဘာကို ဆိုလိုတာလဲ"

"ကြည့်ပါလား၊ အဲလိုအူကြောင်ကြောင် လုပ်တဲ့ပုံကိုက အစ်ကိုဒေါင်းရဲ့ မူလစရိုက်မဟုတ်ပါဘူး၊ အစ်ကိုဒေါင်း ဒီအကြံ

ပေါ်တာက ယူအကစ်က အားကိုးလောက်တဲ့ အဖွဲ့တစ်ဖွဲ့နဲ့ အဆက်အသွယ်မိလို့ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကိုယ့်သူငယ်ချင်း တွေနဲ့ ပူးပေါင်းဆောင်ရွက်တာပဲ ဥစ္စာ၊ တိုက်ရိုက် ပြောစရာရှိ ပြောပါလားလို့၊ ခုလို ဝတီတို့ကို ယောင်တောင် ပေါင်တောင် ဖြစ်အောင် မလုပ်ပါနဲ့လား"

ဝစ္ဆဝတီ ယခုလို ဝမ်းနည်းပမ်းနည်း ပြောပုံမျိုး တစ်ခါမျှ မတွေ့ဘူး၍ သနားမိသား။

"အေးကွာ... တို့သူငယ်ချင်းတွေ ပူးပေါင်း ဆောင်ရွက် ရတာ ကောင်းပါတယ်၊ ကြီးမှပေါင်းရတဲ့ မိတ်ဆွေနဲ့စာရင် စိတ်ချရတာပေါ့၊ ကိုဒေါင်း ဒီလိုပဲ မြေဖုံးတယ်လေ၊ ထားပါ တော့... ဒီလုပ်ငန်းကြီးက မသေးဘူး၊ အန္တရာယ်လည်းများတယ်၊ ကိုဒေါင်း ဟိုမှာရှိနေတုန်းကတော့ စန္ဒာ့ကို ဒီမှာ ကိုဒေါင်းကိုယ်စား ဦးဆောင်ခိုင်းတာတော့ဟုတ်ပါပြီ အခု ကိုဒေါင်း ပြန်ရောက်နေပြီပဲ ဘာကြောင့် ဟိုကနေ ဂျင်ဝိန်းတို့က မာရီယာလင်းပုံစံနဲ့ ဆက်ပြီး ညွှန်ကြားနေတာလဲ"

စိုင်းမွန်သာ စကားအဆုံး ဝစ္ဆဝတီက ဆက်ပြော၏။

"ဘာလဲ ခုထိ အစ်ကိုဒေါင်းက ဝတီတို့ကို မယုံသေး ဘူးလား၊ ဒီလောက် လက်တွဲလုပ်ပြီးနေပြီပဲ၊ အဲ... တစ်ခုတော့ ရှင်းရှင်းပြောထားပါရစေ၊ စန္ဒာဟာ ဒီအဖွဲ့မှာ ခေါင်းဆောင် နေရာယူထားဖို့ အစ်ကိုဒေါင်း တာဝန်ပေးတာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဘက်ကို ပိတ်ပေးနိုင်ဖို့ မဟုတ်လား၊ ဒါပေမယ့် သူတို့ အခု နောက်ယောင်ခံလိုက်တာတွေ ပိုများလာတယ်၊ ပေါက်ကြား လို့ကတော့ စန္ဒာ့စနက်ကြောင့်လို့ ပြောရမှာပဲနော်"

'ခက်တော့ခက်ချေပြီ"

ဟု စန္ဒာနှင့် ဒေါင်းနွယ်စကြာတို့ တွေးနေကြသည်။ ဤအမှုကြီး ဖော်ထုတ်ဖမ်းမိနိုင်ရန် ဝန္ဓဝတီတို့အဖွဲ့ကို ဆက်ပြီး ပူးပေါင်းထားရန် လိုအပ်ကြောင်း ကြိုတင် တိုင်ပင်ထားပြီးဖြစ်၍ အဖြစ်မှန်ကို သူတို့အားပြောပြရန် ခက်နေသည်တော့အမှန်။

အချိန်တန်လျှင် သူငယ်ချင်းများကို အစိုးရသက်သေ လုပ်ပေးပြီး အမှုမှလျှောပေါ့အောင် လုပ်ပေးရမည်။ ယခုအချိန် ဆက်ပြီး မျှောလိုက်နေမှ တော်ရုံကျမည်။ သူငယ်ချင်းများကို ယခုလို ခုတုံးလုပ်သကဲ့သို့ဖြစ်ခြင်းမှာ သူငယ်ချင်းအပေါ် သစ္စာ ဖောက်ရာ ရောက်သလားဟု သူတို့တိုင်ပင်ခဲ့၏။

ပထမဆုံးအနေဖြင့် ဒေါင်းနွယ်စကြာရော စန္ဒာဒေဝီ တို့ပါ ဘဝဟောင်းက မိခင်နှင့် ဘိုးဘိုးတို့၏ တာဝန်ပေးချက်အရ ဤအမှုကို တိုက်ဖျက်ရမည်ဖြစ်သည်။ ဒုတိယအနေဖြင့် မှုခင်းပြစ်မှု များကို တိုက်ဖျက်ရမည့် မြန်မာ့ရဲတပ်ဖွဲ့မှ အရာရှိ စန္ဒာဒေဝီ၏ တာဝန်ဖြစ်သလို တာဝန်သိ ပြည်သူဖြစ်သည့် ဒေါင်းနွယ်စကြာ ကလည်း ရဲတပ်ဖွဲ့ကို ကူညီပံ့ပိုးပြီး မှုခင်းဖော်ထုတ်ရန် တာဝန်ရှိ ပြန်သည်။

သူငယ်ချင်းများကို သစ္စာဖောက်ရာမရောက်ခြင်းမှာ ယင်း ကိစ္စကို သူတို့ဘက်က အယူလွဲမှားနေခြင်းသာဖြစ်၍ စန္ဒာတို့ ဘက်က အမှန်တကယ် ဘာမျှပါဝင်ခြင်းမရှိရာ သူ့ထိုက်နှင့် သူ့ကံ ဘယ်သူမပြု မိမိမှုသာဖြစ်သည်ဟု ဆိုရပေမည်။

ဒေါင်းနွယ်စကြာလည်း ယခုအခြေအနေနှင့် ကိုက်ညီ အောင် အလိုက်သင့် ပြောလိုက်သည်။

"အစ်ကိုဒေါင်းက ဒီပြန်ရောက်လာပြီး ပါဝင်လှုပ်ရှားရင် ပေါ်ကုန်မှာပေါ့။ တစ်ဖက်လှည့်နဲ့ နိုင်ငံခြားကနေ ဆက်သွယ် နေတာ ပိုပြီးပိရိတယ်လေ၊ ခုထိ အဆင်ပြေနေတာပဲမဟုတ်လား"

"ဟိုတစ်လောက ဂျင်ဝိန်း ဆက်သွယ် မှာကြားတဲ့အတိုင်း သံဖြူဇရပ်က အင်ဒရူးကိုသွားပြီး တွေ့နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ဝတီတို့ကို စောင့်ကြည့်တဲ့လူတွေ ရှိနေတယ်"

"အဲဒီဘက်နယ်မြေက ဒီလိုပါပဲ၊ တစိမ်းညှို့သည် အဝင် အထွက်ကို စောင့်ကြည့်နေကျပါ"

စန္ဒာဒေဝီက ဝင်ပြောရသည်။

"အေးပါ... ဒါလောက်နဲ့တော့ ဝတီတို့က မကြောက်ပါဘူး နောက်ဆုတ်ချင်လို့ ပြောတာလည်း မဟုတ်ပါဘူး၊ လုပ်စရာရှိလို့ လုပ်ပြီဆိုရင် ဂုပ်မိသဲတိုင်လုပ်မှာပဲ၊ ဟင်း... ဟင်း...ကြိုတုန်း စိန်ခေါ်ရဦးမယ်၊ အစ်ကိုဒေါင်းနော် ဝတီက အစ်ကိုဒေါင်းရဲ့လူနော်၊ တာဝန်ပေးပြီးမှ ဆုလာဘ်မပေးရင်တော့ အသိပဲ"

"အေးပါ...အေးပါ၊ သိပါတယ် ဝတီရ"

"ဘာသိလို့လဲ၊ စန္ဒာ့ကိုလည်း ကြိုတုန်း ပြောင်ပဲ စိန်ခေါ် ရဦးမယ်၊ အခု စန္ဒာက အစ်ကိုဒေါင်းနဲ့ စေ့စပ်ထားရုံပဲရှိသေး တယ်နော်၊ လက်မထပ်ရသေးဘူး၊ ပိုင်ပြီ မထင်နဲ့ဦး၊ လက်ထပ် ပွဲ ကျင်းပမပြီးမချင်း ဝတီ ယှဉ်ပြိုင်လို့ရသေးတယ်နော်"

"အာ...ဝတီကလည်း ဘာတွေလျှောက်ပြောနေတာလဲ ဝိုင်လေး နှစ်ပက်လောက်ဝင်တာနဲ့ မူးပြီလား"

ဟု စိုင်းမွန်သာက ပိတ်ပြောရသည်။

"အို...မမူးပါဘူး၊ အတည်ပြောနေတာ၊ ဘာလဲ စန္ဒာက မယုံဘူးလား"

"ယုံပါတယ်ကွာ၊ ဝတို့လို အပြိုင်အဆိုင် ဝါသနာပါတဲ့ သူက ဒီလိုပဲရှိမယ်ဆိုတာ သိပြီးသား"

"ဟေ့...ဟေ့...ဒီကိစ္စမှာက အပြိုင်အဆိုင် ဝါသနာပါလို့ လုပ်မှာမဟုတ်ဘူး။ အစ်ကိုဒေါင်းကို ချစ်လို့ အရယူမလို့လုပ်မှာ၊ ရှင်းပြီလား။ သဘောပေါက်ရဲ့လား"

"ဟာ... ဝတီရာ သဘောပေါက်ကြပါသတဲ့၊ ကိုင်း... ကိုင်း... အားလုံးပဲ ထမင်းစားခန်းကိုသွားကြစို့၊ တော်တော်နေ စန္ဒာလည်း စိတ်ညစ်ပြီး ကျွေးတာတွေ စားမဝင်ဘဲ ဖြစ်နေပါ့မယ်၊ ဟီး..."

စိုင်းမွန်သာက နောက်သလိုလိုပြောပြီး ညည့်စာနေ့ ထမင်းစားခန်းသို့ ခေါ်ခဲ့လေ၏။

ထိုည စားသောက်ပြီး ပြန်လာတော့ စန္ဒာဒေဝီ အမှန်ပင် စိတ်ညစ်ရှာသည်။ ဝစ္ဆဝတီဆိုသည့် ဝတိမ တစ်ဇွတ်ထိုး လုပ်တတ်သည်။ ရှေ့လျှောက် ဘာတွေဖြစ်လာမလဲ စိတ်ပူစရာမဟုတ်လော။

နောက်နေ့တွင် ဝစ္ဆဝတီကို စောင့်ကြည့်နေသော အဖွဲ့က စန္ဒာဒေဝီထံ သတင်းပို့သည်။ ဝစ္ဆဝတီတို့ ခရီးထွက်ဖို့ ပြင်ဆင်နေကြသည်ဟူ၍။

"ဘယ်ကိုလဲ၊ ဘာကိစ္စလဲ၊ ဘယ်အတွက်လဲ"

ဟု သီဓေရန် တော်မိထံသို့ မက္ကာသီ ယာဉ်စခန်းတွင် ထည့်ထားသော ဘိုလုံးကို အစ်အောက်စကားနှိုက်စေရာ သံဖြူ ဇရပ်ကို သွားကြမည်ဖြစ်ကြောင်း ဝစ္ဆဝတီနှင့်အတူ လူမိုက်အဖွဲ့ အဖြစ် စိန်ကြာဇိုး၊ အာကာနှင့် သက္ကမောင်တို့ လိုက်ပါကြမည် ဆို၏။

ထူးတော့ထူးသည်။ ထို့ကြောင့် စိုင်းမွန်သာကို တစ်ဖက်လှည့်နှင့် စကားနှိုက်ရလေသည်။

"ဟဲလို... အစ်ကိုမွန်သာ"

"ဟဲလို... စန္ဒာလား၊ အရေးကြီးတယ် မဟုတ်လား ဘယ်ကိုလာခဲ့ရမလဲ ပြော..."

စန္ဒာ ဒက်ခနဲတွေးမိသည်။ သူက ဂျင်ဝိန်းတို့ကို တွေ့ပုံမျိုး တွေ့ရန် ချိန်းမည်ထင်ပုံရသည်။

"အာရှပလာဇာကိုလာခဲ့လေ၊ ဆင်ဝင်ရှေ့ ကုန်းအောက်က သစ်ပင်အောက်မှာ ရပ်ထားတဲ့ မာဇဒါဂျစ်ပေါ်က စောင့်နေမယ်၊ မိနစ်နှစ်ဆယ်အတွင်း ရောက်နိုင်မလား"

"ရောက်နိုင်ပါတယ်"

"ကောင်းပြီနော်"

ဇနောက် ၁၈ မိနစ်အကြာတွင် စိုင်းမွန်သာ၏ မတ်တူးကား ဆိပ်ကမ်းသာလမ်းထဲ ထိုးကွေ့ကာ လမ်းထောင့်နားတွင် ရပ်သည်။ စန္ဒာဒေဝီ သူ့ကားပေါ်မှပြေးဆင်းပြီး စိုင်းမွန်သာ ဘေးရှေ့ခန်းတွင် ဝင်ထိုင်သည်။

"ဘယ်ကိုမောင်းရမလဲ စန္ဒာ"

"ဒီကနေ ပြည်လမ်းကိုထွက်၊ ဖြည်းဖြည်းဆက်မောင်း ကားပေါ်မှာပဲ ပြောမယ်"

"ဩော်... ဒီလိုလား"

ဟု ဆိုကာ ကားကို ဆက်ထွက်လာသည်။

"ဒီလောက် အရေးကြီးတဲ့ကိစ္စကို ဘာ့ကြောင့် အစ်ကို မွန်သာကိုယ်တိုင် လိုက်သွားဖို့ မစီစဉ်တာလဲ"

စန္ဒာဒေဝီက ခပ်တည်တည် ကောက်မေးသည်။

"ဒီလိုရှိပါတယ်၊ ဝတီက သူ့ဆီပ်သွားချင်တယ် ဆိုလို့ပါ။ သူက ခရီးချည်းထွက်နေရတဲ့ တိုးရစ်ဂိုက်အလုပ် လုပ်တဲ့သူ ဆိုတော့ ခရီးထွက်ရမှာ မကြောက်ဘူးတဲ့၊ ပြီးတော့ အရင်

တစ်ခေါက်က သူပဲသွားထားတော့ ခုကိစ္စလဲ သူကိုယ်တိုင် အင်ဒရူးဒေးနဲ့တွေ့ပြီး စကားပြောမယ်ဆိုလို့ လွှတ်လိုက်တာပါ"

"စရိတ်တွေ ဘာတွေရော လုံလောက်ရဲ့လား"

"အစ်ကို သူတို့ကို အလုံအလောက် ပေးလိုက်ပါတယ်၊ ဒီတစ်ခါ အဆိုင်းမင့်ဟာ နယ်စပ်ဘုရားသုံးဆူဂိတ် ရောက်ရင် ပြီးပြီနော်"

"အင်း... ဒါကတော့ ဒီလိုရှိတယ်လေ"

"ဟုတ်ပါပြီ၊ ဟိုရောက်လို့ အင်ဒရူးဆီက မြေပုံအမှတ်(၂) ဆိုတာကို ဂျင်ဝိန်းတို့လက်ထဲအပ်ပြီးရင် အစ်ကိုတို့အဖွဲ့အတွက် ဒီ Phare အထိ ဆောင်ရွက်ခ ဒေါ်လာတစ်သောင်း ရပြီပေါ့၊ ဟုတ်လား၊ ဒီအထဲက စန္ဒာတို့ကို ဝေစုပေးဖို့မလိုဘူး မဟုတ်လား"

"မလိုဘူး... မလိုဘူး၊ အင်ဒရူးကိစ္စက ဟိုလေ..."

"ဟုတ်တယ်၊ သူ့ကို ညှိကြည့်ရမယ်၊ ဒေါ်လာ တစ်သောင်း ဆို လက်ခံမယ့်ပုံပါပဲ၊ ဒီမြေပုံ သူ့လက်ထဲထားတာ ကြာလှပြီ၊ ဒီလောက် နှစ်တွေကြာတာတောင်မှ ဘာမှထူးမလာဘူးဆိုတော့ ဒီလောက်ပေးရင်ကို ရောင်းမှာသေချာတယ်"

"လမ်းမှာ အဖမ်းအဆီး အနှောင့်အယှက် မဖြစ်အောင်တော့ အထူးဂရုစိုက်ရမယ်လေ"

"ဒါအတွက်မပူပါနဲ့၊ ရဲတပ်ဖွဲ့ကလူတွေကို မျက်စိလှည့်ဖို့၊ ခြေရာဖျောက်ဖို့ ပညာတွေကို ဝတီရော သူ့လူတွေရော ကျွမ်းပါတယ်၊ နယ်စပ်ရောက်ရင် ဟိုဘက်က ပေးစရာရှိတာ ပေးဖို့ကိုတော့ စန္ဒာတို့က တာဝန်ယူရမယ်နော်"

"ဒီအတွက် ဘာမှ မပူနဲ့၊ ဒီကိစ္စလိုအပ်ရင် စန္ဒာကိုယ်တိုင် နယ်စပ်မှာရှိနေမယ်လေ၊ ဟုတ်ပြီလား"

"အေးပါ... ဟုတ်ပါပြီ၊ ဒါ့ကြောင့် ဟိုကောင် ဂျင်ဝိန်းတို့က စန္ဒာ့ကို ဆရာမကြီးနေရာမှာ ထားကြတာကိုး၊ စန္ဒာကတော့ အရမ်းတော်တယ်"

"အင်း... ဝတီကရော မတော်ဘူးလား၊ တက်တက်ကြွကြွနဲ့ လုပ်နိုင်တာချည်း မဟုတ်လား"

"သူက တွက်ကြွလွန်းလို့ ခက်နေတာ၊ တစ်ခါတလေ ရမ်းတဲ့ဘက်တောင် ရောက်ရောက်သွားသေး၊ ဟို... မနေ့က ဒင်နာမှာ ဝတီ တော်တော်လွန်သွားတယ်၊ အဲဒါ စန္ဒာ့စိတ်ထဲ ဘယ်လိုမှ မထားပါနဲ့ကွာ"

"မထားပါဘူးရှင့်... ဒါပေမယ့် နည်းနည်းတော့ စိုးရိမ်မိသား"

"ဟုတ်တယ်၊ နည်းနည်းတော့ သတိထားပေါ့၊ ဝတီက တစ်ခါတလေ ကြွေတစ်လက် ကြက်တစ်ခုန်နဲ့ စန္ဒာ့ကို နိုင်သွားတာလေးတွေ ရှိခဲ့ဖူးလို့ သတိပေးရတာပါ"

"ဒီပွဲကိုတော့ စန္ဒာက ပေးနိုင်လို့မဖြစ်ဘူးလေ"

စိုင်းမွန်သာက ကားမောင်းရာမှ ဘေးက စန္ဒာဒေဝီကို လှည့်ကြည့်မိသည်။ စန္ဒာ ဤမျှ အသံမာမာ ပြတ်ပြတ်သားသား ပြောသံမျိုး မကြားဘူး၍ဖြစ်သည်။

မာနေသည့် စန္ဒာ့မျက်နှာကလေးသည်လှ၏။ ဘေးတိုက် ပုံရိပ်ကလေးသည် ပန်းပုအကျော်အမော်၊ ထုဆစ်ထားသည့် နတ်မိမယ်၏ရုပ်ကဲ့သို့ အချိုးကျ လှပပြေပြစ်၏။

စိုင်းမွန်သာ စန္ဒာ့ကို အနီးကပ်မြင်ရတိုင်း စန္ဒာ့အလှ တွင်ရစ်မူးခဲ့ရသည်။ ယခုလိုဘေးချင်းကပ်၍ တူယှဉ်တွဲ ထိုင်နေရတော့ ကိုယ်သင်း ရနံ့ကလေးကိုပါ ရှူရှိုက်ရ၍ စိုင်းမွန်သာ စိတ်တော့

ဖောက်ချင်လာသည်။ သူ စန္ဒာနှင့်တွေ့တိုင်း ဖြစ်ပေါ်လာသည့် ချစ်စိတ်ရိုင်းများကို ထိန်းခဲ့ရတာကြာပြီ၊ အလွန်ကြာခဲ့ပြီ။

မျှော်လင့်ချက် မှိန်မှိန်ကလေးနှင့် စန္ဒာကို သူဆက်ဆံခဲ့သည်မှာ ကြာပြီ။ ယခုတော့ ဒေါင်းနွယ်စကြာနှင့် စေ့စပ်ကြောင်းလမ်းပြီးပြီဖြစ်၍ သူ့မျှော်လင့်ချက်ကုန်လေပြီ။

"ကံကောင်းထောက်မလို့ ဝစ္ဆဝတီဆိုသော မိန်းမကြမ်းကလေး ရမ်းလုပ်လိုက်၍ ဒေါင်းနွယ်စကြာ သူ့လက်ထပ်ပါသွားရင် သိပ်ကောင်းမှာပဲ၊ ဒါဆို ဒီသူ့ဘေးက ဒေဝီတစ်ပါးကို သူ တစ်အားစိုက်ပြီး ပိုး၍ရပေတော့မှာပဲ"

ဟု အရေးကြီးသော အလုပ်ကိစ္စ လာရောက်ဆွေးနွေးသူကို စိုင်းမွန်သာ သူ့ကိုယ်ရေး ကိုယ်တာ အရေးကြီးသောအချက်ကို တွေးနေလိုက်သေး၏။

အခန်း (၁၁)

အချစ်ကြီးသူတို့၏ ပြိုင်ပွဲ

စန္ဒာဒေဝီ၏ သတင်းပို့ချက်အရ ယူအက်စ်မှ မာရီယာလင်းတို့အဖွဲ့သည် အင်ဒရူးဒေးကို ဆက်သွယ်ခိုင်းပြီး မြေပုံအမှတ်(၂)ကို ကျပ်ငွေ(၁၀)သိန်း သို့မဟုတ် ဒေါ်လာတစ်ထောင်နှင့် ပေး၍ ဝယ်ယူရန်စီစဉ်ကြောင်း သိရသည်။ ညှိ၍ အဆင်မပြေလျှင်လည်း အဆင်ပြေအောင် တိုးပြီးပေးနိုင်ကြောင်း ပါသေး၏။

သူတို့ကို ဂယ်ပေါက်ဖွင့်ပေးပြီး စောင့်ဖမ်းသည့်နည်းကို သုံးရန် ဆုံးဖြတ်ကြသည်။ သို့မဟုတ်ပါက လွတ်သွားနိုင်သည်။

ဤနေရာ၌ စန္ဒာဒေဝီ၏ အခန်းကဏ္ဍသည် အလွန်အရေးပါ၏။

အကယ်၍ မာရီယာလင်းကိုယ်တိုင် ဘုရားသုံးဆူနယ်စပ်က စောင့်ယူလျှင် ဝိုင်းဝန်းပိတ်ဆို့ပြီး နယ်စပ်ကိုမကျော်မီ ဖမ်းမိအောင် လုပ်ရမည်။

စန္ဒာဒေဝီက ဘုရားသုံးဆူ နယ်စပ်ဂိတ်ကို ဦးအောင်အရောက်သွားမည်။ လေ့လာမည်။ အကယ်၍ ဟိုဘက်က

မာရီယာလင်းကိုယ်တိုင် မလာခဲ့သော် စန္ဒာဒေဝီက မာရီယာလင်း ဟန်ဆောင်၍ မြေပုံအမှတ်(၂)ကို လက်ခံရယူမည်။

ဤအစီအစဉ်အရ လုပ်ရန်ဆုံးဖြတ်ပြီးသည်နှင့် စန္ဒာဒေဝီ မော်လမြိုင်မြို့သို့ လေယာဉ်နှင့် လိုက်သွားသည်။ သူ့အနီးကပ် လုံခြုံရေးတာဝန်ကို ဒေါင်းနွယ်စကြာကိုယ်တိုင် တာဝန်ယူရန် လိုက်ပါသွား၏။

"ဒီဘက်ကိုလာပါ ရဲအုပ်ဒေါ်စန္ဒာဒေဝီခင်ဗျာ"

လေယာဉ်ကွင်းပြင် စောင့်ကြိုနေသည့် ရဲအုပ်ခင်မောင်အေးက လမ်းပြ ခေါ်ဆောင်သွားသည်။ အဆင်သင့်စောင့်နေသော မှန်အမည်းစတစ်ကာ ကပ်ထားသည်။ ပရာဒိုတစ်စီးပေါ်သို့ သူတို့နှစ်ယောက်ကို တင်ပေးလိုက်သည်။ နောက်ခန်းသို့ ဝင်ထိုင်ပြီးသော် ဒုရဲအုပ်ခင်မေန္ဒာ့ဆိုသူက နောက်ခန်းတွင် လိုက်ပါဝင်ထိုင်၍ တံခါးပိတ်လိုက်သည်။ ရဲအုပ်ခင်မောင်အေးက ရှေ့ခန်းဒရိုင်ဘာဘေးတွင် ထိုင်လိုက်ခဲ့သည်။

ပရာဒို အပြာရောင်ကြီး တရိပ်ရိပ် ပြေးနေသည်။ သံဖြူဇရပ်မြို့ဆီသို့။

နောက်တစ်နာရီကြာသော် သံဖြူဇရပ်ရဲစခန်းသို့ ရောက်ကြသည်။ ဘုရားသုံးဆူသို့ ဆဲလ်ဖုန်းနှင့်ဆက်၍ မှာစရာရှိတာမှာပြီး ဆက်လက်ထွက်ခွာခဲ့ကြသည်။

သူတို့ထွက်ခွာသွားပြီး လေးနာရီခန့်ကြာမှ ဝစ္ဆဝတီတို့ ရန်ကုန်မှ မြိုင်ကလေးလမ်းကိုပတ်ပြီး တိုက်ရိုက်မောင်းလာသော ပါဂျီရိုးသည် သံဖြူဇရပ်မြို့သို့ ဝင်လာသည်။ သူတို့သည် အောင်မင်္ဂလာရပ်မှ ဦးကွန်ဘလိုင်အိမ်သို့ဝင်သည်။ စစ်သင်္ချိုင်းက ဦးအင်ဒရူးဒေးနှင့် ဆက်သွယ်သည်။

ယခုတစ်ကြိမ်တွင်မူ အစောင့်တွေ ရဲတွေမရှိ။ ရှောရှော ရှုံ့ရှုံ့ ဆက်သွယ်၍ရသည်။ ဦးအင်ဒရူးဒေးနှင့် အပေးအယူ လုပ်ရာတွင် သူ့ဇနီး သားသမီးများက ဝိုင်းဝန်း ဝိုက်တွန်းကြ၍ အဆင်ပြေသွားသည်။

ဦးအင်ဒရူးဒေးကိုယ်တိုင် သူ့သားကြီး အင်းဒိနှင့်အတူ ဘုရားသုံးဆူအထိ လိုက်၍ အပေးအယူလုပ်ရန် သဘောတူကြသည်။ ထို့ကြောင့် ဝစ္ဆဝတီတို့၏ ပါဂျီရိုးကားကြီးနှင့်ပင် အင်ဒရူးတို့ သားအဖကို ခေါ်သွားခဲ့လေ၏။

ဘုရားသုံးဆူဂိတ်သို့ မှောင်ရီပျိုးသောအချိန်တွင် ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့စီးလာသည့် ပရာဒိုကားပြာကြီး ဆိုက်ရောက်သည်။ ဆောင်းတွင်းကာလမို့ နေ့တာတိုပြီး ညနေ ၆ နာရီ ကျော်သည်နှင့် အမှောင်ထုကဖုံးလေပြီ။

ရဲအုပ်ခင်မောင်အေးနှင့် ဒုရဲအုပ်ခင်မေန္ဒာတို့ ကားပေါ်မှ ဆင်း၍ ဂိတ်မှတာဝန်ကျသူများကို ရှင်းပြသည်။ ဖုန်းကြိုတင် ဆက်ထား၍ သူတို့က ထိုင်းနိုင်ငံဘက်ကူးသော ယာယီ လက်မှတ်များ ထုတ်ပေးသည်။ ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့ကို မိတ်ဆက်ပေးရန်ပြော၍ သူတို့နှစ်ယောက် ကားပေါ်မှ ဆင်းကြရသည်။

"ဒေါ်စန္ဒာဒေဝီ ဆိုတာ"

"ဟုတ်ပါတယ်... ကျွန်မပါ"

စန္ဒာက လက်ကမ်းပေးသည့် ဂိတ်မှူးကြီးကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"အီး... အရမ်းလှတာပဲ၊ နှတ်ပြည်က ကျလာသလား အောက်မေ့မိတယ်၊ ဟီး...ဟီး"

ဟု သွားဖြေ၍ ချီးမွမ်းနေသေး၏။ ခရမ်းရောင် ပိုးဖဲအင်္ကျီ ပေါ်တွင် အနက်ရောင်ကုတ်အင်္ကျီ ဝတ်ထားသည်။ လဗိုက်စ်ပိုး ဂျင်းဘောင်းဘီ ပွပွကလေးနှင့် ကြွကြွကလေး ကြည့်လှနေသည်။

ဂိတ်တွင် တာဝန်ကျ လက်နက်ကိုင်အချို့လည်း ရှပ်ရှင် မင်းသမီး ရှပ်ရှင် လာရိုက်သည်အထင်နှင့် ဝိုင်းအုံကြည့်ရှုနေ ကြသည်။

"ကျွန်တော်က ဒေါက်တာဒေါင်းပါ"

ဒေါင်းနွယ်စကြာက ဂိတ်မှူးကို လက်ကမ်းပေး၍ မိတ်ဆက် လိုက်သည်။ သူက လက်ကိုပြန်ဆုပ်ရင်း-

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ ဒေါင်းနွယ်စကြာ ရေ။ လူပုံကလည်း ဥဒေါင်းမင်းကျနေတာပဲ၊ ထွားထွားကြွကြွ ကြီးကိုးကွ"

ဟု ဆိုလိုက်ပြီး ပခုံးကို ဖျန်းခနဲပုတ်လိုက်သေး။

ဒေါက်တာဒေါင်းကလည်း လက်မောင်းကို ပုန်းခနဲ ပြန်ပုတ်၍ "ခင်ဗျားကိုတော့ ခင်သွားပြီ"ဟု ဆိုလေ၏။ ဒေါင်းနွယ်စကြာ သည် ဂျင်းဂျက်ကက် အပြာရောင် ဂျင်းဘောင်းဘီရှည်နှင့်ဆိုတော့ သူ့အရပ် ခြောက်ပေလောက် မြင့်မြင့်နှင့် အလွန်ကြည့်ကောင်း နေတော့သည်။

လက်နက်ကိုင်အချို့လည်း ရှပ်ရှင်မင်းသား၊ မင်းသမီးတွေ ရှပ်ရှင်လာရိုက်သလားဟု ထင်ဟန်တူသည်။ အနီးကပ် လာကြည့် ကြသည်။

သူကိုကားကို ဟိုင်းလက်စ်ဆာဖ်ကားတစ်စီးက ရှေ့မီးကြီး ထိုး၍ လမ်းပြခေါ်ဆောင်သွားပြီး အနီးရှိ နှစ်ထပ်တိုက်တစ်တိုက် တွင် နေရာချလေသည်။

ဓာတ်တိုင်မရှိ၍ အပြင်တွင်မှောင်နေ၏။

ဒေါင်းနွယ်စကြာ၊ စန္ဒာဒေဝီ၊ ရဲအုပ်ခင်မောင်အေးနှင့် ဒုရဲအုပ်ခင်မေန္ဒနှင့်တို့ ကားပေါ်မှဆင်းပြီး ပေနှစ်ဆယ်ခန့် ခြံဝင်းကို ဖြတ်ကာ တိုက်အောက်ထပ်ကို ဝင်ကြသည်။

ထိုစဉ် မျက်စောင်းထိုးတိုက်၏ အပေါ်ထပ် ပြတင်းပေါက်မှ အမှောင်ထဲတွင် လူသုံးယောက် ရပ်နေကြသည်။

သူတို့သည် ခေတ်လွန် ညကြည့် အဝေးကြည့်မှန်ပြောင်း ဘိုင်နိုကူလာနှင့် ကြည့်နေကြသည်။ စန္ဒာဒေဝီတို့ ကားပေါ်က ဆင်း၍ ဟိုလှည့်ဒီလှည့်ကြည့်ကြ၊ ရပ်စကားပြောကြလုပ်နေပြီး အထဲဝင်သွားသည်အထိ အစအဆုံး ကြည့်ခဲ့ကြသည်။

"မှတ်ထား၊ အရပ်ရှည်ရှည် ဂျင်းဂျက်ကက်နဲ့ဟာ ဒေါင်းပဲ၊ ငါပြောပြောနေတဲ့ ဒေါင်းနွယ်စကြာပဲ"

အမျိုးသမီးက အင်္ဂလိပ်စကားကို အမေရိကန် လေယူ လေသိမ်းနှင့် ပြောသည်။

"မိုက်တယ်ကွ... ဒီကောင်မဆိုးဘူး"

ဟု အမျိုးသားတစ်ယောက်က ဖြေသည်။

"ဟို ကျန်တဲ့ရဲအရာရှိတွေကရော ဘယ်သူတွေလဲ ဂျင်ဝိန်း"

"ဆရာမ... အမျိုးသမီးတစ်ယောက်ဟာ ရုံးချုပ်ကလာတဲ့ ရဲအုပ်စန္ဒာဒေဝီလို့ သိရတယ်၊ နောက်အမျိုးသမီးက မော်လမြိုင်က ဒုရဲအုပ်ခင်မေန္ဒ၊ အမျိုးသားက ရဲအုပ်ခင်မောင်အေးတဲ့"

"ဒါနဲ့ ဝစ္ဆဝတီတို့အဖွဲ့ ဘယ်အချိန် ရောက်မယ်တဲ့လဲ"

"ည ဆယ်နှစ်နာရီခွဲနဲ့ မနက်တစ်နာရီခွဲကြား ရောက် မယ်လို့ ခန့်မှန်းတယ်"

"မစ္စတာအင်ဒရူးဒေးရော ပါတယ်တဲ့လား"

"သူနဲ့ သူ့သားအကြီးကောင် လိုက်ပါလာတယ်လို့ ဆဲလ်ဖုန်းနဲ့ ပြောတယ်"

"ကောင်းပြီ၊ မြေပုံအမှတ်(၂)ကို အပ်ပြီးရင် အဲဒီသားအဖ နှစ်ယောက်စလုံးကို ရှင်းပစ်ရမယ်နော်၊ မှတ်မိလား"

"မှတ်မိပါတယ် ဆရာမ၊ စိတ်ချပါ၊ ပြီးရင် ဒီဘက်မှာ သူတို့အလောင်းကို ဘယ်လို ဖျောက်ရမယ်ဆိုတာလဲ စီစဉ်ပြီးသားပါ"

"ကောင်းတယ်၊ ပိုင်အောင်လုပ်၊ မင်းတို့တာဝန်ကျေမှ ငါလည်း အဘိုးအတွက် တာဝန်ကျေကျေ ကလဲ့စားချေပြီးဖြစ်မှာ၊ ဒါနဲ့ ဝစ္ဆဝတီကိုမှာတဲ့အတိုင်း ဖုန်းနဲ့ညှိပြီးပြီလား"

"ညှိပြီးပါပြီ၊ သူတို့ကို ငွေသားတစ်သောင်း နယ်စပ်ကို ယူလာပြီး မပေးနိုင်ဘူး၊ ငွေသားလိုချင်ရင် ဘန်ကောက်လိုက်ခဲ့၊ ချက် သို့မဟုတ် ဟွန်ဒီစာရွက်လိုချင်ရင် နယ်စပ်မှာပဲ ပေးမယ်လို့ ပြောလိုက်ပါတယ်"

"သူက ဘာပြန်ပြောလဲ"

"စောစောကပဲ ဝဲဂလောင်းရွာအလွန်ကနေ ပြန်ကြားတယ်၊ ငွေသားပဲလိုချင်တယ်၊ သူ့အနေနဲ့ ဖုကက်ကျွန်းကို အပန်းဖြေခရီးဆက်ထွက်ဖို့ရှိတယ်၊ ဖြစ်နိုင်ရင် အဲဒီမှာ ထပ်တွေ့ပြီးမှ ငွေသားပေးပါတဲ့၊ အသေးစိတ်ကို အခု ဒီနေရာမှာ လူချင်းတွေ့တုန်းညှိကြတာပေါ့တဲ့"

"ကောင်းသားပဲ... တို့လည်း ကိစ္စပြီးရင် ဘန်ကောက် တိုက်ရိုက်သွားမယ့်အစား ဖူးခတ်ကို သွားလိုက်တော့ ခြေရာဖျောက်သင့်ပိုလည်း ဖြစ်တာပေါ့"

သူတို့အုပ်စု ဤသို့ပြောနေချိန်ဝယ် စန္ဒာဒေဝီတို့အုပ်စုလည်း ခေါင်းချင်းဆိုင် ဆွေးနွေးလျက်ရှိသည်။

"ဝစ္ဆဝတီတို့ကား အခု ဘယ်ကိုရောက်နေပြီတဲ့လဲ"

ဟု စန္ဒာဒေဝီက ဆဲလ်ဖုန်းဖြင့် ပထမဆက်၍မေးသည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်ကပဲ ဝဲဂလောင်းရွာကို ကျော်လာကြပြီ"

"ထူးခြားချက် ဘာတွေ့သေးလဲ ကိုမျိုးဟိန်း"

"ဘာမှမထူးခြားသေးဘူး၊ ပုံမှန်ဆက်သွားနေပါတယ်"

"ဒါဖြင့် ဒါပဲနော် ကိုမျိုးဟိန်း၊ ဒါပဲ ဒါပဲ"

စန္ဒာဒေဝီ ဖုန်းကိုပိတ်ပြီးပြောပြသည်။

"သံကြိုးရေပစ်စခန်းမှူးက ကျွန်မတို့နဲ့ အပတ်စဉ်တူပေါ့၊ အခု သူတို့ ကုန်ကားကြီးနဲ့ ပါဂျိုရိုးကို နောက်ယောင်ခံလိုက်နေပါတယ်၊ ဘာမှမထူးခြားသေးပါဘူး"

ဟု ပြောသည်။ ရဲအုပ်ခင်မောင်အေးက–

"ဒီနွန်းနဲ့ဆို သူတို့ သန်းခေါင်ကျော် မနက်တစ်နာရီ ဝန်းကျင်မှာ ဘုရားသုံးဆူဂိတ်ကို ဝင်လိမ့်မယ်"

"ဒါဆို ကျွန်မတို့ အချိန်အတော်ရပါသေးတယ်၊ ခဏနား ရေမိုးချိုးပြီးမှ ညစာစားကြတာပေါ့"

ဟု စန္ဒာဒေဝီက ပြောသည်။

"ဟုတ်တယ်၊ နားပြီး ဝအောင်စားထားမှနော်၊ ရှေ့ဆက် ဒီတစ်ညလုံး ဘယ်လိုစခန်းသွားပြီး ဘာတွေဖြစ်လာမယ်ဆိုတာ မသိရသေးဘူး၊ အားတွေဖြည့်ထားကြမှ တော်ကာကျမယ်"

ဒေါင်းနွယ်စကြာက ဤသို့ပြောပြီး လူစုခွဲကြသည်။ အမျိုးသမီးနှစ်ယောက်က အပေါ်ထပ်တက်သွား၍ အမျိုးသားနှစ်ယောက်က အောက်မှာနေရစ်သည်။

ညကား မှောင်မည်းနေသည်။ ဆောင်းလေကြမ်းကြောင့် အေးစိမ့်နေသည်။ တော်ရုံတန်ရုံကိစ္စနှင့် မည်သူမျှ အိမ်ပြင် မထွက်ချင်ကြ။

သို့သော် အရေးကြီးသော ကိစ္စရှိသူများပီပီ အချိန်ကိုက်၍ ထွက်ကို ထွက်ကြရသည်။

ဘုရားသုံးဆူ နယ်စပ်ဂိတ်တွင် မီးရောင်များ ထိန်နေ၏။ ယခုလို သန်းခေါင်ကျော်ညကြီးတွင် ဂိတ်မှူးနှင့် တာဝန်ကျသူများ လှုပ်လှုပ်ရှားရှား အသင့်အနေအထားတွင် ရှိနေကြ၏။

ထိုင်းဘက်က နယ်ခြားစောင့်တပ်၊ ပုလိပ်နှင့် တာဝန်ရှိသူများလည်း ရှိနေ၏။ မြန်မာပြည်ဘက်မှ နယ်ခြားစောင့်တပ်၊ မြန်မာ့ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် မွန်ပြည်နယ်မှ လက်နက်ကိုင်အဖွဲ့များလည်း ရှိကြသည်။

ထိုင်းဘက်ရှိ နှစ်ဖာလုံခန့်ဆီမှ မာစီးဒီးဝက်ဂွန်ကား တစ်စီး တစ်လိမ့်လိမ့်ထွက်ခွာလာသည်။ သူ့နောက် ခပ်လှမ်းလှမ်းမှ ပရာဒိုကားပြာကြီးတစ်စီး ဖြည်းဖြည်းချင်းမောင်း၍ လိုက်ပါလာသည်။ ကားထဲတွင် စန္ဒာဒေဝီက ပြော၏။

"အစ်ကိုစကြာ၊ ဟိုအဖွဲ့မှာ မာရီယာလင်းကိုယ်တိုင် ပါလာတယ်လို့ စောစောက သတင်းပို့လာတယ်နော်"

"သိတယ်... သိတယ်"

"အစ်ကိုစကြာကို သူမြင်သွားရင် ကောင်းပါ့မလား"

"အင်း... အစီအစဉ်တွေ ရှုပ်ကုန်နိုင်တယ်၊ ပြီးတော့ မာရီယာလင်းကို ဝစ္ဆဝုတိတွေ့သွားရင်လည်း ဒီဘက်က စန္ဒာကိုပါ တွေ့လိုက်ရင် ဇဝေဇဝါဖြစ်ကုန်နိုင်တယ်"

"ဒါဆို အစ်ကိုစကြာရော၊ စန္ဒာပါ ကားပေါ်ကမဆင်းဘဲ ချောင်းကြည့်ကြတာပေါ့။ သူတို့နှစ်ဖွဲ့ ဆုံပြီးရင် ဒီနယ်စပ်ဂိတ်ကြီးမှာတော့ ဘာမှလုပ်ဦးမယ် မထင်ပါဘူး။ တစ်နေရာရာမှာ ချိန်းပြီး အပေးအယူ အလဲအလှယ် လုပ်ကြမှာပေါ့နော်၊ စန္ဒာတို့ တွက်ထားတာ မလွဲပါဘူးနော်"

"ဟုတ်မယ်၊ သူတို့အရိပ်အခြေကိုပဲ စောင့်ကြည့်သေးတာပေါ့။ ကိုကိုတို့ရဲ့ ဆဋ္ဌအာရုံတွေ တက်နေတာပဲ၊ ကြိုတင်တွက်ကိန်းမှန်မှာပါ"

သို့ဖြင့် ကားနှစ်စီး နယ်စပ်ဂိတ်အနီးတွင် ကိုယ်စီရပ်သွားကြသည်။ နှစ်စီးစလုံးစီမှ ဆင်းလာသည့်သူမရှိ။ နှစ်စီးစလုံး၏ မှန်များတွင် စတစ်ကာအမည်းများ ကပ်ထား၍ အထဲမှလူများ ဘာလုပ်နေသည်ကို မမြင်နိုင်ကြ။

ဤကား စန္ဒာဒေဝီတို့ကားဘက်မှအထင်။ ဟိုတက် မားစီးဒီး ဝက်ဂွန်ထဲက မာရီယာလင်းကမူ ခေတ်လွန်မှန်ပြောင်းတစ်မျိုးနှင့် ထုတ်ကြည့်ပြန်သည်။ လေဆာရောင်ခြည်သည် ထိုကားမှ အမည်းရောင်ကိုရော၊ ပရာဒိုကားပြာကြီးမှ အမည်း ရောင်တို့ကိုပါ ဖောက်၍ ကားထဲပါသူများကို မြင်တွေ့နေ ကြသည်။

"အင်း... ဒေါင်းလည်း ပါလာတယ်"

ဟု မာရီယာက မှတ်ချက်ပေးသည်။ သူတို့က ခေတ်လွန် ကိရိယာများအသုံးပြု၍ လှုပ်ရှားသည့်အဖွဲ့။

ထိုစဉ် ဒေါင်းနွယ်စကြာက "ဟမ်း"ခနဲ တစ်ချက် သမ်းဝေလိုက်သည်။ သမ်းဝေခြင်းသည် စိတ်ချင်းဆက်နေသည့် အနီးမှလူကို ကူးစက်တတ်သည့် သဘာဝရှိ၏။ စန္ဒာဒေဝီကလည်း "ဟမ်း"ဟု၍ ရှည်လျားစွာ သမ်းဝေလိုက်ပြန်သည်။

မာစီးဒီးဝက်ဂွန်ကားဘက်မှ ပရာဒိုကားဘက်သို့ ခေတ်လွန်လေဆာရောင်ခြည်နှင့် ထိုးဖောက်လာခိုက်မှာပင် ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့၏ မျက်လုံးများမှ လူမမြင်နိုင်သော အလင်းတန်းများ ဖြာထွက်သွားသည်။ သူတို့ခေါင်းများတွင်လည်း စိတ်တန်ခိုးရှင်များသာ မြင်နိုင်တွေ့နိုင်သည့် Aura အောရ ခေါ် ရောင်ခြည်များ လင်းလက်လာ၏။

"စန္ဒာ"

တိုးတိတ်သော အသံဖြင့် ဒေါင်းနွယ်စကြာက ကပ်၍ ခေါ်သည်။

"ဘာလဲ ကိုကို"

"ကိုကို့စိတ်ထဲမှာရော၊ မျက်စိထဲမှာရော မကောင်းတဲ့ အင်္ဂေ့အသက်တွေ ရနေတယ်"

"ဟုတ်တယ် ကိုကို၊ စန္ဒာလည်း လူသတ်မယ့် အင်္ဂေ့အသက်မျိုးအထိ ခံစားရတယ်ရှင့်"

"မာရီယာများ သူ့အဖေအတွက် ကလေးခေါ်ဖို့ လုပ်မလားမသိဘူး"

"ဖြစ်နိုင်တယ်ရှင့်"

"ဒါတင်မကဘူး။ တစ်ခုခု အကောက်ကြေမယ့်ပုံကို အာရုံအမြင်တွေ ရနေတယ် စန္ဒာ"

"ဒါဆို စန္ဒာတို့ အတော့်ကို သတိထားရမှာပေါ့"

သူတို့စိတ်ထဲတွင် စိုးရိမ်ပူပန်စရာတွေ ပွားမျှားလာနေသည်။

ညကား တိတ်ဆိတ်နေ၏။ လူတွေကလည်း သူ့အတွေးနှင့်သူ ငြိမ်သက်နေ၏။ တစ်စုံတစ်ရာ အန္တရာယ်ကျရောက်မည့်

အရိပ်နိမိတ်ကြီးကား ညအမှောင်ကို အရိပ်ခိုချိပ်ပါးမျိုရန် နီးကပ်လာနေပြီ။

"ဝေါ ဝေါ ဝေါ ဝေါ"

အဝေးမှ ကားသံများ ထွက်ပေါ်လာသည်။

နယ်စပ်ဂိတ်ရှိလူများ လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။ ခဏအကြာတွင် အမှောင်ထုကြီးကို မီးထိုး၍မောင်းလာသော ကားတစ်စီးကို လှမ်းမြင်နေရပြီ။ ဟိုနောက်ဘက်ဆီမှလည်း မီးထိုး၍လာနေသော ကားအချို့ပေါ်လာ၏။ ညပိုင်း ကွန်ပျင်းယာဉ်တန်းကြီးလာနေပြီပဲ။

ရှေ့ဆုံးမှ ဝင်လာသောကားသည် ပါဂျီရိုးကား ဖြစ်သည်။

ဂိတ်မှူးသည် ကားနံပါတ်ကိုမြင်သည်နှင့် ကြိုတင်သိပြီးသည့်အလား Pass ပေးလိုက်သည်။ ကားသည် မောင်းတံဖွင့်ထားသော ဂိတ်ပေါက်တစ်ခုမှ ဖြတ်ကျော်ခဲ့ပြီး မလှမ်းမကမ်းရှိ မာစီးဒီးဝက်ဂွန်ကားကြီးနှင့် ယှဉ်၍ရပ်လိုက်သည်။

"ဂွတ်မောနင်း ဝတ္တီ၊ ခုလိုပြန်တွေ့ရတာ အရမ်းဝမ်းသာတာတယ်"

မာစီးဒီးဝက်ဂွန်ပေါ်မှ ဆင်းလာသည့် ရှေ့ဆုံးလူ ဂျင်ဝိန်းက ပါဂျီရိုးပေါ်က သွက်လက်စွာခုန်ဆင်းလာသည့် ဝစ္ဆဝတီကို လက်ဆွဲနှုတ်ဆက်သည်။ သူတို့နှစ်ယောက် ဖက်၍ပင် နှုတ်ဆက်လိုက်ကြသေး။ ထို့နောက် မာစီးဒီးဘက်မှ လူနှစ်ယောက် ထပ်မံဆင်းလာသလို ပါဂျီရိုးဘက်က လူငါးယောက် ထပ်ဆင်းလာကြသည်။

"ဘယ်ဟာ မစ္စတာအင်ဒရူးပါလဲ"

လွင်သော အမျိုးသမီးအသံနှင့်အတူ မာရီယာလင်းက ရှေ့တိုးရပ်သည်။

"ဩော်...ဟော်၊ ဆရာမကြီးလည်း ရောက်နေမှကိုး"

ဟု ဝစ္ဆဝတီက အင်္ဂလိပ်လို သွက်လက်စွာ ပြောလိုက်သည်။

"ဒီလိုပဲပေါ့၊ အရေးကြီးတယ်လေ၊ မြေပုံအမှတ်(၂) ဟုတ် မဟုတ် ကြည့်တတ်သူက ကိုယ်တိုင်လာရမှာပေါ့"

ဟု မာရီယာက ပြန်ပြောလိုက်သည်။ ဆက်လက်၍-

"မစ္စတာအင်ဒရူးနဲ့ မိတ်ဆက်ပေးဦးလေ"

ဟု ပြောလိုက်၏။

ဝစ္ဆဝတီက နောက်နားတွင် တွန့်ဆုတ်ဆုတ် ရပ်နေသည့် အသက်(၅၀)ခန့် လူကြီးကို ပခုံးမှဆွဲ၍ ခေါ်လာသည်။

"အဲ...သူပဲ မစ္စတာအင်ဒရူးဆိုတာ"

ဟု မိတ်ဆက်သည်။

"အင်ဒရူးဆီမှာ မြေပုံပါခဲ့သလား"

"ပါ...ပါတယ်"

"ကောင်းပါပြီ၊ ဒီနေရာမှာ အပေးအယူလုပ်ဖို့ မကောင်းဘူး ဟိုနားကတည်းခိုရိပ်သာကို သွားကြစို့၊ လိုက်ခဲ့ပါ ဝစ္ဆဝတီ"

"လိုက်ခဲ့မယ်၊ ရှေ့ကသွား"

ထို့နောက် ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြသည်။ စောစောက မာရီယာတို့တည်းခိုခဲ့သော နှစ်ထပ်တိုက်သို့ သွားခြင်းဖြစ်သည်။ တိုက်ရှေ့တွင် ကားနှစ်စီးရပ်ပြီး လူများဆင်း၍ ဝင်ကြပြီ။

ပရာဒိုသည်လည်း ထိုတိုက်နှင့် အနီးဆုံးနေရာတွင် လာရပ်သည်။ ကားပေါ်မှ ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့ အသာဆင်းလိုက်ကြသည်။ မာရီယာတို့အုပ်စုဝင်သွားသည်နှင့် တိုက်အနားသို့ ခြေသံလုံလုံနှင့် ကပ်သွားကြသည်။

တိုက်အောက်ထပ်တွင် မီးများလင်းထိန်နေ၏။

မာရီယာနှင့် မစ္စတာအင်ဒရူးတို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။ အင်ဒရူးနောက်က သူ့သားအင်းဒီ။ အင်းဒီ ဘေးနှစ်ဖက်နှင့် နောက်မှာက စိန်ကြာဒိုး၊ သက္ကမောင်နှင့် အာကာ။ မာရီယာ၏ဘေး နောက်တစ်လှမ်းကွာမှာတော့ ဂျင်ပိန်းနှင့် ဂျင်ပိန်း။ သူတို့လက်ထဲတွင် ဆိုင်လင့်ဆာတပ် အမျိုးအမည် မသိနိုင်သော ခေတ်လွန်သေနတ်များ ပေါ်တင်ကြီး ကိုင်ထားလျက်။

ဝစ္ဆဝတီကမူ နံရံကပ်ဆိုဖာကြီးတစ်လုံးတွင် သက်သောင့်သက်သာကလေး ထိုင်ပြီး သူ့ရှေ့ကမြင်ကွင်းကို အေးအေးလူလူ ကြည့်နေသည်။

"မစ္စတာအင်ဒရူး၊ ရှင့်ဆီမှာရှိတဲ့ မြေပုံအမှတ်(၂)ကို ထုတ်ပြပါတော့လား"

မာရီယာလင်းက အလုပ်ကို စတင်လေသည်။

"ဘယ်လောက်ပေးမယ်လို့ ပြောထားလဲ အမျိုးသမီး"

"ဒေါ်လာတစ်ထောင်၊ ရှင်တို့မြန်မာကျပ်ငွေနဲ့ဆို ၁၀ သိန်းရှိတယ်"

"ဆယ်သိန်းဆိုတာ ကျုပ်တို့အခုအခြေအနေအရ မနည်းပါဘူး၊ ဒါပေမယ့် ကျုပ်အဖေ ထိန်းသိမ်းခဲ့ရတဲ့နှစ်တွေ၊ စိတ်ကူးယဉ်ခဲ့ရတဲ့ အချိန်တွေနဲ့တွက်ရင် နည်းနေသလားလို့"

"ကောင်းပြီ၊ ရော့ပတ္တမြား ရော့နဂါးဆိုတဲ့ ခုလိုအချိန်မှာ မြေပုံကိုသာထုတ်ပြ၊ ပြီးရင် ကြေးခေါ်စမ်း"

အင်ဒရူးက သူ့သားကို နောက်လှည့်ပြီး "ထုတ်တော့ အင်းဒီ" ဟု ဆိုလိုက်ရာ သူ့သားက ဂျာကင်အောက်ရှိ အကျီအိတ်ထဲမှ ပိုးပဝါတစ်ထည် ထုတ်လိုက်ပြီး သူ့ဖခင် လက်ထဲပေးလိုက်သည်။

"ဒီမှာကြည့်"ဟု ဆိုကာ အင်ဒရူးက ပဝါကို တွဲလောင်းချ ဖြန့်ပြလိုက်သည်။

မာရီယာ အနီးကပ်ကြည့်သည်။ ဟုတ်ပေသည်။ သူ့ဘိုးဘိုးဒိုင်ယာရီအရ ဤအတိုင်းဟုတ်သည်။

"ကိုင်း...ဘယ်လောက်လိုချင်သလဲ"

"ဒေါ်လာငါးထောင်"

"ဂျင်ပိန်း Cash down ငါးထောင် ထုတ်ပေးလိုက်"

ဂျင်ပိန်းက စာအိတ်တစ်အိတ်ကို သူ့ဆရာမလက်ထဲ ထည့်ပေးလိုက်ရာ မာရီယာက စာအိတ်ကို မစ္စတာအင်ဒရူးကို ကမ်းပေးလိုက်သည်။ အင်ဒရူးက ကျန်လက်တစ်ဖက်နှင့် လှမ်းအယူ မာရီယာက လှစ်ဆို မြေပုံပိုးပုဝါကို ဆွဲယူလိုက်၏။

မာရီယာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ မြေပုံပဝါကို တွဲလောင်းဖြန့်၍ သေချာထပ်ကြည့်သည်။

"ဟုတ်တယ်၊ အဲဒါ ဟုတ်တယ်"

"ဟုတ်ရင် မလှုပ်ကြနဲ့၊ နေရာအတိုင်း ငြိမ်ငြိမ်နေကြ"

အေကေ၊ အမ်ဆစ်တင်း စသော မောင်းပြန်ပြောင်းရှည် သေနတ်များ ကိုင်ဆောင်ထားသည့် လူတစ်စု အပေါ်ထပ် လှေကားဝဲယာမှ ပြေးဆင်းလာကြသည်။ စောစောက မာရီယာတို့ ထွက်သွားစဉ် နေရာလာယူထားဟန်တူ၏။

အပေါက်မှန်သမျှကို ပိတ်၍ အခန်းအလယ်တွင် ရပ်နေသည့် မာရီယာတို့အုပ်စုကို ဝိုင်းထားလိုက်ကြသည်။

"ဒါက ဘာသဘောလဲ"

မာရီယာက မေးလိုက်သည်။

ရှေ့တိုးလာသည့် လူတစ်ယောက်က ဖြေ၏။

"အဲဒီမြေပုံရယ်၊ အမျိုးသမီးဆီမှာရှိတဲ့ မြေပုံရယ် နှစ်ခု စလုံးကို သိမ်းယူဖို့ပဲပေါ့"

"ဟင်း...ဟင်း၊ ဒါလောက်တော့ စဉ်းစားထားပြီးသား။ ငါ့ဆီက မြေပုံမပြောနဲ့၊ မြေပုံနဲ့ တူတဲ့အရာတောင် ယူမလာဘူးမှတ်၊ ငါသေသွားလည်း မင်းတို့ မရတော့ဘူးမှတ်"

"ဟား ဟား... အမျိုးသမီး ဘယ်လောက်ခေါင်းမာနိုင်သလဲဆိုတာ ကြည့်သေးတာပေါ့။ မင်းကို ပြန်ပေးဆွဲမယ်၊ စစ်မယ်၊ မင်းနဲ့ ဆိုင်တဲ့လူရှိရင် မင်းကို ဓားစာခံလုပ်ပြီး ခြိမ်းခြောက်ညှစ်ယူမယ်၊ ဒါမျိုးလုပ်ရတာ မခက်ပါဘူး"

"လွယ်မယ်ရော ထင်သလား...ယိ"

မာရီယာက ရိပ်ခနဲ့ မစ္စတာအင်ဒရူးကို ပူးလိုက်သည်။ ထိုအချိန်တွင် ဂျင်ပိန်းက ဒူးထောက်၍ လှည့်ပစ်လိုက်သည်။ သူ့လက်ထဲမှ လက်နက်သည် "ဖွဲ့"ဟူ၍ တိုးတိတ်လွန်းသော အသံကလေးနှင့်အတူ စိမ်းပြာရောင်မီးကလေး ပွင့်သွားသည်။

"ဖုံ...ဖုံ"

ဟူသော အသံခပ်တိုးတိုးထွက်လာပြီး လှေကား နှစ်ဖက်ထိပ်တွင် မီးခိုးလုံးဖြူဖြူများ ထပေါက်သည်။

"Stun bomb ပဲဟေ့"

ဟု အောက်ထပ်ရှိ ရေချိုးခန်းဘက်တွင် ပုန်းကွယ်နေသည့် ရဲအုပ်ခင်မောင်အေးက ပြောလိုက်သည်။ ထွက်လာသော အင်ဂျေ့အရှိန်က သူတို့ဘက်ကို ရောက်မလာ။ သူက ဒုရဲအုပ်ခင်မေန့်ကို လက်တို့ကာ ရိပ်ခနဲ့ ပြေးထွက်သွားသည်။

အပြင်ခန်းမ၌ လက်နက်ကိုင်အားလုံး ကြောင်၍ အန်း၍ အံ့အားသင့် ငြိမ်သက်နေစဉ် နှာခေါင်း၌ အဆိုစိုထားသည့်

မာရီယာလင်း၊ ဂျင်ပိန်းနှင့် ဂျင်ပိန်းတို့က ရှေ့ပေါက်မှပြေးထွက်သွားကြသည်။

ဤသို့ ပြေးအထွက်တွင် မစ္စတာအင်ဒရူးနှင့် သူ့သားတို့ကို ဂျင်ပိန်းက ဆိုင်လင့်ဆာတပ် သေနတ်နှင့် နှစ်ချက်ပစ်ခတ်သွားရာ နဖူးများမှာ အပေါက်ကလေးကိုယ်စီနှင့် ဗိုင်းခနဲလဲကျသွားကြသည်။ သူတို့ဦးနှောက်များ နောက်ဘက်ကပွင့်ထွက်၍ သွေးများ အိုင်ထွန်းနေသည်။

ရဲအုပ်ခင်မောင်အေးက လက်မနှေးပါ။ ပြေးထွက်သွားသည့် ဂျင်ပိန်းတို့ကို လှမ်းပစ်ရင်း ပြေးလိုက်သွား၏။ သူ့နောက်က ဒုရဲအုပ်ခင်မေန့် ကပ်ပါသွားသည်။

သူတို့လည်း အပြင်ရောက် အခန်းထဲမှာလည်း တဖိုင်းဖိုင်းနှင့် သေနတ်သံများ ဆူညံစွာထွက်လာသည်။ စောစောက လူများ သတိဝင်လာပြီး ရမ်းသမ်းပစ်ကြခြင်းဖြစ်သည်။

လှစ်ခနဲ အခန်းပြင်သို့ ရှေ့ဆုံးမှ ပြေးထွက်လာသော မာရီယာလင်း၏ ဇက်ပိုးသို့ ဒုတ်ခနဲ ပြင်းလှသည့်လက်ဝါးစောင်းရိုက်ချက်မိသွားသည်။

"အု"

ဟူ၍ အသံတိုးတိုးသာ ထွက်နိုင်ပြီး မာရီယာ ခွေအကျ ဒေါင်းနွယ်စကြာက ဆီးပွေ့ပြီး လက်ထဲမှမြေပုံ ပိုးပဝါကို ဆတ်ခနဲ ယူကာ နောက်နားက စန္ဒာဒေဝီထံ ပစ်ပေးလိုက်သည်။ စန္ဒာဒေဝီက ဖမ်းယူပြီး ကုတ်အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်သည်။

ဂျင်ပိန်းနှင့် ဂျင်ပိန်းက ဒေါင်းနွယ်စကြာကို ထိုးပစ်ရန် ချိန်ထားသည်။ ဒေါင်းနွယ်စကြာက–

"ပစ်ရဲရင် ပစ်လိုက်လေ၊ မင်းတို့ဆရာမ သေသွားမှာပေါ့"

ဟု မာရီယာကို ခားစာခံ လုပ်ထားသည်။ လူပြုနှစ်ယောက် ဘယ်လိုပစ်ရမလဲဟု တားဂက်ရှာနေခိုက် နောက်မှ ရဲအုပ်ခင်မောင်အေးက ထိုးပစ်ပြီး ဖမ်းရန်ကြိုးစားသည်။

သို့သော် အလွန်သွက်သော ဂျင်ပိန်း၊ ဂျင်ပိန်းတို့က နောက်က ခြေသံကြားကတည်းက လိမ့်ရှောင်သွားကြသည်။ မြေကြီးတွင် ဝမ်းလျားမှောက်လျက် ဖွတ်ခနဲ ဖွတ်ခနဲ ပြန်ပစ်ရာ ထွက်လာသူမှန်သမျှ ဂျင်ပိန်း၏ Stum bomb ကြောင့် အန်းပြီး ငေါင်သူငေါင်၊ ဂျင်ပိန်း၏ ဆိုင်လင့်ဆာနှင့် ထိ၍ ပစ်လဲသူလဲ ဖြစ်ကုန်သည်။

Stum bomb စက်ကွင်းမှလွတ်သော စန္ဒာနှင့် ဒေါင်းနွယ်စကြာတို့က သူတို့ကားရှိရာသို့ အမြန်ဆုတ်လာသည်။

ထိုခဏမှာပင် သတိဝင်လာသော လက်နက်ကိုင်အဖွဲ့သားများကို အမျိုးသမီးအသံ တစ်သံက အမိန့်ပေးလိုက်သည်။

"ကိုဒေါင်းကို မိအောင် ဖမ်းကြလေ"

ဤအသံသည် ဝစ္ဆဝတီ၏အသံမှန်း ခပ်ဝေးဝေးမှ စန္ဒာတို့ပင် ကြားသိလိုက်၏။ ထိုစဉ် ဂျင်ပိန်းက ပရာဇိုကားနား ရောက်သွားသည့် ဒေါင်းနွယ်စကြာတို့ဘက်ကို "ဖွ်" ခနဲ Stum bomb တစ်လုံး လှမ်းပစ်လိုက်ပြန်သည်။

ဒေါင်းနွယ်စကြာက စန္ဒာဒေဝီကို တွန်းထုတ်လိုက်ပြီး ငြိမ်သွားသည်။ လိမ့်သွားသော စန္ဒာဒေဝီသည် ကားလမ်းဘေးက ရေအိုင်ထဲကျသွား၏။ မျက်နှာရေစိုသွား၍ ချက်ချင်း ထပြေးနိုင်ခဲ့သည်။

ကြောင်ရှုပ်နေသည့် ဒေါင်းနွယ်စကြာထံသို့ ဂျင်ပိန်း၊ ဂျင်ပိန်းနှင့် လက်နက်ကိုင်အဖွဲ့ လေးငါးယောက် အပြင် ပြေးကပ်

လာသည်။ ငေါင်နေသည့် ဒေါင်းနွယ်စကြာကို ဝိုင်းဖမ်းဝိုင်းချုပ်ကြသည်။ ကျင်ဝိန်းနှင့် ကျင်ပိန်းတို့က အဓိကအားဖြင့် သူတို့ဆရာမ လက်ထဲက လုသွားသော မြေပုံပိုးပဝါကို တစ်ကိုယ်လုံး နှိုက်ရှာခြင်း ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့ကမူ ဒေါင်းနွယ်စကြာကို ဝိုင်း၍ ချုပ်ပြီး ပါလာသောကြိုးများနှင့် တုပ်နှောင်ကြသည်။

ဤသို့ ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ် အမျိုးသမီးအသံ တစ်သံ ထွက်လာပြန်သည်။

"ကျင်ဝိန်း... ဟေ့...ကျင်ဝိန်း၊ လာကြစမ်း မြန်မြန်"

ဟိုနှိုက် သည်နှိုက်နှင့် မြေပုံရှာမတွေ့သော သူနှစ်ဦး ဝစ္ဆဝတီ ခေါ်ရာဘက် အဝင်တံခါးဆီ ပြန်ပြေးလာကြသည်။

"ဒီမယ် နင်တို့ဆရာမ သတိမေ့လဲနေတယ်လေ၊ မြန်မြန် ခေါ်ပြီး ကားပေါ် တင်ပြေးတော့ပါလား"

ထိုအခါ ကျင်ဝိန်းက

"ဟိုလေ... မြေပုံ...မြေပုံ"ဟု ဆိုနေသေး၏။

"ဟဲ့... အဲဒီမြေပုံကို လုသွားတဲ့လူကို ဖမ်းမိနေမှ ဘာပူ စရာရှိလဲ၊ နင်တို့ဆရာမ သတိရရင်ပြောလိုက်၊ ဖူးခတ်ကျွန်း လေဆိပ်မှာ အခု ၂၆ ရက်နေ့မနက် ဆုံကြမယ်လို့"

"ကောင်းပြီ၊ ခရစ္စမတ်ပြီး နောက်နေ့နော်"

ကျင်ဝိန်းနှင့် ကျင်ပိန်းတို့လည်း မာရီယာလင်းကို နှစ်ယောက် မ၍ မာစီးဒီး ဝက်ဂွန်ကားပေါ်တင်ကာ မောင်းထွက်သွားကြ လေသည်။

အခန်းထဲတွင်တော့ စိန်ကြာဒိုး၊ သက္ကမောင်၊ အာကာ တို့နှင့် ရဲအုပ်ခင်မောင်အေး၊ ဒုရဲအုပ်ခင်မေန္ဒာတို့ ဘတစ်ပြန် ကျားတစ်ပြန် သတ်ကြ ပုတ်ကြနှင့် ဖြစ်နေသည်။

ခဏကြာသော် ရဲအုပ်ခင်မောင်အေးက သူ့သေနတ် ပြန်၍ကောက်လိုက်နိုင်ပြီး-

"မလှုပ်ကြနဲ့၊ ပစ်ထည့်လိုက်မယ်" ဟု အော်ပြီး-

"မခင် မေန္ဒာ လက်ထိတ်ခတ်ပါတော့လား၊ အားလုံးကို"

ဟု အော်လေ၏။ ဒုရဲအုပ်ခင်မေန္ဒာလည်း သူ့ခါးမှလက်ထိတ် နှစ်ခု၊ ရဲအုပ် ခင်မောင်အေးခါးမှ တစ်ခုယူ၍ သုံးယောက်စလုံးကို လိုက်ပြီး လက်ထိတ်ခတ်လေသည်။

အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးသော် ဝစ္ဆဝတီက ဒေါင်းနွယ်စကြာကို ဝိုင်းဖမ်းနေသော သူများထံကိုပြေးသွားပြီး "ကားပေါ်မြန်မြန်တင်"ဟု ပြောလိုက်သည်။

လူလေးယောက်က ကြိုးတုပ်ပြီးသည့် ဒေါင်းနွယ်စကြာကို ပါဂျရိုးကားပေါ် ဝိုင်းတင်လိုက်ကြသည်။ ဒေါင်းနွယ်စကြာက ဝစ္ဆဝတီ အမိန့်ပေးနေပုံကို အကဲခတ်ကြည့်ရင်း ရှုန်းကန်ခြင်း မရှိပါဘဲ ပါဂျရိုးနောက်ခန်းသို့ လိုက်တက်ခဲ့သည်။ ဝစ္ဆဝတီက နောက်ခန်းမှ ဆင်းပေးသူတစ်ဦးနေရာတွင် ဝင်ထိုင်ရာ ဒေါင်းနွယ် စကြာနှင့် ဘေးချင်းယှဉ်လျက် ဖြစ်သွား၏။ ဆင်းပေးသူက ရှေ့ခန်းတံခါးဖွင့် ဝင်ထိုင်ပြီး "ဘယ်မောင်းရမလဲ မမလေး"ဟု မေးသည်။

"ကန်ချနဘုရားမြို့ကို အရောက်မောင်းပေတော့"

ဝစ္ဆဝတီ၏ စကားအဆုံး ပါဂျရိုးသည် ဝေါခနဲထွက်သွား သည်။

ခြံထောင့် တစ်နေရာတွင် ကွယ်၍ကြည့်နေသော စန္ဒာ ဒေဝီလည်း သူ့အစ်ကိုစကြာ ပါသွားသည်ကိုကြည့်ပြီး စောစော က တိုက်ခန်းဆီသို့ ပြန်ပြေးလာသည်။

"ဟော... ဒေါ်စန္ဒာဒေဝီ"

"အေး...ဟုတ်ကဲ့၊ ရှင်တို့ဒီသုံးယောက်ကို မိလာတယ်ပေါ့၊ ကားပေါ်တင်၊ နယ်ခြားစောင့်တပ်ကို အပ်ခဲ့ကြရအောင်"

သို့ဖြင့် ဤသုံးဦးကို ခေါ်လာ၏။ ရဲအုပ်စန္ဒာဒေဝီက စစ်မေးလေသည်။

"ကိုကြီးဒိုး ကျောင်းနေဘက်တွေအနေနဲ့ ငဲ့ညှာပြီး အစိုးရသက်သေအဖြစ် လုပ်ပေးမယ်၊ အမှန်အတိုင်း ထွက်ဆိုပေးမလား"

"ခုမှတော့ စန္ဒာသဘောပါပဲကွာ"

"ဒါဆို မှန်မှန်ပြောစမ်းပါ၊ ဝစ္ဆဝတီတို့ ဘယ်ကိုသွားမယ် ပြောသလဲ"

"အဲဒါတော့ ကိုယ်တို့ဘယ်သိမလဲ"

သက္ကမောင်က ကြားဖြတ် ဖြေလိုက်သည်။ ကိုစိန်ကြာဒိုးကိုလည်း တံတောင်နှင့် တွက်လိုက်သေး၏။ စန္ဒာက အကင်းပါးပါး မျက်စိလျင်လျင်မို့ သိမြင်လိုက်သည်။

"ဒီမယ် ကိုသက္က၊ ရှင်သာ တရားခံဖြစ်ချင်ရင် ဘူးကွယ် နေပေတော့၊ အဲဒီကျ စန္ဒာတို့က ညှာလို့မရတော့ဘူးနော်၊ အခုကိုကြီးဒိုးကိုပဲ ညှိယူရမလား"

"တို့ပြောမယ်၊ တို့ကိုလည်း အစိုးရသက်သေအဖြစ် သုံးပါ"

အာကာက အမြန်ဝင်ပြောသည်။

"ကောင်းပါပြီ ကိုအာကာ၊ ဝစ္ဆဝတီတို့ ဘာအစီအစဉ် ရှိလဲ၊ ဘယ်ကိုသွားကြသလဲ"

"အစီအစဉ်ကတော့ အစကတည်းက သံဖြူဖရေပ်က မှောင်ခိုကုန်သည်ကား ထောင်စားသူ ဦးကွန်ဘလိုင်နဲ့ ပေါင်းပြီး အကြံကြီး ကြံထားတာက ဝစ္ဆဝတီပေါ့၊ ဦးကွန်ဘလိုင်ရဲ့ ရှေ့တန်းက

လက်နက်ကိုင်အဖွဲ့တွေကို ဆက်သွယ်ထားတယ်လေ၊ ဒီရောက်ရင် မြေပုံကိုလည်း ဖြတ်လုမယ်၊ လူအင်အားသုံးပြီး ကိုဒေါင်းကို ဟိုဘက်နိုင်ငံ တစ်ခါတည်း အပါဖမ်းခေါ် သွားကြမယ်"

"အို...ဟုတ်လား၊ ဘယ်ကို ခေါ်သွားမယ်လို့ ပြောသံကြားလဲ"

"ဖူးခတ်လေဆိပ်ကိုသွားပြီး အဲဒီမှာ ဂျင်ဝိန်းတို့နဲ့ ချိန်းထားတယ်၊ သူတို့ပေးမယ့် ဒေါ်လာတစ်သောင်း အဲဒီမှာ ဆုံပြီး လက်ခံရယူမယ်တဲ့"

စန္ဒာဒေဝီ အတွေးနက်နေသည်။ သူတို့ပြောတာကို ကြားရတော့ ဘာမျှဆက်မမေးဖြစ်တော့၊ သူ့ခေါင်းထဲတွင် စိုင်းမွန်သာနှင့် အတူသွားစဉ် ကားပေါ်၌ စိုင်းမွန်သာပြောသော စကားတစ်ခွန်းကို ပြေးရှုသတိရသည်။

"ဟုတ်တယ်၊ နည်းနည်းတော့ သတိထားပေါ့၊ ဝဇီက တစ်ခါတလေ ကြွေတစ်လက် ကြက်တစ်ခုနဲ့ စန္ဒာ့ကို နိုင်သွားတာလေးတွေ ရှိခဲ့ဖူးလို့ သတိပေးရတာပါ"

ကိုစိုင်းမွန်သာ၏ အသံသည် ယခု စန္ဒာ၏နားဝယ် ပဲ့တင်ရိုက်လာသည်။

ဆက်စပ်ပြီးတွေးတော့ ဝစ္ဆဝတီ မူးမူးနှင့် ရင်ဖွင့်စဉ်က အသံကိုလည်း ကြားယောင်လာသည်။

"စန္ဒာ့ကိုလည်း ကြိုတုန်းပြောင်ပဲ စိန်ခေါ်ရဦးမယ်၊ အခု စန္ဒာက အစ်ကိုဒေါင်းနဲ့ စေ့စပ်ထားရုံပဲ ရှိသေးတယ်နော်၊ လက်မထပ်ရသေးဘူး၊ ပိုင်ပြီမထင်နဲ့ဦး၊ လက်ထပ်ပွဲကျင်းပမပြီးမချင်း ဝတီ ယှဉ်ပြိုင်လို့ရသေးတယ်နော်"

ဝတို့အသံများသည် စန္ဒာဒေဝီ၏ ခေါင်းထဲတွင် လာ၍ ပဲ့တင်ရိုက်ဟီးနေသည်။ စန္ဒာ့နှလုံးတွေ အရမ်းခုန်လာ၏။

စောစောက နယ်စပ်ဂိတ်အနီး ဖြစ်ပျက်ခဲ့သော ဇာတ်ကွက်ကို ပြန်သုံးသပ်သော် ဝစ္ဆဝတီက ရှုန်းရင်းဆန်ခတ် ဖြစ်နေသည့် အရေးထဲတွင် ဒေါင်းနွယ်စကြာကိုသာ ဖမ်းဆီးရန် အော်ဟစ်အမိန့်ပေးခဲ့ပုံ။ ဂျင်ဝိန်း–ဂျင်ပိန်းတို့ကို စန္ဒာဒေဝီဟု သူထင်သော ဆရာမကြီးကို အပါခေါ်၍ ထွက်ပြေး ခိုင်းပုံများကိုထောက်သော် ဝစ္ဆဝတီတွင် ရှေးမဆွကတည်းက ဒေါင်းနွယ်စကြာနှင့် သူ့ကို ထိုင်းနိုင်ငံသို့ ဖမ်းခေါ်သွားရန် ရည်ရွယ်ချက်နှင့် စီမံချက်ချ အကွက်ဆင်ထားကြောင်း သဘောပေါက်လာသည်။

တော်တော် အကြံကြီးသည့် ဝစ္ဆဝတီပေပဲ။ တော်တော် ပက်စက်သည့် လုပ်ရပ်ကို သူလုပ်ပေဦးမည်။

ဤမျှယုတ်မာသောနည်းဖြင့် အစ်ကိုစကြာကို စန္ဒာလက်ထဲက အရယူမည့် ဝစ္ဆဝတီ၏ ကြံစည်မှုကြီးကို စန္ဒာ လုံးဝလက်ခံလို့ မဖြစ်။ စန္ဒာ့မှာ တားဆီးကာကွယ်ရမည့် ဘဝ ဘဝက တာဝန်တွေ ရှိသည်။

သူ ချက်ချင်းသတိတစ်ခုရသည်။

"ဒီမယ် ဒီမယ်... ကိုကြီးဒိုးရဲ့ ဆဲလ်ဖုန်း ခဏယူမယ်နော်"

ပြောပြောဆိုဆို လက်ပြန်ကြီး တုပ်ခံရသော စိန်ကြာဒိုး၏ ခါးတွင် ချိတ်ထားသော ဆဲလ်ဖုန်းကို ဖျတ်ခနဲ ဖြုတ်ယူလိုက်သည်။

"ဝတီက ဘယ်ဖုန်းနံပါတ်နဲ့ ဆက်ဖို့ မှာထားသလဲ"

"ဘာလုပ်ဖို့လဲ၊ သွားမဆက်နဲ့လေ၊ ရှုပ်ကုန်မယ်"

"အေးပါ... အေးပါ"

စန္ဒာဒေဝီသည် သူ့လက်ထဲရောက်လာသည့် စိန်ကြာဒိုး၏ ဆဲလ်ဖုန်းကို မြင်သည်နှင့် အရမ်းခေတ်မီသော ဖုန်းတစ်လုံး

ဖြစ်ကြောင်းသိပြီးသား။ ထို့ကြောင့် အာညောင်းခံ၍ စစ်မေးမနေတော့ဘဲ ဖုန်းပါခလုတ်များကိုနှိပ်၍ ဝစ္ဆဝတီနှင့် ဆက်ရမည့် နံပါတ်ကို ရှာလိုက်သည်။

တွေ့ပါပြီ။ ခလုတ်များကို နှိပ်လိုက်သည်။

"ဟဲလို ဝတီလားဟေ့"

"ဟဲလို ဝတီပြောနေတာ၊ စန္ဒာမဟုတ်လား"

"ဟင်း ဟင်း... စန္ဒာ့ပြိုင်ဘက်ကြီးက ဒီအသံကို မှတ်မိနေတာပဲကိုး"

"လုပ်မနေနဲ့ ပြောမှာသာပြော၊ အခု စန္ဒာတို့ ဘယ်ရောက်နေပြီလဲ၊ ဂျင်ဝိန်းပြောပြီးပြီ မဟုတ်လား။ ဒီဇင်ဘာ ၂၆ ရက်နေ့ မနက်ဆုံးဖို့ ပြောလိုက်တယ်၊ သိပြီးရောပေါ့၊ ဖြစ်နိုင်ရင် အစောကြီး ခြောက်နာရီနဲ့ ခုနစ်နာရီကြား လေဆိပ်ရှေ့က ကားရပ်ကွင်းမှာပဲ ဆုံကြမယ်လေ၊ ဝတီတို့က ပါဂျရိုးနဲ့ပဲလာမယ်၊ စန္ဒာတို့လည်း မာစီးဒီးဝက်ဂွန်အနက်ကြီးနဲ့ပဲ လာမယ် မဟုတ်လား"

"နေပါဦး... ကိုယ်ပြောချင်တာတွေ စွတ်ပြောမနေနဲ့၊ အစ်ကိုစကြာ ဝတီနဲ့ ပါသွားတယ် မဟုတ်လား။ ဟုတ်ကော ဟုတ်ရဲ့လား"

"ဟုတ်ပါ့ရှင်၊ မယုံဘူးလား"

"ယုံအောင် သူနဲ့ စကား ပြောကြည့်ချင်တယ်၊ ဘယ့်နယ်လဲ"

"ဟေ့... စန္ဒာ၊ နင့်လူကို သိပ်လွမ်းပြမနေနဲ့၊ မုန်းစရာကောင်းအောင်ကို ကဲလွန်းတယ်၊ ခုချိန်ကစပြီး အစ်ကိုဒေါင်းဟာ စန္ဒာ့လူ မဟုတ်တော့ဘူးမှတ်၊ ဝတို့လက်ထဲ ပိုင်ပိုင်ရောက်နေပြီ၊ ပြန်ပေးစရာအကြောင်း နှမ်းတစ်စေ့စာတောင် မရှိတော့ဘူး"

"ဒီမယ် ဝတီ၊ ဟိတ်ဟန်ကြီးနဲ့ ကြွားမနေနဲ့၊ စန္ဒာက အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ ရောတတ်တဲ့သူ မဟုတ်ဘူး"

"ဝတီကတော့ ရောကို ရောတတ်တယ်တဲ့၊ ကြိုတုန်း တစ်ချက်ခုတ် သုံးချက်လောက် ပြတ်အောင် လုပ်တတ်တာ၊ မချီးကျူးချင်ဘူးလား"

"ကဲပါ... အပိုတွေပြောမနေနဲ့၊ အစ်ကိုစကြာက ဝတီနဲ့ အတူရှိရဲ့လား"

"ရှိတာပေါ့ သိပ်ရှိတာပေါ့၊ နားထောင်စမ်း..."

ခဏကလေးနားပြီး ဒေါင်းနွယ်စကြာ၏ အသံ ထွက်လာသည်။

"ဟဲလို...စန္ဒာလား"

"ဟုတ်...ဟုတ်တယ် အစ်ကိုစကြာ၊ ကိုကို အခု ဘယ်မှာလဲ"

"ကားပေါ်မှာပဲ၊ ထိုင်းနယ်စပ်ကနေ မြို့တစ်မြို့ကို ဦးတည်မောင်းနေတယ်၊ စန္ဒာဘာမှမပူနဲ့၊ စန္ဒာ့ကိုကိုဟာ ဒေါင်းနွယ်စကြာတဲ့နော်"

"တော်ပြီ... တော်ပြီ... ပေး..."

ဟုဆိုကာ ဝတီက ဖုန်းကို လုယူလိုက်သည်။

"ကြားတယ် မဟုတ်လား၊ အစ်ကိုဒေါင်း ဝတ့ီဘေးမှာ ရှိနေတယ်ဆိုတာ"

"ကြားပါ့ရှင်၊ ဝတီလည်း ကြားမှာပေါ့နော်၊ ဘာတဲ့ သူက ဝတ့ီဘေးမှာရှိနေပေမယ့် ဘာပြောလဲကြားခဲ့လား၊ စန္ဒာ့ကိုကိုဟာ ဒေါင်းနွယ်စကြာတဲ့နော်လို့ ပြောတာလေ၊ ဝတ့ီကိုကိုမှ မဟုတ်တာ ဟင်းဟင်း"

"ဟေ့... မရိုနဲ့၊ ခုထိ အပေါ်လေနဲ့ပြောချင်တုန်းပဲလား။ သိပ်မကြာတော့တဲ့အချိန်မှာ အဲဒီ စန္ဒာဒေါ်ဆိုတာ ဒီလောက ထဲကနေ ပျောက်ကွယ်သွားမှတော့ အစ်ကိုဒေါင်းဟာ မရှိတော့တဲ့ စန္ဒာ့ကိုကို ဖြစ်နိုင်ပါဦးမလား"

"ဒီမယ် စန္ဒာ၊ ဒုစရိုက်တွေ လက်မလွန်နဲ့နော်၊ အမှုကြီးရင် စန္ဒာတို့ ငဲ့ညှာလျှော့ပေါ့ပေးဖို့ ခက်လိမ့်မယ်"

"ဟက်...ဟက်၊ ဒီနိုင်ငံမှာ စန္ဒာတို့ ဘာပါဝါမှ မရှိတော့ဘူးလေ၊ ဒ့ါကြောင့် ဝတီက ဒီဘက်ကို အပြီးကူးလာတာ၊ စန္ဒာဆိုတာလည်း တိုင်းတစ်ပါးမှာပျောက်ကွယ်သွားလို့ ရန်ကုန်က ပိတ်ဆွေ ဆွေမျိုးတွေ ဘာဖြစ်လို့ ဘာဖြစ်သွားမှန်းတောင် သိကြမှာမဟုတ်ဘူး"

"အေးပါ... အေးပါ၊ ဝစ္ဆဝတီဆိုတာ အဲဒီလို ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းလို့ အရေးဆို လုပ်သမျှများပြီး နောက်ဆုံးတော့ ရှုံးရဦးမှာပဲ၊ ကျပ်ကျပ်သာ သတိထားလုပ်ပေရော့ သူငယ်ချင်း ဝတီရေ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး။ နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး စနစ်သစ်အောက်မှာ မင်း ကောင်းကောင်းကြီး အရေးယူခံရဖို့သာ ပြင်ထားပေတော့"

စန္ဒာက ဆဲလ်ဖုန်းကို ပိတ်ပစ်လိုက်သည်။

ဝစ္ဆဝတီမှာတော့ ဒေါသထွက်လွန်းလို့ တစ်ကိုယ်လုံး နတ်ကျသလို တုန်ခါနေလေ၏။ သူ့စိတ်ထဲတွင် တေးထားသော အကြံအစည်ကြီးကို လုပ်ရမှာ စောစောပိုင်းက အနည်းငယ် တွန့်ဆုတ်ဆုတ် ဖြစ်နေသေးသော်လည်း မိစန္ဒာ ခုလို လေလုံးထွားပြီး ပြောနေမှတော့ "တွေ့မယ်၊ ငါနဲ့တွေ့မယ်၊ အဲဒီကျမ္ဘကြီးကျယ်နိုင်သေးလား ကြည့်ကြသေးတာ ပေါ့"ဟု စိတ်ထဲမှ ကြိုးဝါးလိုက်သည်။

ဖူးခတ်ကျွန်း၌ ချိန်းဆိုထားချက်တွင် သူ့ကိုသူ ဆရာမ ကြီးဂိုက်ဖမ်းနေပြီး ဂျင်ပိန်းနှင့် ဂျင်ပိန်၊ နှစ်ယောက်လောက်သာ ကိုယ်ရံတော်သက်တော်စောင့်အဖြစ် ခေါ်ထားနိုင်သော စန္ဒာဒေဝီကို ဝစ္ဆဝတီလို ဦးကွန်ဘလိုင်၏ တောတွင်းတပ်ဖွဲ့ တစ်ခုလုံးနှင့် ဆက်သွယ်ရယူထားသော လက်နက်ကိုင်အုပ်စုကြီးကို အပိုင်သုံးခွင့် ရထားသည့် ဆရာမကြီးက နိုင်ကိုနိုင်ရမည်ဟု သူ့ကိုယ်သူ အားပေးလိုက်သည်။

ဝစ္ဆဝတီသည် သူ့ဘေးမှ ကုန်ကြွေရရ ကပ်ထိုင်ပြီးလိုက်ပါ လာသော အစ်ကိုဒေါင်းကို အားလည်းနာ၏။ သဘောလည်း ပိုကျမိသေး၏။ သူက ယခုလိုကြီးတုပ်ပြီး ဖမ်းခေါ်လာသည် ကို ခပ်တည်တည်လိုက်ပါလာ၏။ ယခုအထိ ဤသို့ အကောက်ဥာဏ် နှင့် အရေးမပါလာသည့် ဝစ္ဆဝတီကို အစ်ကိုဒေါင်းက ဂူးဝါးဂူးဝါးနှင့် ကျိန်းလားဟောက်လားမလုပ်။ နင်ပဲဆဟူ၍ အပြစ်မပြော။

"ဝစ္ဆဝတီကို ခွင့်လွှတ်ပါ အစ်ကိုဒေါင်းရယ်၊ အခွင့်သာတုန်း တစ်ချက်ခုတ် သုံးချက်လောက်ပြတ်တဲ့အလုပ်ကို လုပ်လိုက်တာပါ။ ဒီလိုလုပ်တာဟာလည်း အစ်ကို့ကို ဝတီ အရမ်းကိုချစ်လို့ပါနော်၊ စိတ်မရှိပါနဲ့နော်"

"အင်း...ဝတ်ီစိတ်ထဲမှာ ကောင်းမယ်ထင်လို့လုပ်တာပဲ၊ ဘယ်သူကရော တားလို့ရမှာလဲ၊ တစ်ခုတော့ရှိတယ်၊ မဟုတ် တာလုပ်တဲ့သူဟာ မှားတတ်တယ်နော် ဝတီ"

"ရှင်...အစ်ကိုက အခုအထိ ဝတ်ီကို မဟုတ်တာလုပ် တယ်လို့ မြင်တုန်းပဲလား။ သေချာလည်း ပြန်စဉ်းစားပါဦး အစ်ကိုရာ၊ ဒီကိစ္စတွေ ဒီပုံအတိုင်းဖြစ်လာတာ ဘယ်သူစမ္မေးတဲ့ မီးလဲ၊ အစ်ကိုစခဲ့တဲ့အလုပ်ဖို့ ဝတီက ဖွတ်ဝင်ပြီးပါဝင်ခဲ့တာ

ပြီးတော့ စဉ်းစားရတယ်လေ၊ ဒီလုပ်ငန်းရဲ့အကျိုး အမြတ်ဟာ စိုင်းမွန်သာတို့ထက် ဒါကိုစခဲ့တဲ့ အစ်ကိုကသာ ပိုပြီးခံစားသင့် တယ် မဟုတ်လား၊ ဒါကြောင့် အခု ဝတီက အစ်ကိုဒေါင်းကို အပါခေါ်ပြီး ဒီလုပ်ငန်းကို အစ်ကိုနဲ့ တိုက်ရိုက် ပူးပေါင်းလုပ်တော့ မှာရယ်၊ ဝတ်ီအကြံ့ မကောင်းဘူးလား အစ်ကိုရဲ့"

"အကြံကတော့ ကြီးပါပေတယ်၊ ဒါပေမယ့် လောကမှာ ဝတီ မသိသေးတာတွေ အများကြီးရှိသေးတယ်၊ ကိုယ့်ကိုယ်ကို ပိုင်လုပ်ပြီထင်ပေမယ့် လွဲချော်တာမျိုး ကြုံမယ်နော်"

"ဟာ...အစ်ကိုကလည်း အခုအထိ အားမရသေးဘူးလား ဟုတ်တယ်၊ ဝတီကတော့ အစ်ကို့ကို အပိုင်ကိုယူတော့မှာ၊ အစ်ကို့စိတ်ထဲက အချစ်ကို အခုချက်ချင်း မရနိုင်ဘူး ဆိုတာ သိပါတယ်"

"ဝတီက အစ်ကို့အချစ်ကို ဘယ်တော့များ ရမယ်ထင်နေ လို့လဲ"

"ဟင်း...ဟင်း... လောလောဆယ် ဝတီက ဖူးခတ်ကျွန်း ကို အစ်ကိုနဲ့ ဟန်းနီးမွန်းထွက်လာတယ်လို့ ခံစားရပြီး ပျော်နေ တာရယ်၊ ဝတ်ီဘက်က အစ်ကို့ကို အပိုင်ချစ်နေရရင်ပဲ တော်ပါပြီ"

"အေး...ဒီခန္ဓာကိုယ်ကြီးကိုသာ ချစ်နေရရဲ့နဲ့ တစ်သက်လုံး ပျော်မယ် ထင်သလား"

"အိုး... လောလောဆယ်တော့ အစ်ကို့ရဲ့ ဟောဒီခန္ဓာ ကိုယ်ကြီးကို ဝတီပိုင်ပြီး ကြာလာတဲ့အခါ နှလုံးသားနဲ့ အစ်ကို့ဆီက အချစ်ကိုပါ ရကိုရလာမှာပဲလို့ ဝတီယုံကြည်တယ်၊ ဝတီက အစ်ကို့ကို အချစ်တွေ တောင်လိုပုံပြီးပေးမှာ၊ ဝတီ လောင်းပေးမယ့် အချစ်ရည်တွေဟာ နာယာဂရာ ရေတံခွန်ကြီးလို အမြောတမ်း

အများကြီး စီးကျ လွမ်းခြိုနေမှာ၊ အဲဒီ ဝတီရဲ့အချစ်တွေကြောင့် အစ်ကိုတင်းခံနိုင်ပါ့မလား ကြည့်သေးတာပေါ့နော်”

“အေးပါ...ကြည့်သေးတာပေါ့ ဝတီရေ”

ကားက အရှိန်နှင့်ပြေးနေသည်။ ဝစ္ဆဝတီက အစ်ကိုဒေါင်းနှင့် စကားတွေ ပြောလာရ၍ ပျော်နေ၏။

ဒေါင်းနွယ်စကြာကတော့ 'ဘယ်နေရာ ဘယ်အကွက်တွင် ဝတီတို့လက်က လွတ်အောင်ရှန်းရမည်ကို စနစ်တကျ စဉ်းစားနေ၏။

ကန်ချနာဘူးရိပ်ဖြို့သို့ ရောက်သော် ဝစ္ဆဝတီတို့က တစ်လှည့်စီ ထမင်းဆင်းစားကြသည်။ ဒေါင်းနွယ်စကြာကို ကားထိုင်ခုံနှင့် ကြိုးတုပ်လျက် ကားပေါ်တွင်ထား၏။ ဝစ္ဆဝတီက ဒေါင်းနွယ်စကြာ စားရန်အတွက် ထမင်းဘူးဝယ်လာပြီး ကားပေါ်၌ပင် သူကိုယ်တိုင် ယုယုယယ ထမင်းခွံ၍ကျွေးသည်။ သူကိုယ်တိုင် ယုယုယယ ရေတိုက်၊ ပါးစပ်သုတ်၊ မျက်နှာ သုတ်ပေးသည်။

“ဟင်း...ဟင်း... နောင်လည်း တစ်သက်လုံး အဲဒီလိုပဲ အစ်ကို့ကို ယုယုယယ ပြုစုပေးသွားမှာပါ အစ်ကိုရာ”

ဟု ရွဲသေး၏။

အစ်ကိုဒေါင်း အပေါ့အလေး သွားရေးကိစ္စအတွက် မြို့နှင့် ဝေးရာ ကားလမ်းဘေးတွင် အစောင့်လေးဦးနှင့် လွှတ်ပေး၏။ လက်တစ်ဖက်ကို သစ်ပင်ကိုင်းနှင့် ကြိုးချည်သေး၏။

“သူ့ကို အရမ်းကြပ်မတ်ပြီး ထိန်းချုပ်ရမယ်နော်၊ သူက သိုင်းပညာရှင်သိလား။ မင်းတို့လေးယောက်လောက်တော့ လက်ချင်း ယှဉ်တိုက်ရင် အစ်ကိုဒေါင်းက အပျော့ရယ်၊ ဒါ့ကြောင့် သေနတ်တွေ အမြဲအဆင်သင့်ပြင်ထား။ အရေးဆို ခြေတို့လက်တို့ကိုပဲ ပစ်နော်၊ တစ်ခြားနေရာ မထိစေနဲ့”

ဟု ဝစ္ဆဝတီက သူ့လူများကို မှာထားသည်။

ဒီကြားထဲက ဖူးခတ်ကျွန်းဘက်အသွား လူပြတ်ရာလမ်းတွင် ဒေါင်းနွယ်စကြာ အလေး သွားချင်သည်ဆို၍ ကျောက်ဆောင် နောက်ကွယ်သို့ ခေါ်သွားကြသည်။ ကျောက်တုံးကြားတွင် နေရာ ပေးပြီး သုံးယောက်က ထွက်ပေါက်မှ ဝိုင်းထားပြီး တစ်ယောက်က လက်တစ်ဖက်မှ ကြိုးကို လာထိန်းရင်း ကျောက်တုံးအကွယ်မှာ ထိုင်စောင့်သည်။

ဒေါင်းနွယ်စကြာ ကံကောင်းသည်ဟု ဆိုရမည်။ ကြိုးကိုင် သူ၏ ခါးကြားရှိ ဆဲလ်ဖုန်းတစ်လုံး ချိတ်ထားသည်ကို မြင်နေ၏။

ဒေါင်းနွယ်စကြာ သူ့လက်မှ နှိုင်လွန်ကြိုးကို ဆောင့်ဆွဲ လိုက်ရာ ထိုင်နေသူ ငိုက်၍ပါလာ၏။ ရိပ်ခနဲ ထိုသူ၏လည်ပင်းမှ မေ့ကြောကို ဖမ်းထောက်၍ ပိတ်လိုက်ရာ ခွေခနဲ ပုံကျသွားသည်။ ဘာသံမျှ ထွက်မလာ။

ချက်ချင်း သူ့ခါးမှ ဆဲလ်ဖုန်းကိုဖြုတ်ယူပြီး ဂဏန်းတွေကို နှိပ်လိုက်သည်။

“ဟဲလို...စန္ဒလားဟင်”

တိုးတိုးလေသံဖြင့် ပြောသည်။

“ဟော...ကိုကို ဆက်လာပြီ၊ ပြောပြော... အခုဘယ်မှာလဲ၊ ဘာဖြစ်နေလဲ”

“သေချာ နားထောင်နော်၊ အချိန်မရဘူး၊ သေချာမှတ်ထား။ ကိုကိုတို့ ဖူးခတ်ကျွန်းကိုသွားမယ့် လမ်းမှာရောက်နေပြီ၊ စန္ဒာတို့ အဲဒီကိုလိုက်လာမယ်ဆိုတာ ကိုကိုသိတယ်၊ ဖူးခတ်လေယာဉ်ကွင်း ရောက်ရင် လုံခြုံရေးတာဝန်ရှိသူတွေရဲ့ အခန်းမှာပဲ စောင့်နေကြ။ ကိုကို့ အဲဒီကို ရောက်အောင်လာမယ်၊ ဘယ်လောက်ကြာကြာ

စောင့်နေနော်၊ ဒီနေ့ မကြာခင်တွေ့ချင်တွေ့နိုင်သလို တစ်ရက်နှစ်ရက်အထိ ကြာချင်လည်းကြာမယ်၊ အဲဒီကပဲစောင့်၊ ဘယ်မှ မထွက်နဲ့၊ ဒါပဲ ဒါပဲ"

"မှတ်ထားပါတယ်ကိုကို၊ စိတ်ချပါရစေ၊ အဲ... စိတ်ချပါတယ်၊ ဒါပဲ ဒါပဲ"

ဒေါင်းနွယ်စကြာ ဟိုလူ့ခါးကြားသို့ ဆဲလ်ဖုန်းပြန်ထိုးပြီးမှ မေ့ကြောကို ဖြေလိုက်သည်။ သတိရရချင်း

"ဟေ့လူ ဒါဘာလုပ် တာလဲ"

ဟု သေနတ်ကြီးနဲ့ချိန်၍ မေးလေ၏။

"ဘာလုပ်ရမှာလဲ၊ ကျုပ် နောက်ဖေးသွားတာ ခင်ဗျား ချောင်းမကြည့်နိုင်အောင် မေ့ကြောကို ထောက်လိုက်တာပေါ့"

"ဟာ... ဒီလူ မလွယ်ဘူး၊ ဟေ့...လာကြပေါ့၊ ဒီလူ မလွယ်ဘူး၊ ပြန်ခေါ်သွားကြစို့"

ဟု အော်ခေါ်ရာ သူ့လူသုံးယောက် သေနတ်တကား ကားနှင့် ရောက်လာသည်။ အကြောပိတ်ခံရသူသည် [illegible] ဆောင်ဖြစ်ရာ သူ့အကြောပိတ်ခံရသည်ကို လူသိမခံ၊ ရှက်ပုံရသည်။ ဤအကြောင်း ဘာမျှမပြောဘဲ ဒေါင်းနွယ်စကြာကို ကားပေါ်ခေါ်၍ ထွက်ခဲ့ကြလေ၏။

အခန်း (၁၂)

ဘဝကူးပြန်ဆုံ ချစ်ဦးလိပ်ပြာစုံ

ဖူးခက်လေဆိပ်၏ ကားကွင်းသို့ ပါဂျီရိုးကားကြီး ဝင်လာသောအခါ မြင်လွယ်သောတစ်နေရာ၌ မားစီးဒီးဝက်ဂွန် ကားနက်ကစ်စီး ရပ်ထားသည်ကို မြင်ကြရသည်။

မျက်စိလျင်သော ဝန္ထဝတီက သေချာလှမ်းကြည့်ပြီး

"ကားနံပါတ် မှန်တယ်၊ အဲဒီကားပဲ... ဘေးချင်းယှဉ် ရပ်ပေး"

ဟု ပြောလိုက်သည်။

ကားနှစ်စီး ဘေးချင်းယှဉ်၍ရပ်မိသောအခါ ကျင်ပိန်းသော ဟိုဘက်ကားမှ ထွက်လာ၏။ ဒီဘက်ကားမှ တံခါးဖွင့်၍ ဆင်းလိုက်သော ဝန္ထဝတီက ခဏစောင့်ပြီး ကားထဲကို လှမ်းကြည့်ရာ မာရီယာက ကျကျနန ကျောမှီပြီး ဖိမ်နှင့်ထိုင်နေပုံမှာ မြင်ပြင်းကပ်စရာ ကောင်းလှသည်ဟု ခံစားနေရ၏။

"ကိန်းကြီးခန်းကြီး နိုင်မနေနဲ့ စန္ဒာ၊ မင်းက ဒီနေရာမှာ ဆရာမကြီး ဖြစ်နေတာကိုး"

ဟု မြန်မာလိုပြောပစ်မိသည်။ ပြီးမှ သူ့ဘေးတွင်ရပ်နေသည့် ဂျင်ဝိန်းကို-

"ဘယ်လိုလဲ၊ ဒီအတိုင်း ရပ်နေရမှာလား"

ဟု မာဆတ်ဆတ်မေးသည်။

"မဟုတ်ပါဘူး... ဆရာမက ပြောတယ်၊ Ao Patong ဆိပ်ကမ်းက ရှန်ဂရီလာဟိုတယ်ကို အတူသွားကြမယ်တဲ့၊ အဲဒီမှာ အပေးအယူလုပ်ပြီးရင် ဆရာမက နေ့လယ်စာနဲ့ အထူးညည့်ခံ ကျွေးမွေးမယ်တဲ့"

ဂျင်ဝိန်းက ဖြေ၏။

"အောင်ပွဲခံတဲ့ အထိမ်းအမှတ်ပွဲပေါ့ကွာ၊ မကောင်းဘူးလား"

ကားထဲမှ မာရီယာက လှမ်းပြောသည်။

"အင်း... အခုမှ မနက် ၇ နာရီခွဲဆိုတော့ ကောင်းသားပဲ၊ အဲဒီအစီအစဉ် ကြိုက်ပြီ၊ ဒါဆို ဆက်ထွက်ကြစို့"

"ဟိုး...နေဦးလေ၊ ဒေါင်းရော ပါလာရဲ့လား"

"ပါလာတယ်၊ ဆင်းကြည့်ပါလား"

"မလိုပါဘူး၊ မင်း ကားတံခါးဖွင့်ဆင်းတုန်းက လှမ်းမြင်လိုက်ပြီးပြီပဲ၊ တို့က လူရင်းတွေမဟုတ်လား၊ ဒီလောက်မြင်ရရင် သိပါတယ်၊ ကိုင်း...သွားကြစို့၊ ဟိုတယ်ရောက်မှ စာရင်းရှင်းကြတာပေါ့"

မာရီယာ့စကားအဆုံးတွင် ဂျင်ဝိန်းက ဝစ္ဆဝတီ၏ လက်မောင်းအိအိကို အခွင့်သာတုန်း ဖမ်းဆုပ်ပြီး "ဘိုင်-ဘိုင်၊ ဆီးယူ" ဟု နှုတ်ဆက်ကာ ကားပေါ်တက်သွားသည်။ ဝစ္ဆဝတီ အောင့်သက်သက် ရှုံ့ကျုံ့ကျုံ့နှင့် သူ့ကားပေါ် ပြန်တက်လိုက်၏။

ကားနှစ်စင်း ရှေ့နောက်တန်း၍ ထွက်ခွာသွားကြသည်။

၁၇ မိုင်ခန့်သာ ဝေးသော်လည်း တောင်ဆင်းတောင်တက် အကွေ့အကောက်များ၍ နာရီဝက်လောက်ကြာမှ Ao Patong ဆိပ်ကမ်းသို့ရောက်ကြသည်။ ရှန်ဂရီလာဟိုတယ်တွင် ကြိုတင်ဖုန်းဆက်ထား၍ နေရာတော့ ရကြသည်။ အခန်းနေရာချပေးသည်ကို နှစ်ဖက်တပည့်များကလိုက်လုပ်ရာ အချိန်အတန်ကြာခဲ့သည်။ ထို့နောက် ဝစ္ဆဝတီက အကြံပေး၏။

"အပြင်ဘက် သဲသောင်စပ်က ရေကူးကန်ဘေးဟာ လူလည်းရှင်းတယ်၊ သာလည်း သာယာတယ်၊ အဲဒီမှာသွားပြီး ဆွေးနွေးကြရအောင်"

"ကောင်းတယ်၊ အဲဟိုမှာ ကျောက်စားပွဲ ကျောက်ထိုင်ခုံတွေ ရှိတယ်၊ အဲဒီကိုသွားကြစို့"

မာရီယာက လက်ခံလိုက်သည်။

ဝစ္ဆဝတီက ဒေါင်းနွယ်စကြာကို ကြိုးဖြေခိုင်းပြီးနောက် ပြောလိုက်သည်။

"အစ်ကိုဒေါင်းနော်... လွှတ်ထားလို့ ရိုးတီးယားတားတော့ မလုပ်နဲ့၊ ခုချိန်ကစပြီး စန္ဒာဒေဝီဟာ ဓားစာခံဘဝ ရောက်နေပြီလို့ မှတ်ပါ။ အစ်ကို ထွက်ပြေးရင်ဖြစ်စေ၊ တိုက်ခိုက် လာရင်ဖြစ်စေ ပထမဦးဆုံးပစ်မှတ်က စန္ဒာပဲ"

ဟု ဝစ္ဆဝတီက သူ့အနေဖြင့် စန္ဒာဒေဝီဟု ထင်နေသော မာရီယာကိုကြည့်၍ ပြောသည်။ သူက မြန်မာလိုပြောသဖြင့် ဒေါင်းနွယ်စကြာကလည်း မြန်မာလိုပင် ပြန်ပြော၏။

"အေးပါ...ဝတ္ထုပစ်မှတ်က စန္ဒာပဲဆိုတာ အစကတည်းက သိပြီးသား၊ ဒီယုန်မြင်လို့ ဒီချုံထွင်ထားမှကိုး၊ ဟဲဟဲ"

"မခနဲ့ပါနဲ့ အစ်ကိုဒေါင်း။ အဲဒါက အစ်ကို့အပေါ်မှာ စန္ဒာ့အသက်က မူတည်နေတာရယ်လေ၊ အစ်ကိုသာ ပညာတွေ ဘာတွေထုတ်သုံးဖို့ မကြိုးစားပါနဲ့"

"ဟော...ခက်ပြီ၊ အစ်ကိုက ဘာပညာတွေ ထုတ်သုံးရမှာလဲ"

"သိပါတယ်၊ ဝတီက အစ်ကိုဒေါင်းအကြောင်း သိပ်သိတာပေါ့။ သစ်တောထဲမှာဆို မျောက်လို ရှဉ့်လို ခုန်ပြီးပြေးတတ်တယ်၊ ကွင်းပြင်မှာဆို မြင်းလို မြွေလို ပြေးတတ်တယ်၊ ရေထဲမှာဆို ငါးမန်းပဲ၊ အဲဒီလို တစ်နည်းနည်းနဲ့ ပြေးရင်တော့လား စန္ဒာ့ကို ကိစ္စတုံးစီစဉ်ဖို့ ဝတီ ဆုံးဖြတ်ပြီးပြီနော်"

"အာ...စန္ဒာ့ကို တစ်ပါတည်းခေါ်ပြီး ပြေးရင်ရောကွာ"

"ဟွန်း...လွတ်မယ်တဲ့လား။ အစ်ကိုသာ လွတ်ချင်ရင် လွတ်မယ်၊ စန္ဒာတော့ မလွတ်ဖို့ သေချာတယ်"

"ဒါဆို ဘယ်နည်းနဲ့ဖြစ်ဖြစ် စန္ဒာကတော့ လွတ်မှာ မဟုတ်ဘူးပေါ့၊ မလွယ်ပါလား ဝတီ"

"နောက်တော့ လွယ်လာမှာပါ၊ အခုတော့ အစ်ကိုသာ မခက်အောင် အပေးအယူလုပ်"

သူတို့ စကားပြောတာများလာ၍ မာရီယာက မကြည်တော့။

"ကိုင်း...အလုပ်ကိစ္စကို စကြမယ်" ဟု ဆိုလေသည်။

ယခုအခါ ကျောက်စားပွဲဝိုင်းတစ်ခုတွင် ဒေါင်းနွယ်စကြာ၊ ဝစ္ဆဝတီနှင့် မာရီယာတို့သုံးဦး ဖိုခနောက်ဆိုင် ထိုင်နေကြသည်။ ဝစ္ဆဝတီ၏ လူလေးယောက်က ဒေါင်းနွယ်စကြာ၏ ဘေးနှင့် နောက်တွင် ကပ်၍ရပ်စောင့်နေကြသည်။ မာရီယာ၏ လူနှစ်ယောက်က မာရီယာ့ဝဲယာတွင် ရပ်နေကြသည်။

"အစ်ကိုစကြာ၊ မြေပုံအမှတ်(၂)ကို စန္ဒာ့လက်ထဲ ထည့်ပေးလိုက်ပါ၊ စန္ဒာကလည်း ဒေါ်လာတစ်သောင်း Cash အဆင်သင့်ပဲ ပေါ့နော်"

ဝစ္ဆဝတီက စပြောလိုက်သည်။

"ဒီမယ် အဆင်သင့်ပါပဲ"

မာရီယာက စာအိတ်ထူလေးတစ်ခု မြှောက်ပြလိုက်သည်။ တစ်ရာတန် ခေါင်းကြီးဒေါ်လာများကို အနည်းငယ် ဟနေသည့် စာအိတ်တစ်နေရာမှ တွေ့မြင်နိုင်၏။

"ပေးပါ... ဒေါင်းဆီက မြေပုံပဝါကိုပေးပါ"

မာရီယာက တောင်းလေသည်။

"ရမယ်... ဒီလောက်တန်ဖိုးကြီးတဲ့ မြေပုံ၊ ဒီလောက် အလုပ်ရှုပ်စေတဲ့မြေပုံ၊ ဟောဒီမယ်... ကြည့်ကြ"

ဒေါင်းနွယ်စကြာက သြဇာအာဏာသံ အပြည့်ပါသော လေသံဖြင့်ပြောလိုက်ပြီး သူ့ဘောင်းဘီအိတ်ထဲမှ ကြိုးရှိ့ ကတ္တီပါအိတ်တစ်လုံး ဆွဲထုတ်လိုက်သည်။

ဝိုင်းကြည့်နေသော သူများရှေ့တွင် မတ်တတ်ရပ်၍ လက်မြှောက်ပြီး တွဲလောင်း ကိုင်ပြလိုက်သည်။ အားလုံး ထိုကြိုးရှိ့ ကတ္တီပါအိတ်ဆီသို့ အာရုံရောက်သွားကြ၏။

ထိုအခိုက် ဒေါင်းနွယ်စကြာသည် ဘိုးဘိုးရင်ရသော သင်ပေးထားသော မနောမယိဒ္ဓိ စိတ်တန်ခိုးကို ထုတ်လွှင့်လိုက်သည်။ သူလေ့ကျင့်ခဲ့သမျှ စရဏအားကောင်းလှသော သမထတန်ခိုးမြင့် ဘေးပတ်လည်ရှိသူများ၏ စိတ်ကို ထိန်းချုပ်လိုက်သည်။

ထို့နောက် မကြာသေးမီကမှ လော့စ်အိန်းဂျလိစ်တွင် သင်တန်းတက်လာသော EFT ခေါ် Emotion Freedom

Technique ကိုသုံး၍ စိတ်လှုပ်ရှားနေသည့် သူ့အနီးက လူအားလုံးကို စိတ်ငြိမ်အောင် မေတ္တာဓာတ်တွေ ပို့လွှတ်လိုက်သည်။

ဒေါင်းနွယ်စကြာလည်း သူ ကိုင်မြှောက်ထားသည့် ကတ္တီပါ အိတ်ရှဉ့်ကလေးကို တွဲလောင်းချပြီးဆွဲထားရာမှ တလှုပ်လှုပ်နှင့် ဖြည်းဖြည်းချင်း လှုပ်ခါပြရင်း အသံမှန်မှန်နှင့် ပြောနေသည်။

"အားလုံး သေချာကြည့်၊ အာရုံစူးစိုက်ပြီးကြည့်၊ ဒီအိတ်ရှဉ့်ထဲက ထွက်လာမယ့်မြေပုံကို အားလုံးက အလွန်စိတ်ဝင်စားနေကြတယ် မဟုတ်လား။ အခု ဒီအိတ်ရှဉ့်ကို ဖွင့်ပြမယ်၊ စိုက်ကြည့်ငြိမ်ငြိမ်ကြည့်၊ စိတ်တွေ မပျံ့လွင့်စေနဲ့၊ စိတ်အားလုံး ဒီထဲရောက်အောင်ပို့လွှတ်ကြ၊ ဟုတ်ပြီ၊ စိတ်တွေကို လျှော့ချလိုက်၊ ဟုတ်ပြီ၊ အားလုံး တစ်ယောက်မကျန် ခဏအိပ်ကြတော့၊ ဒီအတိုင်းအိပ်လိုက်ကြတော့၊ အိပ်တော့လေ အိပ်ကြတော့"

အေးသော်လည်း ဩဇာပါသည့် ဒေါင်းနွယ်စကြာ၏ အသံကြောင့် သူ့ဘေးမှလူအားလုံး ငြိမ်သက်သွားသည်။ ပင်လယ်ကြီးဆီမှ လှိုင်းလုံးသံ၏ အားကိုယူ၍ သူက ပြောကြားခဲ့သည်။

ဒေါင်းနွယ်စကြာက သူတို့အားလုံးကို စိတ်ညှို့၍ အိပ်မွေ့ချလိုက်ခြင်းပင်ဖြစ်၏။ သမုဒ္ဒရာကြီးက လှိုင်းသံဖြင့် ဆူကိုတန်ခိုးတွေ ဖြည့်ပေးလိုက်သေးသည်။

အားလုံး အားလုံး ထိုင်လျက်၊ ရပ်လျက်နှင့် အိပ်စက်ငြိမ်သက်သွားကြသည်။

"အဲဒီအတိုင်း အားရပါးရ ဆက်ပြီး အိပ်စက်နားနေကြပါတော့"

ဒေါင်းနွယ်စကြာ ဤအတိုင်းပြောရင်း နေရာမှ ဖြည်းဖြည်းနှင်းရွှေ့၍ ခွာလာခဲ့သည်။ ဝါးတစ်ရိုက်ကျော်သို့ ရောက်သော်

ဒေါင်းနွယ်စကြာ သုတ်ခြေတင်၍ ပြေးထွက်ခဲ့လေသည်။ ဝစ္ဆဝတီ၏ လက်ပွေ့အိတ်ထဲက နှိုက်ယူခဲ့သော ကားသော့ကလေးကို လေတွင်ဝှေ့ရမ်း၍ ပါဂျီရိုးကားဆီသို့ အမြန်ပြေးခဲ့လေသည်။

သူ ကားပေါ်သို့ရောက်၍ ကားစက်နှိုးသော အချိန်ဝယ် ပင်လယ်ကြီးက ရေလုံးကြီးများ ကမ်းစပ်သို့ ပြေးလာသည်ကို မြင်ရ၏။

ဒေါင်းနွယ်စကြာ ဘာမျှ ဆက်မတွေးတော့။ ဟိုလူအုပ်စု ဖြတ်ခနဲလန့်နိုးလာဖို့ အနည်းဆုံး ၁၅ မိနစ် ကြာမည်။ သူတို့ နိုးချိန်တွင် သူက အဝေးကြီးသို့ ရောက်နေရန် အရေးကြီးသည်။

ထိုဆိပ်ကမ်းမြို့မှ ဖူးခတ်လေဆိပ်သို့ ကားအမြန်မောင်းလျှင် မိနစ် ၂၀ နှင့်ရောက်မည်။ ကံကောင်း၍ စန္ဒာဒေဝီတို့အဖွဲ့ ဖူးခတ်လေဆိပ်သို့ ရောက်နေပြီဆိုပါက သူတို့နှင့်အတူ ထွက်ခွာမည့် လေယာဉ်နှင့် ဘန်ကောက်သို့ လိုက်သွားမည်။ ထိုမှ မြန်မာပြည် ပြန်လာမည်။

"ဝစ္ဆဝတီရေ... နေရစ်ဦးတော့ကွယ်၊ ဘိုင်ဘိုင်... ဆိုင်ယိုနာရား"

ဟု အော်၍ပင် နှုတ်ဆက်ခဲ့သည်။

သို့သော် ဒေါင်းနွယ်စကြာ အလွန်အံ့ဩနေ၏။ သူ့ကားက ကုန်းထက်ကိုမောင်းတက်ရန် စက်ရှိန်မြင့်ကာ ဆူညံနေစဉ်မှာပင် ထိုစက်သံထက် အဆပေါင်း အရာအထောင်ကြီးသော မြည်ဟီန်းသံကြီးက နောက်ကပါလာကြောင်း ကြားလိုက်ရသည်။

သူ ချက်ချင်းကားရပ်၍ ကုန်းထိပ်မှ အောက်ပိုင်း ပင်လယ်ကမ်းစပ်ကို မျှော်ကြည့်လိုက်သည်။

"ဟာ"

ဒေါင်းနွယ်စကြာလို အလွန်တည်ငြိမ်သောသူပင် လန့်၍ အော်မိသည်။ ပင်လယ်ထဲမှ အလွန်ကြီးသော ရေလှိုင်းကြီးများသည် မိုးလုံးဟိန်းသောအသံများကို ပေးလျက် ကမ်းစပ်ဆီသို့ တစ်လိပ်ပြီးတစ်လိပ်၊ တစ်တန်းပြီးတစ်တန်း ပြေးဝင် တက်ကျော်လာနေသည်။

စောစောက သူနှင့် ဝစ္ဆဝတီတို့၊ မာရီယာတို့ထိုင်ခဲ့သော ရေကန်ကလေးဘေးရှိ ကျောက်ခုံများနေရာကို ပေ ၄၀ လောက် မြင့်သော လှိုင်းလုံးကြီးက ဝုန်းခနဲ ရိုက်ခတ် ကျော်ဖြတ်သွားခဲ့ပြီတကား။

ထိုပထမဆုံး လှိုင်းတံတိုင်းကြီးသည် သူကားရပ်ထားသည့် တောင်ကမ္ဘာ၏ ခြေရင်းအစပ်အထိ ရောက်လာပြီး ပေါ်ခနဲ ပြန်ဆင်းသွား၏။

ဆင်းသွားသော လှိုင်းတန်းကို နောက်က တက်လာသည့် လှိုင်းတန်းက ဝင်ရိုက်သောအခါ လှိုင်းခေါင်းဖြူကြီး ဖွာတက်လာသည်။ ပင်လယ်ရေများ ဖွာတက်သွားသည်။ ထိုသို့ဖွာတက်သော ရေများနှင့်အတူ လူများ၊ ထိုင်ခုံများ၊ မြေစိုက်ထီးကြီးများ၊ သစ်ပင်များသာမက ကားများပါ မြောက်တက် လွင့်စင်ကုန်ကြောင်း ကြောက်မက်ဖွယ်အတိ လှုပ်မြင်နေရသည်။

ယခုတော့ ကုန်းထက်သို့ ပြေးတက်လာသော လူအုပ်ကြီး၏ အော်သံရော၊ ရေလှိုင်းကြီးများ၏ ဆင့်ကာဆင့်ကာ ရိုက်ခတ်သံရော၊ အဆောက်အဦးတွေ ပြိုလဲ၍ အိုင်းအစများ အချင်းချင်းခတ်မိသံပါ အဝိစိပွက်သလို သောသောညံနေတော့သည်။

ဒေါင်းနွယ်စကြာသည် အလွန် ဗဟုသုတ ကြွယ်သော သူတစ်ယောက်ဖြစ်သည်။ သူ့မျက်စိရှေ့ကဖြစ်ရပ်သည် မည်သို့သော ဖြစ်ရပ်နည်းဟု တွေးမိသည်။

သူ ဖတ်ဖူးသည်။ ပင်လယ်ရေအောက် ကြမ်းခင်း
ရောမလျင်ကြီးလှုပ်ပါက ပင်လယ်ရေလှိုင်းကြီးများ တက်လာ
ကမ်းခြေကို ဝါးမျိုတတ်သည့်ဖြစ်စဉ်များ ဖြစ်ဖူးသည်ဟု ဖတ်ဖူးသ
ထိုရေအောက်ကြမ်းခင်းတွင် လှုပ်သော လျင်အားသည် ရစ်ချ
စကေး ၇ဒသမ၈ ထက်ကျော်မှ ဤသို့ လှိုင်းလုံးကြီးမျိုး ဖြစ်
စေသည်။ ဆူနာမီဒီလှိုင်းဟု အမည်တွင်သည်။ ယခု အနီး
ပင်လယ်ပြင်တွင် လျင်ကြီး လှုပ်ခဲ့သလော။ လှုပ်ခဲ့လျှင်
ဘာ့ကြောင့် မသိသနည်း။

"ဟုတ်ပါပြီ၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က တောင်တ
တောင်ဆင်းလမ်းမှာ ကားကို အရှိန်နဲ့ မောင်းခဲ့တုန်းက က
နောက်ပိုင်းအလယ်က ထိုင်ပြီးလိုက်ပါရတဲ့ငှါမှာ ယိမ်းထိုးနေရတာ
လျင်ကြီးလှုပ်ခဲ့တာကို ဘယ်သိပါ့မလဲ" ဟု ကောက်ချက်ချလျ
ရှိသည်။ ချက်ချင်း သတိဝင်ကာ ကားထဲမှရေဒီယိုကို ခလုတ်
အသံဖမ်းလိုက်သည်။

"ခုမနက် ဒေသစံတော်ချိန် ခုနစ်နာရီငါးဆယ့်ခုနစ် မိနစ်
ဆုမတ္တရားကျွန်း အနောက်မြောက်ကမ်းလွန် မိုင်တစ်ရာအ
ရေအောက်ကိုဗဟိုပြုပြီး ရစ်ချ်တာစကေး ၉.၀ အထိ ပြင်းထန်
ရေမြေလျင်ကြီး လှုပ်ခဲ့ပါတယ်၊ ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ဖူးခတ်ခ
ဖူးခတ်ကျွန်းက ကမ်းခြေမြို့များအပါအဝင် ခရိုင်(၆)ခုမှာ ဆူနာ
ရေလှိုင်းကြီးဒဏ်ကို ခံနေရပါတယ်"

ဒေါင်းနွယ်စကြာ လန့်အော်မိသည်။

"ဟိုက်... သွားပြီ၊ ဝတီတို့၊ မာရီယာတို့ အုပ်စု
အဲဒီ ဆူနာမီရေလှိုင်းအောက်မှာ အသက်ပျောက်
နေဦး ဖူးခတ်လေဆိပ်မှာ ဆူနာမီတေးက

ဒေါင်းနွယ်စကြာလို အလွန်တည်ငြိမ်သောသူပင် လန့်၍ အော်မိသည်။ ပင်လယ်ထဲမှ အလွန်ကြီးသော ရေလှိုင်းကြီးများသည် မိုးလုံးဟိန်းသောအသံများကို ပေးလျက် ကမ်းစပ်ဆီသို့ တစ်လိပ်ပြီးတစ်လိပ်၊ တစ်တန်းပြီးတစ်တန်း ပြေးဝင် တက်ကျော်လာနေသည်။

စောစောက သူနှင့် ဝစ္ဆဝတီတို့၊ မာရီယာတို့ထိုင်ခဲ့သော ရေကန်ကလေးဘေးရှိ ကျောက်ခုံများနေရာကို ပေ ၄၀ လောက် မြင့်သော လှိုင်းလုံးကြီးက ဝုန်းခနဲ ရိုက်ခတ် ကျော်ဖြတ်သွားခဲ့ပြီတကား။

ထိုပထမဆုံး လှိုင်းတံတိုင်းကြီးသည် သူကားရပ်ထားသည့် တောင်ကမ္ဘာ၏ ခြေရင်းအစပ်အထိ ရောက်လာပြီး ပေါ်ခနဲ ပြန်ဆင်းသွား၏။

ဆင်းသွားသော လှိုင်းတန်းကို နောက်က တက်လာသည့် လှိုင်းတန်းက ဝင်ရိုက်သောအခါ လှိုင်းခေါင်းဖြူကြီး ဖွာတက်လာသည်။ ပင်လယ်ရေများ ဖွာတက်သွားသည်။ ထိုသို့ဖွာတက်[illegible]သော ရေများနှင့်အတူ လူများ၊ ထိုင်ခုံများ၊ မြေစိုက်ထီးကြီးများ၊ သစ်ပင်များသာမက ကားများပါ မြောက်တက် လွင့်စင်ကုန်ကြောင်း ကြောက်မက်ဖွယ်အတိ လုပ်မြင်နေရသည်။

ယခုတော့ ကုန်းထက်သို့ ပြေးတက်လာသော လူအုပ်ကြီး၏ အော်သံရော၊ ရေလှိုင်းကြီးများ၏ ဆင့်ကာဆင့်ကာ ရိုက်ခတ်သံရော၊ အဆောက်အဦးတွေ ပြိုလဲ၍ အိုင်းအစများ အချင်းချင်းခတ်မိသံပါ အဝိစိပွက်သလို သောသောညံနေတော့သည်။

ဒေါင်းနွယ်စကြာသည် အလွန် ဗဟုသုတ ကြွယ်သော သူတစ်ယောက်ဖြစ်သည်။ သူ့မျက်စိရှေ့ကဖြစ်ရပ်သည် မည်သို့သော ဖြစ်ရပ်နည်းဟု တွေးမိသည်။

သူ ဖတ်ဖူးသည်။ ပင်လယ်ရေအောက် ကြမ်းခင်းတွင် ရောမငလျင်ကြီးလှုပ်ပါက ပင်လယ်ရေလှိုင်းကြီးများ တက်လာပြီး ကမ်းခြေကို ဝါးမျိုတတ်သည့်ဖြစ်စဉ်များ ဖြစ်ဖူးသည်ဟု ဖတ်ဖူးသည်။ ထိုရေအောက်ကြမ်းခင်းတွင် လှုပ်သော ငလျင်အားသည် ရစ်ချိတာ စကေး ၇ဒသမစ ထက်ကျော်မှ ဤသို့ လှိုင်းလုံးကြီးမျိုး ဖြစ်ပေါ်စေသည်။ ဆူနာမီဒီလှိုင်းဟု အမည်တွင်သည်။ ယခု အနီးနား ပင်လယ်ပြင်တွင် ငလျင်ကြီး လှုပ်ခဲ့သလော။ လှုပ်ခဲ့လျှင် သူ ဘာ့ကြောင့် မသိသနည်း။

"ဟုတ်ပါပြီ၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က တောင်တက်တောင်ဆင်းလမ်းမှာ ကားကို အရှိန်နဲ့ မောင်းခဲ့တုန်းက ကားနောက်ပိုင်းအလယ်က ထိုင်ပြီးလိုက်ပါရတဲ့ငါ့မှာ ယိမ်းထိုးနေရတာပဲ၊ ငလျင်ကြီးလှုပ်ခဲ့တာကို ဘယ်သိပါ့မလဲ" ဟု ကောက်ချက်ချလျက်ရှိသည်။ ချက်ချင်း သတိဝင်ကာ ကားထဲမှရေဒီယိုကို ခလုတ်ဖွင့် အသံဖမ်းလိုက်သည်။

"ခုမနက် ဒေသစံတော်ချိန် ခုနစ်နာရီငါးဆယ့်ခုနစ် မိနစ်မှာ ဆုမတ္တရားကျွန်း အနောက်မြောက်ကမ်းလွန် မိုင်တစ်ရာအကွာ ရေအောက်ကိုဗဟိုပြုပြီး ရစ်ချိတာစကေး ၉.၀ အထိ ပြင်းထန်တဲ့ မြေငလျင်ကြီး လှုပ်ခဲ့ပါတယ်၊ ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ဖူးခတ်ခရိုင် ဖူးခတ်ကျွန်းက ကမ်းခြေမြို့များအပါအဝင် ခရိုင်(၆)ခုမှာ ဆူနာမီ ရေလှိုင်းကြီးဒဏ်ကို ခံနေရပါတယ်"

ဒေါင်းနွယ်စကြာ လန့်အော်မိသည်။

"ဟိုက်... သွားပြီ၊ ဝတီတို့၊ မာရီယာတို့ အုပ်စုလည်း အဲဒီ ဆူနာမီရေလှိုင်းအောက်မှာ အသက်ပျောက်သွားကြရှာပြီ၊ နေဦး ဖူးခတ်လေဆိပ်မှာ ဆူနာမီဘေးက လွတ်ပါ့မလား၊

စန္ဒာတို့များ ရောက်နေပြီလား၊ ရောက်နေရင် ဒုက္ခတွေ့နေပြီလား"

ဒေါင်းနွယ်စကြာ ပါဂျရိုးကို အဟုန်ပြင်းစွာ မောင်းထွက်ခဲ့သည်။ ကားတွေ လန့်ပြီးရပ်နေကြ၍ လမ်းအတော်ရှင်းသည်။ ၁၇မိုင်ခန့်ခရီးကို ၁၇မိနစ်နှင့် ရောက်လာပါပြီ။

"ဟာ... လေဆိပ် အဆောက်အဦတွေ တွေ့ပြီ၊ ဘာမှ မဖြစ်ဘူး။ တော်သေးတာပဲ၊ ငလျင်ကြောင့်လည်း မပြိုဘူး၊ ဆူနာမီလှိုင်းဒဏ်လည်း မရောက်လာဘူး။ စန္ဒာတို့ရောက် မရောက် လေဆိပ်လုံခြုံရေးအခန်းကို လိုက်ရှာရမယ်လေ"

ဒေါင်းနွယ်စကြာ အမောတကော လိုက်ရှာသည်။ တွေ့ရာလူကို အတင်းမေးရသည်။ လူတွေက ငလျင်သတင်း ဆူနာမီသတင်းကြောင့် ပျားပန်းခတ် ပြေးလွှား လှုပ်ရှားနေကြသည်။ အလွန်ရှုတ်ရှတ်သဲသဲ ဖြစ်နေ၏။

နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ အချင်းချင်း ရှာကြ၊ တွေ့ကြ၊ ဖက်ကြ၊ ငိုကြနှင့် မြင်ကွင်းက ရှုပ်ထွေး လွန်းလှ၏။

တွေ့ပါပြီ။ လေဆိပ်လုံခြုံရေး တာဝန်ခံတို့အခန်း။

လူအတော်ရှင်းနေ၏။ လုံခြုံရေးတာဝန်ရှိသူများ အကုန်နီးပါး အပြင်ထွက်၍ တာဝန်ထမ်းနေကြ၏။

ရှင်းနေသောအခန်းထဲတွင် ယောက်ယက်ခတ်နေသော အမျိုးသမီးတစ်ဦးရှိသည်။ အခန်း မကျဉ်းမကျယ်ထဲတွင် လွန်းထိုး၍ လူးလာခေါက်တုံ့ လမ်းလျှောက်နေသည်။ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်ဆိုနေသည်။

ထိုစဉ် တံခါး၀တွင် ဘွားခနဲ ပေါ်လာသည့် ဒေါင်းနွယ်စကြာက အော်ခေါ်လိုက်သည်။

"စန္ဒာရေ... ဟေ့...စန္ဒာ"

"ဟာ..."

စန္ဒာဒေါ၀ ဂနာမငြိမ်ဘဲ လမ်းသလားနေရာမှ တုံ့ခနဲ ရပ်သွားပြီး အံ့သြ၀မ်းသာစွာ အော်လေသည်။

"ကိုကို... ကိုကို... ကိုကို ရောက်လာပြီနော်"

"စန္ဒာ... စန္ဒာ၊ စန္ဒာတို့ ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး၊ စန္ဒာတို့က စောစောကမှ လေယာဉ်ဆိုက်တာ၊ ဒါ နောက်ဆုံးလေယာဉ်၊ တော်သေးတယ်၊ အချိန်မီလေး ရောက်လာလို့၊ ကိုကိုရော ဘာမှမဖြစ်ဘူးနော်"

စန္ဒာက ဒေါင်းနွယ်စကြာကို ခြေဆုံးခေါင်းဆုံး ကြည့်၍ မေးသည်။

"ဘာမှမဖြစ်လို့ ဒီကို အခုလို ရောက်လာတာပေါ့ စန္ဒာ လေးရယ်"

"ဟယ်... ၀မ်းသာလိုက်တာရှင်"

စန္ဒာက လက်ကို ဆန့်တန်း၍ ရှေ့သို့ပြေးလာသည်။ ဒေါင်းနွယ်စကြာကလည်း ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွားသည်။ ခြေလှမ်း ကိုးလှမ်းမျှသာပါ။ နှစ်ဦးဆုံသည်နှင့် တစ်အားကြီးကို ဖက်ထားလိုက်ကြလေတော့၏။

ဖက်ထားလိုက်ကြသည်မှာ အကြာကြီး။

စန္ဒာ့မျက်ရည်တွေက ဒေါင်းနွယ်စကြာ၏ ဂျင်းဂျက်ကက် ရင်ဘတ်ပေါ်တွင် ရွှဲကုန်သလို ဒေါင်းနွယ်စကြာ၏ ပိတီ မျက်ရည်ကလည်း စန္ဒာ့ပခုံးမှ ကုတ်အင်္ကျီလေးတွင် စိုလို့ စိုလို့။

စွန့်စားခဲ့ကြသည်။ ကြမ်းရမ်းတိုက်ခိုက်ခဲ့ကြသည်။ အံ့သြဖွယ် ကြီးကျယ်သော ဆူနာမီရေလှိုင်းကြီးများ၏ ဘေးသင့်ရာ

ဖူးခတ်ကျွန်းသို့ ရောက်နေခဲ့ကြသည်။ သို့သော် သူတို့ချစ်သူ မောင်နှံ ဘေးအန္တရာယ် မဖြစ်ခဲ့ကြပါ။

သေနတ်ကျည်ဆန်ဘေး၊ သဘာဝ အန္တရယ်ဘေးတို့မှ ပွတ်ကာ သီကာကလေး လွတ်ခဲ့ပြီး ယခုလို ပြန်ဆုံရသော ချစ်သူမောင်နှံသည် ဝမ်းသာလွန်းလို့ မျက်ရည်ကျနေကြသည်မှာ ဆန်းပါ၏လော။

စန္ဒာဒေဝီနှင့် ဒေါင်းနွယ်စကြာတို့ ဤမျှအန္တရာယ်ကြီး သော စိမ်ချက်အဆိုင်းမင့်ကြီးထဲတွင် ပါဝင်ဆင်နွှဲခဲ့ကြပြီး ဘာဘေး အန္တရာယ်မျှ မကြုံရဘဲ ယခုလို ချောချောမောမော ပြန်ဆုံကြခြင်းမှာ သူတို့တော်လွန်းလို့ပဲလား။

သူတို့ကိုက တော်လွန်းလို့ပဲလား။

သူတို့နှင့် ပူးပေါင်း ဆောင်ရွက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူ့ဝန်ထမ်းတွေက တော်လွန်းလို့များလား။

သူတို့ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးခဲ့ကြသည့် ဆရာတော် ဦးနေမိန္ဒ၊ ဘိုးဘိုးရှင်ရသေ့ ဦးဝိမလနှင့် အာယုကန်ဂေါပက လူကြီးတို့၏ အသိုင်းအဝိုင်းကိုက တော်လွန်း၍ပဲလား။

သူတို့နှစ်ယောက်၏ ကံကြမ္မာကိုက ပေါင်းဖက်ရန် ရေစက်ပါ လို့လား။ သူတို့ကို စောင့်ရှောက်ပြီး ဝိုင်းဝန်းကူညီ ဆောင်မပေး နေသည့် ဘဝဟောင်းက ပုဂ္ဂိုလ်တွေ၊ ပေတတွေ၊ နာနာဘာဝ ဝိနာဘာဝတွေ၏ ဖေးမ မှိုင်းမမှုကိုက ထိရောက်၍လား။

မပြောတတ်ပါ။

ပြောတတ်သည်ကတော့ ဘဝဟောင်းက ချစ်သူနှစ်ဦး တို့သည် ဤဘဝဝယ် အနှောင့်အယှက် အတားအဆီး ဘေးရန်

အန္တရာယ် ရန်စွယ်တွေ များလှသည့်အထဲက ပေါင်းဖက်ဖို့ ဆုံစည်းကြရပြီကတော့ သေချာပေပြီ။

"ကိုင်း...ကိုင်း၊ အလွမ်းသယ်တာ နည်းနည်းတော့ လွန်သွားပြီ ထင်တယ်ဗျို့၊ ကျွန်တော်တို့ကိုလည်း ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပါဦး"

"အို...ဟုတ်သားပဲ၊ ရဲအုပ်ဦးခင်မောင်အေးခင်ဗျာ၊ ဆောရီးပဲ ဗျာ၊ ဖီလင်တွေ အရမ်းများသွားလို့၊ ဟီးဟီး...၊ ဒေါ်ခင်မေနွဲ့ ကိုလည်း တောင်းပန်ပါတယ်"

ဟု ဒေါင်းနွယ်စကြာက တောင်းပန်စကား ဆိုသည်။

စန္ဒာဒေဝီကလည်း အရှက်ပြေ ဒုရဲအုပ်ခင်မေနွဲ့ကို ပြေး ဖက်ပြီး...

"ဟီ...ဟီ... ညီမလေးတို့ကို ခဏမေ့သွားတယ်၊ ဆောရီး နော်"

"အို...ခုမှလာပြီး အရှက်ပြေ ဖက်မနေပါနဲ့ မမစန္ဒာရာ၊ ဒီလိုကိစ္စ ဒီလိုအဖြစ်မျိုးနဲ့ကြုံရရင် ချစ်သူမှန်သမျှ လောကကြီး တစ်ခုလုံးကိုတောင် ခဏမေ့သွားတတ်တာမျိုးပဲဥစ္စာ၊ ဟဲဟဲ..."

"ဟီး...ဟီး...ဟီး"

အားလုံး ရယ်လိုက်ကြသည်။

ပြီးသော် သူတို့သည် ဒေါင်းနွယ်စကြာ မောင်းလာသည့် ပါဂျီရိုးကားနှင့်ပင် မြန်မာပြည်သို့ ပြန်လာခဲ့ကြသည်။ ကားကို ဝယ်ရှာအပ်၊ စစ်ဆေး၊ ဓာတ်ဆီချောဆီဖြည့်ပြီးမှ အမျိုးသား နှစ်ဦး တစ်ယောက်တစ်လှည့်ဆီမောင်း၍ ပြန်ခဲ့ကြခြင်း ဖြစ်၏။

ရုံးချုပ်ကိုရောက်သော် ဖြစ်ပျက်သမျှအလုံးစုံကို ကြိုတင် သတင်းပို့ခဲ့သမျှထက် ပြည့်စုံအောင် ဖြည့်စွက် အစီရင်ခံလိုက် ကြရသည်။

အားလုံး အစီရင်ခံစာ တင်သွင်းပြီး၍ အထက်မှ သဘောတူချက်ရ၍ စန္ဒာဒေဝီတို့တစ်ဖွဲ့လုံး ရွှေပ်ရွှေပ်ရှိ၍ တာဝန်ကျေကျေ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ပြုချီးကျူးခံကြရသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲကလေးပင် ပြုလုပ်ပေးသေး၏။

ဂုဏ်ပြုပွဲတက်လာသော အခြားလုပ်ဖော်ကိုင်ဖက်များက ရဲအုပ်စန္ဒာဒေဝီ၏ အတွေ့အကြုံ ရှင်းလင်းပွဲကလေးကို နားထောင်ကြသည်။

"ဇာတ်လမ်းကတော့ ဤမျှနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်ရှင်"

ဟု ဆိုကာ စင်မြင့်မှဆင်းမည်အပြု စီအိုင်ဒီမှ မြေပုံကျွမ်းကျင်ပညာရှင်က ထ,မေးသည်။

"နေဦးဗျို့ မရှင်းတာတစ်ချက်ကျန်တယ်၊ မြေပုံအမှတ်(၁)တုန်းကတော့ ကျွန်တော်ကိုခေါ်ပြီး ဖတ်ခိုင်းခဲ့တယ်၊ ဒီလောက်ခက်ခက်ခဲခဲ လုယူလာရတဲ့ မြေပုံအမှတ်(၂) အကြောင်းကျတော့ စန္ဒာဒေဝီက ဒေါင်းနွယ်စကြာဆီက လက်ဆင့်ကမ်း ယူလိုက်ပြီးတဲ့ ဇာတ်ကွယ်နောက်မှာ ပြန်ပေါ်မလာတော့ပါလား။ ဘယ်များ ရောက်သွားပါသလဲ"

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒီမြေပုံအမှတ်(၂)ကို ရမှတော့ အမှတ်(၁)ကို ဒိုင်ယာရီကရ,ထားတာနဲ့ ပေါင်းပြီး ဖတ်လိုက်ရင် ရတနာသိုက်ထားတဲ့ကုန်းကို သိပြီပေါ့၊ အဲဒီ မြေပုံတွေကို အထက်ကို အပ်လိုက်ပြီလား"

ဝိုင်းမေးကြသည်။ အမေးရှိတော့ အဖြေရှိရမှာပေါ့။

"မြေပုံအမှတ်(၂)လား။ ဘုရားသုံးဆူနယ်စပ်ဂိတ်နားမှာ အမှောင်ထုထဲက စန္ဒာ လက်ဆင့်ကမ်းယူခဲ့တဲ့မြေပုံဟာ..."

"ဘာဖြစ်သလဲ၊ ဘယ်ရောက်သွားလဲ"

"စန္ဒာ ရေအိုင်ထဲပြုတ်ကျတုန်းက ရေတွေစိုကုန်ပါလေရော၊ မရ ရအောင် လိုက်ဆယ်ပြီး မနက်မိုးသောက် အလင်းရောက်လို့ နေရောင်အောက်မှာ ကြည့်လိုက်တော့ လားလားဆေးရောင်တွေကျွတ်သွားပြီး ဘာမှမမြင်ရတဲ့ အဖြူရောင်ပိုးပဝါလေး ဖြစ်သွားပါလေရောတဲ့ရှင်"

"ဟာ...မယုံဘူး၊ အဲဒါ မဖြစ်နိုင်ဘူး"

ဝိုင်းပြီး စောဒကတက်ကြသည်။

"မယုံရင် အထက်ကို အဲဒီပဝါ တင်ထားတယ်၊ လူကြီးတွေ သေသေချာချာ စီအိုင်ဒီမှာ အာရ်ထရာဗွိုင်းအိုးလက် ရေးနဲ့ စစ်ခိုင်းပြီးပြီ၊ တရားဝင် တောင်းကြည့်ကြတော့နော်"

ဟု ဖြေရင်း စန္ဒာဒေဝီ ကျော့ကျော့ကလေး စင်ပေါ်က ဆင်းလာခဲ့လေ၏။

နောက်သုံးရက်ကြာသော် မည်သူမျှမသိဘဲ စန္ဒာဒေဝီနှင့် ဒေါင်းနွယ်စကြာတို့ ချစ်သူနှစ်ဦးသည် မော်စားဥယျာဉ်သို့ နှစ်ဦးတည်း ပစ်ကနစ်ထွက်ကြရင်း လူသူကင်းဝေးသော တောအုပ်ထဲမှ ရေကန်တစ်ခု အလယ်ရှိ တောင်ကုန်းကလေး တစ်ခုပေါ်သို့ ရောက်နေကြသည်။

သူတို့နှစ်ဦးသည် ကျောက်တုံးကြီးများ ပိတ်နေသော ကျောက်ဂူတစ်ခုရှေ့တွင် တူယှဉ်တွဲ၍ ကန်တော့ဝတ်ပြုနေကြသည်။

ရှေ့ကကျောက်တုံးပေါ်၌ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် သစ်သီးမျိုးစုံကို လှပသော ပလတ်စတစ်ခြင်းများတွင်ထည့်၍ ကပ်လှူထား၏။ အမွှေးနံ့သာများလည်း ထွန်းညှိပူဇော်ထား၏။

မည်သူမျှ မကြားရသောအသံများကို သူတို့နှစ်ယောက် ကြားနေကြသည်။

မည်သူမျှ မမြင်သောအရာများကို သူတို့လေးတွေ မြင်နေကြသည်။

သူတို့ ချစ်သူနှစ်ဦး၏ ပြီးပျော်ရွှင်မြူး ကြည်နူးနေကြပုံကိုထောက်သော် သူတို့ကြားသောစကားများ၊ သူတို့မြင်သော အရာများသည် ကျေနပ်နှစ်သက် အားရနေသော ပုဂ္ဂိုလ်များသာ ဖြစ်ပေရော့မည်။

သူတို့နှုတ်မှ တဖွဖွ ပြောနေသည်ကား–

"အခုလို ဘိုးဘိုးတို့၊ မေမေတို့၊ အစ်ကိုကြီး၊ အစ်မကြီးတို့ရဲ့ ဖေးမစောင့်ရှောက်မှုကြောင့် ကျွန်တော် ကျွန်မတို့ တာဝန်ကျေကျေ ထမ်းဆောင်နိုင်ခဲ့တာကို ဂုဏ်ယူ ဝမ်းသာပါတယ်ခင်ဗျား။

အထူးသဖြင့် ဆုလာဘ်အဖြစ် ပေးသနားတော်မူတဲ့ ဒီဘဝမှာ လူ့သက်တမ်းစေ့ အိုအောင်မင်းအောင် ပေါင်းခွင့် ပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိလျက်ပါခင်ဗျား"

သိုသိပ် လျှို့ဝှက်လွန်းလှသော ဒေါင်းနွယ်စကြာနှင့် စန္ဒာဒေဝီတို့၏ ဤကန်တော့ပွဲကျင်းပသည့် နေရာကလေးကို မည်သူမျှ မမြင်အောင်၊ မည်သူမျှမသိအောင်၊ မည်သူမျှ နောက်ယောင်ခံ၍ မရအောင် နတ်ဖွက်သည့်ရိုးရာနည်း၊ ဂန္ဓာရီနည်း၊ ဂမ္ဘီရနည်း၊ ဆင်မသားဝှက်ရှိန်းဆာယာ ကိုယ်ပျောက်နည်းတို့ဖြင့် ဆိုင်ရာပိုင်ရာတို့က ပြုစုစီရင် စီမံပေးခဲ့သည်ဟုဆိုလျှင် ယုံသောသူရှိပါအုံ့လော။

စိတ္တဲ ယဿန ကမ္မတိ

ဒေါင်းနွယ်စကြာ

ဘက်လက်ထွက်ရှိပည့် လုံးချင်းဝတ္ထုသစ်

ရင်ထဲမီတုန်လှုပ်ဝှက်သည်းဂမ္ဘီရဆန်းကြယ်

ဒေါင်းနွယ်စကြာ

နှစ်ပွင့်တစ်ခိုင်